
**မောင်မောင်လှိုင်**
(အပ်စိုက်က)

# ဆိတ်ဆိတ်နေသွား
# ရေးရေးပေါ်



မောင်မောင်လှိုင် (အပ်စိုက်ကု)

# ဆိတ်ဆိတ်တွေး ရေးရေးပေါ်

ပထမအကြိမ် - ဇန်နဝါရီလ ၂၀၁၁

**တန်ဖိုး - ၁၈၀၀ ကျပ်**

<u>ဖြန့်ချိရေး</u>

၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖုန်း- (၀၁) ၃၇၃၂၁၀ / ၀၉၅၀၄၀၉၉၄

e-mail: daung73@gmail.com

ထုတ်ဝေသူ-ဒေါ်သင်းသင်းမွန်(၀၄၂၇၂)၊ သင်းစာပေ၊ ၁၀၊ ရတနာမြိုင်လမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့်အဖုံးပုံနှိပ်သူ-ဦးဆန်းထူးစိုး (၁၄၆၉၈)၊ ဆန်းသဇင်ပုံနှိပ်တိုက်၊ အမှတ်-၁၉၆၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ စာမူခွင့်ပြုချက်အမှတ်- ၄၀၀၈၂၅၀၈၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၄၀၁၀၄၆၁၀၁၀ ။ စောင်ရေ - ၁၀၀၀။

အဖုံးဒီဇိုင်း-သိုးထိန်း

၈၀၈. ၈၄

မောင်မောင်လှိုင် (အပ်စိုက်ကု)

ဆိတ်ဆိတ်တွေး ရေးရေးပေါ်/ မောင်မောင်လှိုင် (အပ်စိုက်ကု)

- ရန်ကုန် ၊

သင်းစာပေ ၊ ၂၀၁၀ ။

၂၄၆ - စာ ၊ ၁၃. ၁ × ၂၁. ၄ စင်တီ။

(၁) ဆိတ်ဆိတ်တွေး ရေးရေးပေါ်

# ဆိတ်ဆိတ်တွေး ရေးရေးပေါ်

မောင်မောင်လှိုင်
(အပ်စိုက်ကု)

ဒေါင်းစာပေ
၁၁၃၊ ၃၃လမ်း(အလယ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၃၇၃၂၁၀ / ၀၉ ၅၀၄၀၉၉၄
e-mail: daung73@gmail.com

## မောင်ဝံသ၏ အမှာစာ

ဆရာမောင်မောင်လှိုင်က သူ့စာမူတွေကို အတွေးအမြင်စာစောင်မှာ ဖော်ပြဖို့ စပေးစဉ်က "ဆိတ်ဆိတ်တွေးသော်ရ၏" လို့ ခေါင်းစဉ်တပ်ပေးခဲ့ပါတယ်။ လစဉ် ဖော်ပြတဲ့အခါ "တရုတ်စာပေပညာရှင်ကြီး 'တိန်းတီ' ၏ စာပေသုတေသန ဆုရ 'ကျင့်ရှိုးယိတယ်' ခေါ် 'ဆိတ်ဆိတ်တွေးလျှင်ရ၏'ဟူသော နီတိကျမ်းကို တရုတ်ဘာသာမှ မြန်မာဘာသာသို့ မောင်မောင်လှိုင်(အပ်စိုက်ကု)ဘာသာပြန်သည်"လို့ ထိပ်ဆုံးမှာ ဖော်ပြခဲ့ပါတယ်။

နောက်တော့ ကျွန်တော်က "နေ့စေ့တွေး ရေးရေးပေါ်"ဆိုတဲ့ ရှိရင်းစွဲ မြန်မာ ဆိုရိုးစကားကို 'စကားဖန်'အဖြစ် စကားလုံး ဖလှယ်ကာ "ဆိတ်ဆိတ်တွေး ရေးရေးပေါ်"လို့ ခေါင်းစဉ်ပေးလိုက်ပါတယ်။ သူ့စာတွေက တိတ်တိတ်ဆိတ်ဆိတ် ထိုင်ဖတ်ရင်း စဉ်းစားလေ အဓိပ္ပာယ်ထွက်လေဆိုတော့ နောက်ပေးတဲ့ ခေါင်းစဉ်နဲ့ ပိုပြီး လိုက်ဖက်တယ်ထင်ပါတယ်။ ကိုမောင်မောင်လှိုင်ကလည်း ကျွန်တော် ပြင်လိုက်တဲ့ ခေါင်းစဉ်ကို သဘောကျပါသတဲ့။

"ကျွန်းကျွန်းမာမာ အသက် ၁၀၀"စီးရီးစာအုပ်တွေနဲ့ နာမည်ကြီးလာတဲ့ ဆရာမောင်မောင်လှိုင်ဟာ ကျွန်တော်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ၁၉၆၀ နှစ်များ စောစောပိုင်းက တတစ်တန်းတည်း အတူတူကျောင်းတက်ခဲ့သူတွေ ဖြစ်ပါတယ်။

သူက ကျွန်တော့်ထက် အသက် ၅ နှစ် ၆ နှစ်လောက် ကြီးမယ်။ ကျွန်တော်က အဆောင်နေကျောင်းသား။ သူက ညဘက်အလုပ်လုပ်ရင်း နေ့ခင်းမှာ တက္ကသိုလ်တက်နေသူ ဖြစ်ပါတယ်။

နောက်ပိုင်း သူနဲ့ပြန်ဆုံတော့ သူဟာ အပ်စိုက်ကုဆရာ၊ အပ်စိုက်ကုပညာကျွမ်းပြဆရာ ဖြစ်နေပါပြီ။ ကိုမောင်မောင်လှိုင်က အပ်စိုက်ကုပညာဆိုင်ရာ သာမက ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေထိုင်နိုင်တဲ့ နည်းတွေကို ရေးသားပြုစုတဲ့ ကျန်းမာရေးပညာပေး စာရေးဆရာတစ်ယောက်ဖြစ်နေပါပြီ။

တစ်နေ့မှာတော့ ယခုစာအုပ်ဖြစ်လာတဲ့ "ဆိတ်ဆိတ်တွေးလျှင် ရ၏" ဆိုတဲ့ တရုတ်ဘာသာကနေ တိုက်ရိုက်ပြန်ဆိုတဲ့ စာမူတွေ ကျွန်တော့်ကိုပေးတယ်။ အတွေးအခေါ် စာပေတွေကို ဦးစားပေးဖော်ပြနေတဲ့ အတွေးအမြင် မဂ္ဂဇင်းနဲ့တော့ အံကိုက်ပဲပေါ့။ မူရင်းစာရေးသူတိန်းတီဟာ တရုတ်တိုင်ပေ စစ်တက္ကသိုလ်က ကထိက ဆရာကြီး တစ်ယောက်ဖြစ်တယ်လို့ ကိုမောင်မောင်လှိုင်က ပြောပါတယ်။ ကျွန်တော်ဖတ်ကြည့်တော့ တွေးစရာတွေ၊ မှတ်သားဆင်ခြင်စရာတွေ၊ ဘဝသင်ခန်းစာယူစရာတွေ အများကြီးတွေ့ရတယ်။ အတွေးအမြင်မှာ ဖော်ပြခဲ့တဲ့ တစ်လျှောက်လည်း "ဆိတ်ဆိတ်တွေး ရေးရေးပေါ်"ကို လစဉ်စောင့်ဖတ် သူတွေ အထူးများပြားတယ်ဆိုတာ သိရပါတယ်။ ယခု တစ်စုတစ်ပေါင်းတည်း ထုတ်ဝေလိုက်ပြီဖြစ်လို့ တစ်ဝကြီး ဖတ်ရှုခံစားနိုင်ကြပြီဖြစ်ပါတယ်။

**မောင်ဝံသ**

၂၀ ဇက်တင်ဘာ ၂၀၁၀

# ဆိတ်ဆိတ်တွေး ရေးရေးပေါ်

တရုတ်စာပေ ပညာရှင်ကြီး 'တိန်းတီ'၏ စာပေသုတေသနဆုရ 'ကျင့်ရှိုးယိတယ်' ခေါ် 'ဆိတ်ဆိတ်တွေးလျှင်ရ၏'ဟူသော နီတိကျမ်းကို တရုတ်ဘာသာမှ မြန်မာဘာသာသို့ မောင်မောင်လှိုင်(အပ်စိုက်ကု) ဘာသာပြန်သည်။

- ကလေးဘဝတွင် မိဘကို ချစ်၏။
  လူပျိုအပျို ဘဝတွင် ဆန့်ကျင် ဘက်လိင်ကို ချစ်၏။
  သက်ကြီးရွယ်အို ဘဝတွင် ကလေး ငယ်များကို ချစ်၏။

- ဖြုန်းတီးခြင်းသည် အပြစ်ပင်တည်း။
  တွန့်တိုခြင်းသည် အကြင်နာမဲ့ခြင်း တည်း။

- အသိအမြင် မရှိလျှင် မုချမှားတတ်သည်။
  ယုံကြည်မှု မရှိလျှင် ဆင်းရဲဒုက္ခ တွေ့တတ်သည်။
  ခွန်အားမရှိလျှင် ဝမ်းနည်းကြေကွဲ ရတတ်သည်။




ငွေကို အသုံးမပြုတတ်လျှင် တစ်သက် ဆင်းရဲမည်။
အချိန်ကို အသုံးမပြုတတ်လျှင် တစ်သက်ဒုက္ခခံရမည်။

- 'ဆန္ဒ' သည် ဖြိုဖျက်မရသော သံမဏိတံတိုင်းနှင့် တူ၏။
'စိတ်စေတနာကောင်း' သည် မီးရှို့ မဖျက်ဆီးနိုင်သော သံကူကွန်ကရစ် တံတိုင်းနှင့် တူ၏။

- ကလဲ့စား ချေလိုစိတ်သည် တစ်ကိုယ်ကောင်းစိတ်ထက် ကြီးမား၏။
အကျင့်ပျက်ပြားသော စိတ်သည် တိုးတက်လိုစိတ်ထက် ကြီးမား၏။

- မြို့များ၏ လူနေမှု ဘဝသည်
အကျိုးစီးပွား ဆက်စပ်မှုကို လူမှုရေး ကျင့်ဝတ်ထက်
ပို၍ အလေး ထားကြ၏။
ကျေးလက်များ၏ လူနေမှုဘဝသည်
လူမှုရေးကျင့်ဝတ်ကို အကျိုးစီးပွား ဆက်စပ်မှုထက်
ပို၍ အလေးထား၏။

- မိဘနှင့် သားသမီးတို့၏ ဝတ္တရားသည် အကြွင်းမဲ့ဖြစ်၏။
ဇနီးမောင်နှံတို့၏ ဝတ္တရားသည် အတုံ့အလှယ် ဖြစ်၏။

သက်ရှင်နေထိုင်ခွင့်သည် အကြွေးမဲ့ ဖြစ်၏။
လုပ်ကိုင်စားသောက် နေထိုင်ခွင့်သည် အပြန်အလှန်သဘောဖြစ်၏။

- စေ့စပ်ဖြန်ဖြေရေးဟူသည် နှစ်ဦး နှစ်ဖက် အကျိုးရှိမှ ဖြစ်မည်။
စည်းလုံးညီညွတ်ခြင်းဟူသည် အပြန်အလှန် ကူညီမှုရှိမှ ဖြစ်မည်။

- ဩဇာရှိသူ၏ မင်္ဂလာကိစ္စသည် ငွေ အမြတ်ရမည်။
ဩဇာမရှိသူ၏ မင်္ဂလာကိစ္စသည် ငွေစိုက်ရမည်။

- လွတ်လပ်မှုသည် တိုးတက်ကြီးပွားခြင်း၏ မောင်းနှင်အားဖြစ်၏။
အစီအမံသည် အောင်မြင်ခြင်း၏ လိုအပ်ချက်ဖြစ်၏။

ကောင်းသောစကား "ဆယ်ခွန်း" သည်
မကောင်းသော စကား "တစ်ခွန်း" ကို သက်ကမရှင်းနိုင်။
"ဆယ်ရက်" ကောင်းကောင်းလုပ်ရသော အလုပ်ကို
"တစ်မနက်" ဖြင့် ဖျက်နိုင်၏။

- သဏ္ဌာန်မဲ့လက်နက်သည် သဏ္ဌာန်ရှိ လက်နက်ထက် သာလွန်၏။
စကားလုံးမဲ့ ကန့်ကွက်မှုသည် စကားရှိ ကန့်ကွက်မှုထက် သာလွန်၏။

- လူလိမ်ကြီးက လူလိမ်လေးကို လိမ်ခြင်းမှာ မရင့်ကျက်သောကြောင့်။
ယောကျာ်းလူလိမ်က မိန်းမလူလိမ်ကို လိမ်ခြင်းမှာ နည်းနာမကျွမ်းသောကြောင့်။
မိန်းမလူလိမ်က ယောကျာ်းလူလိမ်ကို လိမ်ခြင်းမှာ ဆင်ခြင်ဉာဏ် နည်းသောကြောင့်။

- မကောင်းသော ဝါသနာမရှိလျှင် မကောင်းသော ရောဂါ မရနိုင်။
မကောင်းသော အပေါင်းအသင်း မရှိလျှင်
မကောင်းသောကိစ္စ မရှုပ် နိုင်။

- ကောင်းသောစကား 'ဆယ်ခွန်း' သည်
မကောင်းသော စကား 'တစ်ခွန်း' ကို သက်သမရှင်းနိုင်။
'ဆယ်ရက်' ကောင်းကောင်းလုပ်ရသော အလုပ်ကို
'တစ်မနက်' ဖြင့် ဖျက်နိုင်၏။

- ကြေကွဲဖွယ် ဖြစ်ရပ်သည် စာနာမှုကို ရတတ်၏။
ရက်စက်ကြမ်းကြုတ်သည့်ဖြစ်ရပ်သည့် စက်ဆုပ်ဒေါသဖြစ်မှုခံရတတ်၏။

- ဈေးခေါ်ဈေးဆစ် လုပ်နိုင်သော အရောင်းအဝယ်မျိုးသည်
ဝယ်ယူသူ အညာခံရတတ်၏။
တစ်ခွန်ဈေး အရောင်းအဝယ်မျိုးသည် နှစ်ဦးနှစ်ဝ အကျိုးမယုတ်ပေ။

- ငွေကြေးအကြွေးကို ကုန်စင်အောင် ဆပ်ရလွယ်၏။
ကျေးဇူးကြွေးကို ကုန်စင်အောင် ဆပ်ရခက်၏။

- ချစ်ခင်စိတ် မရှိသူနှင့် ပေါင်းသင်း ဆက်ဆံလျှင်၊
ဆပွားနစ်နာရုံလောက် သက်သက်သာ ရှိမည်။
ကိုယ်ကျင့်တရား မရှိသူနှင့် ပေါင်းသင်းဆက်ဆံလျှင်၊
စိတ်ဆင်းရဲသောက တိုးပွားရုံသက်သက်သာရှိမည်။

- နိုင်ငံရေးပညာရှင်က ပြဿနာကို ရှုကြည့်သောအခါ 'ကျယ်ပြန့်' သည်။
သိပ္ပံပညာရှင်က ပြဿနာကို ရှု ကြည့်သောအခါ 'အသေးစိတ်'သည်။
သမိုင်းပညာရှင်က ပြဿနာကို ရှု ကြည့်သောအခါ 'ဝေးလံ'သည်။
ဒဿနိကဗေဒပညာရှင်က ပြဿနာကိုရှုကြည့်သောအခါ'နက်နဲ'သည်။

- စိုးရိမ်သောက မရှိသော ကြိုးပမ်းမှုသည် 'စိတ်' ချမ်းသာ၏။
ရောဂါမရှိသော ကြိုးပမ်းမှုသည် 'ကိုယ်' ချမ်းသာ၏။
အချင်းပွားမှု မရှိသော ကြိုးပမ်းမှု သည် 'လူ' ချမ်းသာ၏။
တစ်အိမ်သာလုံး ဝိုင်းမပင်ပန်းရ သော ကြိုးပမ်းမှုသည် 'အိမ်ထောင်' ချမ်းသာ၏။
စစ်မှုရေးရာ မရှိသော ကြိုးပမ်းမှုသည် 'တိုင်းပြည်' ချမ်းသာ၏။

- ဂုဏ်ရည်မြင့်သူနှင့် ငြင်းခုန်မှ အဆင့်အတန်းရှိသည်၊
ဉာဏ်စွမ်းရှိသူနှင့် လေ့လာမှတိုးတက်မှုရှိသည်။

- အရည်အချင်းရှိသူကို ဟန့်တား၍ မရနိုင်၊
ဤနေရာက မသုံးလျှင် ထိုနေရာက ခေါ်သုံးလိမ့်မည်သာ၊
လူတော်လူကောင်းကို ထိန်ချန်ထား၍ မရနိုင်၊
ယနေ့မသိသေးလျှင် နောင်တစ်နေ့ သိလာလိမ့်မည်သာ။

- လူယုတ်မာက အမနာပ စကား အခွန်းပေါင်းတစ်ထောင်
ဆဲသော်လည်း လူတော်လူကောင်း လဲပြို မသွားနိုင်၊
လူတော်လူကောင်းက အမနာပ စကားတစ်ခွန်းတည်းဖြင့် လူယုတ်မာ
လဲပြိုသွားအောင် ဆဲနိုင်၏။

- တစ်ကိုယ်ကောင်းဆန်ခြင်း၏ လမ်းဆုံးသည်
အထီးကျန်အထောက် အကူမဲ့၏၊
အမှီခိုကင်းခြင်း၏ လမ်းဆုံးသည်၊
စိတ်အား တိုးပွားခြင်း ဖြစ်၏။

- အမှီအခိုကင်းပြီး သိက္ခာရှိသူသည် သူတစ်ပါး၏ ကယ်မမှုကို တောင့်တ
စရာမလို၊
အမှီအခိုကင်းပြီး အရည်အချင်းရှိ သူသည် သူတစ်ပါး၏ စာနာမှုကို
တောင့်တစရာ မလို။

- အမှန်နှင့်အမှားကို မခွဲခြားသောသူနှင့် မိတ်ဆွေအဖြစ်အပေါင်းအပ်၊
အမှန်နှင့်အမှားကို မခွဲခြားတတ်သောသူနှင့် သဘောတရား
မဆွေးနွေးအပ်။

- သမာသမတ်ကျသူသည်
တရားနည်းလမ်း မကျသော ငွေ တစ်ပြားကိုမျှပင် မယူ၊
တရားနည်းလမ်း မကျသော အလုပ် တစ်ခုကိုမျှ မလုပ်၊
တရားနည်းလမ်း မကျသော စကား တစ်ခွန်းကိုမျှ မပြော၊

ရိုးသားဖြောင့်မတ်သူသည်
ကောက်ကျစ်သော စကားတစ်ခွန်း ကိုမျှ မပြော။
ကောက်ကျစ်သော အလုပ်တစ်ခု ကိုမျှ မလုပ်။
ကောက်ကျစ်သော လူတစ်ယောက် ကိုမျှ မသုံး။

- စိတ်မှန်လျှင် မှန်သောစကားသာ ပြောမည်။
  စိတ်ကောင်းလျှင် ကောင်းသော စကားသာ ပြောမည်။

- မကောင်းသော ဝါသနာပါမှု ကင်းမဲ့ခြင်းသည်
  လူမှုဘဝ၏ အနိမ့်ဆုံး စည်းကမ်းသတ်မှတ်ချက်ဖြစ်၏။
  လုပ်ရည်ကိုင်ရည်နှင့် ဉာဏ်ပညာ ပြည့်ဝခြင်းသည်
  သူတစ်ပါးကို သင် ပြပေးခြင်းအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်၏။

- သူတစ်ပါးအပေါ် မရိုးမသား စိတ် ထားရှိသူသည်
  သူ့ဘာသာသူ လူ အများကို ကျောခိုင်းခြင်းသာ ဖြစ် ၏။
  အရည်အချင်း ရှိပြီး သူတစ်ပါးကို အထင်သေးသူသည်
  သူ့ဘာသာသူ ရန်သူ ရှာယူခြင်းသာ ဖြစ်၏။



ကိုယ်ကိုယ်နှိုက်က မဆိုးလျှင်၊ မည်သူကမျှ ဆိုးသည်ဟု မပြော။
ကိုယ်ကိုယ်နှိုက်က မကောင်းလျှင် မည်သူကမျှ ကောင်းသည်ဟု မပြော။

- သည်းခံနိုင်စွမ်းကို အိမ်ထောင်တွင်းမှာ စတင်ကျင့်သုံးအပ်၏။
အကြမ်းခံနိုင်စွမ်းကို အလုပ်တွင်းမှာ စတင်အစမ်းသပ်ခံအပ်၏။

- ခင်မင်ရင်းနှီးမှုကို ရယူလိုခြင်းမရှိသည့်အပေါ်တွင် တည်ဆောက်ရမည်။
ကျင့်ဝတ်တရားကို အခက်အခဲ ဒုက္ခတွင်းမှာ အခြေတည်ရမည်။

- 'ကလေးများ၏စိတ်'ကို ထိခိုက်ခြင်းသည်
အရက်စက်ဆုံး အပြုအမူဖြစ်၏။
'စိတ်ကောင်းစေတနာ' ကို ထိခိုက် စေခြင်းသည်
တန်နှံ့ ခံစားရသော ဝမ်းနည်းရမှုဖြစ်၏။

- ကြွေးကင်းသည့် နေ့စဉ်ဘဝကို ဖြတ်သန်းရသည်မှာ
ပင်ပန်းသော် လည်း ပျော်၏။
သူတစ်ပါးကို ပေးကမ်း စွန့်ကြဲရ သည်မှာ
လျော့နည်းသွားသော် လည်း မြတ်၏။

- 'ယုံကြည်စိတ်' မရှိတော့သူနှင့် စကား မပြောနှင့်။
'ကတိ' မတည်တော့သူနှင့် မဆက် ဆံနှင့်။

- ကိုယ်မသိဘဲ သိသည်ဟု ဇွတ်ပြော သူသည် နုံတကာ့အနုံဆုံး။
ကိုယ်မမှန်ဘဲမှန်သည်ဟု ဇွတ်ပြောသူသည် မာန်တကာ့ မာန်အကြီးဆုံး။
ကိုယ့်အစွမ်း မဟုတ်ဘဲ ဟုတ်သည် ဟု ဇွတ်ပြောသူသည် ပျော့ညံ့တကာ့
အပျော့ညံ့ဆုံး။

- စေတနာ ထက်သန်မှုသည် အရာရာကို အရည်ပျော်စေနိုင်၏။
စေတနာ ထက်သန်မှုသည် အရာရာကို လဲယူနိုင်၏။

- စကားများများပြောလျှင် အမှားပါ၏။
လုပ်ရှားမှုများများလုပ်လျှင် ကျန်းမာ၏။

- အကျိုးအမြတ်မက်လျှင် လမ်းမှား ရောက်လွယ်၏။
တရားမက်လျှင် သူတော်စင်လမ်း ရောက်လွယ်၏။

- သူတစ်ပါး၏ အသေးအမွှား အမှားကိုတွက်ကပ်လျှင် ကိစ္စကြီး အောင်မြင်ဖို့အတွက် မသေချာ။
သူတစ်ပါး၏သိက္ခာကို ထိပါးလျှင် မိမိကိုယ်တိုင်အစော်ကားခံရဖို့ သေချာ၏။

- အလုပ်လုပ်လျှင် မြန်ဆန်ရမည်။ စကားပြောလျှင် နှေးကွေးရမည်။
ရန်လိုမှု နည်းပါးရမည်။ ကောင်းမှု များပြားရမည်။
လူ့အသက်ကယ်ရာတွင် အရေးတကြီးရှိရမည်။
သံသယစိတ်လျော့ပါးရမည်။
လူမှုရေး ရှည်ကြာရမည်။ ကြွေးမြီ တိုတောင်းရမည်။

- ပေါင်းသင်းဆက်ဆံရာတွင် သူတစ်ပါး၏ အသုံးချခြင်းမခံရပါက အမုန်းမရှိ။
ထို့အတူ သူတစ်ပါးကိုလည်း အသုံးမချပါက အပြစ်တင်မခံရ။

- မလုပ်နိုင်သည်ကို မပြောခြင်းသည်
အတွင်းစိတ်၏ ကိုယ်ကျင့်သိက္ခာဖြစ်၏။
ပြောလျှင် ပြောသည့်အတိုင်း လုပ်ခြင်းသည်
ပြုမူဆောင်ရွက်မှု၏ သိက္ခာတရားဖြစ်၏။

- သူစိမ်းကို အားနာရ၏။
ရင်းနှီးသူကို အရှိအသေနည်း၏။
ဆွေမျိုးများကို ရက်ရောတတ်၏။
စိမ်းကားသူကို ငြိုးစိတ်ပွား၏။

- လောကွတ်လွန်ကဲခြင်းသည်
နံ့အခြင်း မဟုတ်လျှင် လိမ်ညာခြင်း ဖြစ်မည်။

ပါးနပ်မှု လွန်ကဲခြင်းသည်
မသမာခြင်း မဟုတ်လျှင် ကြောက်ရွံ့ခြင်းဖြစ်မည်။

- မိန်းမများနှင့် ဆက်ဆံရာတွင် ငွေကြေး ရက်ရောတတ်သူသည်
ယောက်ျားချင်းကျလျှင် တွန့်တိုတတ်၏။
အထက်အရာရှိကို ပျူငှာ မျက်နှာချိုသွေးတတ်သူသည်
လက်အောက်ငယ်သားများကို အနိုင်ကျင့် နှိပ်စက်တတ်၏။

- လူငယ်များသည် ရည်မှန်းချက်ကို အလေးထားရ၏။
လူကြီးများသည် လုပ်ငန်း(အလုပ်)ကို အလေးထားရ၏။
လူအိုများသည် ချမ်းမြေ့ပျော်ရွှင်ခြင်းကို အလေးထားရ၏။

> လူငယ်များသည်
> ရည်မှန်းချက်ကို အလေးထားရ၏။
> လူကြီးများသည်
> လုပ်ငန်း (အလုပ်) ကို အလေးထားရ၏။
> လူအိုများသည်
> ချမ်းမြေ့ပျော်ရွှင်ခြင်းကို အလေးထားရ၏။

- အမှန်တကယ် 'လိမ္မာ' သူသည်
သူတစ်ပါးအကျိုးကို အဓိကထား၏၊
'အယောင်ဆောင် လိမ္မာသူ' သူ သည် မိမိအကျိုးကို အဓိကထား၏။
'မလိမ္မာ' သူသည် သူတစ်ပါးအကျိုး ထိခိုက်မှုကို အဓိကထား၏။

- ကိုယ်ကျင့်သိက္ခာကြောင့် လူကြည် ညို ခံရသူသည်
အထက်တန်းစား ဖြစ်၏။
အတတ်ပညာကြောင့် လူလေးစား ခံရသူသည်
အလတ်တန်းစား ဖြစ် ၏။
အင်အားကြောင့် လူအရိုသေခံရ သူသည် အောက်တန်းစား ဖြစ်၏။

- အချစ်တွင် နစ်မွန်းနေသူသည် အောင်မြင်ကျော်ကြားမှု မရနိုင်၊
စိတ်ခံစားလွယ်သူသည် ဒေါသကို ထိန်း၍ မရနိုင်။

- အားကိုးရသော အရင်းအနှီး သုံးပါးတို့မှာ
ပညာအရည်အချင်း၊ ကိုယ်ကျင့်တရား၊ ကြံ့ခိုင်ကျန်းမာခြင်းတို့ ဖြစ်၏။
သေစေနိုင်သော ရောဂါအရင်း အမြစ် သုံးပါးတို့မှာ
လောဘစိတ်၊ မနာလိုစိတ်၊ သံသယစိတ်တို့ ဖြစ် ၏။

- ဆင်းရဲပြီး မာနမရှိသူသည် စိတ်စေတနာကောင်းတတ်၏။
ခန့်ညားပြီး မကြွားဝါသူသည် စိတ်ထား နှိမ့်ချတတ်၏။
အသက်ကြီးပြီး နောင်တရစရာ မရှိသူသည် စိတ်ကောင်းရှိတတ်၏။

- ရုတ်ခြည်း ချမ်းသာမှုသည် ရုတ်ခြည်းဆင်းရဲမှုကို ရှောင်ရန်ခက်၏၊
ရင်းနှီးမှု လွန်ကဲခြင်းသည် ခင်မင်မှုပျက်ပြားခြင်းကို ရှောင်ရန်ခက်၏။

- သေးသိမ်သောသူသည်
အချောင်လိုချင်စိတ် ပြင်းပြ၏။
ဂုဏ်သိန်ရှိသူသည်
စွန့်ကြဲပေးကမ်း လှူဒါန်း၏။

- ဖျောင်းဖျအားပေးသော
စကား တစ်ခွန်းသည်၊
ဆယ်ကြိမ်ရိုက်နှက် ဆုံးမသည်ထက်
သာလွန်၏။
အကျိုးရှိသော ကယ်မမှု
တစ်ရပ်သည်၊ စကားအလှ
အခွန်းတစ်ရာထက် သာလွန်၏။

- ကြီးမားသော စွမ်းရည်ကို သေးငယ်သောဝန်းကျင်တွင် ထုတ်မပြနိုင်၊
သေးငယ်သော စွမ်းရည်ကို ကြီးမားသော ဝန်းကျင်တွင် ပြသ၍မရနိုင်။

- မသမာသူသည် မသမာသောကိစ္စ ကို သတိရ၏။
ဖြောင့်မတ်သူသည် ဖြောင့်မတ်
သောကိစ္စကို သတိရ၏။
မသမာသူသည် မသမာသော
စကားကိုသာပြော၏။
ဖြောင့်မတ်သူသည် ဖြောင့်မတ်
သော စကားကိုသာ ပြော၏။

- အဆင်ခြင်လွန်ခြင်းသည် မေတ္တာ နည်းရာကျပြီး၊ အဆုံးတွင် အထီး
ကျန်ဘဝဖြင့် နေရတတ်၏။
မေတ္တာလွန်ခြင်းသည် အဆင်ခြင်မဲ့ ရာကျပြီး၊ အဆုံးတွင် ဝမ်းနည်းပက်
လက် ဖြစ်ရတတ်၏။

- 'အကျိုးစီးပွား' မှ လာသော 'သစ္စာ' သည် အတုဖြစ်၏။
'သစ္စာ' မှ လာသော 'အကျိုးစီးပွား' သည် အစစ်ဖြစ်၏။

- အမြင့်သို့ တက်လျှင် နွေး၏၊ ခက်၏။
အနိမ့်သို့ဆင်းလျှင် မြန်၏၊ လွယ်၏။
ထို့ကြောင့် မြင့်သူနှင့် မိတ်ဆွေဖြစ် ရန် နွေးမည်၊ ခက်မည်။
နိမ့်သူနှင့် မိတ်ဆွေဖြစ်ရန် မြန်မည်၊ လွယ်မည်။

- စာပေသမားသည် တိတ်ဆိတ်ငြိမ် သက်မှုကို လိုလား၏။
လက်ရုံးရည်သမားသည် လှုပ်ရှားမှု ကို လိုလား၏။
စာရိတ္တကောင်းသူသည် ကိုယ်ကျင့် သိက္ခာကို လိုလား၏။
ပညာရှိကဝိသည် တရားသိမှုကို လို လား၏။

- သူရဲကောင်းသည် ကျားသေကို မတိုက်ခိုက်။
သူတော်ကောင်းသည် သိမ်ဖျင်း သော အလုပ်ကို မပြုလုပ်။



မျက်ရည်ခေါင်းပါးသူသည် မေတ္တာခေါင်းပါးသူ ဖြစ်ရမည်။
ဒါနခေါင်းပါးသူသည် အကြင်နာခေါင်းပါးသူ ဖြစ်ရမည်။

- အစွမ်းမရှိလျှင် မလုပ်ဝံ့။
  ခွန်အားမရှိလျှင် မထမ်းဝံ့။
  သတ္တိမရှိလျှင် မပြောဝံ့။
  အသိမရှိလျှင် မရေးဝံ့။

- သူတော်ကောင်းသည် 'ဖြေဖျောက်' နိုင်စွမ်းရှိ၏။
  ကြီးကျယ်သော ပုဂ္ဂိုလ်သည် 'သည်းခံ' နိုင်စွမ်းရှိ၏။
  ဉာဏ်ကောင်းသောသူသည် 'သင် ယူ' နိုင်စွမ်းရှိ၏။

- ဉာဏ်ရည် ရင့်ကျက်ခြင်းသည် အသက်ကြီးသည် ငယ်သည်နှင့် မဆိုင်။
  ဇွဲသတ္တိခိုင်မာခြင်းသည် ခန္ဓာကိုယ် ကြံ့ခိုင်ခြင်း မကြံ့ခိုင်ခြင်းနှင့်မဆိုင်။

- ဆံပင်ညှပ်သမားသည်
  လူ့ခေါင်းကို အရင်ကြည့်၏။
  ဖိနပ်တိုက်သမားသည်
  လူ့ခြေထောက်ကို အရင်ကြည့်၏။

လူ့အကြောင်းသိသူသည်
လူ့စိတ်ကို အရင်အကဲခတ်၏။

- အဖေနှင့်သား မချစ်ခင်ခြင်းမှာ မေတ္တာတရား ချို့တဲ့ခြင်းကြောင့်၊
လင်နှင့်မယား မချစ်ခင်ခြင်းမှာ ချစ်ခြင်းတရား ချို့တဲ့ခြင်းကြောင့်၊
သူငယ်ချင်းချင်း မချစ်ခင်ခြင်းမှာ မျှတမှု ချို့တဲ့ခြင်းကြောင့်၊
လုပ်ဖော်ကိုင်ဖက်ချင်း မချစ်ခင်ခြင်းမှာ
စီမံအုပ်ချုပ်မှု ချို့တဲ့ခြင်းကြောင့်။

- လူမှုဆက်ဆံရေးအတွင်းမှ
လူ့ကျင့်ဝတ်ကို အကဲခတ်နိုင်၏။
ပုဂ္ဂိုလ်ဆက်ဆံရေးအတွင်းမှ
လူမှုရေးစိတ်ဓာတ်ကို အကဲခတ် နိုင်၏။

- အပြင်ပန်းကို လိုသည်ထက်ပိုပြီး
ပြင်ဆင်ထားလေ၊
အတွင်းစိတ်က မမှန်မကန်ဖြင့်
ဟန်ဆောင်ထားတတ်လေ ဖြစ်၏။

- မှန်သားပြင်လို မိတ်ဆွေကို သိရမည်၊
ချိန်ခွင်လျှာလို လူ့စိတ်ကို သိရမည်၊
မျက်လုံးအိမ်လို မိမိကိုယ်ကို သိရမည်။

- ဖြည်းဖြည်းချင်း ခံစားရသော 'ကောင်း' ခြင်းသည်
ရှည်ကြာစွာ 'ကောင်း' တော့မည်မှာ သေချာ၏၊
ရုတ်ခြည်း ခံစားလိုက်ရသော 'ဆိုး' ခြင်းသည်၊
ဆုံးခန်းတိုင်အောင် 'ဆိုး' တော့မည်မှာ သေချာ၏။

- သူ၏ အားသာမှုကိုသိမှ မည်သို့ သုံးရမည်ကိုသိမည်၊
သူ၏ ချွတ်ယွင်းချက်ကိုသိမှ မည်သို့ ကာကွယ်ရမည်ကိုသိမည်။

- စိတ်လိုက်မာန်ပါ အုပ်ချုပ်တတ်သူ
  သည် 'နားဝင်ချိုသော စကား' ကိုသာ လက်ခံနားကြားလို၏။
  ဆင်ခြင်ဉာဏ်ဖြင့် အုပ်ချုပ်တတ်သူသည်
  'နည်းလမ်းကျသော စကား' ကိုသာ လက်ခံနားကြားလို၏။

- အလုပ်ကိစ္စကို စဉ်းစားလျှင်
  ဉာဏ်အားကို အစွမ်းကုန်သုံးရမည်၊
  အလုပ်ကို အကောင်အထည် ဖော်လျှင်
  စွမ်းအားကို အစွမ်းကုန် သုံး ရမည်။

- အလုပ်လုပ်စရာ ရှိလျှင်
  စိတ်သောက ရောက်စရာမရှိ။
  အလုပ်လုပ်စရာ မရှိလျှင်
  စိတ်သောက ရောက်စရာ ရှိ၏။

- မှန်သောစကားကိုပြောမှ
  မှန်သောအလုပ်ကို လုပ်နိုင်မည်။
  မှန်သောအလုပ်ကိုလုပ်မှ
  မှန်သောစကားကို ပြောနိုင်မည်။

- 'သဘောပေါက်အောင်' စဉ်းစားပြီးမှ အလုပ်ကိုလုပ်လျှင်
  'နောင်တ' ရ စရာမရှိ။
  'သင့်လျော်အောင်' စဉ်းစားပြီးမှ အလုပ်ကိုလုပ်လျှင်
  'လေလွင့်စရာ' ဘာမှ မရှိ။

- ပိုင်းဖြတ်စိတ် မရှိခြင်းသည်
  သတ္တိမရှိခြင်းမှ လာသည်။
  ယုံကြည်စိတ် မရှိခြင်းသည်
  အသိမရှိခြင်းမှ လာသည်။
  ရည်မှန်းချက် မရှိခြင်းသည်

စွမ်းရည်မရှိခြင်းမှ လာသည်။
ဇွဲနပဲ မရှိခြင်းသည်
ခွန်အားမရှိခြင်းမှ လာသည်။

- စကားတစ်ခွန်းကို သည်းမခံနိုင်လျှင်
ကိစ္စတစ်ရပ် မအောင်မြင်နိုင်။
ဒေါသတစ်ချက်ကို မထိန်းနိုင်လျှင်
ကိစ္စတစ်ရပ်ကို မပြေပျောက်စေနိုင်။

- အတိုးတက်ဆုံး အခြင်းအရာသည်
မပြတ်ကြိုးစားခြင်းဖြစ်၏။
အားကိုးရဆုံး အာမခံချက်သည်
အလုပ်အောင်မြင်မှု ဖြစ်၏။

> ပြဿနာကို ကြိုတင်ကာကွယ်နိုင်ခြင်းသည်
> ပထမတန်းစားပညာရှင်ဖြစ်၏။ ပြဿနာကို
> ဖြေရှင်းနိုင်ခြင်းသည် ဒုတိယတန်းစား ပညာရှင်ဖြစ်၏။
> ပြဿနာကို ဖော်ထုတ်နိုင်ခြင်းသည် တတိယတန်းစား
> ပညာရှင်ဖြစ်၏။

- ဆုံးရှုံးရခြင်းကြောင့် ဆင်ခြင်ရမည်ကို သိလာသည်။
ဆင်ခြင်နိုင်ပါမှ ထမြောက်အောင်မြင်မှု ရရှိမည်။

- စိတ်တည်ငြိမ်အောင် မထိန်းနိုင်လျှင်
အလုပ်ကောင်းအောင် မလုပ်နိုင်။
သဘောတရားကို မပေါက်လျှင်
စကားအပြော မကောင်းနိုင်။

- အဓိပ္ပာယ်ရှိသော အလုပ်ကို လုပ်ခြင်းသည်
ငွေရှိ၍ လုပ်သောအလုပ်ထက် သာလွန် မြင့်မြတ်၏။

လက်တွေ့ ပြဿနာကို ဖြေရှင်းပေးခြင်းသည်၊
အနာဂတ်ကို လှမ်းမျှော်သည်ထက် ပို အကျိုးရှိ၏။

* အတွေးအခေါ်သည် ဆိတ်ငြိမ်ခြင်း၏ တန်ခိုးရှင်ဖြစ်၏။
လက်အစုံသည် လှုပ်ရှားမှု၏ တန်ခိုးရှင် ဖြစ်၏။

* လူညံ့သည် သူတစ်ပါးအနှိမ်ခံရ၏။
လူတော်သည် သူတစ်ပါးအနှိမ်မခံရ။

* အသိတရားရှိသူသည် လက်တွေ့မကျသော သဘောတရားကို မယုံကြည်။
ကြင်နာတရားရှိသူသည် မျက်မြင် ကူညီမှု လိုအပ်သူကို မကူညီဘဲမနေ။
ရဲစွမ်းသတ္တိရှိသူသည် အသိတရား နည်းပါးသူကို
ဘယ်တော့မှ အနိုင်မကျင့်။

* ပြဿနာကို ကြိုတင်ကာကွယ်နိုင်ခြင်း သည်၊
ပထမတန်းစား ပညာရှင်ဖြစ်၏။
ပြဿနာကို ဖြေရှင်းနိုင်ခြင်းသည်၊
ဒုတိယတန်းစား ပညာရှင်ဖြစ်၏။
ပြဿနာကို ဖော်ထုတ်နိုင်ခြင်းသည်၊
တတိယတန်းစား ပညာရှင်ဖြစ်၏။

* စကားကြီးစကားကျယ်ပြောပြီး သူရဲဘောကြောင်သူသည်
သတ္တိအားကိုးပြီး လုပ်ပြလျှင် သေရမည်မုချ။

* စကားကြီးစကားကျယ်ပြော-ငွေကြေးကျတော့ တွန့်တို-လူညံ့လူဖျင်းအစစ်
စကားအရာတွင် နှိမ့်ချ-ငွေကြေးကျတော့ ရက်ရော-လူတော်လူကောင်း
အစစ်။


* ဆင်းရဲသားသည် လူချမ်းသာထက် ရက်ရော၏။
ချမ်းသာသူသည် ဆင်းရဲသားထက် တွန့်တို၏။

- အချစ်စိတ် အကြီးမားဆုံးသူသည်၊
  အချစ်ကို ထူထောင်ရာတွင် အခက် ဆုံး။
  အချစ်စိတ် အကင်းမဲ့ဆုံးသူသည်၊
  အချစ်ကို ထူထောင်ရာတွင် အလွယ် ဆုံး။

- သာမန်လူများသည် သာမန်မဟုတ် သော ပြုမူပြောဆို ရှိုးပြလိုကြ၏။
  သာမန်ထက် လွန်ကဲသူများ သာမန်အပြုအမူမျိုးကိုသာ နှစ်သက်၏။

- အစားကြူးသူသည် 'တစ်ကိုယ်ကောင်း စိတ်' ကြီး၏။
  အမြှောက်ကြိုက်သူသည် 'ကျွန်စိတ်' အလွန်ကြီး၏။

- စကားများ၊ ရန်ဖြစ်၊ ရိုက်နှက်ခြင်းသည်၊
  စွမ်းအားကြီးမားခြင်းမဟုတ်၊ ပညာရည် နိမ့်ပါးခြင်းသာဖြစ်၏။
  ရေငုံနှုတ်ပိတ် စကားမပြောခြင်းသည်၊
  စွမ်းအားနည်းပါးခြင်းမဟုတ် ပညာရည် မြင့်မားခြင်းသာဖြစ်၏။




စကားအပြောကောင်းသူသည်၊ များများနားထောင်တတ်၏။
များများနားထောင်တတ်သူသည်၊ နည်းနည်းသာ ပြောတတ်၏။

* သူများ၏ အားသာချက် အားနည်း ချက်ကို
မမြင်နိုင်သူသည် ကြောင်တောင်ကန်း ဖြစ်၏။
မိမိ၏ အားကောင်းချက်၊ ချို့ယွင်းချက်ကို မမြင်နိုင်သူသည် မျက်စိမှိတ်
အကန်းဖြစ်၏။

* 'သူ့စကား' ဖြင့် 'သူ့အတွေးအခေါ်' ကို
အကဲခတ်ရန် အကောင်းဆုံး။
'သူ့သိက္ခာ' ကို 'ငွေကြေး' ဖြင့်
စမ်းသပ်ရန် အကောင်းဆုံး။

* အကောင်းအဆိုးကို နှိုင်းယှဉ်မှုဖြင့် သိရ၏။
စိတ်ပြင်းထန်မှုကို သူ့ရပ်တည်ချက်အရ သိနိုင်၏။

* ငွေရှာနိုင်သည့်အရည်အချင်းမရှိဘဲ၊
သုံးစွဲငွေလိုခြင်းသည် ထုံထိုင်းသော အတွေး။
ငွေရှာနိုင်သည့် အရည်အချင်း ရှိပါလျက်၊
ငွေမသုံးဘဲ နေခြင်းသည် လူနုံလူအ။

* ကလေးများသည် အတုယူလိုစိတ် ရှိကြသည်။
ထို့ကြောင့် ပျော့ပျောင်းသည့်သဘောရှိ၏။
လူငယ်များသည် အနိုင်ယူလိုစိတ် ရှိကြသည်။
ထို့ကြောင့် တိုက်ခိုက်ချင်စိတ် ပြင်းထန်၏။
လူအိုများသည် ခေတ်မမီတော့ဟု ခံစားသည်။
ထို့ကြောင့် သိမ်ငယ်စိတ်က ဖုံးလွှမ်း၏။

* မိတ်ဆွေချင်း မေတ္တာပျက်ရခြင်း အကြောင်းရင်းမှာ၊
များသောအားဖြင့် 'စီးပွားရေး' ကြောင့် ဖြစ်ရ၏။
လင်မယားချင်း မေတ္တာပျက်ရခြင်း အကြောင်းမှာ၊
များသောအားဖြင့် 'မာန်မာန' ကြောင့် ဖြစ်ရ၏။

- ပညာတတ်ပြီး ကိုယ်ကျင့်သိက္ခာ မရှိ သူသည်၊
  စိတ်မနှံ့သူ ဓားသိုင်းကသည်နှင့် တူ၏။
  ကိုယ်ကျင့်သိက္ခာရှိပြီး ပညာမတတ်သူ သည်၊
  သားကိုကယ်ရန် နတ်ကတော့သည်နှင့် တူ၏။

- ကုန်သည်၏ 'မျက်လုံး' သည် အစူးရှ ဆုံး။
  နိုင်ငံရေးပညာရှင်၏ 'ဦးနှောက်' သည် အထက်ဆုံး။
  သိက္ခာမဲ့သော မိန်းမ၏ 'နှုတ်သီး' သည် အစွာဆုံး။
  ထောက်လှမ်းရေးသမား၏ 'နား' သည် အပါးဆုံး။

- လူကဲခတ်တတ်သော ပညာသည်၊
  အလုပ်လုပ်တတ်သော ပညာထက် အဖိုးတန်၏။
  အလုပ်လုပ်တတ်သော ပညာသည်၊
  စာအုပ်ထဲက ဖတ်သော ပညာထက် သာလွန်၏။

- အသံကောင်းသာ ဟစ်တတ်သူသည်၊
  အားမကိုးလောက်သော လူစားမျိုးသာဖြစ်မည်။
  အပြစ်တင်ဖို့သာ သိသူသည် အကျင့်သိက္ခာမဲ့သောလူစားမျိုးသာ ဖြစ်မည်။

- ကိုယ့်ကိုယ်ကိုယ် သည်းညည်းခံသူ သည်၊
  သူတစ်ပါးအပေါ် လည်း သည်းညည်းခံတတ်၏။
  ကိုယ့်ကိုယ်ကိုယ် ပက်စက်တတ်သူသည်၊
  သူတစ်ပါးအပေါ် လည်း မထောက်ထားတတ်ပေ။

- လုပ်ရည်ကိုင်ရည်မြင့်လျှင် မိမိဝဲယာကို စီမံခန့်ခွဲနိုင်၏။
  ကိုယ်ကျင့်သိက္ခာမြင့်လျှင် မိမိဝန်းကျင် ကို သိမ်းသွင်းပေါင်းစပ်နိုင်၏။
  ပညာရည်မြင့်မားလျှင် ထက်အောက်ရှိ လူအများအားကျစေနိုင်၏။

- မြှုမှုပြောဆိုမှုကို ကဲ့ရဲ့ဝေဖန်ခြင်း မခံရသူသည်၊
  ပေါင်းသင်းဆက်ဆံရေးတွင် သူတကာ ထက်သာသူဖြစ်၏။

လုပ်ငန်းအောင်မြင်မှုကို ဝန်တိုခြင်း အဖြစ် မခံရသူသည်၊
အလုပ် လုပ်ကိုင်ရာတွင် သူတကာ ထက် တော်သူဖြစ်၏။

* နှိုင်းယှဉ်ခြင်းအားဖြင့်သာ အတုအစစ် ကို ခွဲခြားနိုင်၏။
ပြုမူဆောင်ရွက်မှုဖြင့်သာ အမှားအမှန် ကို ခွဲခြားနိုင်၏။

၁၇၃


* ဉာဏ်ပညာအဆင့်ချင်းမတူဘဲ
ပြောဆိုဆွေးနွေးလျှင် အထင်အမြင် လွဲတတ်သည်။
စာရိတ္တအဆင့်ချင်း မတူဘဲ
ပြောဆို ဆွေးနွေးလျှင် ပလိန်ပ မသင့်နိုင်။

* လူ ၄-၅ ယောက်နှင့် သိကျွမ်းသည်ကို အားကိုးလျက်
လုပ်ငန်းထူထောင် အောင်မြင်မည် ထင်လျှင်
လောကတွင် ဤတရားမျိုး မပေါ် ပေါက်သေး။
စာအုပ် ၄-၅ အုပ် ဖတ်ဖူးသည်ကို အားကိုးလျက်
နာမည်ထင်ရှား ကျော်ကြားမည် ထင်လျှင်
လောကတွင် ဤဖြစ်ရပ်မျိုး မပေါ် ပေါက်သေး။

* လူက ငွေကို စီမံခန့်ခွဲလျှင်
ငွေသည် လူ၏ အစေအပါးဖြစ်လျက်
လူသည် ငွေထက် တန်ဖိုး ကြီးမြတ်၏။
ငွေက လူကို စီမံခန့်ခွဲလျှင်
ငွေသည် လူထက် တန်ဖိုးကြီးသွား၏။

* (စီးပွားရေးလုပ်ငန်းများတွင်)
အကျိုးအမြတ် မမျှတလျှင်
အတိုက်အခိုက် မုချပေါ်မည်။
ပင်ပန်းမှု အနားယူမှု မမျှတလျှင်
ရှုံ့မှုန်းမှု မကျေနပ်မှု မုချပေါ်မည်။

- လူတစ်ယောက်တွင် ချစ်ခြင်း ချို့တဲ့ ခဲ့လျှင်
  သွေးအေးရက်စက်သွားတတ်၏။
  အိမ်ထောင်တစ်ခုတွင် ချစ်ခြင်းချို့တဲ့ ခဲ့လျှင်
  နွေးထွေးမှု မရှိတော့ပေ။
  လူ့အဖွဲ့အစည်းတွင် ချစ်ခြင်း ချို့တဲ့ ခဲ့လျှင်
  လုယက်မှုများ ဖြစ်လာမည်။
  ကမ္ဘာတစ်ခုလုံးတွင် ချစ်ခြင်းချို့တဲ့ခဲ့ လျှင်
  စစ်ပွဲများ ဖြစ်ပွားလာမည်။




- လုပ်ငန်းကျဆုံးနေချိန်တွင် အောင်မြင် အောင်လုပ်နိုင်မှ
  အောင်မြင်မှု အစစ်အမှန်ဖြစ်၏။
  လုပ်ငန်းဆုတ်ယုတ်နေချိန်တွင် တိုးတက်အောင် လုပ်နိုင်မှ
  တိုးတက်မှုအစစ်အမှန်ဖြစ်၏။

- လူမိုက်တို့၏ ရက်စက်မှု မရှိလျှင်
  သူတော်ကောင်း၏ ကောင်းမြတ်မှု မပေါ်လွင်နိုင်။
  ကောက်ကျစ်စဉ်းလဲသည့် လိမ်ညာမှု မရှိလျှင်
  သစ္စာစစ် ကောင်းမြတ်မှုတို့ မပေါ်လွင်နိုင်။

* နေ့စဉ် အချိန် မလုံလောက်ဟု ခံစားရခြင်းသည်
  အိုမှန်းမသိသည့် အနာဂတ် အလားအလာ။
  နေ့စဉ် အချိန်ပိုလွန်းသည်ဟု ခံစားရခြင်းသည်
  အနာဂတ် ဆုံးခန်းတိုင် ဘယ်သို့ နေရမှန်းမသိ။

* ဥပဒေ၏ အတိမ်အနက်ကို ကြည့်ခြင်းဖြင့်
  ယဉ်ကျေးသိမ်မွေ့မှုအဆင့်ကို အကဲခတ်နိုင်၏။
  ကျင့်ဝတ်သိက္ခာ၏ အနိမ့်အမြင့်ကို ကြည့်ခြင်းဖြင့်
  ယဉ်ကျေးမှု၏ အတိမ်အနက်ကို အကဲခတ်နိုင်၏။

* ပညာ၊ သိက္ခာ၊ ခွန်အားဗလ ဤသုံးပါးတို့ကို
  ရွှေငွေမနေအင်အားဖြင့် ချက်ချင်း ဝယ်၍မရ
  နေ့စု လစုဖြင့် လေ့ကျင့်သိုမှီးမှသာ ရ၏။

* အသိအမြင်ရှိသူသည် ဆင်ခြင်တုံဖြင့် ပြဿနာ ဖြေရှင်း၏။
  အသိအမြင် မရှိသူသည် လက်သီးဖြင့် ပြဿနာဖြေရှင်း၏။

* စိတ်ဓာတ်မကြံ့ခိုင်လျှင် သနားစရာကောင်း၏။
  ခံယူချက်မရှိလျှင် ဝမ်းနည်းစရာကောင်း၏။
  အမှန်အမှား၊ မခွဲခြားလျှင် အန္တရာယ်ကြီးမား၏။
  ရန်မှန်း မိတ်မှန်း မသိလျှင် အသက်ဘေးနှင့် နီး၏။

* အလုပ်မရှိဘဲ ပျာယာခတ်ခြင်းသည်
  အလုပ်တာဝန်နှင့် မထိုက်တန်။
  အလုပ်များသော်လည်း ပျာယာ မခတ်ခြင်းသည်
  တာဝန်ကြီးကြီးနှင့် ထိုက်တန်၏။

* 'စာ' သည် တစ်ဆင့်ပြီးတစ်ဆင့် ကမ်းလေ
  ပို၍ ပို၍ 'စင်' ဖလ 'စစ်'လေ။
  'စကား' သည် တစ်ဆင့်ပြီးတစ်ဆင့် ပြောလေ
  အ 'စစ်' အ 'မှန်' နှင့် ဝေးလေလေ။

- ပညာဖြင့် ဖလှယ်ခဲ့သော ငွေကြေးကို သုံးစွဲလျှင် ကုန်နိုင်၏။
  ပညာဖြင့် ဖလှယ်ခဲ့သော ပျော်ရွှင်မှု ကား မကုန်ဆုံးနိုင်။
  ခင်တွယ်မှုဖြင့် ဖလှယ်ခဲ့သော ပျော်ရွှင်မှုသည် မကြာမီ ပြီးဆုံး၏။
  ခင်တွယ်မှုဖြင့် ဖလှယ်ခဲ့သော ကျင့်ဝတ်တရားသည် မပြီးဆုံးနိုင်။

- ပြောဆို ရေးသားမှုသည် ပညာ၏ ကိုယ်စားလှယ်။
  အကျင့်စာရိတ္တသည် လူ့တန်ဖိုး၏ သင်္ကေတ။

- လူများစု၏ လိုအပ်ချက်ကို သုတေသနပြုမှ၊
  အသုံးကျမှု တန်ဖိုးမြင့်မားမည်။
  တီထွင်ဖန်တီးမှုအတွက် သုတေသနပြုမှ
  သုတေသန တန်ဖိုးမြင့်မားမည်။

- 'အခက်အခဲ' သည် 'အောင်မြင်မှု' ၏ ကျေးဇူးရှင်ဖြစ်၏။
  'ညံ့ဖျင်းသောစိတ်ကူး' ည် 'ကျဆုံးမှု' ၏ ရင်းမြစ်ဖြစ်၏။

- 'လိုအပ်ချက်' သည် 'တန်ဖိုးနိမ့်မြင့်' ကို ဆုံးဖြတ်၏။
  'ဉာဏ်ပညာ' သည် 'ဆင့်ကဲဖြစ်စဉ်' ကို တိုးတက်စေ၏။

- သွေးလေပွင့်မှ ကိုယ်ကျန်းမာမည်။
  သဘောပေါက်မှ လုပ်ငန်းအောင်မည်။
  ပညာတင့်မှ တရားသိမည်။

- ဟန်ဆောင်မှုသည် ကျဆုံးမှု၏ နှုတ်ဆက်သံဖြစ်၏။
  ဖုံးကွယ်ခြင်းသည် နောင်တ တရား၏ အစဖြစ်၏။

- 'စိတ်ကောင်းထားခြင်း' သည် ကိုယ်ကျင့်သိက္ခာ၏ ကြွယ်ဝမှုတည်း၊
  'ဦးနှောက်ကောင်းခြင်း' သည် ဉာဏ်စွမ်းဉာဏ်စ၏ ကြွယ်ဝမှုတည်း၊
  'ကာယကောင်းခြင်း' သည် လှုပ်ရှားတက်ကြွမှု၏ ကြွယ်ဝမှုတည်း။

* 'မုသား' သည် မိမိကိုယ်တိုင် ရှာယူခဲ့သော အကျပ်ဆိုက်မှုတည်း။
  'ဒုက္ခ' သည် မိမိကိုယ်တိုင် ဖန်တီးခဲ့သော အကုသိုလ်တည်း။

* နည်းနည်း သည်းခံလျှင် နည်းနည်းအောင်မြင်၏။
  များများသည်းခံလျှင် များများအောင်မြင်၏။
  လုံးဝသည်းမခံလျှင် လုံးဝ မအောင်မြင်။

* ဆာလောင်ရေငတ်စဉ် အစားအသောက်ကို ဆင်ခြင်မှ
  ရောဂါကို ရှောင်နိုင်မည်။
  ဆင်းရဲကျပ်တည်းစဉ် ပေးကမ်းသည်ကို ဆင်ခြင်လက်ခံမှ
  ကင်းရှင်းဖြူစင်နိုင်မည်။

* မိဘကို မလုပ်ကျွေးနိုင်သူကို
  မရှိသေတတ်သော သားသမီးဟု ခေါ်၏။
  မယားကို မလုပ်ကျွေးနိုင်သူကို
  မရှက်တတ်သော လင်ယောကျ်ားဟု ခေါ်၏။
  သားသမီးကို မစောင့်ရှောက်နိုင်သူကို
  အစွမ်းမရှိသော မိဘဟု ခေါ်၏။

- တစ်ကိုယ်ကောင်းစိတ်သည် ရှိသမျှ ရှုပ်ထွေးပွေလီမှု၏ ဇစ်မြစ်။
  မုန်းတီးစိတ်မှုကား ရှိသမျှ ချေမှုန်း သတ်ဖြတ်မှု၏ ဇစ်မြစ်။
- နေ့တိုင်း တံမြက်စီးလှဲမှ အိမ် အတွင်း သန့်ရှင်းမည်။
  နေ့တိုင်း ပြန်လည်သုံးသပ်မှ စိတ် နှလုံး ကြည်လင်မည်။
- အယုံအကြည်ကင်းသွားအောင် ဖန်တီးသည်က စကားတစ်ခွန်း တည်း။
  အယုံအကြည် ပြန်ရအောင် ပြော ရမည့် စကားက အခွန်းတစ်ထောင်။
- 'အငြိုးစိတ်' သည် ကောင်းကျိုး မဖြစ် အပြစ်များ၏။
  'စာနာစိတ်' သည် ကောင်းကျိုး အစစ် အပြစ်ကင်း၏။
- အိမ်ထောင်၏ မလိုလားအပ် ဆုံး (၃) ပါးမှာ
  မွဲတေခြင်း၊ နာမကျန်းဖြစ်ခြင်း၊ စိတ်ဆိုးစကားများခြင်း။
  လူတစ်ယောက် မလိုလားအပ်ဆုံး (၃) ပါးမှာ၊
  မရှက်ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်း၊ အကာအကွယ်မဲ့ခြင်း။

- စာနာစိတ်ရှိမှ အများအကျိုး ဆောင်နိုင်မည်။
ခွင့်လွှတ်စိတ်ရှိမှ အများကို သက် ညှာနိုင်မည်။
သည်းခံစိတ်ရှိမှ အပေါင်းအသင်း များနိုင်မည်။
- နှုတ်ကတည်မှု၊ စိတ်ကမှန်မှု၊ အတွေးမြန်မှု၊
ခြေလက်ဖြတ်လတ်မှု၊ လူ့လောက ဒုလယ် အရှုံးမရှိ ရပ်တည်နိုင်၏။
- အသပြာတစ်ထောင်ဖြင့် 'ချစ် တယ်' ဆိုသော အသံကို မဝယ်နိုင်။
အသပြာတစ်သောင်းဖြင့် 'ရိုးဖြောင့် တယ်' ဆိုသော ဂုဏ်ကို မဝယ်နိုင်။
- 'ကျေးဇူး' သည် အပြန်အလှန် သဘောတည်း။
'အချစ်' သည် အကြွင်းမဲ့အနစ်နာ ခံခြင်းတည်း။
- ဆင်းရဲပါလျက် ငွေမမက်က တရားသိအစစ်။
ချမ်းသာပါလျက် အာဏာမမက်က သူခအစစ်။
- နည်းနည်း နစ်နာဆုံးရှုံးခံနိုင် လျှင် နည်းနည်းကျော်ကြားမည်။
များများနစ်နာ ဆုံးရှုံးခံနိုင်လျှင် များများကျော်ကြားမည်။
- အလင်းရောင်အောက်မှာ ပညာသင်ယူ လေ့ကျင့်ပါ။
အမှောင်ကွယ်ရာမှာ ကိုယ်ကျင့် သိက္ခာ ထိန်းသိမ်းပါ။
- ဒေါသထဲတွင် နှစ်သိမ့်မှုကို ရှာ မတွေ့နိုင်။
ရန်ငြိုးထဲတွင် ခွင့်လွှတ်မှုကို ရှာမ တွေ့နိုင်။
- လောဘကြီးသူ၏ နိဂုံးသည် 'ဗလာ' တည်း။
အနိုင်ရလိုသူ၏ နိဂုံးသည် 'အရှုံး' တည်း။
- သူတစ်ပါး၏ အပြစ်ကိုသာ မြင်တတ်လျှင်၊ လောကတွင် ပေါင်းသင်း ရမည့်သူ တစ်ယောက်မျှမရှိ။
လုပ်ငန်း၏ အခက်အခဲကိုသာ မြင်တတ်လျှင်၊ လောကတွင် လုပ်နိုင်မည့် အလုပ်တစ်ခုမျှမရှိ။
- သူတစ်ပါးကို အနစ်နာခံစေ၍၊ မိမိကိုယ်ကျိုးကို ဖြည့်စွမ်းခြင်းသည်၊ ခွင့်မလွှတ်နိုင်ဆုံး ပြစ်မှုကြီးဖြစ်၏။
မိမိကိုယ်ကို အနစ်နာခံ၍၊ သူတစ်ပါးအကျိုးကို ဖြည့်စွမ်းခြင်းသည်၊ အမြင့်မြတ်ဆုံး ကိုယ်ကျင့်တရား ဖြစ်၏။
- မိဘ၏ စကားသည် အယုံ ကြည်ရဆုံး။
မိမိ၏ ခွန်အားသည် အားအကိုးရ ဆုံး။
- သံသယစိတ်ကြီးသူနှင့် သိပ်မဆွေးနွေးနှင့်

**အထင်အမြင် လွဲမှားမှုကင်းမည်။**

**စေတနာဖြောင့်မှန်သူထံ** နည်းပညာခံက ဒွိဟစိတ်များ လျော့ပါးမည်။

- သူတစ်ပါးကို မချစ်တတ်လျှင် ကိုယ့်မုန်းစိတ်ကြောင့်။

  သူတစ်ပါးက ကိုယ့်ကိုမချစ်လျှင် ကိုယ့်သိက္ခာကြောင့်။
- ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်း သည် အုပ်ချုပ်မှုအမှန်တော်၏။

  ကိုယ့်ကိုယ်ကိုယ် လိမ်ညာခြင်းသည် လိမ်လည်မှု အစစ်ဖြစ်၏။
- အများအကျိုးတွက်ဖြစ်လျှင် မေတ္တာတရားပင် ဖြစ်၏။

  ကိုယ်ကျိုးအတွက်သာဖြစ်လျှင် လောဘတရားပင် ဖြစ် ၏။

  စာနာတတ်လျှင် ကရုဏာတရား ဖြစ်၏။

  မေတ္တာမဲ့လျှင် အမုန်းတရားပင် ဖြစ်၏။
- မေတ္တာဖြင့် ဆိုဆုံးမခြင်းကို ခံယူရသူ သဘောတူ၏။

  နည်းလမ်းကျသော ဝေဖန်မှုကို ခံယူရသူ စိတ်ကြည်ဖြူ၏။

  မှျတသော အပြစ်ပေးမှုကို ခံယူရသူ စိတ်ကျေနပ်၏။
- အကျင့်ကောင်းကို မွေးမြူခြင်း သည်၊ ဘဝတစ်လျှောက်လုံးအတွက် နံပါတ်တစ်တရား။

  ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည်၊ လူမှုဆက်ဆံရေးအတွက် နံပါတ်တစ်တရား။
- ကိုယ်ကသူ့ကို လိုအပ်ချိန်တွင် သူက ကိုယ့်ထက်ပိုမြင့်၏။

  သူက ကိုယ့်ကို လိုအပ်ချိန်တွင် ကိုယ်က သူ့ထက် ပိုမြင့်၏။

  အပြန်အလှန် လိုအပ်ချိန်တွင် တန်းတူညီမျှပင် ဖြစ်၏။

  အပြန်အလှန် မလိုအပ်ချိန်တွင် အပြန်အလှန် လေးစား၏။
- ကိုယ်က ဘယ်သူ့ကိုမျှအညွှန်မခံလျှင် ဘယ်သူကမျှကိုယ့်ကိုမစော်ကားဝံ့။

  ကိုယ်က ဘယ်သူ့ကိုမျှ မစော်ကားလျှင်၊ ဘယ်သူမဆို ကိုယ့်ကို လေးစားမည်။
- အထီးကျန်နေတတ်သူကို မိတ် ဆွေမဖွဲ့နှင့်။

  စိတ်ကူးယဉ်နေတတ်သူကို ဆရာ မတင်နှင့်။
- ကိုယ်က သူတစ်ပါးကို မယုံကြည်လျှင် သူတစ်ပါးက ကိုယ့်ကိုစွန့်ခွာသွားမည်သာ။

  ကိုယ်က သူတစ်ပါးကို မချစ်ခင်လျှင် သူတစ်ပါးကလည်း ကိုယ့်ကို မုန်းမည်သာ။

- သည်းခံခြင်း၏နိဂုံးရလဒ်သည်
  အမှန်အမှားကွဲပြားမှု၏နိဒါန်းဖြစ်၏။
- လူတော်လူကောင်းမှ
  လူတော်လူကောင်းကို သိ၏။
  လူတော်လူကောင်းမှ
  လူတော်လူကောင်းကို သုံး၏။

၁၅

စိတ်ဝင်စားမှုမရှိဘဲ ပညာသင်ယူလျှင်၊ မသင်သည်ကမှ ကောင်းဦးမည်။ နည်းလမ်းမသိ၊ မတတ်ဘဲ အလုပ်လုပ်လျှင်၊ မလုပ်သည်ကမှ ကောင်းဦးမည်။

လူ့ဘဝသည် ကျိုးကြောင်းတရားပေါ်တည်၏။ ကျိုးကြောင်းတရားသည် ပြောဆိုပြုမူပုံပေါ်တည်၏။

ဥစ္စာကို တစ်ဦးတည်း ရလိုက်ပါက၊ ဘေးဆိုးကြုံတော့မည်။ ပညာကို တစ်ဦးတည်း ရလိုက်ပါက လူကုံထံဖြစ်မည်။

မှန်သည် ဖုံမကပ်မှ ကြည်ကြည်လင်လင်မြင်နိုင်မည်။ စိတ်သည် ဘက်မလိုက်မှ မှန်မှန်ကန်ကန်တွေးနိုင်မည်။

ပညာကိုတတ်အောင်သင်ခဲ့ပါလျက် လက်ဆင့်ကမ်းမပေးခဲ့လျှင် အချည်းအနှီးသင်ယူခဲ့ခြင်းဖြစ်၏။ ဥစ္စာကိုရအောင် ရှာခဲ့ပါလျက် အလှူဒါန မပြုလျှင် အချည်း အနှီးရှာယူခဲ့ခြင်းဖြစ်၏။

ပညာသင်သင့်လျက် မသင်လျှင် နောင်ရေးခက်ခဲမည်။ အလုပ်ရှိလျက် မလုပ်လျှင် ယိုယွင်းပျက်စီးမည်။

ဗဟုသုတသည် မြင်ကြားမှုတို့မှ ဝင်လာသောအသိဖြစ်၏။ သဘောတရားသည် တွေးခေါ်မှုမှ ထွက်လာသော အသိဖြစ်၏။

စကားပြောရာတွင် တိုတိုရှင်းရှင်းဖြစ်ရမည်။ သင်ကြားပေးရာတွင် အသေးစိတ်ရှင်းလင်းရမည်။ အလုပ်လုပ်ရာတွင် ဉာဏ်ကောင်း ထက်မြက်ရမည်။ အယူအဆတွင် အမြော်အမြင်ရှိရမည်။

လူ့အကြောင်းလေ့လာချင်လျှင် မိမိကိုယ်ကိုအရင်သိပါ။ ပညာကို လေ့လာချင်လျှင် မိမိစိတ်ကို အရင်သိပါ။

တနာစိတ်သာရှိပြီဆိုလျှင် မချစ်ခင်အပ်သောသူ မရှိတော့။ ကိုယ့်ကိုယ်

ကို ယုံကြည်စိတ်ရှိလျှင် မအောင်မြင်နိုင်သော ကိစ္စမရှိ။

အကြောင်းအကျိုး မဆက်စပ်တတ်သူနှင့်မပတ်သက် မဆက်စပ်ခြင်းက ကောင်း၏။ မိတ်ဆွေမဖြစ်တတ်သူနှင့် မိတ်ဆွေမဖြစ်ခြင်းက ကောင်း၏။

ပစ္စည်းနှင့်ပစ္စည်းဖလှယ်ရာတွင် လိုအပ်မှုသည် တန်ဖိုးဖြစ်၏။ လူနှင့် လူချင်းဆက်ဆံရာတွင် မေတ္တာသည်သာ တန်ဖိုးဖြစ်၏။

မသိသေးသည့်နေရာမှစတင်ပြီး အသစ်သိရှိမှုကိုရှာ။ သိပြီးသည့်နေရာမှ စတင်ပြီး ခံစားသိရှိမှုကို ရှာ။

တရားနည်းလမ်းကျ၊ မကျ ဆွေးနွေးသောအခါ စိတ်လိုက်မာန်ပါ ပြော၍ မရ။ လူပုဂ္ဂိုလ်အကြောင်းကို ဆွေးနွေးသောအခါ အာယာတထား ပြော၍မရ။

သွေးလေပွင့်မှ သက်ရှည်ကျန်းမာမည်။ လူချင်းခင်မှ တရားမင်ကြမည်၊ ပညာမြောက်မှ နိုးကြားစိတ်ပေါက်မည်။

စာကို ကြေညက်နေပါမှ တကယ် ပညာရသည်မည်၏။ လူထု အထိမ်း အမှတ်ပြုလောက်မှ တကယ်ထမြောက် အောင်မြင်မှုဖြစ်၏။

အချိန်ကို ခြိုးခြံလေ၊ ထမြောက်အောင်မြင်မှုမြင့်မားလေ။ တွေးဆမှု စေ့စပ်လေ၊ သဘောတရားကို ပိုပိုင်နိုင်လေ။

ပြဿနာများကို ဖြေရှင်းပေးနိုင်မှ တကယ်အသုံးကျသည့်ပညာဖြစ်၏၊ မေးခွန်းများကို ဖြေကြားပေးနိုင်မှ တကယ့်အစစ်အမှန်ပညာဖြစ်၏။

အဓိပ္ပာယ်မရှိသော ညှော်ခံပွဲကို ရှောင်လိုက်ခြင်းဖြင့် စာဖတ်ချိန် တစ်ချိန် တိုး၏။ စာဖတ်ချိန် တစ်ချိန်တိုးလာခြင်းဖြင့် အဓိပ္ပာယ်မရှိသော စိတ်ဆင်း ရဲရမှုကို ရှောင်နိုင်တော့၏။

အိမ်ထောင်တွင်းမှာ ကြိုးစားလျှင် အိမ်ထောင်စုကြီးပွားမည်။ အလုပ် ထဲမှာ ကြိုးစားလျှင် လုပ်ငန်းဌာန အောင်မြင်မည်။ ပညာရှာရာမှာ ကြိုးစား လျှင် ပညာပေါက်မြောက်မည်။

အရေး၊ အသား အသက်ဝင်ခြင်းမှာ အဖြစ်မှန်ပေါ်တွင် အခြေခံသော ကြောင့်။ ဆောင်းပါးရေးသားပုံ ပြေပြစ်ခြင်းမှာ ဉာဏ်စွမ်းဉာဏ်စကို အခြေခံ သောကြောင့်။

အတွေးအခေါ် ရိုးစင်းလေ၊ အတွေးကျယ်ပြန့်လေလေ။ အရေး၊ အသားတိုရှင်းလေ၊ အင်အားကြီးမားလေလေ။

အသိအမြင်တိုးရန် မျက်စိဖြင့်ကြည့်ရသည်၊ ဉာဏ်ပညာပွင့်လင်းရန် စိတ်ဖြင့် တွေးရသည်။




ပညာရေးအဆင့်အတန်းသည်
ခရီးမှတ်တိုင်နှင့်တူ၏။
ပညာတတ်မြောက်ခြင်းသည်
ရတနာသိုက်နှင့်တူ၏။

ရာထူးမြင့်မားလေ၊ လွတ်လပ်မှု လျော့ပါးလေလေ။ ပညာရည် မြင့်မားလေ၊ သိမြင်မှု ရှင်းလင်းလေလေ။

တရားများများတွေးလေ၊ ဉာဏ်ပညာမြင့်မားလေလေ။ စာအုပ်များများဖတ်လေ၊ ပညာများများတိုးလေလေ။

ဆရာကိုပင် မချစ်ခင်လျှင် မရိုသေရာကျ၏။ သင်သာပေးပြီး မကြပ်မတ်လျှင် အရိုအသေတန်စေ၏။

မိမိရေးသောစာကို လူပေါင်း ထောင်သောင်းဖတ်ကြသည်၊ ထို့ကြောင့် ဆင်ခြင် ချင့်ချိန်ရေးသင့်၏။ မိမိပြောသောစကားကိုလူပေါင်း ဆယ်၊ ရာ ကြားကြသည်။ ထို့ကြောင့် ဆင်ခြင်ချင့်ချိန်ပြောသင့်၏။

ကိုယ်ကျင့်တရားဆိုသည်မှာ စိတ်ကို ပြုစုပျိုးထောင်ရန်ဖြစ်၏။ ပညာဆိုသည်မှာ ကိုယ်ကျင့်တရားကို ပြုစုပျိုးထောင်ရန်ဖြစ်၏။

အင်အားကို အသုံးပြုလျှင် ညီမျှမှု ရေရှည်ခံနိုင်မည်၊ ဉာဏ်အားကို အသုံးပြုလျှင် တည်ငြိမ်မှု အတွေးရှင်းနိုင်မည်။

ရည်ရွယ်ချက်မဖြူစင်လျှင် နိဂုံး ကမွတ်မကောင်းနိုင်။ အာရုံစူးစိုက်မှု မရှိလျှင် အောင်မြင်မှု လုံးဝမရနိုင်။

ပါးနပ်သူသည် အချိန်ကို အသုံးချတတ်၏။ မိုက်မဲသူသည် အချိန်ကို ဖြုန်းတီးပစ်၏။

ပညာကို စာအုပ်များမှရယူနိုင်ပါ၏။ အတွေးအခေါ်မူ ပါရမီရှိမှရနိုင်၏။

စာများများဖတ်လျှင် ပညာရမည်။ အလုပ်များများလုပ်လျှင် နည်းလမ်းရမည်။

ပညာသင်ယူရာတွင် စွဲမြဲမှုရှိရမည်။ စီမံခန့်ခွဲရာတွင် ပိုင်းဖြတ်မှုရှိရမည်။ ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ရင်းစေတနာမှန်ရမည်။

ဉာဏ်ပညာဗဟုသုတ ရှင်လန်းလျှင် မဆင်းရဲနိုင်။ ကိုယ်ကျင့်သိက္ခာတရားမြင့်မားလျှင် မဆင်းရဲနိုင်။ အားကြိုးမာန်တက်ဝီရိယရှိလျှင် မဆင်းရဲနိုင်။

ကျောင်းဆရာ၏ပညာသည် စာသင်ခန်းထဲတွင်ရှိ၏။ စာပေသမား၏ ပညာသည် စာပေထဲတွင်သာရှိ၏။

စည်းစိမ်ချမ်းသာသည် ဘဝနေထိုင်မှုကိုသာပြောင်းလဲနိုင်၏။ ဉာဏ်ပညာမူ ကားအတွေးအခေါ်ကို မှန်အောင်ပြောင်းလဲနိုင်၏။

စွမ်းအင်ကောင်းလျှင်ပြိုလဲမည် မဟုတ်။ ပညာတော်လျှင် ခက်ခဲမှုကို မဖြုံ။ ဆန္ဒမှန်လျှင် ခြိမ်းခြောက်မှုကိုမကြောက်။

ဖျော်ဖြေရေးစာပေကို မြန်မြန်ဖတ်။ သဘောတရားစာပေကို ဖြည်းဖြည်းဖတ်။

လူကောင်းသူကောင်းသည် မကောင်းသော စာပေကိုမဖတ်။ လူဆိုး၊ လူယုတ်သည်ကောင်းမြတ်သော အလုပ်ကိုမလုပ်။

တစ်ဦးမေတ္တာတစ်ဦးမှာ ကြာလေ ကောင်းလေဖြစ်၏။ တွေးခေါ်ယူဆမှုတွင် သစ်လွင်လေ ကောင်းလေဖြစ်၏။

ဦးနှောက်သုံးရသည်ကို မကြောက်လင့်။ ဦးနှောက်ခြောက်ရမည်ကိုသာကြောက်။ ငွေသုံးတတ်သည်ကို မကြောက်လင့်။ ငွေဖြုန်းတီးတတ်သည်ကိုသာ ကြောက်။

မှတ်ဉာဏ်သည် တိုးတက်မှု၏ တွန်းအားဖြစ်၏၊ မှတ်တမ်းသည် ဗဟုသုတစုဆောင်းခြင်းတည်း။

လှုပ်ရှားရသည့်ခွင်ကြီးလေလေ၊ လုပ်ငန်းကျယ်ပြန့်လေလေဖြစ်၏။ စာဖတ်သည့်ပမာဏကျယ်ပြန့်လေလေ၊ အတွေးအမြင် ရှင်းလင်းလေလေဖြစ်၏။

မိမိပြောလိုသော စကားကိုပြောရလျှင် စိတ်ဓာတ်ပျော်ရွှင်၏။ မိမိရေးလိုသော စာကိုရေးရလျှင် အာရုံမြူးကြွ၏။ မိမိလုပ်လိုသော အလုပ်ကိုလုပ်ရလျှင် ကိုယ်ခန္ဓာပေါ့ပါး၏။

အပေါ်ယံအနှစ်မရှိသော စာကိုမရေးနှင့်။ အပေါ်ယံမနှစ်မရှိသော စကားမပြောနှင့်။ အပေါ်ယံအနှစ်မရှိသော အလုပ်မလုပ်နှင့်။ အပေါ်ယံ

အနှစ်မရှိသော လူကိုမပေါင်းနှင့်။

ပြင်ဆင်မှုမရှိသော သင်ခန်းစာကို မသင်ကြားနှင့်။ အဓိပ္ပာယ်မလေးနက်သောစကားကို မပြောကြားနှင့်။

ရေခန်းခြောက်သွားလျှင် ငါးများ သေမည်။ အမြစ်ညှိုးခြောက်လျှင် အပင် သေမည်။ ဉာဏ်မွဲခြောက်လျှင် စိတ်ဓာတ်သေမည်။

၁၇၆

- နှုတ်နှင့် ကလောင်သည် အတွေးအခေါ် ကို ဖြန့်ဝေရန်ဖြစ်၏။
  ခြေနှင့် လက်တို့သည် စားဝတ်နေရေးကို ဖြေရှင်းရန်ဖြစ်၏။

- ပညာကို တတ်သိမှုများတွင် မြင်နိုင်၏။
  သိက္ခာကို ပြုမူမှုများတွင် မြင်နိုင်၏။
- ခန္ဓာကိုယ် တင်းတောင့်သွားပြီဆိုလျှင် လူ သေအလောင်းကောင် ခေါ်၏။
  အတွေးအခေါ် အယူသီးပြီဆိုလျှင် မတ်တတ်အလောင်းကောင် ခေါ်၏။

- ညက်ညက်ဝါးလျှင် အရသာ တွေ့မည်။
  စေ့စေ့တွေးလျှင် သဘောတရားရမည်။

- အတွေးအခေါ် သည် သူတကာ၏ နှလုံးသားတွင် အမြစ်တွယ်မှ အညွန့်အညောက် ပေါက်ကာ အသီးသီး၍ မရေမတွက်နိုင်သော မျိုးစေ့များ ပေါက်ပွားမည်။

- မကောင်းတာ မတွေးလျှင် စိတ်ကြည်လင်၏။
  မကောင်းတာ မပြောလျှင် နှုတ်ကြည်လင်၏။
  မကောင်းတာ မလုပ်လျှင် ကိုယ်သန့်ရှင်း၏။

  ဆွေမျိုးနီးစပ်ကိုပင် အသိအမှတ် မပြုသူသည် ဘယ်တော့မှ မိတ်ဆွေကောင်း မရနိုင်။

  ကိုယ့်ထက်ကိုယ်အောက် လုပ်ဖော်ကိုင်ဖက်ကိုမျှ မယုံကြည်လျှင် နိဂုံးကမ္ပတ် လုံးဝမကောင်းနိုင်။

- ဆရာဝန် စကား မလိုက်နာလျှင် ရောဂါ ပျောက်ခဲ၏။
  ဆရာ့စကား မလိုက်နာလျှင် ပညာရခဲ၏။
  မိဘစကား မလိုက်နာလျှင် ဘဝအောင် မြင်ခဲ၏။

- အကြောင်းနာတရား အစစ်သည် လူလူချင်း ကူညီခြင်းဖြစ်သည်
ချစ်ခြင်းမေတ္တာ အစစ်သည် နှလုံးသားချင်း ပေါင်းစပ်ခြင်းတည်း။

- ကောင်းမြတ်မှုအတွက် အသက်ပေးရခြင်းသည်၊
သေသော်လည်း မြင့်မြတ်၏။
ဆိုးယုတ်မှုအတွက် အသက်ရှင်နေခြင်းသည်၊
ရှင်သော်လည်း ယုတ်ညံ့၏။

- 'မှန်' ကြည့်လင်လျှင် ဒိုးယိုပေါက် မြင်နိုင် ၏။
'စိတ်' ကြည့်လင်လျှင် တရားသဘော သိလွယ်၏။
'လူ' ကြည့်လင်လျှင် ကိုယ်ကျင့်တရား ကောင်းမွန်၏။
'ကိစ္စ' ကြည့်လင်လျှင် အောင်မြင်မှု ရလွယ် ၏။
ကိုယ်မှာ ဆင်သော တန်ဆာ မရှိမှ၊ စိုးရိမ်ကြောင့်ကြစိတ် ကင်းမည်။
စိတ်အတွင်း အကြွေးကင်းမှ အပျော်ရွှင်ဆုံး ဖြစ်မည်။

- ဒဿနဖြင့် အခက်အခဲကို နားလည်နိုင်၏။
သိပ္ပံနည်းဖြင့် အခက်အခဲကို ဖြေရှင်းနိုင်၏။

- အောင်မြင်ခြင်း ဆုံးရှုံးခြင်းကြောင့်၊ စိတ်ကို မထိခိုက်စေနိုင်လျှင်၊
လူတော်လူကောင်း ဖြစ်၏။
စည်းစိမ်ဥစ္စာ ချမ်းသာခြင်းကြောင့်၊ စိတ်ကို မလှုပ်ရှား စေနိုင်လျှင်
သိက္ခာကြီးမြင့်သူ ဖြစ်၏။
သေရေးရှင်ရေး ပြဿနာကြောင့်၊ စိတ်လှုပ်ရှားခြင်း မရှိသူသည်၊
သူတော်စင်ဖြစ်၏။

- ဉာဏ်မရှိသူသည် သောကမဖြစ်။
ဉာဏ်ရှိသူသည် သောကကို ဖြေ၏။
ဉာဏ်တစ်ဝက်ရှိသူသည် သောကပွား၏။

- အမှောင်ထဲမှ ရာဇဝတ်မှု ထွက်၏။
အလင်းရောင်ထဲမှ ကောင်းမှုဝေဖြာ၏။

- ချစ်လျှက်နှင့် ခွဲခွာရခြင်းသည် ပို၍ ချစ်တတ်၏။
အမုန်းနှင့် ခွဲခွာရခြင်းသည် ပို၍ မုန်းတတ်၏။

ကွန်ပြူတာသည် သိပ္ပံ။
လူ့ဦးနှောက်သည် ဒဿန။
ဒဿနသည် သိပ္ပံကို စီမံခန့်ခွဲ၏။
သိပ္ပံသည် လူသားများအတွက် အလုပ်လုပ်၏။
ဒဿနဟူသည် ပညာရပ်အားလုံးတို့၏ အရင်းအမြစ်ကို လေ့လာသော ပညာရပ်ဖြစ်၏။
သိပ္ပံဟူသည် အရာကိစ္စအားလုံးတို့၏ နည်းလမ်းများကို လေ့လာသော ပညာရပ်ဖြစ်၏။

- လူတစ်ဦးချင်း ကျန်းမာဖို့လိုသည်။
  တစ်အိမ်ထောင်ချင်း ပျော်ရွှင်ဖို့လိုသည်။
  တစ်တိုင်းပြည်ချင်း အေးချမ်းတည်ငြိမ်ဖို့ လိုသည်။
  တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးရှိဖို့ လိုသည်။

- စိတ်ကစဉ့်ကလျားမဖြစ်လျှင် အပြုအမူ ဖြောင့်တန်းမည်။
  စိတ်ကို ငြိမ်အောင် ထိန်းသိမ်းနိုင်မလျှင် ခန္ဓာကိုယ်ငြိမ်းချမ်းအေးမည်။

- ရုပ်ဝတ္ထုတပ်မက်မှုကို အနိမ့်ဆုံး သတ်မှတ် ဆင့်ထိ နှိမ့်နိုင်လျှင်၊
  စိတ်ဓာတ်ကျင့်ကြံအားထုတ်မှုကို အဆင့် အမြင့်ဆုံး မြှင့်တင်နိုင်၏။

- သူချမ်းသာသည်ကို အားမကျလျှင် စိတ်အေးငြိမ်းမည်၊
  သူဆင်းရဲသည်ကို အထင်မသေးလျှင် ကိုယ်အေးငြိမ်းမည်။

- ခက်သည်ကို လွယ်အောင်လုပ်နိုင်ခြင်း သည် ဒဿန၏ အလုပ်ဖြစ်၏။
  ရှုပ်သည်ကို ရှင်းအောင် လုပ်နိုင်ခြင်းသည်၊ သိပ္ပံ၏ အလုပ်ဖြစ်၏။

- အမှန်အမှား မခွဲခြားတတ်သူနှင့်၊ မတိုင်ပင်သင့်။
  တရားနည်းလမ်းမကျ ပြုမူသူနှင့်၊ မပေါင်းသင်းသင့်။
  သူတစ်ပါး၏ ကောင်းကွက်ကိုသာ မှတ်လျှင်
  တစ်လောကလုံး မိတ်ဆွေဖြစ်၏။
  သူတစ်ပါး၏ ဆိုးကွက်ကိုသာ မှတ်လျှင် တစ်လောကလုံး ရန်သူဖြစ်၏။

- ဉာဏ်အမြော်အမြင်ကြီးသူသည်၊ နုံအ သူကို နားလည်ခွင့်လွှတ်ရမည်၊
  ကရုဏာတရားကြီးသူသည်၊ လောဘသားများကို

နားလည်ခွင့်လွှတ်ရမည်။
ခွန်အားကောင်း သတ္တိကြီးသူသည် ပျော့ညံ့အားနည်းသူကို သက်ညှာရမည်။

- သူတစ်ပါး၏အကျိုးကို အပိုင်စီးလျှင်၊ အမျိုးတော်သည့်တိုင် အငြိုးကြီးတော့၏။
သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်လျှင် အငြိုးရှိသည့်တိုင် မိတ်ဆွေဖြစ်လာ၏။

- လူမှုဆက်ဆံရေးတွင် တရားနည်းလမ်း တိကျရမည်။
စီးပွားရေးလုပ်ရာတွင် ငွေရေးကြေးရေး တိကျရမည်။

- စေတနာ အရင်းခံဖြင့် စကားပြောလျှင်၊ တရားနည်းလမ်းကျစမြဲ။
စေတနာအရင်းခံဖြင့် အလုပ်လုပ်လျှင်၊ ခွန်အားဗလကြီးစမြဲ။

- အသက်ထင်ရှားရှိစဉ် လူအများအတွက် အကျိုးပြုခဲ့လျှင် ကွယ်လွန်ပြီးနောက် လူအများ၏ ရိုသေကြည်ညိုမှုခံရ၏။

စိတ်ကောင်းစေတနာကို မိမိကိုယ်တိုင်သိဖို့လို၏။ သူတစ်ပါးကို ပြသရန်မလို။

ကောင်းမှုကုသိုလ်ကို သူတစ်ပါးက ချီးကျူးပါစေ။ မိမိကိုယ်တိုင် ဂုဏ်မယူပါနှင့်။

ကြိမ်ဖြင့် ရိုက်လျှင် အသားနာ၏။
စကားဖြင့် ဆဲလျှင် အသည်းနာ၏။
အသားနာသည်ကို ကုသလျှင် ပျောက်၏။
အသည်းနာသည်ကို ကုသ၍ မပျောက်။

ဆင်းရဲသားများကို ကူညီခြင်းသည် ချမ်းသာသူများကို မျက်နှာလိုမျက်နှာရ လုပ်ခြင်းထက် မြတ်၏။

ကိုယ့်သိက္ခာကို ကိုယ်လေးစားခြင်းသည် ဩဇာတိက္ကမ ရှိသူကို အောက်ကျို့ခြင်းထက်မြတ်၏။

သူက ကိုယ့်ကို သံသယရှိလျှင် သူ့ကို မပေါင်းလင့်။
ကိုယ်က သူ့ကို သံသယရှိလျှင် သူ့ကို မသုံးလင့်။
ချို့တဲ့မှု မရှိလျှင် ချမ်းသာသည်မည်၏။

ဦးခေါင်းမညွတ်ရလျှင် မြင့်မြတ်သည်မည်၏။
လူမှုဆက်ဆံရေးတွင် ငွေရေးကြေးရေးရှင်းလင်းရပေမည်၊
ငွေကြေးသုံးစွဲရာတွင် စည်းစနစ်ကျနရပေမည်၊
မြင့်မြတ်ခြင်းနှင့် ယုတ်ညံ့ခြင်းကို ယှဉ်လိုက်လျှင်
ယုတ်ညံ့ခြင်းသည် အလိုလို ပျောက်ကွယ် သွား၏။
မှန်ကန်ခြင်းနှင့် မမှန်ခြင်းကို ယှဉ်လိုက်လျှင်
မမှန်ခြင်းသည် အလိုလို ပျက်သုဉ်း သွား၏။

- လုပ်ရည်ကိုင်ရည်ရှိပြီး ကိုယ်ကျင့် တရား မရှိသူကို၊
အသုံးချ၍ ရသော်လည်း မယုံကြည် ရ။
ကိုယ်ကျင့်တရားရှိပြီး လုပ်ရည်ကိုင် ရည် မရှိသူကို၊
ယုံကြည်ရသော်လည်း အသုံးချ၍ မရ။

- အချိန်သည် လုပ်ငန်းအောင်မြင်မှု ၏ စံနှုန်းဖြစ်၏။
နေရာသည် လုပ်ငန်းလှုပ်ရှားမှု၏ ဇာတ်စင်ဖြစ်၏။

- ကိုယ့်ထက်သာသူထံ ပညာဆည်း ပူးလျှင်
အတွေးအခေါ် ဉာဏ်ပွင့်လင်းမည်။
ကိုယ့်ထက်နိမ့်သူနှင့် အတူလုပ်ကိုင် လျှင်
အခြေခံအုတ်မြစ် ခိုင်မာမည်။

- ဝန်ထမ်းစနစ် မလွတ်လပ်လျှင်၊
အစေအပါးများသာ မွေးထုတ်နိုင်သည်။
စာမေးပွဲစနစ် မလွတ်လပ်လျှင်
လူသိမ်လူဖျင်းများသာ မွေးထုတ်နိုင်သည်။

- သေချာမှုမရှိဘဲ အလုပ်လုပ်လျှင် ဆုံးရှုံးရမည်သာ။
ယုံကြည်ချက် မရှိဘဲ အလုပ်လုပ်လျှင် နောင်တရမည်သာ။

- ဇွဲနပဲမရှိဘဲ အလုပ်လုပ်လျှင် ဖျက်သိမ်းရမည်သာ။
  နည်းစနစ်မရှိဘဲ အလုပ်လုပ်လျှင် နှောင့်နှေးရမည်သာ။

- လူ့ပြဿနာကို ဖြေရှင်းပေးရလျှင်၊
  မေတ္တာတရားကဲပေးမှ အောင်မြင်မည်။
  အလုပ်ကိစ္စကို ဖြေရှင်းပေးရလျှင်၊
  ဆင်ခြင်တုံတရား ကဲပေးမှ အောင်မြင်မည်။

- မေးခွန်းသည် အသိအမြင်၏ နိဒါန်းဖြစ်၏။
  နည်းလမ်းသည် အသိအမြင်၏ နိဂုံးဖြစ်၏။

- အများနှင့်မတူမှ သီးခြားတန်ဖိုးရှိမည်။
  အများနှင့်တူညီမှ အကောင်အထည်ပေါ်မည်။


- အရင်စဉ်းစား နောက်မှ လုပ် အမှားနည်းမည်။
  အရင်လုပ် နောက်မှ စဉ်းစားလျှင် အပိုဖြစ်မည်။

- 'မှု' သည် လုပ်ငန်းလမ်းညွှန်မှု အတွက် အဓိက။
  'နည်းလမ်း' သည် လုပ်ငန်းအောင်မြင်ရေးအတွက် ရေသောက်မြစ်။

- လူတွင် စီမံကိန်း မရှိပါက ယောင်တီးယောင်တောင် နေရမည်။
  အိမ်ထောင်တွင် စီမံကိန်းမရှိပါက ဆင်းဆင်းရဲရဲနေရမည်။
  တိုင်းပြည်တွင် စီမံကိန်း မရှိပါက ဗရုတ်သုတ်ခနေရမည်။

- အဝေးကို ကြည့်နိုင်မှ ကြီးကျယ်ခြင်း သိမည်။
  အသေးစိတ်နိုင်မှ အသေးစိတ်သိမည်။

- အားလုံး လိုအပ်နေသည့် အလုပ်ကိုမှ အဖိုးတန်၏။
  အားလုံး နားဝင်စေမည့် စကားကို ပြောမှယုံကြည်ကြ၏။



လက်သီး 'ကျစ်ကျစ်' ဆုပ်ထား လျှင်၊ လုပ်ငန်းကို အောင်မြင်အောင် မလုပ်နိုင်။
မျက်လုံး 'ကျယ်ကျယ်' ဖွင့်ထားမှ၊ အရာကိစ္စများကို သိမြင်နိုင်၏။

- မကောင်းသော အလုပ်မလုပ်လျှင်
  လူဆိုးကို ကြောက်ဖို့မလို။
  ကောင်းသောအလုပ်ကို လုပ်လျှင်
  လူကောင်းများက နှစ်သက်မည်။

- သုံးသင့်လျက် မသုံးလျှင် ချွေတာ ခြင်းမဟုတ်။
  ချွေတာသင့်လျက်၊ မချွေတာလျှင် ဖြုန်းတီးခြင်းသက်သက်။

- အောင်မြင်မှုအတွက် အင်အားမှာ အခြားသူများကို မှီရ၏။
  ဆုံးရှုံးခြင်း၏ အကြောင်းရင်းမှာ မိမိ ကြောင့်သာ အဖြစ်များ၏။

- တိုးတက်မှုသည် ရှိသေလေးစားမှု ကို ခံယူရတတ်၏။
  အဖြစ်မှန်သည် အခြေခံအုတ်မြစ် ကို ခိုင်ကျည်စေနိုင်၏။

- သံသယဖြစ်ဖွယ်သော သူကို မသုံး နှင့်။
  သံသယဖြစ်ဖွယ်သော စကားကို မယုံနှင့်။
  သံသယဖြစ်ဖွယ်သော အလုပ် မလုပ်နှင့်။
  သံသယဖြစ်ဖွယ်သော အစာမစား နှင့်။
  သံသယဖြစ်ဖွယ်သောခရီး မသွား နှင့်။

- ချိုတုံချတုံ ဖြစ်နေစဉ် မဆုံးဖြတ် နှင့်။
ဆုံးဖြတ်ပြီးလျှင် ချိုတုံချတုံ မဖြစ် နှင့်။

- ယုံကြည်စိတ် မရှိတော့သည်နှင့် လုပ်ငန်းကို ရပ်စဲ။
ရည်မှန်းချက် ချမှတ်ပြီးသည်နှင့် လုပ်ငန်းကို စတင်။

- စွမ်းရည်မရှိလျှင် တာဝန်မယူငံ့။
သူရဲဘောကြောင်လျှင် တာဝန်စွန့် ၏။

- ကြီးမားသော အကျိုးရနိုင်မှုကို မမြင်လွယ်။
သေးငယ်သော အကျိုးရနိုင်မှုကို မြင်လွယ်၏။
သေးငယ်သော အကျိုးကို 'မြင်'၍
ကြီးမားသော အကျိုးက 'ကြဉ်' ၏။

- အရည်အချင်းပြည့်သော အထက်အရာရှိအောက်တွင် လုပ်ရလျှင် ပညာရလွယ်၏။
ကိုယ်ကျင့်တရားကောင်းသော အထက်အရာရှိအောက်တွင် လုပ်ရလျှင် လုံခြုံဘေးကင်း၏။

- တာဝန်ယူစိတ် မရှိလျှင် လုပ်ငန်း အောင်မြင်ရေးအတွက် မဖြစ်နိုင်။
ဦးဆောင်နိုင်စွမ်း မရှိလျှင် လူထုကို ခေါင်းဆောင်မှု မပေးနိုင်။

- စိတ် အထင်အမြင်ဖြင့် ဆုံးဖြတ်လျှင် အမှားအယွင်းဖြစ်လွယ်၏။
ပကတိအတိုင်း အကဲဖြတ်လျှင် အတိမ်းအစောင်းနည်းပါး၏။

- မြန်မြန်လုပ်လျှင် မြန်မြန်အောင်မြင်မည်။
ဖြည်းဖြည်းလုပ်လျှင် ဖြည်းဖြည်းအောင်မြင်မည်။
လုံးဝမလုပ်လျှင် လုံးဝမအောင်မြင်နိုင်။

- စိတ်အာရုံထိခိုက်လွယ်လျှင် မုချဆုံးရှုံးလိမ့်မည်။
ကြောက်ရွံ့စိုးရိမ်စိတ်ကြီးလျှင် ထမြောက်အောင်မြင်ခဲ၏။


- အာရုံထွေပြားလျှင် လုပ်သမျှတိုးတက်ကောင်းမွန်မည်မဟုတ်။
  ဆန္ဒထွေပြားလျှင် အပြုအမူမှန်သမျှ အသက်မပါ။
- မလိုအပ်သော အလုပ်ကိုလုပ်လျှင်၊
  အချိန်ကို ဖြုန်းတီးရာကျ၏။
  မလိုအပ်သော အလုပ်ကိုတွေးလျှင်
  ကိုယ့်ဒုက္ခကိုယ်ရှာရာကျ၏။
- မှန်သောအလုပ်ကို လုပ်ပြီးမှ နောင်တ မရနှင့်။
  မှားသောစကားကို ပြောမိခဲ့လျှင် ပြန်လည်ပြုပြင်။

၁၇၈

တလေးဘဝက ပေါင်းသင်းခဲ့သည်ကို မမေ့လျှင် ရိုးသားစိတ်ဖြစ်၏။
ဆင်းရဲဂုဏ်နိမ့်စဉ်က ပေါင်းသင်းခဲ့သည်ကို မမေ့လျှင် ကြင်နာစိတ်ဖြစ်၏။
ကျင့်ဝတ်တရားအရ ပေါင်းသင်းခဲ့ သည်ကို မမေ့လျှင်သိက္ခာစိတ်ဖြစ်၏။
သံယောဇဉ်သည် တရားနည်းလမ်းကျမှုနှင့် မကင်းကွာသင့်။
တရားနည်းလမ်းကျမှုသည် တရားဥပဒေနှင့် မကင်းကွာသင့်။
တရားဥပဒေသည် ကျိုးကြောင်းဆီလျော်မှုနှင့် မကင်းကွာသင့်။
အနိုင်ကျင့်မှု၏ နိဂုံးသည် တန်ပြန်ခံရမည်။
လိမ်လည်မှု၏ နိဂုံးသည် ပြိုဟ်ဆိုးကြုံရမည်။
ထင်ရာစိုင်းလုပ်လျှင် မုချကျဆုံးမည်။
မသမာလုပ်လျှင် မုချကျဆုံးမည်။
လောဘဇောတိုက်လျှင် မုချကျဆုံးမည်။

လုပ်နိုင်ခြင်း မလုပ်နိုင်ခြင်းသည် အရည်အချင်း ပြဿနာဖြစ်၏။
လုပ်သင့်ခြင်း မလုပ်သင့်ခြင်းသည် ရပ်တည်ချက်ပြဿနာဖြစ်၏။

ရိုးသားဖြူစင်မှုသာလျှင် ရေရှည်စမ်းသပ်မှုကို ခံနိုင်မည်။
တကယ့်အဖြစ်မှန်သာလျှင် ထာဝစဉ်မကျဆုံးဘဲ တည်နိုင်မည်။
ဘာမျှလိုအပ်ခြင်းမရှိလျှင် ဘာမျှစိုးရိမ်စရာ မရှိ။
ဘာမျှရစရာမရှိလျှင် ဘာမျှဆုံးရှုံးစရာ မရှိ။




ကြီးမြတ်သူသည် အသေးအဖွဲကို မကြည့်။
သေးနုပ်သူသည် ကြီးမြတ်ခြင်းကို မမြင်နိုင်။

ကိုယ်ကျင့်တရားသည် အရင်းအမြစ်။
ဘဝအတွေ့အကြုံသည် ပင်စည်။
ပညာစွမ်းရည်သည် အသီးအပွင့်။
ကိုယ့်သမိုင်းကို ကိုယ်တန်ဖိုးထားပြီ ဆိုလျှင်၊
အနာဂတ်အတွက် ကြိုးပမ်းအား ထုတ်ပေတော့မည်။
ကိုယ့်သိက္ခာကို ကိုယ်လေးစားပြီ ဆိုလျှင်၊
ယခုပင် စာရိတ္တဖြောင့်မတ်ပေတော့ မည်။

လူကောင်းဖြစ်ချင်လျှင် ရာသက်ပန် ကြိုးစားရပေမည်၊
လူဆိုးဖြစ်ချင်လျှင် အတွေးတစ်ချက် အတွင်းဖြစ်မည်။

လူကိုချစ်လျှင် လူ၏နွေးထွေးမှုကို ခံယူရရှိမည်၊
မိသားစုကိုချစ်လျှင် မိသားစု၏ နွေးထွေးမှုကို ခံယူရရှိမည်။
တိုင်းပြည်ကိုချစ်လျှင် တိုင်းပြည်၏ နွေးထွေးမှုကို ခံယူရရှိမည်။

သူတစ်ပါး၏ အားပေးမှုကို အားကိုးခြင်းမှာ၊
ခဏာယာယီသဘောသာဖြစ်မည်။
မိမိ၏ ကြိုးပမ်းအားထုတ်မှုကို အားကိုးမှ၊
ထာဝစဉ်သဘောဖြစ်ပေမည်။

သူတစ်ပါးကို ကူညီခြင်းသည်
ပျော်ရွှင်မှု၏ အရင်းအမြစ်ဖြစ်၏။
သူတစ်ပါးကို ထိခိုက်ခြင်းသည်
စိတ်သောက၏ အရင်းအမြစ်ဖြစ်၏။

သူတစ်ပါးကို အကောင်းသာပြော ခွင့်ပြုပြီး မကောင်းပြောခွင့် မပြုပါက
ပြောင်းလဲတိုးတက်ဖို့ ခဲယဉ်း၏။
သူတစ်ပါးထံမှသာ ရယူလိုပြီး ကိုယ်က ပေးကမ်းခြင်းမပြုပါက
ရောင့်ရဲတင်းတိမ်ဖို့ ခဲယဉ်း၏။

ဆင်းရဲကျပ်တည်းချိန်တွင် ဆွေမျိုး လိုက်မတော်စပ်ပါနှင့်၊
သို့မှသာ စိမ်းကားမှုကို ရှောင်နိုင်မည်။
အခက်ကြုံချိန်တွင် အကူအညီကို မတောင်းနှင့်၊
သို့မှသာ အတင်းအပြောမခံရပေ။

မကောင်းမှုမလုပ်လျှင် နှောင်တရ စရာမရှိ။
မကောင်းသူ မပေါင်းလျှင် ဘေး အန္တရာယ်မရှိ။

ကြွေးစာရင်းကို ရှင်းအောင်ဆပ်နိုင်၏။
နှလုံးကြွေးကို ရှင်းအောင်မဆပ်နိုင်။

မမှားမီ မမှားအောင်
ဆင်ခြင်ပါ။
မှားပြီးလျှင်
အမှားကိုပြင်ဆင်ပါ။



စကားသည် များများပြောခြင်းနှင့် မတည်။
နားဝင်ခြင်းသည်သာ တန်ဖိုးရှိ၏။
အလုပ်သည် များများလုပ်ခြင်းနှင့် မတည်၊
အကျိုးသက်ရောက်လျှင် တန်ဖိုးရှိ ၏။

မိမိဆန္ဒရှိသော အလုပ်ကိုလုပ်ရလျှင် မုချတတ်မည်သာ။
မိမိဆန္ဒရှိသော အလုပ်ကိုလုပ်ရလျှင် မုချကောင်းမည်သာ။
သူတစ်ပါးကို များများပြောပါစေ၊
သို့မှသာ ပြဿနာကို နားလည် လွယ်မည်။
မိမိက များများစဉ်းစားပါ၊
သို့မှသာ ပြဿနာကို ဖြေရှင်းနိုင်မည်။
အတွေ့အကြုံသည် နည်းလမ်းကို ပေါ်ပေါက်စေ၏။
နည်းလမ်းသည် အကျိုးဖြစ်ထွန်းမှုကို တိုးတက်စေ၏။

သိက္ခာတရားဖြင့် ဉာဏ်ပညာရှိသောသူများကို ဦးဆောင်နိုင်၏။
ဉာဏ်ပညာဖြင့် အရည်အချင်းမရှိသောသူများကို ဦးဆောင်နိုင်၏။

ချွေတာသင့်သည်ကို ချွေတာလျှင် မဆင်းရဲနိုင်။
သုံးစွဲသင့်သည်ကို သုံးစွဲလျှင် အကျိုးများမည်။

ဝါသနာပါသော အလုပ်ကို လုပ်ရလျှင်
ပင်ပန်းမည်ကို မကြောက်။
အကျိုးကျေးဇူး ရှိသောအလုပ်ကို လုပ်ရလျှင်
ဆင်းရဲမည်ကို မကြောက်။

၁၇၉
နည်းလမ်းကျလျှင် ကြောက်လန့်စရာမလို။
သိက္ခာရှိလျှင် အကူအညီမလို၊
စွမ်းအားရှိလျှင် အားကိုးစရာမလို။

စကားတစ်ခွန်း လိမ်မိလျှင်
ပြောခဲ့သမျှ အမှန်တွေပျက်ပြယ်သွားတော့၏။
တစ်ကြိမ်တစ်ကိုယ်ကောင်းဆန်မိလျှင်
လုပ်ခဲ့သမျှ ကောင်းကျိုးတွေပစ်ပယ်ခံရ၏။

မသမာသောဥစ္စာစနေသည်
ဖြောင့်မတ်သူအတွက် ယုတ်ညံ့၏။
မသမာသော ကိစ္စရပ်သည်
ဖြောင့်မတ်သူအတွက် ရှက်ဖွယ်တည်း။

ကရုဏာတရားသည် သူတစ်ပါးကို နွေးထွေးစေနိုင်၏။
မေတ္တာတရားသည် နှလုံးသားကို နွေးထွေးစေနိုင်၏။
ပညာဗဟုသုတထက် ကိုယ်ကျင့်တရားမြင့်မားလျှင် လူလေးစား၏။
ကိုယ်ကျင့်တရားထက် ပညာဗဟုသုတ မြင့်မားလျှင် လူကြောက်ရွံ့၏။

စိတ်ကောင်းစေတနာသည် မိမိ၏ အပြုအမူကို ရှေ့ဆောင်၏။
စကားကောင်း စကားမွန်သည် သူတစ်ပါး၏ အပြုအမူကို ဦးဆောင်၏။

တစ်သက်လုံး တရားနည်းလမ်းကျသော
စကားတစ်ခွန်းကိုမျှ မပြောခဲ့ဘူးလျှင်
ဤဘဝကို ယောင်တီးယောင်ကန်း ကုန်လွန်စေခဲ့ခြင်းပင်တည်း။

တစ်သက်လုံး တန်ဖိုးရှိသော
အလုပ်တစ်ခုကိုမျှ မလုပ်ခဲ့ဘူးလျှင်
ဤဘဝကို အကျိုးမဲ့ ကုန်လွန်စေခဲ့ခြင်းပင် တည်း။

တစ်သက်လုံး သမာသမတ်ကျသူ
တစ်ယောက်ကိုမျှ မပေါင်းသင်းနိုင်ခဲ့လျှင်
ဤဘဝ အလဟဿရှင်သန်ခဲ့ခြင်းပင် တည်း။

သူက ကိုယ့်ကိုတွက်ကတ်လျှင်
သူက ကိုယ့်ထက်ညံ့၏။

ကိုယ်က သူ့ကို တွက်ကတ်လျှင်
ကိုယ်ကသူ့ထက်ညံ့၏။

ရသင့်သောငွေကို မလိုချင်ခြင်းသည်
မသိသောကြောင့်သာ ဖြစ်၏။
မရသင့်သောငွေကို လိုချင်ခြင်းသည်
မရှက်သောကြောင့်သာဖြစ်၏။

စိတ်ကောင်းစေတနာဖြင့် အပြစ်တင်ခြင်း သည်
အပြစ်ဒဏ်ပေးခြင်းထက် ကောင်းသေး၏။
နူးညံ့သိမ်မွေ့သော စကားဖြင့် နှစ်သိမ့်ခြင်း သည်၊
ကျောက်မျက်ရတနာထက်ကောင်းသေး၏။
စိတ်သဘောကောက်ကျစ်လျှင် ပစ်ပယ်ခံ ရတတ်၏၊
စာရိတ္တပျက်ပြားလျှင် အရှက်ကွဲရတတ်၏။
သူရဲဘောကြောင် ပျော့ညံ့လျှင် အနိုင်ကျင့် ခံရတတ်၏။
ငွေကြေးအမြတ်ရရန် အစွမ်းအစရှိမှုပေါ်တည်၏၊
လူမှုဆက်ဆံရေးတွင် စိတ်စေတနာရှိမှုပေါ်တည်၏။


တရားမျှတမှုရှိလျှင် သူတကာ လေးစား၏။
ကိုယ်ကျင့်သိက္ခာ ကောင်းမွန်လျှင် သူတကာကြည်ညို၏။
အရည်အချင်းပြည့်ဝလျှင် သူတကာရိုသေ၏။

အရသာကောင်းလျှင် ခံတွင်းတွေ့၏။
အဆင်းလှလျှင် အမြင်ကောင်း၏။
စကားနူးညံ့လျှင် နားဝင်ချို၏။
ကျင့်ဝတ်ကောင်းလျှင် ဘဝင်ကျ၏။

တစ်သက်တာ စာနာစိတ်ထားလျှင်
အရာအားလုံးအေးငြိမ်းဘေးကင်းမည်။
ရန်ငြိုးသိုစိတ်တစ်မျှင်တည်းပင်၊
မီးပွားလေးမှ တောမီးလောင်နိုင်၏။

ဆရာဝန်ကောင်းသည် ရောဂါကိုကု၏။
အမတ်ကောင်းသည် တိုင်းပြည်ကိုကု၏။
စကားကောင်းသည် စိတ်ဓာတ်ကိုကု၏။

ကိုယ်ကျင့်တရားကို အရင်းခံထား၊
မေတ္တာတရားကို အခြေခံထားလျှင်၊
မအောင်မြင်သောစကားမရှိနိုင်။
မမှန်သော ပြုမူမှုမရှိနိုင်။
မအောင်မြင်သော အလုပ်မရှိနိုင်။
လူ့ဘဝသည် လှေပေါ်တွင်လမ်းလျှောက်သည်နှင့်တူ၏။
ရှေ့တစ်လှမ်းပိုလျှောက်လျှင် ရေထဲကျမည်။
နောက်တစ်လှမ်းပိုဆုတ်လျှင်လည်း ရေထဲ ကျမည်။
လုံ့လဖြင့် ပျင်းရိခြင်းကို အောင်နိုင်လျှင် ကာယမချည့်နဲ့နိုင်။
ချွေတာမှုဖြင့် ဇိမ်ခံမှုကို ထိန်းနိုင်လျှင် စိတ်သောကမရောက်နိုင်။



သည်းခံခြင်း၏ အစသည် ခါးသီးနာကြည်း၏။
သည်းခံခြင်း၏ အဆုံးသည် သင့်မြတ်ပျော်ရွှင်၏။

ကျင့်ဝတ်သိက္ခာရှိသူတိုင်းသည် တစ်ကိုယ်ကောင်းဆန်စိတ် ကင်း၏။
အကျိုးဆောင်တတ်သူတိုင်းသည် စေတနာထက်သန်တတ်၏။
ကတိတည်သူတိုင်းသည် အမြော်အမြင် ကြီးမား၏။

သားသမီးများက မိဘကိုကြောက်ခြင်းသည်
မေတ္တာတရား မလုံလောက်ခြင်းကြောင့်။
ငယ်သားများက အရာရှိကိုကြောက်ခြင်းသည်
ဩဇာအာဏာလွန်ကဲခြင်းကြောင့်။
သူတော်ကောင်းနှင့် အနေနီးလျှင်၊
ကံဆိုးရာမှ ကံကောင်းလာနိုင်၏။
လူယုတ်မာနှင့် အနေနီးလျှင်၊
ကံကောင်းရာမှ ကံဆိုးသွားနိုင်၏။

သူတစ်ပါးငွေ တစ်ပြားမှ ကြွေးမတင်လျှင် ပျော်ရွှင်၏။
သူတစ်ပါးငွေတစ်ပြားမှ မတပ်မက်လျှင် ဘေးကင်း၏။
သူတစ်ပါးငွေတစ်ပြားမှ မတောင်းရလျှင် ကြည်ရွှင်၏။

သူတစ်ပါး၏ အားသာချက်ကို ထုတ်ဖော်ခြင်းသည်
မိမိ၏ ကောင်းမွန်ချက်ဖြစ်၏။
မိမိ၏ ချို့ယွင်းချက်ကို ဖုံးကွယ်ခြင်းသည်
မိမိ၏ ညံ့ဖျင်းချက်ဖြစ်၏။

မိမိကိုယ်တိုင် မဆိုးလျှင်၊
မည်သူမျှ ဆိုးသည်မပြော။
မိမိကိုယ်တိုင်ကောင်းတာကိုလုပ်လျှင်၊
မည်သူမျှ ဖျက်လိုဖျက်ဆီးမလုပ်နိုင်။

ယုတ်ညံ့သောစကား မပြောနှင့်မနာနှင့်။
ယုတ်ညံ့သောသူကို မပေါင်းနှင့်မသင်းနှင့်။
ယုတ်ညံ့သောအလုပ် မလုပ်နှင့်မကိုင်နှင့်။

နည်းလမ်းမကျသော စကားကိုမပြော။
အကျိုးမရှိသော အလုပ်ကို မလုပ်။
အတွေးအခေါ်မပါသော စာကိုမရေး။

လူချမ်းသာတို့၏ဂုဏ်သည် လှူဒါန်းပေးကမ်းခြင်းတည်း။
ဆင်းရဲသားတို့၏ ဂုဏ်သည် အောက်ကျို့မခံခြင်းတည်း။

အပြန်အလှန် အလျှော့ပေးလျှင် တစ်ပေသည်ပင် ပိုနေသေး၏။
အပြန်အလှန် မာန်တင်းနေလျှင် ကမ္ဘာကြီးသည်ပင် ငယ်နေသေး၏။

၁၈၀

- ညွှန်ကြားရှေ့ဆောင်ရာတွင် နည်းပညာ ကိုအသုံးပြုရ၏။
ဦးဆောင်မှုပေးရာတွင် ကိုယ်ကျင့်တရားက အရေးကြီး၏။

- မူဝါဒသည် ပြဿနာကို ညွှန်ပြဖို့ဖြစ်၏။
နည်းလမ်းသည် ပြဿနာကို ဖြေရှင်းဖို့ ဖြစ်၏။

- မျက်စိသက်သက်ဖြင့် ပြဿနာကို သဘောပေါက်ရုံရှိမည်။
ခြေလက်အားကိုးမှ ပြဿနာကို ဖြေရှင်းပြီးမြောက်နိုင်မည်။

- 'ကြောက်' လျှင်တော့ ဘာကိစ္စမှ မလုပ်ဆောင်နိုင်ပြီ။
'ခက်' လျှင်တော့ ဘာကိစ္စမှ မအောင်မြင်နိုင်ပြီ။

- သက်ရှင်နေထိုင်ရမည့် အကျိုးကြောင့် ပင်ပန်းသည့် အလုပ်ကိုလုပ်ရ၏။
အိမ်ထောင်၏ပျော်ရွှင်မှုအကျိုးကြောင့် ရုန်းကန်ကြိုးပမ်းနိုင်စွမ်းအား ရှိ၏။

- အကြိမ်တစ်ရာ ကောင်းတာလုပ်ခဲ့ တစ်ကြိမ်သာ မကောင်းမှုပြုလုပ်လျှင် လုပ်ခဲ့သမျှ သဲထဲရေသွန်ဖြစ်တော့၏။
အကြိမ်တစ်ရာ ကောင်းတာပြောခဲ့ တစ်ကြိမ်သာ မကောင်းတာပြော လျှင် ပြောခဲ့သမျှ အလဟဿ ဖြစ်တော့၏။

- သူတစ်ပါး၏ သံသယစိတ်ကို ဖြေရှင်းပေးနိုင်မှ ဉာဏ်ပညာရှိသူမည်၏။
သူတစ်ပါး၏ ဆင်းရဲမွဲတေမှုကို ကယ် မနိုင်မှ ကြင်နာစိတ်ကြီးသူမည်၏။
သူတစ်ပါး၏ဘေးအန္တရာယ်ကို ပယ်ရှင်းပေးနိုင်မှ သတ္တိရှိသူမည်ပေ၏။

* မိဘမေတ္တာသည် အကြွင်းမဲ့သဘောဖြစ်၏။
လင်မယားမေတ္တာသည် နှိုင်းရသဘောဖြစ်၏။
သူငယ်ချင်းမေတ္တာသည် အေးငြိမ်းတည်ငြိမ်၏။

* နားဝင်ခါးသော စကားသည် နားဝင်ချိုသော စကားထက် အသိဉာဏ်အတွက် အကျိုးများ၏။
ရင်းနှီးလှသည့် လူယုံကို မရင်းနှီးသည့် သူစိမ်းထက် အကာအကွယ်ပေးရပိုခက်၏။

* လှုညသည် အပ်နှင့်အလား တူ၏။
သူ့စွမ်းရည်သည် အပ်နဖား မျှသာ။
သူ၏ စကားသည် အပ်ဖျား မျှသာ။

* လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ရိုးစင်းရမည်။
လူအများနှင့် အတူနေထိုင်ရာတွင် ချိုသာရမည်။
ရိုးစင်းမှ ရည်ရှည်ခံမည်။
ချိုသာမှ ရွှင်လန်းကြမည်။

* ဉာဏ်ပညာရှိသူက မိုက်မဲသူကိုခွင့်လွှတ် ၏။
ဂရုဏာရှိသူက အပြစ်ရှိသူကို ခွင့်လွှတ် ၏။
သတ္တိရှိသူက သူရဲဘောကြောင်သူကို မစော်ကား။

* မှန်ကန်သည့် စကားကို မနားကြားလိုသူသည် ဖြောင့်မှန်သူ မဟုတ်နိုင်။
ဖြောင့်မှန်သည့်သူကိုလက်မခံနိုင်ခြင်းသည် မှန်ကန်သည့်တရားမဟုတ်။

* သာမန်အခြေအနေမျိုးတွင် ထူးခြားသည့်တာဝန်ကို ပြီးမြောက်ဖြစ်နိုင်ခြင်းသည် ထူးခြားသည့် လူတော်တစ်ယောက်ဟု ခေါ်ရမည်။
ထူးခြားသည့်အခြေအနေမျိုးတွင် သာမန်တာဝန်မျိုးကို ပြီးမြောက်စေနိုင်ခြင်းသည် တည်ကြည်သည့်လူတော်ဟု ခေါ်ရမည်။

- နှလုံးသားဖြင့် အမှားအမှန်ကို သိရှိ၏။
  စကားအားဖြင့် သဘောတရားကို ရှင်းပြ၏။
  ကျင့်သုံးမှုဖြင့် အကျင့်စာရိတ္တကိုပြသ၏။

- စိတ်တိုင်းမကျဖြစ်သည့်အခါ သည်းခံစိတ်ကို အကဲခတ်နိုင်၏။
  စိတ်တိုင်းကျအားရသည့်အခါ စိတ်ထားနှိမ့်ချမှုကို သိနိုင်သည်။

- မသိဘဲလျှက်သိသည် ထင်ခြင်းသည် မသိမှု၏ အဆုံးစွန်တည်း။
  ယုတ်မာသည်ကိုမြတ်သည်ထင်ခြင်းသည် ယုတ်မာမှု၏အဆုံးစွန်တည်း။

- လူကောင်းသည်လူဆိုးများ အလယ်တွင် အနေရခက်၏။
  အမှန်တရားကို လူအများ ချက်ချင်း လက်ခံခဲသည်။

- စိတ်တိုစိတ်ဆတ် သူကို ပေါင်းရသင်းရ ခက်၏။
  ကိုယ့်ကိုကိုယ် လူတော်ထင်သူသည် အောင်မြင်ခဲ၏။

- သူတစ်ပါးမကောင်းမှုမလုပ်အောင် တားနိုင်သူကို စွမ်းရည်ရှိသူဟု သတ်မှတ်နိုင်၏။
  ကိုယ်ကိုတိုင် မကောင်းမှုမလုပ်အောင် ထိန်းနိုင်သူကို ကျင့်ဝတ်ကောင်းသူဟု သတ်မှတ်နိုင်၏။

- အကောက်ကြံမှုကို ရှင်းရှင်းလင်းလင်း သိမြင်လေ လူတွေကို ရွံမုန်းလေ။
  အကောက်ကြံမှုကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်လေ လူအမုန်းခံရလေ။

- ညာဏ်ကြီးရှင်များနှင့် လူနုံလူအများ ပူပင်သောက ကင်းကြ၏။
  တစ်ဝက်သိသူများနှင့် တစ်ဝက်နုံသူများ ပူပင်သောက ပွားကြ၏။

- မင်းသားခေါင်းဆောင်းထားသည့် ဘီလူး၏စိတ်သည်ကြောက်စရာကောင်း၏။
  ဘက်မလိုက်မျက်နှာကြောတင်းသူ၏စကားသည် ကြောက်စရာကောင်း၏။

ကြောက်စရာ စကားကို ဆင်ခြင် ကာကွယ်နိုင်၏။
ကြောက်စရာ စိတ်ထားကို ကာကွယ်ရန် ခက်ခဲ၏။

* ပြဿနာကို ဖြေရှင်းနိုင်ခြင်းသည် အရည်အချင်းရှိသည် မည်၏။
ပြဿနာကို သဘောပေါက်ခြင်းသည် စဉ်းစားဉာဏ်ရှိသည် မည်၏။
ပြဿနာကို ရှင်းပြနိုင်ခြင်းသည် ပညာဉာဏ်ရည်ဝသည် မည်၏။

* စကားပြော မကျွမ်းကျင်သူက စကားကို လုပြီးပြော၏။
စကားပြော ကျွမ်းကျင်သူက စကားကိုစဉ်းစားပြီး ပြော၏။

* ဆိုးသွမ်းသူက စာအုပ်ကောင်းကို ဖတ်၍ မရ။
သူတော်ကောင်းက ဒုစရိုက်ကို လုပ်၍မရ။

* သိုင်းပညာကျွမ်းကျင်သူက အလွယ်တကူ လက်ရုံးအားကိုးပြီး သူတစ်ပါးကို မရိုက်နှက်။
စာပေပညာရှင်က အလွယ်တကူ ကလောင်အားကိုးပြီး သူတစ်ပါးကို မထိုးနှက်။

* ပြည်တန်ဆာသည် ခန္ဓာကိုယ် အောက် တန်း ကျ၏။
လူယုတ်မာသည် ပြောစကား အောက် တန်း ကျ၏။

* အပြစ်မရှိအပြစ်ရှာသူသည် မုချအမြော်အမြင်နည်းသူ ဖြစ်ရမည်။
အခွင့်ထူးခံစားသူသည် မုချလူအများ၏ဝေဖန်ခြင်းကို ခံရမည်။

* လူယုတ်မာ၏ လက်ဆောင်ပစ္စည်းသည် အဆိပ်ပါရှိ၏။
သူတော်ကောင်း၏ ကျိုးကြောင်းစကား သည် အကျိုးပွားစေ၏။

* ခုအေးခုပူ မူမမှန်သည့် ရာသီဥတုသည် စိုးရိမ်စရာကောင်း၏။
ခုပျော်လိုက် ခုဒေါသဖြစ်လိုက် မူမမှန်သည့် လူသည်ကြောက်စရာကောင်း၏။

- ဦးနှောက် အသုံးပြုသူသည် အသက် ကြီးလေ အဆင့်မြင့်လေ ဖြစ်၏။
ခွန်အား အသုံးပြုသူသည် သန်မာ ထွားကျိုင်းလေ ကြေးကြီးလေ ဖြစ်၏။

- စွမ်းရည်ရှိသူကို ဝိုင်းဝန်းလေးစားကြသည်။
ပြဿနာရှိသူကို ဝိုင်းဝန်းမြှောက်ပင့်ကြသည်။

- သိက္ခာမရှိလျှင်လူကုံထံ ဖြစ်သော်လည်း အောက်တန်းကျ၏။
ငွေကြေး ချမ်းသာသော်လည်း မသုံးစွဲရက်လျှင် လူမွဲဖြစ်၏။

- သားသမီးများအပေါ်ပင် တစ်ကိုယ်ကောင်းဆန်သူသည် လောကတွင် တစ်ကိုယ်အဆန်ဆုံးသူတည်း။
ပြည်သူလူအများအတွက် ကိုယ်ကျိုးစွန့်လွှတ်သူသည် လောကတွင် ကိုယ်ကျိုးအစွန့်ဆုံးသူ ဖြစ်၏။

- ပြောပိုင်ခွင့် မရှိသူ၏စကားသည် အား မရှိ။
ရိုးသားမှု မရှိသူ၏စကားသည် မယုံရ။

- ကိုယ့်ကိုကိုယ် တော်လှပြီဟု ထင်သူသည် အသိပညာခေါင်းပါးသည်ကို ပြ၏။
ကိုယ့်ကိုကိုယ် ဂုဏ်တင်ဝင့်ကြွား သူသည် ပေါ့ပျက်ပျက်လူစားဖြစ်သည်ကို ပြ၏။

- ဖြောင့်မတ်ခြင်း၏ အမှတ်လက္ခဏာသည် သစ္စာရှိခြင်း ဖြစ်၏။
သစ္စာရှိခြင်း၏ မူလအခြေခံသည် ဖြောင့်မတ်ခြင်းဖြစ်၏။

- မနာလိုဖြစ်ခံရမှု အရည်အချင်း အစစ်။
အရည်အချင်းရှိလျှင် မနာလို ခံရမှုကို မကြောက်။
မနာလိုတတ်သူကား လူသိမ်လူဖျင်း အစစ်။
လူသိမ်လူဖျင်းက အရည်အချင်းရှိသူကို ကြောက်၏။

၁၈၁

* ဆင်ခြင်ဉာဏ်ဆုံးပါးလျှင် မကောင်းသည်ကိုသာမှတ်ပြီး ကောင်းသည်ကို မမှတ်။
သံယောဇဉ်ရှိလျှင်ကား စိတ်တိုင်းမကျ ဖြစ်သော်လည်း ခွင့်လွှတ်လိုက်သည်သာ။

* ဉာဏ်ပညာကြီးသူ အလိမ်အညာမခံရ။
ကရုဏာကြီးသူ သူတစ်ပါးကိုမစော်ကား။

* အလိမ်တစ်ခါခံရပြီး နောက်ထပ်အလိမ် မခံရသူသည် ဉာဏ်ရှိသူဖြစ်၏။
စာတစ်ကြိမ်ဖတ်ပြီးနောက် ဘယ်တော့မှ စာထပ်မဖတ်သူသည် မိုက်တွင်းနက်သူတည်း။

* မဆင်မခြင် သနားတတ်လျှင် အလိမ်ခံရတတ်၏။
မဆင်မခြင် လွန်ကဲလွန်းလျှင် အထီးကျန်ရတတ်၏။

* မျှော်လင့်ချက်ရှိနေသေးလျှင် လူသည် ရှန်းကန်လိုသေး၏။
မျှော်လင့်ချက်ကုန်ဆုံးလျှင်ကား သေရမည်ကို မကြောက်တော့။

* သူတစ်ပါး၏အချိန်ကို အရေးမကြီးဟု ယူဆခြင်းသည် ကိုယ်ကျင့်သိက္ခာနှင့်မညီသော အတွေးအမြင်တည်း။
သူတစ်ပါး၏ခွန်အားကို တန်ဖိုးမထားအသုံးချခြင်းသည် ကိုယ်ကျင့်သိက္ခာနှင့်မညီသော အပြုအမူတည်း။

* ကောင်းသည်ဆိုးသည် ပြောတတ်သူကို သတိထား။
မရှင်းမရှင်းကိစ္စကို ကြိုတင်ကာကွယ်။

* ဆွေမျိုးကို လုံးဝအားမကိုးမှ လွတ်လပ်သည် ခေါ်နိုင်၏။
ဆွေမျိုးကို အသိအမှတ်ပြုမှ အထီးကျန် မဖြစ်ပေ။

- ချမ်းသာသူသည် အသက်ကိုတန်ဖိုးထား လွန်း၏။
  လောဘကြီးသူသည် အသက်ကိုတန်ဖိုး မထား။
  လောဘကြီးသူသည် ပူပင်သောကပွားရ၏။
  ရောင့်ရဲသူသည် ပူပင်သောကကင်း၍ ပျော်၏။

- ပြင်ပစကားကြောင့် မိမိစိတ်အနှောက်အယှက်ဖြစ်ရလျှင် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်နည်းသောကြောင့်။
  ပြင်ပတွန်းအားကြောင့် မိမိ၏ရပ်တည်ချက်ပျက်ပြားရလျှင် ကိုယ်ပိုင် ဆုံးဖြတ်ချက်မခိုင်သောကြောင့်။

- လူကောင်းမဟုတ်လျှင် ကောင်းသော စကားပြောမထွက်။
  လူမှန်မဟုတ်လျှင် မှန်သောစကားနား မဝင်။

- မိဘကိုမရိုသေသူသည် အထက်အရာရှိကို တကယ်ရိုသေမည်မဟုတ်။
  သားသမီးကို မချစ်သူသည် လက်အောက်ငယ်သားများကို သက်ညှာ စောင့်ရှောက် မည်မဟုတ်။

- ဉာဏ်ပညာရှိပြီး သိက္ခာမဲ့သူသည် လူလိမ် ဖြစ်လိမ့်မည်။
  ဉာဏ်ပညာရှိပြီး ဇွဲကင်းမဲ့သူသည် ကျဆုံး ရလိမ့်မည်။

- ငွေချေးပြီး ပြန်မဆပ်သူသည် အရှက် မရှိသူတည်း။
  ကျေးဇူးကို ပြန်မဆပ်သူသည် တရား ကင်းမဲ့သူတည်း။

- လူသိမ်လူဖျင်းသည် အကျိုးရှိသည် မြင်မှ ဝင်ပူးကပ်၏။
  အကျိုးယုတ်မည်ထင်လျှင် ခွာပြေးတတ် ၏။
  လူတော်လူကောင်းသည် တရားညီ သည်မြင်မှ ဝင်ပူးကပ်၏။
  အကျိုးရှိသည်ဖြစ်လျှင် ဝေမျှယူ၏။

- တရားနည်းလမ်း မကျသူသည် မုချ ကျဆုံးမည်။
  တရားဥပဒေ ဖောက်ဖျက်သူသည် ပြစ် ဒဏ်ခံရမည်။

* ဖော်လံဖားသူကို လူတကာ အထင်မြင် သေး၏။
ဘဝင်မြင့်သူကို လူတကာ ရွံရှာစွန့်ခွာ၏။

* ခံတွင်းအရသာ မတွေ့ခြင်းသည် ခန္ဓာ ကိုယ် ရောဂါကြောင့်၊
စကားအရသာ မတွေ့ခြင်းသည် စိတ္တဇဝေဒနာ အကြောင့်၊
အတွေးအရသာ မတွေ့ခြင်းသည် ဦးနှောက် ဝေဒနာကြောင့်။

* စွမ်းရည်မရှိသူသာ 'ခက်' ဟူသည့်စာလုံး ကို ပြောလေ့ရှိ၏။
ကြိုးပမ်းဆောင်ရွက်သူကား 'လွယ်' ကို သာ နေရာတကာ ပြောတတ်၏။

* သံယောဇဉ်ဖြစ်လာပြီ ဆိုရင် ခွဲခွာရန် ခက်၏။
ငြိုးသူရန်ဘက်ဖြစ်ပြီ ဆိုရင် ပေါင်းစည်း ဖို့ခက်၏။

* ပြောသင့်ပါလျက်မပြောခြင်းသည် စကားပြော မကျွမ်းကျင်သောကြောင့်။
မပြောသင့်ပါလျက် ပြောခြင်းသည် လူမှုရေး မကျွမ်းကျင်သောကြောင့်၊

* မသိဘဲလျက် ပြောခြင်းသည် နုံချာသူ။
သိပါလျက် မပြောခြင်းသည် ကြံစည်သူ။

* ကျိုးကြောင်းရှင်းပြနိုင်သူသည် သဘော တရားဆရာ ဖြစ်၏၊
ပြဿနာကို ဖြေရှင်းနိုင်သူသည် လက် တွေ့သမား ဖြစ်၏။

* အကျိုးကျေးဇူးကြောင့် မဟုတ်ဘဲ 'လုပ်' သူသည် လူတော်။
သံယောဇဉ်ကြောင့် မဟုတ်ဘဲ 'လုပ်' သူသည် သူတော်စင်။

* နောက်ကွယ်ကျမှ ပြောဆိုသူ လူယုတ်။
နောက်ကွယ်ကျမှ နားထောင်သူ တုံး။

* သတ္တိရှိသူကို ခြိမ်းခြောက်၍ မရ၊
စဉ်းစားတတ်သူကို လိမ်ညာ၍ မရ၊

- စွမ်းရည်ရှိသူ ဖော်လံမဖား။
  ပညာကြီးသူ ကိုယ်ရည်မသွေး။

- လုံးဝအသုံးမကျသူက သူမှာအစွမ်းအစ မရှိပြောမှာကို ကြောက်၏။
  ငွေအမြောက်အမြားရှိသူက သူ့မှာ ငွေကြေးရှိကြောင်း ပြောမှာကို ကြောက်၏။

- မိုက်မဲသူနှင့်မိုက်မဲသူတို့ ရန်ပြုအားပြိုင် ကြ၏။
  ဉာဏ်ကြီးသူနှင့်ဉာဏ်ရှိသူတို့ ဉာဏ်ရည် ချင်းယှဉ်ကြ၏။

- ကိုယ့်ကိုကိုယ်သာ အလေးထားသူကို တစ်ကိုယ်ကောင်းစိတ်ရှိသူမည်၏။
  အခြားသူကို အလေးထားသူသည် စေတနာကောင်း ရှိသူမည်၏။

- ပြဿနာကိုမဖြေရှင်းနိုင်သော စကား သည် အလကားစကား။
  ပြဿနာကိုမဖြေရှင်းနိုင်သော လုပ်ရပ် သည် အလကားအလုပ်။

- အသုံးမကျသူသည် ခက်ခဲသည်ဟု အကြောင်းပြ၏။
  သတ္တိမရှိသူသည် အန္တရာယ်ကို အကြောင်းပြ၏။

- အရာရှိဆိုးသည် အာဏာစက်ကိုသာ ကြောက်၏။
  လူဆိုးလူမိုက်သည် အသားနာမှာကို ကြောက်၏။

- လူတိုင်းကိုလိုက်လိုက်လဲ့လဲ့ ကူညီလျှင် မိတ်ဆွေကောင်း များမည်။
  သူတစ်ပါးမလုပ်နိုင်သည်ကို လုပ်သူသည် ရောင်းရင်းကောင်း များမည်။

- အနစ်နာခံသူသည် လူတော်လူကောင်း။
  အချောင်ရလိုသူသည် လူဖျင်းလူညံ့။

- အခက်အခဲကြုံရချိန်တွင် ပညာရှိများ ပေါ်ထွန်းလာတတ်၏။
  အန္တရာယ်အများဆုံး ကြုံရချိန်တွင် ကရုဏာရှင်များ ပေါ်ထွန်း၏။
  အန္တရာယ်ကြီးမားနေချိန်တွင် သတ္တိရှင် ပေါ်ထွန်းတတ်၏။

- စေ့စေ့စပ်စပ်တွေးတတ်လျှင် ပြဿနာကို သဘောပေါက်နားလည်မည်။ ကြိုးကြိုးစားစားလုပ်တတ်လျှင် ပြဿနာကိုပြေလည်အောင် ရှင်းနိုင်မည်။

- အတွေးကို မစုစည်းနိုင်လျှင် လုပ်ဆောင်မှုအကျိုးမထင်နိုင်။ အင်အားကို မစုစည်းနိုင်လျှင် အကျိုးသက်ရောက်မှုမပေါ်လွင်။

- လူယုတ်မာကို ကြောက်နေလျှင် သူက အနိုင်ကျင့်လိမ့်မည်။ လူယုတ်မာကို မကြောက်မှ သူကသင့်ကို ကြောက်လိမ့်မည်။

- ရာထူးနိမ့်ကျနေသေးလျှင် တတ်ရန် အခွင့်အရေး ပေါ်လိမ့်မည်. အတွေးအခေါ် အောက်ကျလျှင် ဘယ်တော့မှ အထက်မတတ်နိုင်ပြီ။

- ကျင့်ဝတ်သိက္ခာသည် သဏ္ဌာန်မဲ့ ခွန်အား ဖြစ်၏။ ဩဇာအာဏာသည် သဏ္ဌာန်ရှိ ခွန်အား ဖြစ်၏။ သဏ္ဌာန်မဲ့ ခွန်အားသည် လူနှလုံးသား တွင်းသို့ စိမ့်ဝင်နိုင်၏။ သဏ္ဌာန်ရှိခွန်အားမှုကား အပေါ်ယံသာ အကျိုးသက်ရောက်၏။

- ကုန်သည်၏ အရင်းအနှီးသည် ငွေကြေး များ ဖြစ်၏။ အချစ်၏ အရင်းအနှီးသည် ရိုးဖြောင့်မှု ဖြစ်၏။ တော်လှန်ရေး၏ အရင်းအနှီးသည် အသက်ဖြစ်၏။

- မိသားစုကိုချစ်သည့်စိတ်ဓာတ်မျိုးဖြင့် တိုင်းပြည်ကိုချစ်လျှင် တိုင်းပြည် အင်အား တောင့်တင်းမည်။ တိုင်းပြည်ချစ်သည့်စိတ်ဓာတ်မျိုးဖြင့် လောကကြီးကို ချစ်လျှင် တစ်လောကလုံး ငြိမ်းချမ်းမည်။

- မျက်နှာထားဆိုးဝါးသူကို အများမြင်သာ၏။ စိတ်ထားဆိုးသူကိုကား ထင်ရှားမသိနိုင်။

- ခန္ဓာကိုယ်ကစွန့်ထုတ်လိုက်သည့်ပစ္စည်းများ မညစ်ပတ်သည်ဟူ၍မရှိ။ စိတ်ကောင်းစေတနာမှ ထွက်လာသည့်စကားမမွန်မြတ်သည်ဟူမရှိ။

- အသစ်အဟောင်းကို ကောင်းသည်မကောင်းသည် ခွဲရခက်၏။ အသုံးဝင်လျှင် ကောင်းသည်ပင်။
  ကောင်းသည်မကောင်းသည်ကို ဘောင်ခတ်ကန့်သတ်ရခက်၏။ အသုံးပြုနိုင်လျှင် ကောင်း၏။

- အပြန်အလှန်ကူညီခြင်းသည် လူသားမျိုးနွယ်၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်အတွက် နိယာမတည်း။
  ရွေ့လျားလှုပ်ရှားမှုသည် လောကရှိအရာဝတ္ထုအားလုံးတို့၏ ရှင်သန်ရေးအတွက် နိယာမတည်း။

၁၈၂

- ■ စိတ်ဝင်စားမှုမရှိဘဲ ပညာသင်ယူလျှင်၊ မသင်သည်ကမှ ကောင်းဦးမည်။ နည်းလမ်းမသိ၊ မတတ်ဘဲ အလုပ် လုပ်လျှင်၊ မလုပ်သည်ကမှ ကောင်းဦးမည်။
- ■ လူ့ဘဝသည်ကျိုးကြောင်းတရားပေါ်တည်၏။ ကျိုးကြောင်းတရား သည် ပြောဆိုပြုမူပုံပေါ်တည်၏။
- ■ ဥစ္စာကို တစ်ဦးတည်း ရလိုက်ပါ၊ လူကုံထံဖြစ်မည်။
- ■ မှန်သည် ဖုံမကပ်မှ ကြည်ကြည်လင်လင်မြင်နိုင်မည်။ စိတ်သည် ဘက်မလိုက် မှ မှန်မှန်ကန်ကန်တွေးနိုင်မည်။
- ■ ပညာကိုတတ်အောင်သင်ခဲ့ပါလျက် လက်ဆင့်ကမ်းမပေးခဲ့လျှင် အချည်း အနှီး သင်ယူခဲ့ခြင်းဖြစ်၏။ ဥစ္စာကိုရအောင်ရှာခဲ့ပါလျက် အလှူဒါနမပြုလျှင် အချည်းအနှီးရှာယူခဲ့ခြင်းဖြစ်၏။
- ■ ပညာသင်သင့်လျက် မသင်လျှင် နောင်ရေးခက်ခဲမည်။ အလုပ်ရှိလျက် မလုပ်လျှင် ယိုယွင်းပျက်စီးမည်။
- ■ ဗဟုသုတသည် မြင်ကြားမှုတို့မှဝင်လာသော အသိဖြစ်၏။ သဘောတရားသည် တွေးခေါ်မှုမှထွက်လာသောအသိ ဖြစ်၏။
- ■ စကားပြောရာတွင် တိုတိုရှင်းရှင်းဖြစ်ရမည်။ သင်ကြားပေးရာတွင် အသေးစိတ် ရှင်းလင်းရမည်။ အလုပ်လုပ်ရာတွင် ဉာဏ်ကောင်း

ထက်မြက်ရမည်။ အယူအဆတွင် အမြော်အမြင်ရှိရမည်။

- လူ့အကြောင်းလေ့လာချင်လျှင် မိမိ ကိုယ်ကိုအရင်သိပါ။ ပညာကို လေ့လာ ချင်လျှင် မိမိစိတ်ကို အရင်သိပါ။
- စာနာစိတ်သာရှိပြီဆိုလျှင် မချစ်ခင်အပ်သောသူ မရှိတော့။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ရှိလျှင် မအောင်မြင်နိုင်သော ကိစ္စမရှိ။
- အကြောင်းအကျိုး မဆက်စပ်တတ်သူနှင့်မပတ်သက် မဆက်စပ်ခြင်းက ကောင်း၏။ မိတ်ဆွေမဖြစ်တတ်သူနှင့်မိတ်ဆွေမဖြစ်ခြင်းက ကောင်း၏။
- ပစ္စည်းနှင့်ပစ္စည်းဖလှယ်ရာတွင် လိုအပ်မှုသည် တန်ဖိုးဖြစ်၏။ လူနှင့် လူချင်းဆက်ဆံရာတွင် မေတ္တာသည်သာ တန်ဖိုး ဖြစ်၏။
- မသိသေးသည့်နေရာမှစတင်ပြီး အသစ်သိရှိမှုကိုရှာ၊ သိပြီးသည့် နေရာမှစတင်ပြီး ခံစားသိရှိမှုကိုရှာ။
- တရားနည်းလမ်းကျ၊ မကျ ဆွေးနွေးသောအခါ စိတ်လိုက်မာန်ပါ ပြော၍မရ။ လူပုဂ္ဂိုလ်အကြောင်းကို ဆွေးနွေးသောအခါ အာဃာတထား ပြော၍မရ။
- သွေးလေပွင့်မှ သက်ရှည်ကျန်းမာမည်။ လူချင်းခင်မှ တရားမင်ကြမည်။ ပညာမြောက်မှ နိုးကြားစိတ်ပေါက်မည်။
- စာကို ကြေညက်နေပါမှ တကယ် ပညာရသည်မည်၏။ လူထုအထိမ်း အမှတ်ပြုလောက်မှ တကယ်ထမြောက် အောင်မြင်မှုဖြစ်၏။
- အချိန်ကို ခြိုးခြံလေ၊ ထမြောက် အောင်မြင်မှု မြင့်မားလေ။ တွေးဆမှု စေ့ စပ်လေ၊ သဘောတရားကို ပိုပိုင်နိုင်လေ။
- ပြဿနာများကို ဖြေရှင်းပေးနိုင်မှ တကယ်အသုံးကျသည့် ပညာဖြစ်၏။ မေးခွန်းများကို ဖြေကြားပေးနိုင်မှ တကယ့် အစစ်အမှန်ပညာဖြစ်၏။
- အဓိပ္ပာယ်မရှိသောညှော်ခံပွဲကို ရှောင်လိုက်ခြင်းဖြင့် စာဖတ်ချိန် တစ်ချိန်တိုး၏။ စာဖတ်ချိန်တစ်ချိန်တိုးလာခြင်းဖြင့် အဓိပ္ပာယ်မရှိသော စိတ်ဆင်းရဲရမှုကို ရှောင်နိုင်တော့၏။

အိမ်ထောင်တွင်းမှာ ကြိုးစားလျှင် အိမ်ထောင်စု ကြီးပွားမည်။ အလုပ်ထဲမှာကြိုးစားလျှင် လုပ်ငန်းဌာနအောင်မြင်မည်။ ပညာရှာရာမှာ ကြိုးစားလျှင် ပညာပေါက်မြောက်မည်။

အရေး၊ အသား အသက်ဝင်ခြင်းမှာ အဖြစ်မှန်ပေါ်တွင်အခြေခံသောကြောင့်။ ဆောင်းပါးရေးသားပုံ ပြေပြစ်ခြင်းမှာ ဉာဏ်စွမ်းဉာဏ်စကို အခြေခံသောကြောင့်။

အတွေးအခေါ် ရိုးစင်းလေ၊ အတွေးကျယ်ပြန့်လေလေ။ အရေး၊ အသား တို့ ရှင်းလေ၊ အင်အားကြီးမားလေလေ။

အသိအမြင်တိုးရန် မျက်စိဖြင့်ကြည့် ရသည်။ ဉာဏ်ပညာပွင့်လင်းရန် စိတ်ဖြင့် တွေးရသည်။

ပညာရေးအဆင့်အတန်းသည် ခရီး မှတ်တိုင်နှင့် တူ၏။ ပညာတတ် မြောက် ခြင်းသည် ရတနာသိုက်နှင့်တူ၏။

ရာထူးမြင့်မားလေ၊ လွတ်လပ်မှုလျော့ပါးလေလေ။ ပညာရည် မြင့်မား လေ၊ သိမြင်မှု ရှင်းလင်းလေလေ။

တရားများများတွေးလေ၊ ဉာဏ်ပညာ မြင့်မားလေလေ။ စာအုပ်များများ ဖတ်လေ၊ ပညာများများတိုးလေလေ။

ဆရာကိုပင် မချစ်ခင်လျှင် မရိုသေရာကျ၏။ သင်သာပေးပြီး မကြပ်မတ် လျှင် အရိုအသေတန်စေ၏။

မိမိရေးသောစာကို လူပေါင်း ထောင်သောင်းဖတ်ကြသည်။ ထို့ကြောင့် ဆင်ခြင်ချင့်ချိန်ရေးသင့်၏။ မိမိပြောသော စကားကို လူပေါင်း ဆယ်၊ ရာ ကြားကြသည်။ ထို့ကြောင့် ဆင်ခြင်ချင့်ချိန်ပြောသင့်၏။

ကိုယ်ကျင့်တရားဆိုသည်မှာ စိတ်ကို ပြုစုပျိုးထောင်ရန်ဖြစ်၏။ ပညာ ဆိုသည်မှာ ကိုယ်ကျင့်တရားကို ပြုစုပျိုးထောင်ရန် ဖြစ်၏။

အင်အားကို အသုံးပြုလျှင် ညီမျှမှ ရရှည်ခံနိုင်မည်။ ဉာဏ်အားကို အသုံး ပြုလျှင် တည်ငြိမ်မှ အတွေးရှင်းနိုင်မည်။

ရည်ရွယ်ချက်မဖြူစင်လျှင် နိဂုံး ကမ္ဗတ် မကောင်းနိုင်။ အာရုံစူးစိုက်မှု မရှိလျှင် အောင်မြင်မှု လုံးဝမရနိုင်။

ပါးနပ်သူသည် အချိန်ကို အသုံးချ တတ်၏။ မိုက်မဲသူသည် အချိန်ကို ဖြုန်း တီးပစ်၏။

ပညာကို စာအုပ်များမှ ရယူနိုင်ပါ၏။ အတွေးအခေါ်မူ ပါရမီရှိမှ ရနိုင်၏။

စာများများဖတ်လျှင် ပညာရမည်။ အလုပ်များများလုပ်လျှင် နည်းလမ်းရ မည်။

ပညာသင်ယူရာတွင် စွဲမြဲမှုရှိရမည်။ စီမံခန့်ခွဲရာတွင် ပိုင်းဖြတ်မှုရှိရမည်။ ပေါင်းသင်းဆက်ဆံရေးတွင် စိတ်ရင်း စေတနာ မှန်ရမည်။

ဉာဏ်ပညာဗဟုသုတ ရှင်လန်းလျှင် မဆင်းရဲနိုင်။ ကိုယ်ကျင့် သိက္ခာ

တရားမြင့်မားလျှင် မဆင်းရဲနိုင်။ အားကြိုးမာန်တက် ဝီရိယရှိလျှင် မဆင်းရဲနိုင်။

ကျောင်းဆရာ၏ပညာသည် စာသင်ခန်းထဲတွင်ရှိ၏။ စာပေသမား၏ပညာသည် စာပေထဲတွင်သာရှိ၏။

စည်းစိမ်ချမ်းသာသည် ဘဝနေထိုင်မှုကိုသာ ပြောင်းလဲနိုင်၏။ ဉာဏ်ပညာမူကား အတွေးအခေါ်ကိုမှန်အောင် ပြောင်းလဲနိုင်၏။

စွမ်းအင်ကောင်းလျှင် ပြိုလဲမည်မဟုတ်။ ပညာတော်လျှင် ခက်ခဲမှုကိုမဖြုံ။ ဆန္ဒမှန်လျှင် ဖြိမ်းခြောက်မှုကို မကြောက်။

ဖျော်ဖြေရေးစာပေကို မြန်မြန်ဖတ်။ သဘောတရားစာပေကို ဖြည်းဖြည်းဖတ်။

လူကောင်းသူကောင်းသည် မကောင်းသောစာပေကိုမဖတ်။ လူဆိုး၊ လူယုတ်သည်ကောင်းမြတ်သော အလုပ်ကိုမလုပ်။

တစ်ဦးမေတ္တာတစ်ဦးမှာ ကြာလေ ကောင်းလေဖြစ်၏။ တွေးခေါ်ယူဆမှုတွင် သစ်လွင်လေ ကောင်းလေဖြစ်၏။

ဦးနှောက်သုံးရသည်ကို မကြောက်လင့်။ ဦးနှောက်ခြောက်ရမည်ကိုသာကြောက်။ ငွေသုံးတတ်သည်ကို မကြောက်လင့်။ ငွေဖြုန်းတီးတတ်သည်ကိုသာကြောက်။

မှတ်ဉာဏ်သည် တိုးတက်မှု၏တွန်းအားဖြစ်၏။ မှတ်တမ်းသည် ဗဟုသုတစုဆောင်းခြင်းတည်း။

လှူပ်ရှားရသည့် ခွင်ကြီးလေလေ၊ လုပ်ငန်းကျယ်ပြန့်လေလေဖြစ်၏။ စာဖတ်သည့်ပမာဏကျယ်ပြန့်လေလေ၊ အတွေးအမြင် ရှင်းလင်းလေလေဖြစ်၏။

မိမိပြောလိုသော စကားကိုပြောရလျှင် စိတ်ဓာတ်ပျော်ရွှင်၏။ မိမိရေးလိုသော စာကိုရေးရလျှင် အာရုံမြူးကြွ၏။ မိမိလုပ်လိုသော အလုပ်ကို လုပ်ရလျှင် ကိုယ်ခန္ဓာပေ့ါပါး၏။

အပေါ်ယံအနှစ်မရှိသော စာကို မရေးနှင့်။ အပေါ်ယံမနှစ်မရှိသော စကားမပြောနှင့်။ အပေါ်ယံအနှစ်မရှိသော အလုပ်မလုပ်နှင့်။ အပေါ်ယံအနှစ်မရှိ သောလူကို မပေါင်းနှင့်။

ပြင်ဆင်မှုမရှိသော သင်ခန်းစာကို မသင်ကြားနှင့်။ အဓိပ္ပာယ်မလေးနက်သော စကားကို မပြောကြားနှင့်။

■ ရေခန်းခြောက်သွားလျှင် ငါးများ သေမည်။ အမြစ်ညှိုးခြောက်လျှင် အပင် သေမည်။ ညာဏ်မွဲခြောက်လျှင် စိတ်ဓာတ်သေမည်။
■ နှုတ်နှင့်ကလောင်သည် အတွေးအခေါ်ကို ဖြန့်စေရန်ဖြစ်၏။ ခြေနှင့်လက်တို့သည် စားဝတ်နေရေးကို ဖြေရှင်းရန်ဖြစ်၏။
■ ပညာကို တတ်သိမှုများတွင် မြင်နိုင်၏။ သိက္ခာကို ပြုမူမှုများတွင် မြင်နိုင်၏။
■ ခန္ဓာကိုယ်တင်းတောင့်သွားပြီဆိုလျှင် လူသေအလောင်းကောင်ခေါ်၏၊ အတွေးအခေါ်အယူသီးပြီဆိုလျှင် မတ်တပ်အလောင်းကောင်ခေါ်၏၊
■ ညက်ညက်ဝါးစားလျှင် အရသာတွေ့မည်။ စေ့စေ့တွေးလျှင် သဘောတရားရမည်။
■ အတွေးအခေါ်သည် သူတကာ၏နှလုံးသားတွင် အမြစ်တွယ်မှ အညွန့်အညောက်ပေါက်ကာ အသီးသီး၍ မရေမတွက်နိုင်သော မျိုးစေ့များ ပေါက်ဖွားမည်။
■ မကောင်းတာ မတွေးလျှင် စိတ်ကြည်လင်၏။ မကောင်းတာမပြောလျှင် နှုတ် ကြည်ရွှင်၏။ မကောင်းတာမလုပ်လျှင် ကိုယ်သန့်ရှင်း၏။
■ ဆွေမျိုးနီးစပ်ကိုပင် အသိအမှတ်မပြုသူသည် ဘယ်တော့မှ မိတ်ဆွေကောင်း မရနိုင်။ ကိုယ့်အထက်၊ ကိုယ့်အောက် လုပ်ဖော်ကိုင်ဖက်ကိုမှ မယုံကြည်လျှင် နိဂုံး ကမ္ဘာလုံးဝမကောင်းနိုင်။
■ ဆရာဝန်စကားမလိုက်နာလျှင် ရောဂါပျောက်ခဲ၏။ ဆရာ့စကား မလိုက်နာလျှင် ပညာရခဲ၏။ မိမိစကား မလိုက်နာလျှင် ဘဝအောင်မြင်ခဲ၏။
■ အကြင်နာတရားအစစ်သည် လူလူချင်း ကူညီခြင်းဖြစ်၏။ ချစ်ခြင်းမေတ္တာအစစ်သည် နှလုံးသားချင်း ပေါင်းစပ်ခြင်း တည်း။
■ ကောင်းမြတ်မှုအတွက် အသက်ပေးရခြင်းသည် သေသော်လည်း မြင့်မြတ်၏။ ဆိုးယုတ်မှုအတွက် အသက်ရှင်နေခြင်းသည် ရှင်သော်လည်း ယုတ်ညံ့၏။
■ မှန်ကြည်လင်လျှင် ဒိုးယိုပေါက် မြင်နိုင်၏။ စိတ်ကြည်လင်လျှင် တရားသဘော သိလွယ်၏။ လူကြည်လင်လျှင် ကိုယ်ကျင့်တရားကောင်းမွန်၏၊ ကိစ္စ ကြည်လင်လျှင် အောင်မြင်မှု ရလွယ်၏။
■ ဒဿနဟူသည် ပညာရပ်အားလုံးတို့၏အရင်းအမြစ်ကို လေ့လာသော

ပညာ ရပ်ဖြစ်၏။ သိပ္ပံဟူသည် အရာအားလုံး တို့ ၏ နည်းလမ်းများကို လေ့လာသော ပညာရပ်ဖြစ်၏။

■ လူတစ်ဦးချင်း ကျန်းမာဖို့လိုသည်။ တစ်အိမ်ထောင်ချင်း ပျော်ရွှင်ဖို့ လိုသည်။ တစ်တိုင်းပြည်ချင်း အေးချမ်းတည်ငြိမ်ဖို့ လိုသည်။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးရရှိဖို့ လိုသည်။

■ စိတ်ကစင့်ကလျားမဖြစ်လျှင် အပြုအမူဖြောင့်တန်းမည်။ စိတ်ကို ငြိမ်အောင် ထိန်းသိမ်းနိုင်လျှင် ခန္ဓာကိုယ်ငြိမ်းအေးမည်။

■ ရုပ်ဝတ္ထုတပ်မက်မှုကို အနိမ့်ဆုံး သတ် မှတ်အဆင့်အထိ နှိမ့်နိုင်လျှင် စိတ်ဓာတ် ကျင့်ကြံအားထုတ်မှုကို အဆင့်အမြင့်ဆုံး မြှင့်တင်နိုင်၏။

■ သူချမ်းသာသည်ကို အားမကျလျှင် စိတ်အေးငြိမ်းမည်။ သူဆင်းရဲသည်ကို အထင်မသေးလျှင် ကိုယ်အေးငြိမ်းမည်။

■ ခတ်သည်ကို လွယ်အောင် လုပ်နိုင် ခြင်းသည် ဒဿန၏ အလုပ်ဖြစ်၏။ ရှုပ်သည်ကို ရှင်းအောင် လုပ်နိုင်ခြင်းသည် သိပ္ပံ၏ အလုပ်ဖြစ်၏။

■ အမှန်၊ အမှား မခွဲခြားတတ်သူနှင့် မတိုင်ပင်သင့်။ တရားနည်းလမ်းမကျ ပြုမူသူနှင့် မပေါင်းသင်းသင့်။

■ သူတစ်ပါး၏ကောင်းကွက်ကိုသာမှတ်လျှင် တစ်လောကလုံး မိတ်ဆွေဖြစ် ၏။ သူတစ်ပါး၏ ဆိုးကွက်ကိုသာ မှတ်လျှင် တစ်လောကလုံး ရန်သူဖြစ်၏။

■ ဉာဏ်အမြော်အမြင်ကြီးသူသည် နုံအ သူကို နားလည်ခွင့်လွှတ်ရမည်။ ကရုဏာတရားကြီးသူသည် လောဘသားများကို နားလည်ခွင့်လွှတ်ရမည်။ ခွန်အားကောင်း သတ္တိကြီးသူသည် ပျော့ညံ့အားနည်းသူ ကို သက်ညှာရမည်။

၁၈၃

■ သူတစ်ပါး၏ အကျိုးကို အပိုင်စီးလျှင် အမျိုးတော်သည့်တိုင် အငြိုးကြီး တော့၏။ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်လျှင် အငြိုးရှိသည့်တိုင် မိတ်ဆွေဖြစ်လာ၏။

■ စေတနာအရင်းခံဖြင့် စကားပြောလျှင် တရားနည်းလမ်းကျစမြဲ၊ စေတနာအရင်းခံ ဖြင့် အလုပ်လုပ်လျှင် ခွန်အားဗလကြီးစမြဲ။

■ အသက်ထင်ရှားရှိစဉ် လူများအတွက် အကျိုးပြုခဲ့လျှင် ကွယ်လွန်ပြီးနောက် လူအများ၏ ရိုသေကြည်ညိုခြင်းခံရ၏။





လူမှုဆက်ဆံရေးတွင် တရားနည်းလမ်းတကျရမည်။ စီးပွားရေးလုပ်ရာတွင် ငွေရေးကြေးရေး တိကျရမည်။

- စိတ်ကောင်းစေတနာကို မိမိကိုယ် တိုင် သိဖို့လို၏။ သူတစ်ပါးကို ပြသရန်မလို။ ကောင်းမှုကုသိုလ်ကို သူတစ်ပါးက ချီးကျူးပါစေ။ မိမိကိုယ်တိုင် ဂုဏ်မယူပါနှင့်။
- ဆင်းရဲသားများကိုကူညီခြင်းသည် ချမ်းသာသူများကို မျက်နှာလို မျက်နှာရလုပ်ခြင်းထက်မြတ်၏။ ကိုယ့်သိက္ခာကို ကိုယ်လေးစားခြင်းသည် ဩဇာတိက္ကမ ရှိသူကို အောက်ကျို့ခြင်းထက်မြတ်၏။
- သူက ကိုယ့်ကို သံသယရှိလျှင် သူ့ကို မပေါင်းလင့်။ ကိုယ်က သူ့ကို သံသယ ရှိလျှင် သူ့ကို မသုံးလင့်။
- ချို့တဲ့မှုမရှိလျှင် ချမ်းသာသည်မည်၏။ ဦးခေါင်းမညွတ်ရလျှင် မြင့်မြတ်သည်မည်၏။
- လူမှုဆက်ဆံရေးတွင် ငွေရေးကြေးရေး ရှင်းလင်းရပေမည်။ ငွေကြေးသုံးစွဲရာတွင် စည်းစနစ်ကျနရပေမည်။
- မြင့်မြတ်ခြင်းနှင့် ယုတ်ညံ့ခြင်းကို ယှဉ်လိုက်လျှင် ယုတ်ညံ့ခြင်းသည် အလိုလို ပျောက်ကွယ်သွား၏။ မှန်ကန်ခြင်းနှင့် မမှန် ကန်ခြင်းကို ယှဉ်လိုက်လျှင် မမှန်ကန်ခြင်းသည် အလိုလို ပျက်သုဉ်းသွား၏။

- နည်းလမ်းကျလျှင် ကြောက်လန့်စရာမလို၊ သိက္ခာရှိလျှင် အကူအညီမလို၊ စွမ်းအားရှိလျှင် အားကိုးစရာမလို။
- စကားတစ်ခွန်းလိမ်မိလျှင် ပြောခဲ့သမျှ အမှန်တွေ ပျက်ပြယ်သွားတော့၏။ တစ် ကြိမ်တစ်ကိုယ်ကောင်းဆန်မိလျှင် လုပ်ခဲ့သမျှ ကောင်းကျိုးတွေ ပစ်ပယ်ခံရ၏။
- မသမာသော ဥစ္စာခနေသည် ဖြောင့်မတ်သူအတွက် ယုတ်ညံ့၏။ မသမာသောကိစ္စရပ်သည် ဖြောင့်မတ်သူအတွက် ရှက်ဖွယ်တည်း။
- ကရုဏာတရားသည် သူတစ်ပါးအား နွေးထွေးစေနိုင်၏။ မေတ္တာတရားသည် နှလုံးသားကို နွေးထွေးစေနိုင်၏။
- ပညာဗဟုသုတထက် ကိုယ်ကျင့်တရားမြင့်မားလျှင် လူလေးစား၏။ ကိုယ် ကျင့်တရားထက် ပညာဗဟုသုတမြင့်မားလျှင် လူကြောက်ရွံ့၏။
- စိတ်ကောင်းစေတနာသည် မိမိ၏အပြုအမူကို ရှေ့ဆောင်၏။ စကားကောင်း စကားမွန်သည် သူတစ်ပါး၏ အပြုအမူကို ဦးဆောင်၏။
- တစ်သက်လုံး တရားနည်းလမ်းကျ သော စကားတစ်ခွန်းကိုမျှ မပြောခဲ့ဖူးလျှင် ဤဘဝကို ယောင်တီးယောင်ကန် ကုန်လွန်စေခဲ့ခြင်းပင်တည်း။ တစ်သက်လုံး သမာသမတ်ကျသူတစ်ယောက်ကိုမျှ မပေါင်းသင်းနိုင်ခဲ့လျှင် ဤဘဝ အလဟသရှင်သန်ခဲ့ခြင်းပင်တည်း။

ကြိမ်ဖြင့်ရိုက်လျှင် အသားနာ၏။ စကားဖြင့် ဆဲလျှင် အသည်းနာ၏။ အသားနာသည်ကို ကုသလျှင် ပျောက်၏။ အသည်းနာသည်ကို ကုသ၍ မပျောက်။



- သူက ကိုယ့်ကို တွက်ကတ်လျှင် သူက ကိုယ့်ထက်ညံ့၏။ ကိုယ်က သူ့ကို တွက် ကတ်လျှင် ကိုယ်ကသူ့ထက်ညံ့၏။
- ရသင့်သောငွေကို မလိုချင်ခြင်းသည် မသိသောကြောင့်ဖြစ်၏။ မရသင့်သောငွေကို မလိုချင်ခြင်းသည် မရှက်သောကြောင့်ဖြစ်၏။

- ■ ဆင်းရဲကျပ်တည်းချိန်တွင် ဆွေမျိုးလိုက်မတော်စပ်ပါနှင့်၊ သို့မှသာ စိမ်းကားမှုကိုရှောင်နိုင်မည်၊ အခက်ကြုံချိန်တွင် အကူအညီလိုက်မတောင်းပါနှင့်၊ သို့မှသာ အတင်းအပြောမခံရပေ။
- ■ မကောင်းမှုမလုပ်လျှင် နောင်တရစရာမရှိ၊ မကောင်းသူ မပေါင်းလျှင် ဘေးအန္တရာယ်မရှိ။
- ■ ကြွေးစာရင်းကို ရှင်းအောင် ဆပ်နိုင်၏။ နှလုံးကြွေးကို ရှင်းအောင် မဆပ်နိုင်။
- ■ မမှားမီ မမှားအောင် ဆင်ခြင်ပါ။ မှားပြီးလျှင် အမှားကို ပြင်ဆင်ပါ။
- ■ စကားသည် များများပြောခြင်း၌ မတည်၊ အကျိုးသက်ရောက်လျှင် တန်ဖိုးရှိ၏။
- ■ မိမိဆန္ဒရှိသော ပညာကို သင်ယူလျှင် မုချတတ်မည်သာ။ မိမိဆန္ဒရှိသော အလုပ်ကို လုပ်ရလျှင် မုချကောင်းမည်သာ။
- ■ သူတစ်ပါးကို များများပြောပါစေ၊ သို့မှသာ ပြဿနာကို နားလည်လွယ်မည်။ မိမိက များများစဉ်းစားပါ၊ သို့မှသာ ပြဿနာကို ဖြေရှင်းနိုင်မည်။
- ■ အတွေ့အကြုံသည် နည်းလမ်းကို ပေါ်ပေါက်စေ၏။ နည်းလမ်းသည် အကျိုးဖြစ်ထွန်းမှုကို တိုးတက်စေ၏။
- ■ သိက္ခာတရားဖြင့် ဉာဏ်ပညာရှိသောသူများကို ဦးဆောင်နိုင်၏၊ ဉာဏ်ပညာဖြင့် အရည်အချင်းမရှိသော သူများကို ဦးဆောင်နိုင်၏။
- ■ ချွေတာသင့်သည်ကို ချွေတာလျှင် မဆင်းရဲနိုင်၊ သုံးစွဲသင့်သည်ကို သုံးစွဲလျှင် အကျိုးများမည်။
- ■ ဝါသနာပါသော အလုပ်ကိုလုပ်ရလျှင် ပင်ပန်းမည်ကို မကြောက်၊ အကျိုးကျေးဇူးရှိသော အလုပ်ကိုလုပ်ရလျှင် ဆင်းရဲမည်ကို မကြောက်။

၁၈၄

- * မိတ်ဆွေဖွဲ့ရာမှာ ၃၀% အနစ်နာခံပါ။
  မိတ်ဆွေရွေးရာမှာ ၇၀% ကြိုတင်စဉ်းစားပါ။
- * အကျိုးအမြတ်မျှော်ပေါင်းသင်းလျှင် အကျိုးမဲ့ချိန်တွင် ခင်မင်မှုပျက်ပြီ၊ ရင်းနှီးမှုအခြေခံပေါင်းလျှင်
  ဆင်းရဲသော်လည်း ခင်မင်မြဲခင်မင်လျက်။
- * နောင်တရခြင်းသည် ဆန်းစစ်ပြုပြင်ခြင်း၏အစတည်း။

- ကြီးမြတ်သူသည် အသေးအဖွဲ့ကိုမကြည့်။ သေးနုပ်သူသည် ကြီးမြတ်ခြင်းကို မမြင်နိုင်။
- ထင်ရာစိုင်းလုပ်လျှင် မုချကျဆုံးမည်။
  မသမာလုပ်လျှင် မုချကျဆုံးမည်။
  လောဘဇောတိုက်လျှင် မုချကျဆုံးမည်။
- လုပ်နိုင်ခြင်း မလုပ်နိုင်ခြင်းသည် အရည်အချင်းပြဿနာဖြစ်၏။
  လုပ်သင့်ခြင်း၊ မလုပ်သင့်ခြင်းသည် ရပ်တည်ချက် ပြဿနာဖြစ်၏။
- ရိုးသားဖြူစင်မှုသာလျှင် ရေရှည်စမ်းသပ်မှုကိုခံနိုင်မည်။
  တကယ့် အဖြစ်မှန်သာလျှင် ထာဝစဉ်မကျဆုံးဘဲ တည်နိုင်မည်။
- ဘာမျှလိုအပ်ခြင်းမရှိလျှင် ဘာမျှ စိုးရိမ်စရာမရှိ။
  ဘာမျှရစရာမရှိလျှင် ဘာမျှဆုံးရှုံးစရာမရှိ။
- ကိုယ်ကျင့်တရားသည် အရင်းအမြစ်။
  ဘဝအတွေ့အကြုံသည် ပင်စည်။
  ပညာစွမ်းရည်သည် အသီးအပွင့်။
- ကိုယ့်သမိုင်းကို ကိုယ်တန်ဖိုးထားပြီဆိုလျှင် အနာဂတ်အတွက် ကြိုးပမ်းအား ထုတ်ပေတော့မည်။ ကိုယ့်သိက္ခာကို ကိုယ်အလေးထားပြီဆိုလျှင် ယခုပင် စာရိတ္တဖြောင့်မတ်ပေတော့မည်။
- လူကောင်းဖြစ်ချင်လျှင် ရာသက်ပန်ကြိုးစားရပေမည်။
  လူဆိုးဖြစ်ချင်လျှင် အတွေးတစ်ချက်အတွင်းဖြစ်မည်။
- လူကိုချစ်လျှင် လူ၏နွေးထွေးမှုကို ခံယူရရှိမည်။
  မိသားစုကိုချစ်လျှင် မိသားစု၏နွေးထွေးမှုကို ခံယူရရှိမည်။
  တိုင်းပြည်ကိုချစ်လျှင် တိုင်းပြည်၏နွေးထွေးမှုကို ခံယူရရှိမည်။
- သူတစ်ပါး၏အားပေးမှုကို အားကိုးခြင်းမှာ ခဏယာယီသဘောသာဖြစ်မည်။ မိမိ၏ကြိုးပမ်းအားထုတ်မှုကိုအားကိုးမှ ထာဝစဉ်သဘောဖြစ်ပေမည်။
- သူတစ်ပါးကိုကူညီခြင်းသည် ပျော်ရွှင်မှု၏ အရင်းအမြစ်ဖြစ်၏။
  သူတစ်ပါးကို ထိခိုက်ခြင်းသည် စိတ်သောက၏ အရင်းအမြစ်ဖြစ်၏။
- သူတစ်ပါးကို အကောင်းသာ ပြောခွင့်ပြုပြီး မကောင်းပြောခွင့်မပြုပါက ပြောင်းလဲတိုးတက်ဖို့ ခဲယဉ်း၏။ သူတစ်ပါးထံမှသာရယူလိုပြီး ကိုယ်က ပေးကမ်းခြင်း မပြုပါက ရောင့်ရဲတင်းတိမ်ဖို့ ခဲယဉ်း၏။

■ သားသမီးများက မိဘကိုကြောက်ခြင်းသည် မေတ္တာတရားမလုံလောက်ခြင်းကြောင့်။ ငယ်သားများက အရာရှိကိုကြောက်ခြင်းသည် သြဇာအာဏာလွန်ကဲခြင်းကြောင့်။

■ သူတော်ကောင်းနှင့်အနေနီးလျှင် ကံဆိုးရာမှ ကံကောင်းလာနိုင်၏။ လူယုတ်မာနှင့်အနေနီးလျှင် ကံကောင်းရာမှကံဆိုးသွားနိုင်၏။

■ သူတစ်ပါးငွေတစ်ပြားမှ ကြွေးမတင်လျှင် ပျော်ရွှင်၏။
သူတစ်ပါးငွေ တစ်ပြားမှမတပ်မက်လျှင် ဘေးကင်း၏။
သူတစ်ပါးငွေတစ်ပြားမှ မတောင်းရလျှင် ကြည်ရွှင်၏။

■ သူတစ်ပါး၏အားသာချက်ကို ထုတ်ဖော်ခြင်းသည် မိမိ၏ကောင်းမွန်ချက်ဖြစ်၏။ မိမိ၏ ချို့ယွင်းချက်ကို ဖုံးကွယ်ခြင်းသည် မိမိ၏ညံ့ဖျင်းချက်ဖြစ်၏။

■ မိမိကိုယ်တိုင်မဆိုးလျှင် မည်သူမျှဆိုးသည်မပြော။ မိမိကိုယ်တိုင်ကောင်းတာကိုလုပ်လျှင် မည်သူမျှ ဖျက်လိုဖျက်ဆီးမလုပ်နိုင်။

■ ယုတ်ညံ့သောစကား မပြောနှင့်မနာနှင့်။ ယုတ်ညံ့သောသူကို မပေါင်းမသင်းနှင့်။ ယုတ်ညံ့သော အလုပ်ကို မလုပ်နှင့်မကိုင်နှင့်။

■ နည်းလမ်းမကျသော စကားကိုမပြော။
အကျိုးမရှိသောအလုပ်ကို မလုပ်။
အတွေးအခေါ်မပါသော စာကိုမရေး။

■ လူချမ်းသာတို့၏ဂုဏ်သည် လျှတန်းပေးကမ်းခြင်းတည်း။
ဆင်းရဲသားတို့၏ ဂုဏ်သည် အောက်ကျို့မခံခြင်းတည်း။

■ အပြန်အလှန်အလျှော့ပေးလျှင် တစ်ပေသည်ပင် ပိုနေသေးသည်။
အပြန်အလှန်မာန်တင်းနေလျှင် ကမ္ဘာကြီးသည်ပင် ငယ်နေသေး၏။

■ ကလေးဘဝက ပေါင်းသင်းခဲ့သည်ကို မမေ့လျှင် ရိုးသားစိတ်ဖြစ်၏။
ဆင်းရဲဂုဏ်နိမ့်စဉ်က ပေါင်းသင်းခဲ့သည်ကိုမမေ့လျှင်ကြင်နာစိတ်ဖြစ်၏။
ကျင့်ဝတ်တရားအရ ပေါင်းသင်းခဲ့သည်ကို မမေ့လျှင် သိက္ခာစိတ်ဖြစ်၏။

■ သံယောဇဉ်သည် တရားနည်းလမ်းကျမှုနှင့် မကင်းကွာသင့်။
တရားနည်းလမ်းကျမှုသည် တရားဥပဒေနှင့် မကင်းကွာသင့်။
တရားဥပဒေသည် ကျိုးကြောင်းဆီလျော်မှုနှင့် မကင်းကွာသင့်။

■ အနိုင်ကျင့်မှု၏ နိဂုံးသည် တန်ပြန်ခံရမည်။ လိမ်လည်မှု၏ နိဂုံးသည် ဖြိုဟ်ဆိုးကြုံရမည်။

■ စိတ်ကောင်းစေတနာဖြင့် အပြစ်တင်ခြင်းသည် အပြစ်ဒဏ်ပေးခြင်းထက် ကောင်းသေး၏။ နူးညံ့သိမ်မွေ့သောစကားဖြင့် နှစ်သိမ့်ခြင်းသည် ကျောက်မျက်ရတနာထက်ကောင်းသေး၏။

■ စိတ်သဘောကောက်ကျစ်လျှင် ပစ်ပယ်ခံရတတ်၏။ စာရိတ္တပျက်ပြားလျှင် အရှက်ကွဲရတတ်၏။ သူရဲဘောကြောင်၊ ပျော့ညံ့လျှင် အနိုင်ကျင့်ခံရတတ်၏။

■ ငွေကြေးအမြတ်ရရန် အစွမ်းအစရှိမှုအပေါ် မူတည်၏။ လူမှု ဆက်ဆံရေးတွင် စိတ်စေတနာရှိမှုအပေါ် မူတည်၏။

■ တရားမျှတမှုရှိလျှင် သူတကာလေးစား၏။ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်လျှင် သူကာကြည်ညို၏။ အရည်အချင်းပြည့်ဝလျှင် သူတကာရိုသေ၏။

■ အရသာကောင်းလျှင် ခံတွင်းတွေ့၏။ အဆင့်လှလျှင် အမြင်ကောင်း၏။ စကား နူးညံ့လျှင် နားဝင်ချို၏။ ကျင့်ဝတ် ကောင်းလျှင် ဘဝင်ကျ၏။

■ တစ်သက်တာ စာနာစိတ်ထားလျှင် အရာအားလုံး အေးငြိမ်းဘေးကင်းမည်။ ရန်ငြိုးစိတ် တစ်မျှင်တည်းပင် မီးပွားလေးမှ တောမီးလောင်နိုင်၏။

■ ဆရာဝန်ကောင်းသည် ရောဂါကိုကု၏။ အမတ်ကောင်းသည် တိုင်းပြည်ကို ကု၏။ စကားကောင်းသည် စိတ်ဓာတ်ကို ကု၏။

■ ကိုယ်ကျင့်တရားကို အရင်းခံထား၊ မေတ္တာတရားကို အခြေခံထားလျှင် မအောင်မြင်သော စကားမရှိနိုင်။ မမှန်သောပြုမူမှုမရှိနိုင်။ မအောင်မြင်သော အလုပ်မရှိနိုင်။

■ လူ့ဘဝသည် လှေပေါ်တွင် လမ်းလျှောက်သည်နှင့်တူ၏။ ရှေ့တစ်လှမ်းပိုလျှောက်လျှင် ရေထဲကျမည်။ နောက်တစ်လှမ်းပိုဆုတ်လျှင် ရေထဲကျမည်။

■ လုံ့လဖြင့် ပျင်းရိခြင်းကို အောင်နိုင်လျှင် ကာယမချည့်နဲ့နိုင်။ ခွဲတာမှုဖြင့် ဇိမ်ခံမှုကို ထိန်းနိုင်လျှင် စိတ်သောက မရောက်နိုင်။

■ သည်းခံခြင်း၏ အစသည် ခါးသီးနာကျည်း၏။ သည်းခံခြင်း၏ အဆုံးသည် သင့်မြတ်ပျော်ရွှင်၏။


■ ကျင့်ဝတ်သိက္ခာရှိသူတိုင်းသည် တစ်ကိုယ်ကောင်းဆန်စိတ်ကင်း၏။ အကျိုးဆောင်တတ်သူတိုင်းသည် စေတနာထက်သန်တတ်၏။ ကတိတည်သူတိုင်းသည် အမြော်အမြင်ကြီးမား၏။

ကောင်းမှုပြုခြင်းသည် အမှန်လုပ်တော့မည့် ဖော်ပြချက်တည်း။

- ထိတွေ့မှုနည်းလေ ရင်းနှီးမှုပိုလေ။
  ထိတွေ့မှုများလေ နားလည်မှုပိုလေ။
- အရှုံးခံနိုင်မှ လုပ်ငန်းအောင်မြင်မည်။
  အညာခံနိုင်မှ ဆက်ဆံရေးကောင်းမည်။
  ပင်ပန်းခံနိုင်မှ ထွန်းပေါက်အောင်မြင် မည်။
- မိမိ 'ဇာတိစိတ်' ကို မိမိကိုယ်တွင်း၌ မျိုးထောင်ရမည်။
  'ကျင့်ဝတ်သိက္ခာ' ကို ပြင်ပတွင် ရှင်သန်ဖွံ့ဖြိုးစေရမည်။
- အားနာမှုလွန်ကဲလျှင် ဟန်ဆောင် သည်နှင့်တူမည်။
  တည်ကြည်မှုလွန်ကဲလျှင် ထိုင်းမှိုင်း သည်နှင့်တူမည်။
  ဖျတ်လတ်မှုလွန်ကဲလျှင် ပေါ့လျော့သည် နှင့်တူမည်။
  သုံးစွဲမှုလွန်ကဲလျှင် ဇိမ်ခံသည်နှင့် တူမည်။
  ချွေတာမှုလွန်ကဲလျှင် စေးနှဲသည်နှင့် တူမည်။
- လူ့ဘဝ၏ တကယ့်အလှသည်ကား-
  'စကားကအမှန် စိတ်ထားကကောင်းမြတ်' ပေတည်း။
- မစွမ်းဆောင်နိုင်သည့်အလုပ်မျိုးကို မစဉ်းစားနှင့်။
  ကျိုးကြောင်းမဆီလျော်သည့် အလုပ် မျိုးကို မလုပ်နှင့်။
- ပန်းကန်ကွဲသွားလျှင်
  ပြန်ဆက်ရန်ခက်၏။
  အရှက်ကွဲသွားလျှင်
  မြေဖျောက်ရန်ခက်၏။
- မြေကောင်းမှ အသီးကောင်းသီးမည်။
  စိတ်ကောင်းမှ အလုပ်ကောင်းပြီးမည်။
- လူအားလုံးသာ ကိုယ့်အတွက် ကိုယ် ကြည့်လျှင်၊
  လူမှုလောက ဝရုန်းသုန်းကားဖြစ် လိမ့်မည်။
  တိုင်းပြည်တိုင်းသာ ကိုယ့်အတွက်
  ကိုယ်ကြည့်လျှင်၊
  တစ်ကမ္ဘာလုံး ဝရုန်းသုန်းကား ဖြစ် လိမ့်မည်။
- ဆင်းရဲပြီး မချွေတာတတ်လျှင် ကိုယ့် အကျပ်အတည်းကိုယ်ရှာခြင်းတည်း။
  နှိုလျှက်နှင့် ချွေတာလွန်းသည်မှာ ကိုယ့်ကိုယ်ကိုယ်ပင် မသနားခြင်း တည်း။

* ဆင်းရဲသားမှာလည်း သူ့ကြံရွယ်ချက်နှင့်သူ ဆင်းရဲစွာ ပျော်ရွှင်နိုင်၏။
  လူချမ်းသာမှာ အလိုရမက်များလွန်း၍ ငွေကြွယ်စွာ စိတ်ဆင်းရဲ၏။
* ခရီးများများသွားဖူးမှ မိတ်ဆွေများ ခြင်း၏ တန်ဖိုးကိုနားလည်၏။
  မိသားစုနှင့် ခွဲခွာဖူးမှ နွေးထွေးမှုတန်ဖိုး ကို နားလည်တော့၏။
* 'အချိန်'သည်စမ်းသပ်မှု၏ဖြစ်စဉ်တည်း။
  'အဖြစ်မှန်' သည် စမ်းသပ်မှု၏ ပေတံတည်း။
* ဩဇာဖြင့် ထူထောင်သည့် ကျော် ကြားမှုသည် ယုတ်ညံ့၏။
  ဩဇာမဲ့ ထူထောင်သည့် ကျော်ကြား မှုသည် မြင့်မြတ်၏။
* ငွေကို လူက စေခိုင်းလျှင်၊
  ငွေသည် အရာရာဖြစ်စေနိုင်ဆုံး။
  ငွေက လူကို ခိုင်းစေလျှင် ငွေသည် အဆိုးတကာ့ အဆိုးဆုံး။

စဉ်းစားမပြီးသေးလျှင် မပြောနှင့်။
တွေးတောမပြီးသေးလျှင် မရေးနှင့်။
အချိန်မကျသေးလျှင် မသွားနှင့်။
ကံမကောင်းသေးလျှင် စမလုပ်နှင့်။





* ဟာသနှောပြီး သရော်လျှင်၊
  ပေါ့လျှံ့သွားတတ်၏။
  အနုပညာစည်းလွတ်လျှင်
  စိတ်ကူးယဉ်ဆန်၏။
* ပညာရည်နိမ့်ပါးသူကို အထင်သေး တတ်ကြ၏။
  ပညာရည်မြင့်မားသူကို မနာလိုတတ် ကြ၏။
  အထင်သေးခံရလျှင် အားမာန်ပြည့် ကြိုးစားပါ။
  မနာလိုခံရလျှင် ခပ်လျှိုလျှိုနေပါ။

- လူ့ဘောင်တွင် သူဆင်းရဲမရှိမှသာ၊
  တစ်လောကလုံး ငြိမ်းချမ်းမည်။
  လောကတွင် သစ္စာတရားရှိမှသာ၊
  အမှန်အမှား ကွဲပြားမည်။
- 'ကြိုးစားမှု'သည်သာ ကောင်းမြတ်သော 'ဆင်းရဲမှုကယ်တင်နည်း'တည်း။
  'ခွဲတာမှု' သည်သာ 'သုံးဖြုန်းဆင်းရဲမှု'ကို ကယ်တင်နည်းတည်း။
- ဆူတဲ့ရေက အသံမမြည်။
  အသံမြည်တဲ့ရေက မဆူသေး။
  ကြံစည်သူက အသံမထွက်။
  အသံကျယ်သူက မကြံစည်တတ်။
- 'ကလေးစိတ်' မပျောက်သေးလျှင် 'အမှန်'ကို ထိန်းထားဆဲတည်း။
  'လူကြီးစိတ်' မပျောက်သေးလျှင် 'စိတ်ကောင်း'ကို ထိန်းထားဆဲတည်း။
  'ရည်းစားစိတ်' မပျောက်သေးလျှင် 'အလှ' ကို ထိန်းထားဆဲတည်း။
- စားသောက်နေထိုင်မှု ဇိမ်ကြီးလေလေ
  တွေးခေါ်ယူဆမှု ဆုတ်ယုတ်လေလေ တည်း။
  တွေးခေါ်ယူဆမှု မြင့်မားလေလေ၊
  ရှုန်းကန်ကြိုးပမ်းလိုစိတ် မြင့်လေလေတည်း။
- လောဘကြီးစိတ်ကင်းလျှင် လွတ်လပ်မှုရှိမည်။
  လွန်ကဲသည့်စိတ်ကင်းလျှင် တန်းတူမှုရှိမည်။
  အတ္တကြီးစိတ်ကင်းလျှင် မေတ္တာထားကြမည်။
- အသေးအဖွဲ မကောင်းမှုသည် လက်ငင်းဝင့်လည်တတ်၏။
  ကြီးမားလှသော မကောင်းမှုသည် နောင်တွင် ဝင့်လည်တတ်၏။
- တစ်လောကလုံး၏ထမင်း တစ်ယောက်တည်း ကုန်အောင်မစားနိုင်။
  တစ်လောကလုံး၏အလုပ်တစ်ယောက်တည်း ပြီးအောင် မလုပ်နိုင်။
  တစ်လောကလုံး၏ အကျိုးတစ်ယောက်တည်း ကောင်းအောင် မဆောင်နိုင်။
- တိုက်ခိုက်ဖြိုခွင်းခြင်း မပြုနိုင်သော မြို့ရိုးမရှိ။
  တိုက်ခိုက်ဖြိုခွင်းခြင်း မပြုနိုင်သော စိတ်ဓာတ်သာရှိ၏။
  ငွေပေးဝယ်ယူ၍မရနိုင်သောပစ္စည်းမရှိ။
  ငွေပေးဝယ်ယူ၍ မရနိုင်သော မေတ္တာသာရှိ၏။

* 'ငွေ' သည် စားဝတ်နေရေး ပြဿနာကို ဖြေရှင်းရန်ဖြစ်၏။
'သဘောတရား' သည် အတွေးအခေါ် ပြဿနာကို ဖြေရှင်းရန်ဖြစ်၏။
* သုံးစွဲမကုန်နိုင်သော ငွေကြေးမျိုးမရှိ။
သုံးမကုန်သော ပညာရှိစကားသာ ရှိ၏။
* သစ်ပင်မြင့်မားလျှင် လေဒဏ်ခံရ၏။
ချမ်းသာကြွယ်ဝလျှင် လုယက်ခံရ၏။
နာမည်ကျော်ကြားလျှင် ဝန်တိုခံရ၏။
* 'အိပ်မက်' ဟူသည် အာရုံစွဲလမ်းစိတ်၏ မိတ္တူဖြစ်၏။
'တစ္ဆေ'မူကား မယုံသင်္ကာစိတ်၏အကျိုးဆက်တည်း။
* စကားကို အလွယ်ယုံသူသည် ဉာဏ်ရည်နည်းခြင်းတည်း။
စကားကို လွယ်လွယ်ပြောသူသည် ပညာနည်းခြင်းတည်း။
* ရှေးကျလှသော်လည်း ထာဝရသစ်လွင်လျက်ရှိသည်ကား 'နေမင်း' တည်း။
ရှေးကျလှသော်လည်း မပုပ်သိုးဘဲ ရှိသည်ကား 'စီးဆင်းသည့်ရေ' တည်း။
ရှေးကျလှသော်လည်း စွန့်ပယ်ခြင်း မခံရသည်ကား 'အမှန်တရား'တည်း။
* 'ဆင်းရဲခြင်း' သည် ရှက်စရာမဟုတ်။
'ချေးငှားခြင်း' သည် အကျပ်ဆိုက်စေ ၏။
* အကျိုးအယုတ်ကိုသိလျှင် သံယောဇဉ်ကို လျော့နည်းစေ၏။
သံယောဇဉ်ပွားမိလျှင်ကား အကျိုး အယုတ်ကို မကြည့်တော့။
* အချိန်တစ်ရာ မ,နိုင်သူသည် လူတစ် ယောက်ကို မ,နိုင်၏။
အချိန်တစ်ထောင် မ,နိုင်သော်လည်း မိမိကိုယ်ကို မ မ,နိုင်။
* 'ဆင်းရဲ' မည်ကို မကြောက်သည့် စိတ်ဓာတ်မျိုးရှိမှ
'ဒဿန' သုတေသနမျိုးကို ဆောင်ရွက်နိုင်မည်။
'ပင်ပန်း' မည်ကို မကြောက်သည့် စိတ်ဓာတ်မျိုးရှိမှ
'သိပ္ပံပညာ' သုတေသနကို ဆောင် ရွက်နိုင်မည်။
* လူသေလျှင် ယားယံနာကျင်မှုကို မသိရှိနိုင်။
စိတ်သေလျှင် ကောင်းမြတ်သော တရားကို မနာယူနိုင်။
* အတွေးအခေါ်သည် အသံမဲ့ ဘာသာစကားတည်း။
ဘာသာစကားသည် အသံရှိ အပြုအမူတည်း။
* ထိတွေ့ဆက်ဆံခြင်းကြောင့် 'ကောင်း ဆိုးမှန်မှား' ဖြစ်ပေါ်လာ၏။
ဆိတ်ဆိတ်တွေးခေါ်ခြင်းဖြင့် 'မြတ် ယုတ်ဖြောင့်ကောက်' ကို သိလာ၏။

* 'မှတ်ဉာဏ်' ရဲ့ တန်ဖိုးက ကောင်းမြတ်တာကိုမှတ်၊ ယုတ်ညံ့တာကို မမှတ်ဖို့ပါပဲ။
  'စကား' ရဲ့ တန်ဖိုးက အသုံးကျတာကိုပြော၊ အသုံးမကျတာ မပြောနဲ့။
* ဆရာကောင်းထံ တပည့်မခံဘူးလျှင် ထူးချွန်ကျော်ကြားဖို့ မပြည့်စုံသေး။
  ကျော်ကြားသည့် စာပေများမဖတ်ဖူးလျှင် တွေးခေါ် စဉ်းစားဉာဏ်မမီနိုင်သေး။
  ကျော်ကြားသည့်စကားမကြားဖူးသေးလျှင် ထူးချွန်သည့်လူတော် မဖြစ်နိုင်သေး။
* ဥစ္စာပစ္စည်းအရာ၌ 'သူတစ်ပါး ငါ့ကို မမီ' အမြင်မျိုးသာရှိလျှင် စိတ်အမြဲပျော်ရွှင်နေမည်။
  ပညာဉာဏ်ရည်အရာ၌ 'ငါ သူတကာကို မမီ'အတွေးမျိုးရှိလျှင် ပညာအမြဲတိုးတက်မည်။
* အရိုးအဆစ်များ လျော့ရဲလျှင် ရောဂါအမျိုးမျိုး ဖြစ်လာမည်။
  စဉ်းစားတွေးခေါ် မှု မပြုလျှင် ဘာမျှ သဘောမပေါက်နိုင်ပြီ။
* 'မပြော' လျှင် ရန်သူရန်ငြိုးကင်း၏။
  'မလုပ်' လျှင် ရှင်သန်ရန်ခဲယဉ်း၏။




သံသယစိတ်သည် နာကျည်းစေ၏။ ဘက်လိုက်သည့်စိတ်သည် ဖောက်ပြန်စေ၏။ တစ်ကိုယ်ကောင်းစိတ်သည် အထီးကျန်စေ၏။ အနိုင်ကျင့်စိတ်သည် မုန်းတီးခံရ၏။

* လောကတွင် ဆက်ဆံရေးသည် အခက်ခဲဆုံး။
  ဆက်ဆံရေးတွင် အပြောအဆို အခက်ဆုံး။
  အပြောအဆိုတွင် ရေလည်ဖို့ အခက်ဆုံး။
* ကယ်သင့်လျက် မကယ်တင်ခြင်းကို အကြင်နာမဲ့သည်ခေါ်၏။
  လေးစားသင့်လျက် မလေးစားခြင်းကို မယဉ်ကျေးဟုခေါ်၏။
  ပြောသင့်လျက် မပြောဘဲနေခြင်းကို ဉာဏ်ပညာမဲ့သည်ခေါ်၏။
* ငွေကြေးဖြင့် လဲလှယ်ရရှိသည့် မေတ္တာသည် ကြာရှည်မခံပါ။
  ကျင့်ဝတ်ဖြင့် ဖွဲ့နှောင်ခဲ့သည့် သံယောဇဉ်သည် ထာဝရတည်၏။
* ဒေါသကို ထိန်းသိမ်းနိုင်မှ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မည်။
  သူတစ်ပါးကို ခွင့်လွှတ်မှ မိမိကိုယ်ကို ခွင့်လွှတ်သင့်သည်။

၁၈၅

* စာရိတ္တကောင်းသူနှင့် အတူနေလျှင် အပြုအမူတိုးတက်မည်။
  အကျိုးထူးဆောင်သူနှင့် အတူနေလျှင် အားမာန်ပြည့်ဖြိုးလာစေမည်။
  ဉာဏ်ပညာကောင်းသူနှင့် အတူ နေလျှင်အတွေးအခေါ် ပွင့်လန်းမည်။
* လူသိအောင် ရည်ရွယ်လုပ်ခြင်း မဟုတ်လျှင် အပြစ်တင်စရာမရှိပြီ။
  တုံ့ပြန်မှုလိုလား၍ လုပ်ခြင်းမဟုတ်လျှင် ဒေါသဖြစ်စရာမရှိပြီ။
* မျှော်မှန်းချက်ထားလျှင် အပေါ်ကို မော့ကြည့်ပါ။
  ကျေးဇူးပြုလိုလျှင် အောက်ကို ငုံ့ကြည့်ပါ။
* တရား၌ အမှန်အမှားငြင်းခုံသူသည် လူတော်လူကောင်း
  မနေ၌ အမြတ်အရှုံးငြင်းခုံသူသည် လူဖျင်းလူညံ့။
* အမျိုးမျိုးဆွဲသော်လည်း ဒေါသမထွက်လျှင် 'သည်းခံ'နိုင်ရည်ပြည့်ဝသည့်သဘော။
  အမျိုးမျိုးနှိမ်သော်လည်း ဆက်လုပ်နိုင်သေးလျှင် 'ခံနိုင်ရည်'ပြည့်ဝနေသည့်သဘော။
* တစ်ကိုယ်ကောင်းဆန်ခြင်း၏ နိဂုံးသည် အန္တရာယ်များ၏။
  သူ့အကျိုးဆောင်ခြင်း၏ နိဂုံးသည် ကိုယ်အကျိုးအောင်ခြင်းတည်း။
* အရည်အချင်းအလိုက် ပြောဆိုတတ်ကြ၏။
  အဆင့်အတန်းအလိုက် ဇိမ်ခံတတ်ကြ၏။
* နစ်နာမှုကြီးမားလေ စာနာမှုရရှိလေ။
  တစ်ကိုယ်တော် စိတ်ကြီးလေ၊ အထင်သေးခံရလေ။

- မိဘက သားသမီးကို ချစ်ခြင်းသည် သဘာဝသဘောသာ။
  သားသမီးက မိဘကို စောင့်ရှောက်ခြင်းကား သူ့သဘောနဲ့သူသာ။
- ချစ်ခြင်းကင်းမဲ့လျှင် ဇနီးမောင်နှံ မဖြစ်နိုင်။
  မေတ္တာကင်းမဲ့လျှင် လူသားစင်စစ် မဖြစ်နိုင်။
  စိတ်ထက်သန်မှုကင်းလျှင် လုပ်ငန်းမအောင်မြင်နိုင်။
- အရှုပ်အရှင်းကင်းလျှင် ဖြေရှင်းစရာ မရှိ။
  အဖြူအမဲရှင်းလျှင် အခက်အခဲမရှိ။
- သံယောဇဉ်ကိုဥစ္စာပစ္စည်းဖြင့် တွက် ချက်၍မရနိုင်။
  ဥစ္စာပစ္စည်းဖြင့် ကိုယ်ကျင့်တရားကို တွက်ဆရနိုင်၏။
- လူ့ဘဝတွင် အောင်မြင်မှုရှိမှ အ ချည်းနှီးမဖြစ်။
  နေ့စဉ်ဘဝတွင် ပျော်ရွှင်မှ အလဟ သမဖြစ်။
- အပြန်အလှန်အကျိုးရှိမှုတွင် စည်း ကမ်းချက်များရှိ၏။
  အပြန်အလှန် ယိုင်းပင်းကူညီမှုတွင် စည်းကမ်းချက်မရှိ။
- ပြန်လည်ဆန်းစစ် အမှားဝန်ခံခြင်း မရှိသူသည် ကျဆုံးခြင်းသို့ အမြဲ ဦးတည်မည်။
  ဘဝင်မြင့်ပြီးသူများကို အထင်သေးတတ်သူသည် အထီးကျန် အမြဲတမ်း ဖြစ်လိမ့်မည်။
- ဂရုစိုက်မှု မပါဘဲ မေတ္တာစစ်မဟုတ်နိုင်။
  ဂရုစိုက်မှု လွန်ကဲပြန်လျှင်သောက ရောက်လိမ့်မည်။
  အားထုတ်မှုမပါဘဲ လုံးဝ မအောင်မြင်နိုင်။
  အားထုတ်မှုလွန်ကဲပြန်လျှင် သောကရောက်လိမ့်မည်။
- ကောင်းသည့်စကားပြော ကောင်းသည့်ကိစ္စဖြစ်လာမည်။
  ဆိုးသည့်စကားပြောဆိုးသည့်ကိစ္စ ဖြစ်လာမည်။
  ရမ်းရမ်းစကားပြောရမ်းသည့်ကိစ္စ ဖြစ်လာမည်။
- ဘဝမှာ စနစ်ရှိရှိ လျှောက်လှမ်းမှ ရှုပ်ထွေးမှုကင်းလိမ့်မည်။
  အချိန်ကို အ ကျိုးရှိရှိ သုံးပါမှ စွမ်းဆောင်မှုဖြစ်ထွန်းမည်။
- 'ဩဇာ' ရှိလည်း 'ချစ်ခင်မှု'ကို ပယ်၍ မရ။
  ငွေကြေးရှိလည်း အချစ်စစ်ကို ဝယ်၍မရ။
  'သိမှု'ကြွယ်လည်း 'စိတ်ဓာတ်ကောင်း' ရှိချင်မှရှိမည်။
  'ပညာ' မြင့်လည်း 'ရိုးဖြောင့်မှု' ရှိချင်မှ ရှိမည်။

- သူတစ်ပါး၏ ကောင်းကွက်ကိုသာ အမှတ်ရလျှင် မုန်းစကို တိုစေ၏။
  သူတစ်ပါး၏ ဆိုးကွက်ကိုသာ အ မှတ်ရလျှင် ချစ်စကို တိုစေ၏။
- အနှစ်သာရကင်းသည့်စကား မပြော လျှင် ယုံကြည်မှုခံရတတ်၏။
  အနှစ်သာရကင်းသည့်အလုပ် မလုပ် လျှင် အကျိုးထူးဆောင်ရတတ်၏။
- လူလူချင်းဆက်ဆံရာတွင် ခပ်ခွာခွာရင်းနှီးမှ အချင်းပွားမှု လျော့နည်းမည်။ လုပ်ငန်းချင်း ဆက်ဆံရာတွင် ထိရောက်သည့် ဆက်သွယ်မှုရှိမှ အကျိုးဖြစ်ထွန်းမည်။
- ပေါင်းသင်းဆက်ဆံရာတွင် သူတစ်ပါးကို မထိပါးပါနှင့်။ လုပ်ငန်းလုပ်ဆောင်ရာတွင် ဆိုးဝါးသည့်ကိစ္စ မတွေးတောနှင့်။
  ပညာသင်ယူရာတွင် မှုမမှန်သည့် စာအုပ်မဖတ်နှင့်။
- သူတကာအထင်သေးဆုံး အပြုအမူကား တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် အရှက်မရှိခြင်းတို့ဖြစ်၏။
  သူတကာ အလေးစားခံရဆုံးအလုပ်ကား ကောင်းမှုကုသိုလ်ပွားခြင်းနှင့် ပညာရည်မြင့်မားခြင်းတို့တည်း။


၁၈၆

- နှစ်ခြိုက်စွာအိပ်ပျော်ခြင်းသည် အားဆေးစားသည်ထက် ပိုကောင်း၏။
  စိတ်အေးချမ်း တည်ငြိမ်ခြင်းသည် ပျော်ရွှင်မှုရှာစရာမလို။
- ပကာသန ကင်းကင်းနေထိုင်လျှင် ထာဝရပျော်ရွှင်ရ၏။
  ပကာသန မက်မောသည့်စိတ်သည် တည်ငြိမ်အေးချမ်းချိန်မရ။
- ရလိုမှုကြောင့် စိတ်ဆင်းရဲရသည်ထက် ဆင်းရဲပြီး စိတ်ချမ်းသာသည်က ပိုကောင်း၏။
  စည်းစိမ်ခံစားရင်း ကြွေးတင်နေသည်ထက် ချွေတာနွမ်းပါးငြားကြွေးကင်းသည်က ပိုကောင်း၏။
- စာပေဖတ်ခြင်းသည် စိတ်ကို အစာ ကျွေးခြင်းဖြစ်၏။
  ငွေရှာခြင်းသည် သက်ရှင်ကျန်းမာ ရေးအတွက် ဖြစ်၏။
- ရုပ်ဝတ္ထုတပ်မက်မှုနည်းလေ။
  စိတ်ပျော်ရွှင်ငြိမ်းအေးမှုများလေ။
- ဂုဏ်သရေနှင့် ပကာသနသည် စိတ်သောက၏ ရင်းမြစ်။
  ပကာသနကင်းရှင်းခြင်းသည် စိတ်ချမ်းသာမှု၏ ရင်းမြစ်။

- ရှင်နေစဉ် 'အမုန်'၊ 'အကောင်း'၊ 'အ လှ'များ မန်တီးပါ။
  သေဆုံးလျှင် 'ကိုယ်ကျင့်'၊ 'ကောင်းကျိုး'၊ 'စကား'ကျန်ခဲ့ပါစေ။
- စိတ်ချမ်းသာ ပျော်ရွှင်စွာ အသက်ရှင်ပါ။
  စိတ်ချမ်းမြေ့ငြိမ်းအေးစွာ သေနိုင်ပါစေ။
- အတွေးအခေါ်သည် 'အမှားအမှန်' အတွက် တရားသူကြီးတည်း။
  အပြုအမူသည် 'အကျိုးအပြစ်' အတွက် ဝေဖန်သုံးသပ်သူတည်း။
- 'လုံ့လ'၊'ချွေတာ'ဝေါဟာရ(၂)လုံး၏ အကျိုးပေးပုံမှာ-
  အနိမ့်ဆုံးအကျိုးပေးကား 'မဆင်းရဲ'
  အမြင့်ဆုံး အကျိုးပေးကား'ချမ်းသာမည်'။
- အိမ်မှာ လင်ယောကျ်ားမပျော်ပိုက်နိုင်သည်မှာ မယား၏မသိနားလည်မှုကြောင့်တည်း။
  မယား၏ စိတ်တွင် နှစ်သိမ့်မှုမရခြင်းမှာ လင်သား၏ပြုစုစောင့်ရှောက်မှု ချို့ယွင်းချက်တည်း။
- နှုတ်ဖွာသည့် ယောကျ်ားအတွက် အပြစ်များ၍ အကျိုးနည်း၏။
  နှုတ်ဖွာသည့် မိန်းမအတွက် ဘယာများ၍ ကောင်းကျိုးနည်း၏။
- သိပ္ပံစမ်းသပ်မှုကို အကြိမ်ကြိမ်လုပ်အပ်၏။
  လူ့ ကျင့်ဝတ်ကို စမ်းသပ်ရန် တစ်ကြိမ်သာလို၏။
- ရေဖြင့် မျက်နှာသစ်လျှင် မျက်နှာသန့်စင်၏။
  တရားဖြင့် စိတ်ကို ဆေးကြောလျှင် စိတ်ကြည်၏။
- လူသားများရှိမှ ရုပ်ဝတ္ထုပစ္စည်းများ တန်ဖိုးရှိ၏။
  ရုပ်ဝတ္ထုပစ္စည်းများရှိမှ လူသားများ ရှင်သန်နိုင်၏။
- သိရှိမှုတွင် ဆက်စပ်တွေးတောခြင်း ရှိမှတိကျမှန်ကန်မည်။
  ဆုံးဖြတ်မှုတွင် အထောက်အထားခိုင်မာမှ အမှားကင်းလိမ့်မည်။
- အခြင်းအရာကို ကြည့်သည့် မျက်လုံးသည် ကိုယ်ပတွင် ရှိ၏။
  အတွေးအခေါ်ကို ကြည့်သည့် မျက် လုံးသည် ကိုယ်တွင်းတွင် ရှိ၏။
- သဘောတရားကို အထွတ်အမြတ် ဖြစ်အောင် ပြောရမည်။
  သဘောတရားကို ယုံတမ်းစကားဖြစ်အောင် မပြောနှင့်။
- ဉာဏ်မျက်စိဖြင့် ကြည့်လျှင် ချက်ချင်းသဘောပေါက်၏။
  ဉာဏ်နားဖြင့် နားကြားလျှင် ချက်ချင်း နားလည်လွယ်၏။
  ဉာဏ်ပါးစပ်ဖြင့် ပြောလျှင် တရားမှုတစမြဲ။

ဉာဏ်ဦးနှောက်ဖြင့် တွေးလျှင် သဘောတရားသိမြဲ။

* စိုးရိမ်ထိတ်ကြောက်နေရတဲ့ ဘဝမျိုးမှာ မနေရတာဟာ နတ်ပြည်မှာ နေ ရတာနဲ့ အတူတူပဲ။
  ပူဆွေးစိုးရိမ်နေရတဲ့ ဘဝမျိုးမှာ နေရာတာဟာငရဲပြည်မှာ နေရာတာနဲ့ အတူတူပဲ။
* ဆေးပညာရှင်များ၏ ဦးတည်ချက် သည် ခန္ဓာကိုယ်၏ ဝေဒနာကို ဖြေ ရှင်းရန် ဖြစ်၏။
  ဘာသာရေးပုဂ္ဂိုလ်များ၏ ဦးတည်ချက်သည် စိတ်ဒုက္ခများကို ဖြေရှင်း ရန် ဖြစ်၏။
  နိုင်ငံရေးပညာရှင်များ၏ ဦးတည်ချက်သည် ဘဝနေထိုင်မှုဒုက္ခများ ကို ဖြေရှင်းရန် ဖြစ်၏။
* သဘောတရားကို အတွေးပေါက်သွားလျှင် ပျော်ရွှင်ရသည်ချည်း။
  သဘောတရားအတိုင်း လုပ်ကိုင်လျှင် အောင်မြင်မှုရသည်ချည်း။




မအိုမီ မအိုအောင် ကာကွယ်သင့်၏။
အိုမင်းပြီးမှ နောင်တ ရမနေသင့်။

* 'အို'မှာကို မကြောက်ရင် မအိုလွယ်ဘူး။
  'ခက်'တာကို မကြောက်ရင် မခက်ခဲဘူး။
* တရားထိုင်၍ ဒုက္ခကင်းသွားလျှင် ရတနာရသည်နှင့် တူ၏။
  ဒုက္ခ မခံစားရတော့လျှင် ရတနာမျိုးစုံ ထက်သာလွန်၏။

* စက်ပစ္စည်း ကြာရှည် မလည်ပတ်လျှင် သံအမှိုက်ဖြစ်သွားပြီ။
ကိုယ်ခန္ဓာအားကစား မလှုပ်ရှားလျှင် အသုံးမကျတော့။
* စိုးရိမ်ကြောင့်ကြမှု တစ်ခုရှိလျှင် ဒုက္ခတစ်ခုတိုးလာ၏။
တစ်ကိုယ်ကောင်းစိတ် တစ်ခါမွေးလျှင် ရန်သူတစ်ယောက်တိုးလာ၏။
* နားက ယုတ်ညံ့သည့် စကားကို နားမထောင်လျှင်စိတ်သောက ဖြစ်စရာ မရှိ။
ဦးနှောက်က မှုမမှန်သည့် အတွေး မတွေးလျှင် ကိုယ်ခန္ဓာ ဒုက္ခ မခံရ။
* ရောဂါရှိလျက် ကုသမှုမခံလျှင် သေ ခြင်းကို စောင့်နေသည်နှင့် မခြား။
ရောဂါမရှိဘဲ ဆေးများကို မှီဝဲနေ လျှင် သေကြောင်းကြံသည်နှင့်မခြား။

၁၈၇

* သူတစ်ပါးကို နှံအ, သည် ထင်လျှင် မိမိကိုယ်တိုင် နှံအ, ခြင်းဖြစ်သည်။
သူတစ်ပါးကို ပါးနပ်သည်ထင်လျှင် မိမိကိုယ်တိုင် ပါးနပ်ခြင်းဖြစ်သည်။
* စကားများများပြောလျှင် များများ မှား၏။
စကားနည်းနည်းပြောလျှင် နည်းနည်းမှား၏။
စကားလုံးဝမပြောလျှင် အမှားကင်း၏။
အလုပ်များများလုပ်လျှင် အကျိုးများ၏။
အလုပ်နည်းနည်းလုပ်လျှင် အကျိုးနည်း၏။
အလုပ်လုံးဝမလုပ်လျှင် အကျိုးမဲ့၏။
* အကူအညီတောင်းရခက်၏။
ကျေးဇူးဆပ်ရန် ပို၍ ခက်၏။
ငွေကြေးချေးငှားရန်ခက်၏။
ကြွေးဆပ်ရန် ပို၍ ခက်၏။
* မေတ္တာမပါသော အပြုအမူသည် အပြစ်တင်ခံရတတ်၏။
တရားလက်လွှတ်သော အပြုအမူ သည် အန္တရာယ်ကြီးလှစွာ၏။
ဥပဒေမဲ့သော အပြုအမူသည် အ ပြစ်ပေးခံရတတ်၏။
* သူ့ကို အပြစ်မတင်လျှင် ကိုယ်လည်း အပြစ်တင်မခံရ။
သူ့ကို မမုန်းလျှင် ကိုယ်လည်း အမုန်းမခံရ။
သူ့ကို မချစ်လျှင် ကိုယ်လည်း အချစ် မခံရ။
သူ့ကို မကူညီလျှင် ကိုယ်လည်း အကူအညီမရ။

* ဆင်ခြင်တုံ တရားရှိမှ သင့်လျော်သည့် အလုပ်အကိုင်ရှာဖွေတတ်မည်။ မေတ္တာတရားထားရှိမှ ဆန္ဒပြည့်ဝသည့် ပျော်ရွှင်မှုရရှိမည်။
* အတိတ်ကို တမ်းတ မနေမှ၊ မျက်မှောက်ကို ဒွိဟမဖြစ်၊ အနာဂတ်ကို စိတ်ကူးမယဉ်လျှင်- တကယ်လုပ်လိုစိတ်ကို မြှင့်တင်နိုင် မည်။ သူများကို မမှီခို၊ သူများကို အသနားမခံ၊ သူများကို မဖိနှိပ်လျှင် တော်လှန်ရေးသတ္တိပေါက်ဖွားမည်။
* အထက်အဆင့်က အောက်အဆင့်အတွက် တွေးဆစဉ်းစားပေးခြင်းသည် ကျိုးကြောင်းဆီလျော်၏။ အောက်အဆင့်က အထက်အဆင့်အတွက် တွေးဆစဉ်းပေးခြင်းသည် ဥပဒေနှင့် ညီ၏။
* ငွေကြေးနှင့် မေတ္တာနှိုင်းယှဉ်လျှင် ငွေကြေးက သုံးစွဲကုန်လွယ်၏။ မေတ္တာက သုံး၍ မကုန်နိုင်။ မေတ္တာနှင့် လုပ်ငန်း နှိုင်းယှဉ်လျှင် မေတ္တာကို သုံး၍ ကုန်နိုင်၏။ လုပ်ငန်းကို ကုန်အောင် မလုပ်နိုင်။
* 'မှု'သာ မပြောင်းလဲ။ 'နည်း'သာ ပြောင်းလဲ၏။ မသေသည့် 'လုပ်ငန်း'သာရှိ၏။ မသေသည့် 'အသက်'မရှိနိုင်။
* လူအများ ရှေ့အမှားအမှန် မရှင်းဝံ့ ခြင်းသည် သတ္တိနည်း၍ သို့မဟုတ် အားနည်းခြင်းကြောင့် ဖြစ်ရမည်။ ရန်သူကို သတ္တိရှိရှိ ရင်မဆိုင်ဝံ့ခြင်း သည် နည်းလမ်းမကျ၍ သို့မဟုတ် အထီးကျန်ခြင်းကြောင့် ဖြစ်ရမည်။
* အများစက်ဆုပ်သည့်အလုပ်ကိုလုပ်လျှင် အများ၏မုန်းတီးမှုကို ခံရမည်။ အများနှစ်သက်သည့် အလုပ်ကို လုပ်လျှင် အများ၏ လေးစားမှုကို ခံရမည်။
* ကိစ္စတိုင်း၌ ဆန္ဒမပြည့်ဝနိုင်လျှင် ဒုက္ခပွားတော့သည်။ လိုအပ်သည် ထက်ပို၍ လိုချင်ပြန်လည်း ဒုက္ခပွားတော့သည်။




သဘောတရားကို စာအုပ်ထဲတွင်သာမဖတ်နှင့်။
အရာကိစ္စများတွင် ပြသပါ။
ကျေးဇူးတရားကို နှုတ်ကသာ ပြောမနေပါနှင့်။
လက်တွေ့လုပ်ပြဖို့သာ လိုပါသည်။

* 'နာမည်'ကို ငဲ့လျှင် လူအများက လေးစားမည်သာ။
  'အကျိုး'ကို ငဲ့လျှင် လူအများက ရွံရှာမည်သာ။
* အတွေးအခေါ်သည် အကျိုးအကြောင်းကို လေ့လာဖို့ သော့ဖြစ်၏။
  အကျိုးအကြောင်းသည် လူ့ဘဝကို ယဉ်ကျေးစေသော သော့ဖြစ်၏။
* 'အသိအမြင်'ကို ဘဝ၏အကြောင်းအကျိုးက ပေါက်ဖွား၏။
  'နည်းလမ်း'ကို လူ့ဘဝ၏ လိုအပ်ချက်က တီထွင်ထုတ်လုပ်၏။
* 'ရှင်ဖို့' သင်ယူရန် လွယ်၏။
  'သေဖို့' သင်ယူရန် ခက်၏။
  'သေခြင်း'၏တန်ဖိုးကို ကောင်းကောင်းနားလည်သဘောပေါက်သွားလျှင် 'ရှင်ခြင်း'၏ အကြောင်းအကျိုးကို ရိပ်စားတန်ဖိုးထားတတ်မည်။
* ရုန်းကန်ခြင်းသည် ရှင်သန်မှုအတွက် နိဒါန်းတည်း။
  ရှင်သန်နေခြင်းသည် ရုန်းကန်မှု၏ပန်းတိုင်တည်း။
* သိသာမြင်လွယ်ဆုံး အဖြစ်မှန်သည် အလေးနက်ဆုံး သဘောတရားကို လှစ်ဟသည်။ အရိုးစင်းဆုံးသဘောတရားသည် အကြီးမားဆုံးလုပ်ငန်းဆောင်တာကို ဖော်ဆောင်သည်။

- ခေတ်ဟောင်းကိုယ်ကျင့်တရားသည် ခေတ်သစ်ယဉ်ကျေးမှုအတွက် တစ်မျိုးတည်းသောဖြည့်စွက်ဆေး ဖြစ်၏။
ခေတ်သစ်ယဉ်ကျေးမှုသည် ခေတ်ဟောင်းလူနေမှုကို ပြုပြင်သည့် တစ်ခုတည်းသော နည်းကောင်းဖြစ်၏။
- ကလေးငယ်များ လူကြီးသူမများနှင့် အတူနေလျှင် လူ့သဘာဝ၏ ချစ်စရာများကို မြင်ရမည်။
လူဆိုးလူမိုက်များနှင့် အတူနေလျှင် လူ့အကျင့် စရိုက်ဆိုးများ၏ ကြောက်မက်ဖွယ်ရာများကို မြင်ရမည်။
- စိတ်မတည်ငြိမ်လျှင် တရားမရနိုင်ပေ။
တရားမရလျှင် ခန္ဓာက ဘယ်သို့ လိုက်ရမည် မသိတော့။
- သိပ္ပံသဘောတရားသည် အချိန်အခါနှင့်အမျှ အသစ်အသစ် ပြောင်းလဲ၏။
ဒဿနိကသဘောတရားသည်ကား ရှေးမှယခုထက်တိုင် မပြောင်းလဲပေ။
- ကိစ္စရပ်တိုင်းမှာ နည်းလမ်းရှိ၏။
ကိုယ့်အမြင်နှင့် ကိုယ်သတ်မှတ်နိုင်၏။
ပစ္စည်းတိုင်းက အသုံးဝင်ကြ၏။
မှန်မှန် အသုံးချဖို့သာလို၏။

၁၈၈

- ကိုယ့်ကိုယ်ကိုယ်ယုံမှ ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်နိုင်မည်။
သူ့ကိုယုံမှ သူ့ကိုလည်း ပျိုးထောင်ပေးနိုင်မည်။
- အတိုက်အခိုက် ပိုခံနိုင်သူသည် ထွန်းထွန်းပေါက်ပေါက်ပို၍ဖြစ်နိုင်သည်။
- သိက္ခာ မထိခိုက်သော ငွေရှာနည်းသည် နည်းပင်နည်းသော်လည်း တန်ဖိုးကြီးမား၏။
မခယရသော ဝမ်းကျောင်းမှုသည် ချို့တဲ့မှုရှိသောလည်း စိတ်ချမ်းသာ၏။
- စာနာစိတ်ရှိမှ သူတစ်ပါးအကျိုးကိုဆောင်ရွက်နိုင်မည်။
ညာတာစိတ်ရှိမှ သူတစ်ပါးကို သဘောထားကြီးနိုင်မည်။
ခန္တီစိတ်ရှိမှ သူတစ်ပါးနှင့် ဆက်ဆံရေးကောင်းနိုင်မည်။

- မကြားချင်သော စကားကိုနားထောင်လျှင် အောင်မြင်မှုရမည်။
  မလုပ်ချင်သောအလုပ်ကို လုပ်ဆောင်လျှင် မုချ ဆုံးရှုံးမည်။
- နည်းလမ်းကို သဘောပေါက်သွားလျှင် မပူပင်ရတော့။
  မောပန်းမှုကို ကျော်လွှားနိုင်လျှင်ဇိမ်ခံရနိုင်သည်။
- အသိမဲ့သူသည် ပညာရေး သုတေသနကို ဆန့်ကျင်၏။
  အစွမ်းမဲ့သူသည် အလုပ်တာဝန်ကို လိုးလွှဲငြင်းပယ်တတ်၏။
  သိက္ခာမဲ့သူသည် လူ့ကျင့်ဝတ်ကိုအမြဲလျစ်လျူရှုတတ်၏။
- ငွေကြေးဖြင့် သိက္ခာရှိ မရှိကို စမ်းသပ်သိနိုင်၏။
  လုပ်ရပ်ဖြင့် သစ္စာရှိ မရှိကို စမ်းသပ်သိနိုင်၏။
  စကားဖြင့် ဉာဏ်ရည် ရှိ မရှိကို စမ်းသပ်သိနိုင်၏။
  သဏ္ဍာန်ဖြင့် အချစ်နှင့်အမုန်းကို ခွဲခြားသိနိုင်၏။
- 'ငွေဆိုး'က မွန်မြတ်သော နှလုံးသားကို မထိုးဖောက်နိုင်။
  'လူဆိုး'က လောကပါလတရားကို မစောင့်သိနိုင်။
- ဒေါသထွက်စေသော ကိစ္စမျိုးတွင်ပညာအခံနှင့် သိက္ခာကို သိနိုင်၏။
  အရက်နှင့် မိန်းမကိစ္စတို့တွင် အကျင့်စာရိတ္တကို အကဲခတ်သိနိုင်၏။
- ဆင်းရဲသား- အကြံအစည်များ၏။
  လူချမ်းသာ- လောဘရမက်များ၏။
  ပညာတတ်-အတွေးအခေါ်များ၏။
  သူတော်ကောင်း-ကြင်နာတရား များ၏။
  လူယုတ်မာ- ကလိမ်ကကျစ်များ၏။
- သံသယရှိရာမှ သံသယပျောက်သွားစေခြင်းမှာ
  ဉာဏ်ပညာကြီးသူများ၏ သဘောထားဖြစ်၏။
  သံသယရှိရာမှ သံသယပွားသွားစေခြင်းမှာ
  ဉာဏ်ပညာနုံ့သူများ၏ စိတ်နေစိတ်ထားတည်း။
- 'အိုင်' တွေ့သော်လည်း 'ခြေမဆေး'သူ မြတ်၏။
  'ငွေ'တွေ့သော်လည်း အိန္ဒြေရှိသူတော်၏။
  'အလုပ်' များသော်လည်း မပျာတတ်သူ စွမ်း၏။
- တစ်နေ့ကုန်ငွေကြေးနားမှာသာ တစ်ဝဲလည်လည်လုပ်နေလျှင် ပျော်ရွှင်မှုဆိုသည်မှာ ဘာမှန်းသိမည်မဟုတ်။ အချိန်တိုင်း အရှုပ်အရှင်းများကြား အပြစ်ရှာရှင်းနေလျှင် လူ့ဘဝဆိုသည်မှာ ဘာမှန်းသိမည်မဟုတ်။




သူတော်စင်အားလုံး မှားတတ်ကြ၏။ သူတော်စင်များ သူတော်စင်ဖြစ်ရခြင်းမှာ "အမှားဝန်ခံ အမှားပြင်" ခြင်းတည်း။


ပုထုဇဉ်အားလုံး မှားတတ်ကြ၏။ ပုထုဇဉ်များ သူတော်စင်မဖြစ်ခြင်းမှာ "ငါမှန် ငါ မမှား ငါ ဟုတ်" ကြောင့်တည်း။

- သိက္ခာလည်းရှိ အစွမ်းအစလည်းရှိသူသည် အမြတ်ဆုံး လူစား။
  သိက္ခာရှိပြီး အစွမ်းအစမရှိသူသည် အလတ်တန်းလူစား။
  သိက္ခာမရှိ အစွမ်းအစ မရှိသူသည် အညံ့ဆုံးလူစား။
- အတွေးအခေါ် ပုံစံမကျသေးသူကိုအားလုံးပုံပြီး
  ယုံကြည်အားကိုး၍မဖြစ်နိုင်သေး။
  လုပ်ကိုင်ဆောင်ရွက်မှု စွမ်းရည်မပြနိုင်သူကို အားလုံးပုံပြီး
  ယုံကြည်စိတ်ချ၍ မဖြစ်နိုင်သေး။
- ပြောကြားသည်ကို နားထောင်သည့်အခါ
  ရည်ရွယ်ချက်ကို သိအောင် မှတ်ပါ။
  ရည်ရွယ်ချက်ကို သဘောပေါက်လျှင် အလိမ်မခံရတော့။
  ကြည့်ရှုအကဲခတ်သည့်အခါ ပင်ကိုယ်ဓါတ်ခံကို သိအောင်ပြုပါ။
  ပင်ကိုယ် ဓါတ်ခံသိမှ သင့်တော်သူကို ရွေးချယ်နိုင်မည်။
- သူတော်ကောင်းက သိက္ခာမဲ့သောအလုပ်ကို မလုပ်။
  ပညာတတ်က တန်ဖိုးမဲ့သော အလုပ်ကို မလုပ်။
  လူစွမ်းကောင်းက မထိရောက်သောအလုပ်ကို မလုပ်။

- သူတော်ကောင်းက ပညာရှင်ကို လေးစား၏။
  လူယုတ်မာက ပညာရှင်ကို မနာလို၊
  ဉာဏ်ကောင်းသူက ပညာရှင်ကိုအားကျ၏။
  လူအနွက ပညာရှင်ကို စွန့်ပယ်၏။
- မိန်းမတို့၏ အသက်သည် အချစ်၊
  လူညံ့တို့၏ အသက်သည် ငွေကြေး၊
  သူမြတ်တို့၏အသက်သည် ကိုယ်ကျင့်၊
- ကောင်းသူက သူတစ်ပါး၏ ကောင်းကြောင်းကိုသာ ပြော၏။
  ဆိုးသူက သူတစ်ပါး၏ ဆိုးကြောင်းကိုသာ ပြော၏။
- ဉာဏ်ပညာဖြင့် ငွေရှာသူသည် ပထမတန်းစား၊
  အတတ်ပညာဖြင့် ငွေရှာသူသည် အလတ်တန်းစား၊
  လိမ်ညာလှည့်ဖြားနည်းဖြင့် ငွေရှာသူသည် အောက်တန်းစား။
- လူယုတ်မာသည် 'စကားအလှ'ဖြင့် မိမိကိုယ်ကို တန်ဆာဆင်၏၊
  သူတော်ကောင်းသည် 'ကျင့်ဝတ်သိက္ခာ'ဖြင့် မိမိကိုယ်ကိုတန်ဆာဆင်၏။
- နေ့စဉ်အလုပ် နေ့စဉ်ပြီးလျှင် စိတ်ရွှင်လန်းဆန်းမည်၊
  မနက်တစ်ကြိမ် ညနေတစ်ကြိမ်
  ကိုယ်လက်လှုပ်ရှားလျှင် ကျန်းမာလန်းဆန်းမည်။
- လူမြင်ကောင်းအောင် နားဝင်ချိုသည့်စကားသည်
  လူအများကို မလှည့်စားနိုင်။
- သူတော်ကောင်းလုပ်သည့်အလုပ် ရေရှည်မည်၊
  သူရဲကောင်းလုပ်သည့်အလုပ် ကြီးကျယ်မည်။
- လူကောင်းရှိလျှင် အလုပ်ကောင်းဖြစ်မည်၊
  အလုပ်ကောင်းဖြစ်လျှင် အကျိုးများမည်။
- အချိန်ဖြုန်းတီးခြင်းသည် လုပ်ငန်းဖြုန်းတီးသည်နှင့်အတူတူ၊
  သူ့ကို လိမ်ညာခြင်းသည် ကိုယ့်ကိုယ်ကိုယ်လိမ်ညာသည်နှင့်မခြား။
- ဆုံးဖြတ်ချက်မရှိလျှင် ဘာအလုပ်မှ မလုပ်ချင်၊
  လုပ်ချင်စိတ်မရှိလျှင် ဘာအလုပ်မှမအောင်မြင်။
- စိတ်လှုပ်ရှားတက်ကြွချိန်တွင် ကီစ္စရပ်ကို မစဉ်းစားနှင့်၊
  မာန်စောင်တင်းနေချိန်မျိုးတွင် အရောင်းအဝယ် မဆွေးနွေးနှင့်၊
  စိတ်မလန်းဆန်းချိန်မျိုးတွင် အရေးကြီးအလုပ် မလုပ်နှင့်။

၁၈၉

- တစ်ဆင့်စကား ချက်ချင်းမယုံလိုက်နှင့်။
  မျက်မြင်ကိုစွ မယုံကြည်၍ မရ။
- သူ့လခကိုစားလျှင် သူ့ညွှန်ကြားမှုကို နာခံရမည်။
  လွတ်လပ်စွာ လုပ်ကိုင်လျှင် ကိုယ့်ဆန္ဒကို ဖော်ထုတ်ခွင့်ရှိသည်။
- အတွေးအခေါ်ရှိပြီး နည်းနာ မသိလျှင် အချည်းနှီးတည်း။
  နည်းနာသိပြီး အတွေးအခေါ်မရှိလျှင် အရာမရောက်။
- အပေါ်ယံအကြောင်းပြချက်ကို ယုံစားလျှင် အလိမ်ခံရမည်။
  စကား၏ ကြံရွယ်ချက်ကို သိရှိလျှင် အလိမ်မခံရနိုင်။
- ထိုးနှက်တိုက်ခိုက်မှု မခံနိုင်လျှင် ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာနိုင်။
  ထုသားပေသားကျ မလေ့ကျင့်လျှင် ထူးထူးချွန်ချွန် ဖြစ်မလာနိုင်။
- လွတ်လပ်စွာ တွေးဆနိုင်စွမ်းသည်
  လုပ်ငန်းတည်ထောင်မှု အုတ်မြစ်တည်း။
  လွတ်လပ်စွာ လုပ်ဆောင်နိုင်စွမ်းသည်
  စည်းစိမ်ခံစားရမည့် အစတည်း။
- မလုပ်ခင် ဆင်ခြင်တွေးဆပါ။
  လုပ်ပြီးမှ နောင်တမရနှင့်။
- မအောင်မြင်လျှင် မပြောနှင့် နည်းမသိလျှင် မရှင်းနှင့်။
  မလုပ်တတ်လျှင် မသုံးနှင့်။ လူမသိလျှင် မယုံနှင့်။
- လူနှင့်ရင်းနှီးမှ လူ့အကြောင်းကို ပိုသိမည်။
  လူ့အကြောင်းသိမှ လူကိုပို၍ သုံးတတ်မည်။
  လူကိုသုံးတတ်မှ လူများကိုပို၍ အကျိုးပြုနိုင်မည်။
- ကျင့်ဝတ်သိက္ခာ ရှိသူများသာလျှင်
  ကျင့်ဝတ်သိက္ခာကို အလေးထား၏။
  ပညာတတ်သူများသာလျှင် ပညာကို အလေးထား၏။
- မိုက်မဲသူ အရေးကြုံလျှင် ရန်ပြုတတ်၏။
  ညံ့ဖျင်းသူ အရေးကြုံလျှင် ညည်းတွားတတ်၏။
- ဉာဏ်ကြီးသူလုပ်သည့်အလုပ် မမှန်ကန်သည် မရှိနိုင်။
  ကြင်နာသူလုပ်သည့်အလုပ် သိက္ခာမဲ့သည် မရှိနိုင်။
  သတ္တိရှင်လုပ်သည့်အလုပ် မပြတ်သားမှု မရှိနိုင်။



ပညာသင်ယူခြင်းသည် အပိုအလုပ်ဟု ယူဆလျှင် အတွေးအခေါ် လမ်းဆုံးပြီ။

အလုပ်လုပ်ခြင်းသည် မျှော်လင့်ချက်မရှိဟုယူဆလျှင် အနာဂတ်ရေး လမ်းဆုံးပြီ။

- အကျိုးစီးပွားငယ်ကိုမက်တော့ ကိစ္စကြီးပျက်ရ၊
  အတင်းအဖျင်းနားထောင်လျှင် အရှုပ်အရှင်း ရှင်းရ၊
- ဉာဏ်မဲ့သူ သူတစ်ပါးကို အပြစ်ဆို၏။
  ကြင်နာမှုမဲ့သူ သူတစ်ပါးကိုမုန်း၏။
  သတ္တိမရှိသူ သူတစ်ပါးကို ကြောက်၏။
- လူကောင်းက ကောင်းတာကို မြင်၊ ကောင်းတာကို သင်ယူ၏။
  လူဆိုးက ဆိုးတာကို မြင်၊ ဆိုးတာကို သင်ယူ၏။
- လူယုတ်မာက ပညာရှင်ကို စိုးရိမ်၏။
  ညံ့ဖျင်းသူက ပညာရှင်ကို ဝန်တို၏။
  သူတော်စင်က ပညာရှင်ကို မြတ်နိုး၏။
  စွမ်းရည်ရှိသူက ပညာရှင်ကို သုံး၏။
- မသိလိုက်ဘဲ အလိမ်ခံလိုက်ရသူသည် လူညံ့။
  သိလျက် တမင် အလိမ်ခံလိုက်သူသည် ကြင်နာသူ။
- တစ်ကိုယ်ကောင်းမဆန်သော အလုပ်သည် ထာဝရ တည်၏။
  တစ်ကိုယ်ကောင်းမဆန်သော စကားကို ချီးကျူးသင့်လှ၏။

- နာကျည်းဖွယ် သင်ခန်းစာမျိုးမရဘဲ
 ဆိုးသွမ်းလူငယ်လမ်းမှန် ပြန်ရောက်ခဲ၏။
 တကယ့်အတွေ့အကြုံ မရှိဘဲနှင့်
 ကျေနပ်ဖွယ်ရာ အောင်မြင်မှုကို ရခဲ၏။
- မမြင်ကွယ်ရာမှာ သိက္ခာကို သိနိုင်၏။
 လူမြင်ကွင်းမှာ စွမ်းဆောင်မှုကို သိနိုင်၏။
- ဆွေမျိုးမိတ်ဆွေ မရှိသူသည် မေတ္တာတရား မရှိနိုင်။
 လက်အောက်ငယ်သား မရှိသူသည် သိက္ခာတရား မရှိနိုင်။
- ဉာဏ်ပညာမရှိလျှင် လောဘကြီး၏။
 အကြင်နာမရှိလျှင် ရက်စက်တတ်၏။
 သတ္တိမရှိလျှင် သူရဲဘောကြောင်၏။
- လူယုတ်မာသည် မကောင်းမှု မှန်သမျှ လုပ်၏။
 သူတော်ကောင်းသည် မကောင်းမှုမှန်သမျှ ရှောင်၏။
 ထို့ပြင်သူတော်ကောင်းသည် ကောင်းမှု မှန်သမျှ ဆောင်၏။
- လူညံ့နှင့် အငြင်းအခုန် မလုပ်နှင့် ဉာဏ်နှံ့ရာကျ၏။
 ဈေးသည်လေးများကို ဈေးမဆစ်နှင့် မကြင်နာရာကျ၏။
- အမေးခံရမည်ကို ကြောက်သည့် ကျောင်းဆရာသည်
 ပညာရည် မပြည့်ဝသောကြောင့်။
 စာမေးပွဲဖြေရမည်ကို ကြောက်သည့်ကျောင်းသားသည်
 ကြိုးစားမှုမလုံလောက်သောကြောင့်။
- သူတော်ကောင်း၏ စကားနှင့် အပြုအမူများကို
 လူယုတ်မာက သိဖို့အလေး မထား။
 လူယုတ်မာ၏ အတုအယောင်လုပ်ဆောင်မှုများကို
 သူတော်ကောင်းက သိအောင် တမင်လုပ်၏။
- သူများမလုပ်နိုင်သည့်အလုပ်ကို လုပ်မှ အရည်အချင်းမည်၏။
 သူများမပြောဝံ့သည့်စကားကိုပြောမှ ရဲစွမ်းသတ္တိမည်၏။
 သူများ မယူဝံ့သည့်တာဝန်ကိုယူမှ အားမာန်သတ္တိမည်၏။
- ဉာဏ်ပညာရှိသူသည် သူတစ်ပါး၏ အနိုမ်မခံရ။
 ကရုဏာရှိသူသည် သူတစ်ပါးထံ အသနားမခံ။
 သတ္တိရှိသူသည် သူတစ်ပါး၏ အခြိမ်းခြောက်မခံရ။

* အကျိုးစီးပွားမပါသည့် ဆက်ဆံရေးသည် မေတ္တာအခြေခံ၏။
အကျိုးစီးပွားပါရှိသည့် ဆက်ဆံရေးသည် ရယူမှုကို မျှော်ကိုး၏။

၁၉၀

* မပြောလျှင် မလိုလားအပ်သည့် အငြင်းပွားမှု မရှိနိုင်။
မငြင်းလျှင် မလိုလားအပ်သည့် ဘေးအန္တရာယ်မရှိနိုင်။
* **အချစ်**တွင် တူညီချက်သုံးချက် ရှိရမည်။
'အတွေးတူ'၊ 'မေတ္တာတူ'၊ 'အကြိုက်တူ'ဟူ၏။
အိမ်ထောင်ပြုလျှင် အချစ်သုံးမျိုးရှိရမည်။
'အသည်းစွဲ အချစ်ဖြစ်ရမည်'
'တူမျှသည့်အချစ်ဖြစ်ရမည်'
'စွဲမြဲသည့်အချစ်ဖြစ်ရမည်'
* ဥစ္စာမရှိလျှင် အပူအပင်မရှိ နေရ၏။
အသိမရှိလျှင် အဆင်အခြင်မရှိ ပြောတတ်၏။
* ဉာဏ်ထက်မြက်သူသည် လူ့သဘောကို နားလည်၏။
ကြင်နာတတ်သူသည် လူများကို မေတ္တာထား၏။
သတ္တိရှိသူသည် လူများကို ကာကွယ်တတ်၏။
* ဝန်ပိုတင်လျှင် လှေမှောက်မည်။
အစားကျူးလျှင် နာဖျားမည်။
အပြောများလျှင် မှားယွင်းမည်။
* အကောင်းဆုံးကုသနည်းသည်
မဆင်မခြင် 'ဆေးမစားခြင်း'ဖြစ်၏။
အကောင်းဆုံး အနားယူနည်းကား
ကိုယ်လက်လှုပ်ရှား အားကစားခြင်းတည်း။
* အစားများလျှင် အစာအိမ် ထိခိုက်၏။
အတွေးများလျှင် ဦးနှောက်ခြောက်ဖွယ်ဖြစ်၏။
လောဘကြီးလျှင် ကိုယ်ကျင့်တရားပျက်၏။
* ရေစီးဆင်းမှုမကောင်းလျှင် ရေပုပ်သွားတော့၏။
သွေးစီးဆင်းမှု မကောင်းလျှင် ရောဂါဖြစ်တော့၏။
* လူ့ဘဝသည် လှေဖြင့် ခရီးသွားခြင်းနှင့်တူ၏။

တည်တည်ငြိမ်ငြိမ်ရှိဖို့ အဓိကဖြစ်၏။
ကျန်းမာ အနာကင်းရေးသည် ပွဲကြည့်သည်နှင့်တူ၏၊
ချမ်းမြေ့ပျော်ရွှင်နိုင်ဖို့ အဓိကဖြစ်၏။

- ကိုယ်အနားယူခြင်းသည် ပင်ပန်းနွမ်းနယ်မှုသက်သာစေ၏၊
စိတ်အနားယူခြင်းသည် ပူပင်သောကများ လျော့နည်းစေ၏။
- ရောဂါကင်းလျှင် ကာကွယ်ရမည်၊
ရောဂါဖြစ်လျှင် ကုသရမည်။
ကာကွယ်နည်းမသိ၊ ကုသခြင်း မရှိလျှင်-
ရောဂါဖြစ်ပြီး သေဆုံးရမည် မုချ။
- ငွေပုံမြင်သော်လည်း မမက် သိက္ခာကြီးမြင့်သူတည်း၊
မိန်းမကြုံသော်လည်း ရှောင်နိုင် သူတော်စင် စိတ်ဓါတ်တည်း၊
သေမည်သိသော်လည်း မရွံ့ သူရဲကောင်းစိတ်ဓါတ်တည်း။
- အစားအသောက် အကန့်အသတ်ရှိလျှင်၊
ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းမည်။
အလုပ်လုပ်ချိန် နားချိန် စည်းကမ်းရှိလျှင်
လုပ်ငန်း အောင်မြင်ဖွံ့ဖြိုးလိမ့်မည်။
- စိတ်ထဲ မကျေနပ်လျှင် ဒေါသဖြစ်တတ်၏၊
ဒေါသသည် ကျန်းမာရေးကို ထိခိုက်၏။
အလွန်ချမ်းသာချင်လျှင် လောဘဖြစ်တတ်၏၊
လောဘသည် ကိုယ်ကျင့်တရား ထိခိုက်၏။
- စည်းစိမ်လွန်ကဲလျှင် အကျင့်စာရိတ္တ ပျက်ပြားလွယ်၏၊
အလိုလိုက်လွန်းလျှင် စိတ်ရောကိုယ်ပါ ချည့်နဲ့အားနည်း၏။
- တစ်ခဏတာ ပျော်ရွှင်မှုကို မတပ်မက်လျှင်
စွဲလမ်းမိသည့် ဆိုးကျိုးမျိုးမှ လွတ်ကင်းမည်။
- နေ့စဉ်လေ့လာဆည်းပူးလျှင် ပညာရင့်သန်မည်၊
နေ့စဉ် ကာယလေ့ကျင့်လျှင် ကျန်းမာသန်စွမ်းမည်။
- အိုမင်းမှုကို မေ့ထားခြင်းသည် ပို၍ရွယ်သည်မည်၏၊
ကလေးဆန် ရိုးစင်းခြင်းသည် မအိုသေးသည် မည်၏။
- အသက်ရှည်ပြီး မကျန်းမာလျှင် ဝဋ်ခံရသည်နှင့်တူ၏၊
ချမ်းသာသော်လည်း ငွေမသုံးတတ်လျှင် ဥစ္စာစောင့်နှင့် တူ၏။

* အချစ်သည် ချွင်းချက်မရှိ အနစ်နာခံခြင်းတည်း။
အမုန်းသည် အပြန်အလှန် အငြိုးသိုထားခြင်းတည်း။
* လင်မယားအကြား သံသယပွားလျှင်
ကြာလေ ပြဿနာများလေ ဖြစ်၏။
မိတ်ဆွေများအကြား အထင်မှားကြလျှင်
ကြာလေ သံယောဇဉ်နည်းလေဖြစ်၏။
* လင်မယားအကြား သဘောထား ကွဲလွဲလျှင်
ကုစားသည့်နည်းကောင်းမှာ “အလျှော့ပေးခြင်းနှင့် သည်းခံခြင်း”
မိတ်ဆွေများအကြား သဘောထားကွဲလွဲလျှင်
ကုစားသည့် နည်းကောင်းမှာ “တိတ်တိတ်နေခြင်းနှင့်ခွင့်လွှတ်ခြင်း”
* လင်ကို အထင်သေးခြင်းသည် ယုတ်ညံ့၏။
မယားကို အထင်သေးခြင်းသည် ဉာဏ်နုံ့၏။
* ချစ်ခြင်းမေတ္တာကို ရွှေငွေ ကျောက်
မျက်တို့ဖြင့် နှိုင်းချိန်၍ မရနိုင်။
ကိုယ်ကျင့်သိက္ခာကို ချမ်းသာကြွယ်ဝမှုကြည့်၍ အကဲမဖြတ်နိုင်။
* ယောက်ျားက ယောက်ျားပီသမှ မိန်းမ၏ လေးစားမှု ခံရမည်။
မိန်းမက မိန်းမပီသမှ ယောက်ျား၏မြတ်နိုးမှုကို ခံရမည်။
* လင်မယား ချစ်ခင်မြတ်နိုးနေလျှင်လူအများ အားကျကြ၏။
မိသားစု ပူညံရန်ဖြစ်နေလျှင် လူအများ အထင်သေး၏။



လက်မထပ်မီ မျက်လုံးဖွင့်ပြီး ပြူးကြည့်ပါ။
လက်ထပ်ပြီးနောက် မျက်လုံးမှိတ်ပြီး စဉ်းစားပါ။

- အတွေးအခေါ်သည် မအိုနိုင်။
  ရှေးဟောင်းဖြစ်သော်လည်း နုပျိုဆဲ။
- အပြောတတ်လျှင် အခွန်းတစ်ထောင် အမှားမပါ။
  အပြောမတတ်လျှင် တစ်ခွန်းပြောတစ်ခွန်း အမှားပါတတ်၏။
- တုံ့ပြန်မှုမြန်သည်ထက် တုံ့ပြန်မှု မှန်သည်က ပိုကောင်း၏။
  တုံ့ပြန်မှုများသည်ထက် တုံ့ပြန်မှု တိကျသည်က ပိုကောင်း၏။
- လူကို ဖျက်ဆီးဖို့အတွက် စကားတစ်ခွန်းနှင့်သာပြီး၏။
  လူကို ပျိုးထောင်ဖို့အတွက် စကားအခွန်းတစ်ထောင် လို၏။
- သားသမီးများ၏ ဒုက္ခဆင်းရဲသည်မိဘများ၏ အပြစ်တည်း။
  မိဘများ စိတ်မချမ်းသာဖြစ်ခြင်းသည် သားသမီး ဝတ်ပျက်ခြင်းတည်း။

၁၉၁

- လူသားတို့၏ တရားမျှတ စိတ်၊ ကြင်နာစိတ်၊
  အမှန်အမှား သိစိတ်တို့ကို ငွေကြေးဖြင့် ဝယ်၍မရနိုင်။
  ဆင်ခြင်တုံတရားကြီးမားလှသော ပညာရှိကြီးများ၏
  လေးနက်သော အသိအမြင်မှ ဖြစ်ပေါ်သည်သာတည်း။
- အမြဲတမ်း ခနဲ့တဲ့တဲ့ ပြောတတ်သူသည် အရေးပေါ်အခြေအနေ
  ကြုံသည့်အခါ ထိတ်ထိတ်ပျာပျာနှင့် ဘာမှပြောမထွက်တော့။
- ကလေးတို့၏ ရိုးဖြောင့်မှုသည် မိဘရှေ့တွင် ပေါ်လွင်၏။
  လူငယ်တို့၏ ရိုးဖြောင့်မှုသည် ချစ်သူရှေ့တွင် ပေါ်လွင်၏။
  ဘိုးဘွားတို့၏ ရိုးဖြောင့်မှုသည် မြေးများရှေ့တွင် ပေါ်လွင်၏။
- မကျွမ်းကျင်ဘဲ ကျွမ်းကျင်ယောင်ဆောင်သူ။
  နားမလည်ဘဲ နားလည်ယောင်ဆောင်သူ၊
  လောကတွင် အညံ့ဆုံး လူများတည်း။
- လူ ဆင်းရဲ၏ ပျော်ရွှင်ခြင်းသည် ပျော်ရွှင်မှုအစစ်တည်း။
  လူချမ်းသာ၏ စိတ်ဒုက္ခသည် ဒုက္ခအစစ်တည်း။
- ယောင်တီးယောင်တောင်ဖြင့် အချိန်တွေ ကုန်လွန်စေခြင်းသည်
  လူ့ဘဝအတွက် ဝမ်းနည်းစရာ အကောင်းဆုံးတည်း။
  အလုပ်ကို အမျိုးမျိုးအချိန်ဆွဲနေခြင်းသည်
  အရည်အချင်းမဲ့မှု၏ ရုက်စရာပြယုဂ်တည်း။

* လူသည် အစားနှင့် ကင်းကွာ၍ မရှင်သန်နိုင်။
အစာစားခြင်းသည် အားမွေးရန်သာဖြစ်သင့်၏။
တစ်ရက်ရှင်သန်လျှင် တစ်ရက် ရှမ်းကန်ရမည်သာ။
* စွမ်းရည်အစစ်အမှန်ကို မရှိဘဲလျက်
ဟန်ရေးပြ ဝင့်ဝါဂုဏ် ဖော်ချင်သူသည်
ကိုယ့်ဒုက္ခကိုယ်ရှာသည့်ပြုမူမှုတည်း။
* လျှော့ကန်သည့် လိုအပ်ချက်သည်
သင့်မြတ်သည့် တောင်းဆိုချက်တည်း။
* 'အချစ်'ဆုံးရှုံးသည် ကြေကွဲမှုသည် ကြေကွဲမှု အစစ်တည်း။
'အမုန်း' ကင်းမဲ့သည့် တွေးခေါ်မှု သည် ပျော်ရွှင်မှု ပေါက်ဖွား၏။
* လောကတွင် မကောင်းကောက် တစ် ဖြောင့်တည်းသောမြစ်ကြောင်းမရှိနိုင်။
လူများတွင် မပြောင်းလဲသော ထာ ဝရမေတ္တာမရှိနိုင်။
* ဒုက္ခဆင်းရဲမှ လွတ်ကင်းသောအခါ ဒုက္ခရောက်ခဲ့ပုံကို မမေ့မှသာ
တကယ်ဒုက္ခ တွင်းမှ လွတ်ကင်းခြင်းတည်း။
* ရာထူးကြီးမြင့်လေ၊
ကန့်သတ်မှုများလေ၊
လွတ်လပ်မှု နည်းလေ။
* စကားပြောကောင်းသူသည် စဉ်း စားပြီးမှ ပြော၏။
မပြောတတ်သူသည်ကား ပြောပြီးမှ စဉ်းစား၏။
* ပညာရှိ၏ စကားမြတ်တစ်ခွန်းကို တစ်သက်လုံး သုံးစွဲ၍ မကုန်ဆုံးနိုင်။
* 'အကျိုး'ကို မြင်လျှင် နောက်တစ် လှမ်းဆုတ် အမုန်းမပွားနိုင်။
'တရား'နှင့် ကြုံလျှင် ရှေ့တစ်လှမ်း တိုး စိတ်ချမ်းသာလိမ့်မည်။
* ယုတ္တိမတန်လျှင် အားမာန်မရှိ။
စိတ်ဓာတ်အားနည်းလျှင် သတ္တိမရှိ။
* လွန်ကဲသည့် တောင့်တမှု မရှိလျှင်
မမျှော်လင့်သည့် စိတ်ပျက်ရခြင်း မရှိတော့။
စိတ်ပျက်ရမှုမျိုး မရှိတော့လျှင် ရွံမုန်းမကျေနပ်မှုမျိုးများလည်းမရှိတော့။
* စိတ်၏ ပျော်ရွှင်ချမ်းသာခြင်းသည် ရုပ်ဝတ္ထုစည်းစိမ်ထက်သာ၏။
* မျက်ရည်မရှိသူသည်'နှလုံးသေ'နေ သူဖြစ်၏။
ကျိုးကြောင်းမဲ့ စကားပြောသူသည် 'စိတ်ရူး'နေသူတည်း။

- လျှင်မြန်လေ ခွန်အားကြီး၏။
  ကြီးမားလေ ခြေကုပ်မြဲလေ။
  ခက်ခဲလေ တန်ဖိုးမြင့်၏။
- အမှားရှိလျှင် အလျှင်ဝန်ခံ အပြစ်မဲ့ ၏။
  အကျိုးပြုလျှင် ဂုဏ်ဖော်ပြောက အကျိုးမဲ့၏။
- တွက်ကတ်လွန်းလျှင် သဘောထားသေးခြင်းဖြစ်၏။
  တည်ကြည်လွန်းလျှင် မျက်နှာထားတင်းရာကျ၏။
- အပြုအမူများလျက် မပြုပြင်သူသည် မတ်တပ်သွား 'အလောင်းကောင်' တည်း။
  အတွေးအခေါ်များလျက် မပြုပြင်သူသည် 'သေသောနှလုံး' ပိုင်ရှင်တည်း။
- စကားများများပြောလျှင် များများမှား၊ နည်းနည်းပြောလျှင် နည်းနည်းမှား၊ လုံးဝ မပြောလျှင် လုံးဝ မမှား။
  အလုပ်များများလုပ်လျှင် များများ အကျိုးပြုနည်းနည်းလုပ်လျှင် နည်းနည်းအကျိုးပြု လုံးဝ မလုပ်လျှင် လုံးဝ အကျိုးမပြု။
- စဉ်းစားပြီးမှ ပြောဆိုလျှင် မုချ ကောင်းအောင် ပြောနိုင်မည်။
  ပြောပြပြီးမှ လုပ်ကိုင်လျှင် မုချ ကောင်းအောင် လုပ်နိုင်မည်။
- အများအရေးကို အလေးထားသူ သည် တစ်ကိုယ်ကောင်း မဆန်တတ်။
  တစ်ကိုယ်ကောင်းဆန်သူသည် အ များအရေးကို အလေးမထားတတ်။
- ဒဏ်ပေးခြင်းကို အမျိုးရင်းက စတင် ပေးမှ လူတိုင်း အမှားမကျူးလွန်ဝံ့။
  ဆုပေးခြင်းကို သူစိမ်းက စတင်ပေးမှ လူတိုင်း တက်ကြွကြိုးစားတီထွင်မည်။
- ဘဝနေထိုင်မှု ရိုးစင်းစေရမည်။ လုပ်ဆောင်မှု အကျိုးသက်ရောက်စေရမည်။ အချိန်ကို ချွေချွေတာတာ သုံးရမည်။
- ရှင်းရှင်းလင်းလင်းသိလျှင် ကြံခိုင်ပြတ်သား၏။
  တက်တက်ကြွကြွရှိလျှင် ပျော်ပျော်လုပ်ကိုင်၏။
- ပညာတတ်လျှင် ဖော်လံမဖား။
  စွမ်းရည်ရှိလျှင် ကပ်ယပ်မလို။
- အလိုမကျချိန်တွင် 'သည်းခံနိုင်စွမ်း' ကို အကဲခတ်နိုင်၏။
  ရွှင်လန်းအားရချိန်တွင် 'နှိမ့်ချနိုင် စွမ်း'ကို အကဲခတ်နိုင်၏။

* **မသမာသူ၏ စကားသည် နားဝင် ချိုတတ်၏၊**
**သုခမိန်၏ ဉာဏ်ပညာသည် ဘဝင် ခိုက်စေ၏၊**
* ဥစ္စာဓန မက်မောသူတွင် ရည်မှန်း ချက် ကြီးကြီးမရှိ၊
နာမည်ကောင်း မက်မောသူတွင် ဥစ္စာဓနများများမရှိ။

၁၉၂
* အချိန်သည် ပြဿနာကို ပြယ်လျော့ စေနိုင်၏၊
ကွက်လပ်သည် ပစ္စည်းများကို ဝင်ဆန့်စေနိုင်၏။
* ဒဿနိကသည် လူ့တရားကို အာရုံပြု၏။
သိပ္ပံပညာသည် ရုပ်တရားကို အာရုံပြု၏။
* အသက်ရှင်သန်ရေးသည် အရာခပ်သိမ်းတို့၏ ပင်ကိုယ်သဘောတည်း၊
တိုးတက်ကောင်းမွန်ရေးသည် လူသားတို့၏ ပင်ကိုယ်သဘောသာဖြစ်၏၊
* သူတော်ကောင်း၏ စကားမွန်ကြောင့် လူအများ ထောမနာပြုကြ၏၊
လူတော်လူကောင်း၏ ဆင်ခြင်စကား ကြောင့် လူအများ ယုံကြည်ကြ၏၊
လူဖျင်းလူညံ့၏တာဝန်မဲ့စကားကြောင့် လူအများ ရွံမုန်း၏။
* စိတ်နေစိတ်ထား အမြဲ ပေါ့ပါးလျှင် ရောဂါကင်းရှင်းမည်၊
စိတ်ရင်း အမြဲပျော်ရွှင်လန်းဆန်းလျှင် အသက်ရှည် လိမ့်မည်၊
* ဦးနှောက်ကို အသုံးလွန်လျှင် စိတ်ပန်းမည် ခွန်အားကို အသုံးလွန်လျှင်
လူပန်းမည်။
ဒေါသ အထွက်လွန်လျှင် အသက်တိုမည်။
* တင်းမာမှုကင်းခြင်းသည် အသက်ရှည် ရေးနည်းကောင်းတည်း၊
ပျာယာမခတ်ခြင်းသည် ပြဿနာဖြေ ရှင်းနည်းတည်း။
* ဗိုက်ဆာလျှင် စား ၊ ရေငတ်လျှင် သောက်၊ အေးလျှင် ထပ်ဝတ်၊ ပင်ပန်း
လျှင် နား၊ ဤသည်တို့မှာ အခြေခံ ကျန်းမာရေး စောင့်ရှောက်နည်းများ
ပင်တည်း။
* လူ့ဘဝ၏ ပျော်ရွှင်နိုင်မှုများကား
သောကကင်း၊ ကြောင့်ကြကင်း၊ နောက်ဆံမတင်း၊ စိုးရိမ်ကင်းခြင်းတို့
တည်း။
လူ့ဘဝ၏ စိတ်ဆင်းရဲရမှုများကား
ငတ်မွတ်ခြင်း၊ ချမ်းတုန်ခြင်း၊ ရောဂါရခြင်း၊ နာကျင်ခြင်းတို့တည်း။

- အကြွေးကင်းလျှင် တစ်သက် စိတ် ချမ်းသာပျော်ရွှင်မည်။
  အကြွေးမပေးလျှင် တစ်သက်ကြောင့် ကြစရာ မရှိ။
- အားလပ်လွန်းပြီး ပျင်းရိလျှင်မကောင်း မှု လုပ်မိရန် လွယ်ကူ၏။
  အလုပ်ပင်ပန်းစွာ လုပ်လွန်းလျှင် ရောဂါ ဖြစ်ပွားရန် လွယ်ကူ၏။
- အလုပ်များမှ အားလပ်ခြင်း၏ ပျော် ရွှင်ဖွယ်ကို သိ၏။
  အားလပ်မှ အလုပ်များခြင်း၏ အရ သာကို သိ၏။
- အိပ်ရေးဝလျှင် စိတ်ကြည်လင်၏။
  ကြွက်သားမာလျှင် ခံနိုင်စွမ်း၏။
- စိတ်ကို လေ့ကျင့်လျှင် စိတ် ခိုင်မာ အားကောင်းမည်။
  ကိုယ်ကို လေ့ကျင့်လျှင် ကိုယ်ကြံ့ခိုင် သန်စွမ်းမည်။
- ဆေးသည် တန်ဖိုးနည်းများနှင့် မဆိုင်။ ရောဂါပျောက်လျှင် အဖိုးတန်၏။
  လူသည် ဆင်းရဲချမ်းသာနှင့်မဆိုင်
  ကျင့်ဝတ် သိက္ခာရှိလျှင် မြတ်၏။
- စိတ်ပေါ့လျှင် တစ်ကိုယ်လုံးပေါ့၏။
  စိတ်ပျော်လျှင် တစ်ကိုယ်လုံးရွှင်၏။



ရောဂါဖြစ်မှ ကျန်းမာရေး၏ တန်ဖိုးသိ။
အခက်ကြုံမှ ဆွေမျိုးကောင်း၏ တန်ဖိုးသိ။

- မိန်းမများအဖို့ လင်ကောင်း ရွေးချယ် ခြင်းသည် အရေးအကြီးဆုံး။
  ယောက်ျားများအဖို့ လုပ်ငန်းကောင်း ရွေးချယ်ခြင်းသည်အရေးအကြီးဆုံး။
- လင် နှင့် မယား အိုမင်းလာလေ မေတ္တာပိုလေ။
  မိတ်ဆွေသူငယ်ချင်းအိုမင်းလေ သစ္စာ ရှိလေ။

* အရှုပ်အရှင်းများသည့် မိန်းမကို မယူနှင့်။
  အစွမ်းအစမဲ့သည့် ယောကျ်ားကို မယူနှင့်။
* အိမ်မှာ ခွေးဆိုးရှိလျှင် သူစိမ်းမလာရဲ။
  အိမ်မှာ မယားဆိုးရှိလျှင် မိတ်ကောင်းမလာရဲ။
* မိဘချင်းမတဲ့လျှင် သားသမီး စိတ်ဆင်းရဲကြ၏။
  သားသမီးတို့၏ ဂုဏ်ရောင်သည်ကား မိဘများ၏ကိုယ်ပွားတည်း။
* သက်စွန့်ဆံဖျား စိတ်ဓာတ်မျိုးရှိမှ အ ကျိုးထူးဆောင်နိုင်မည်။
  ကြိုးပမ်းရုန်းကန်ဝံ့သည့် စိတ်ရှိမှ အောင်မြင်မှုရနိုင်မည်။
* အတ္တကြီးသူသည် သေရမည်ကို အ ကြောက်ဆုံးဖြစ်၏။
  ကိုယ်ကျိုးမငဲ့သူသည် သေရမည်ကို မကြောက်ဆုံးဖြစ်၏။
* ငွေကြေးငြင်းပယ်ဝံ့သူကို လူအများက ကြောက်ရွံ့မည်။
  အသက်စွန့်ဝံ့သူကို တစ္ဆေသရဲတို့ ကြောက်ရွံ့မည်။
  ရှုပါရုံ မမက်သူကို နတ်သိကြားတို့ ကြောက်ရွံ့မည်။
* ငွေကြေး၏ ကျေးကျွန်ဖြစ်လျှင် စိတ်ဆင်းရဲရ၏။
  ငွေကြေး၏ သခင်ဖြစ်လျှင် ချမ်းသာပျော်ရွှင်၏။
* လူငယ်များ သတ္တိဗလပြိုင်ကြသည်။
  လူလတ်များ စီးပွားလုပ်ငန်း ပြိုင်ကြသည်။
  သက်ကြီးများ အသက်ရှည်ဖို့ ပြိုင်ကြသည်။
* လူက ငွေနောက်ကို လိုက်လျှင် ရည်မှန်းချက်ရောက်ခဲ၏။
  ငွေက လူနောက်ကို လိုက်လျှင် ရည်မှန်းချက်ရောက်တော့၏။
* တာဝန်ပြီးဆုံးသွားခြင်းသည် ပထမပျော်ရွှင်ခြင်းတည်း။
  ကုန်ရုံးကြွေးတင်မှုကင်းခြင်းသည် ဒုတိယ ပျော်ရွှင်ခြင်းတည်း။
  စိုးရိမ်ကြောင့်ကြမှုကင်းခြင်းသည် တတိယပျော်ရွှင်ခြင်းတည်း။
  အောင်မြင်အောင် ကူညီနိုင်ခြင်းသည် စတုတ္ထပျော်ရွှင်ခြင်းတည်း။
* မသမာသော အတွေးမရှိလျှင် ရင်လေးကြောင့်ကြစရာမရှိ။
  မသမာ ဆိုးသွမ်းမှုမရှိလျှင် အန္တရာယ်ပေးမည့်သူမရှိ။
* နားဖြင့် နည်းနည်း 'နားထောင်'၊ မျက်စိဖြင့် များများ 'ကြည့်'၊
  အတိမ်းအစောင်းနည်းမည်။
  လက်ဖြင့် နည်းနည်း'ညွှန်ကြား'၊ ခြေ ထောက်ဖြင့် များများ 'သွား' အကျိုး
  ထင်မှုများမည်။

နှုတ်ဖြင့် နည်းနည်း 'ပြောဆို'၊ ဦး ကျောက်ဖြင့် များများ 'တွေး'ဘက်စုံ အသုံးဝင်မည်။

- ခေါင်းအေးအေးဖြင့် မစဉ်းစားဘဲလုပ် လျှင် အများအားဖြင့် မှားယွင်းနိုင်။ အတွေ့အကြုံများဖြင့် လုပ်ကိုင်လျှင်၊ အများအားဖြင့် စိတ်ချနိုင်။
- ချွေတာသင့်သည်ကို တစ်ပြားလည်း ချွေတာရမည်။ ငွေရှာရာတွင် ပြားဝက် မြတ်လည်း လုပ်ကိုင်ရမည်။
- အလုပ်တာဝန်ပြီးပြတ်လျှင် တစ်ကိုယ် လုံး ပေါ့ပါးသွား၏။ စိုးရိမ်ပူပန်မှုကင်းလျှင် စိတ်ကြည်လင် ပေါ့ပါးတော့၏။
- သင့်ကို ယုံကြည်လျှင် ရဲရဲဝံ့ဝံ့လုပ်။ သင့်ကို နှစ်သက်လျှင် မကြောက်မရွံ့ပြော။

၁၉၃

- ဟောင်းနွမ်းနေပြီဖြစ်သည့် ယဉ်ကျေးမှုထုံးစလေ့ကို သစ်လွင်သည့် အစဉ် အလာအဖြစ် ဖန်တီးနိုင်လျှင် သင်ယူခဲ့သည့်ပညာကို အသက်ပါပါ သုံးသည်မည်၏။
- ပညာကို ဆုံးခန်းတိုင်ရှာမှီးမှ ပျော်ရွှင်မှု ဆုံးခန်းတိုင် ရရှိမည်။
- မိတ်ဆွေပေါင်းသင်းဆက်ဆံရေး တွင် မျှတမှုပျက်ပြားသွားသည်နှင့် ဆက်လက်ပေါင်းသင်းရန် ခက်ကပြီ။
- လောကတွင် သူတော်ကောင်းနှင့် သူယုတ်မာ၊ လူတော်လူကောင်းနှင့် လူဖျင်းလူညံ့၊ မြင့်မြတ်သူနှင့် ယုတ်ညံ့သူဟု ရှိမြဲ ဤသည်ကို လူအများက ဆုံးဖြတ်၏။
- သည်းခံခြင်းသည် အရည်အချင်း တစ်ရပ်ဖြစ်၏။ သည်းခံမှုလွန်ကဲလျှင် စွမ်းရည်မဲ့ရာကျ၏။
- အရည်အချင်းရှိသူက တတ်သည်သိသည် မကြွားဝါ။ မတတ်တတတ် သူသာ နေရာတကာ ကြွားဝါနေတတ်၏။ တကယ်လုပ်ရသည့်အခါတွင် နည်းနည်းမှ မကျွမ်းကျင်။
- လူအများ၏ 'အကဲဖြတ်'ခြင်းသည် အကျိုးစီးပွားမဲ့ အငြင်းမပွား ပကတိ အနေအထားပင်တည်း။
- ရန်ပြေစေပြီး မိတ်ဆွေဖြစ်အောင် လုပ်နိုင်ခြင်းသည် ပညာရှိ၏ အမြင့်ဆုံး နည်းပရိယာယ်တည်း။ ဆိုးသွမ်းသူများကို ဖယ်ရှင်းနှိမ်နင်းနိုင်ခြင်းသည် တာဝန်ကို အမြင့်မားဆုံး စွမ်းဆောင်နိုင်ခြင်းတည်း။

* လူ့ဘဝဖြစ်စဉ်များအတွင်း ဟီရိုဒြတ္တပွစိတ်ကို ဖေါက်ဖျက်သည့်အလုပ်မျိုး မလုပ်ခဲ့ဖူးလျှင် သေသည်အထိ ဝမ်းနည်းစရာမျိုး မရှိနိုင်ပေ။
* 'ကြင်နာ'တတ်ခြင်းသည် လူအများကို အားကျမြတ်နိုးစေ၏။ 'သစ္စာ' ရှိခြင်းသည် လူအများစိတ်လှုပ်ရှားထိခိုက်စေ၏။
* အလုပ်ကျွမ်းကျင်သူသည် အလုပ်များသည်ကို အလေးမထား။ အလုပ်၏ အကျိုးသက်ရောက်မှုများကိုသာ အလေးထား၏။ စကားကျွမ်းကျင်သူသည် များ များပြောကြားရန် အလေးမထား။ အခြေအနေနှင့် အံဝင်ခွင်ကျမှုကိုသာ ပြောတတ်၏။
* အလုပ်ကိုရှာလုပ်ခြင်းသည် အလုပ်ထဲတွင် စိတ်ကိုနှစ်ထားနိုင်၏။ အလုပ်လုပ်စရာမရှိလျှင် စိတ်ဓါတ်ကျစရာသာရှိ တော့၏။
* လူတိုင်း အားသာချက် အားနည်း ချက်ရှိစမြဲ။ အားသာချက်ကိုသုံး၊ အား နည်းချက်ကိုပယ်လျှင် အကျိုးဆောင်သည့် လုပ်ငန်းကို ပြီးမြောက်နိုင်၏။
* စကားပြောရာတွင် မလွန်ကျံစေနှင့်၊ လွန်ကျံလျှင် ဘေးချော်ရှုပ်ထွေးကုန်တတ်သည်။ စီမံခန့်ခွဲရာတွင် စိတ်မစောနှင့်၊ စိတ်စောလျှင် အဟန့်အတားနှင့်ကြုံတတ်သည်။
* လုပ်ငန်းဟူသည် ပင်ပန်းဆင်းရဲခြင်းမှ ထူထောင်လာသည်ချည်း၊ ပညာဟူသည် ပင်ပန်းဆင်းရဲခြင်းမှ သင်ယူလာသည်ချည်း၊
* အထင်မှားရာမှ အမြင်မှန်လာခြင်းသည် အသိမှန်ဖြစ်၏။ သိကျွမ်းခဲ့ရာမှ ယုံကြည်ခြင်းသည် ယုံကြည်မှုအမှန်ဖြစ်၏။
* မီးဖုတ်မခံသည့်သံသည် အသုံးမကျတော့။ အသုံးပြု၍မရသောလူသည် လူပိုတည်း။
* သူတစ်ပါးကို သိဖို့လွယ်၏။ ကိုယ့်ကိုယ်ကိုယ်သိဖို့ခက်ခဲ၏။ ကိုယ်ကောင်းဖို့ စဉ်းစားရလွယ်၏။ သူကောင်းဖို့ စဉ်းစားရခက်၏။
* လူ့ဘဝ၏အကြောင်းအကျိုးကို သေချာသိမြင်လျှင် စိုးရိမ်သောက ပူဆွေးကြောက်လန့်ခြင်းများ ကင်းဝေးလိမ့်မည်။
* လူနှင့်တိရစ္ဆာန်တို့၏ သဘာဝသည် မွေးရာပါမတူ ခြားနားမှုများမဟုတ်၊ မွေးပြီးသည့်နောက်မှ ကွဲပြားသွားခြင်းဖြစ် ၏။
* ငွေကြေး မကုန်ကျအောင် ကျန်းမာရေးထိခိုက်ခံခြင်းသည် ဆေးဘယာရာ မရောက်သော အလွန်ညံ့ဖျင်းသည့်တွက် ကိန်းတည်း။

- ရောဂါကြီးများသည် ရောဂါသေး များပေါင်းစုကြီးထွားလာခြင်းတည်း။ ရောဂါသေးများသည် နေ့ထိုင်စားသောက်မှု ပေါ့ဆခြင်းမှ လာ၏။
- ကိုယ့်ခန္ဓာကို မြတ်နိုးဖို့ နားမလည်သူသည် လုပ်ငန်း၏တန်ဖိုးကို နားလည်ရန် ခက်ခဲ၏။
- စိတ်ဓာတ်တင်းကျပ်လွန်းခြင်း၊ စိတ်ဓာတ်လျော့ရဲလွန်းခြင်း၊ နှစ်မျိုးလုံး ကျန်းမာရေးကို ထိခိုက်စေ၏။
- လင်မယားခရီးဖော်ဖွဲ့ခြင်းတွင် သိမှုသုံးပါး မှုချလိုအပ်၏။ ကိုယ်ကျင့်တရား သိရှိခြင်း၊ ပညာအဆင့် သိရှိခြင်း၊ အမူအကျင့်သိရှိခြင်း တို့ပင်တည်း။
- လင်နှင့်မယားအကြား မေတ္တာသည် လူငယ်ဘဝတွင် အညှောက် ပေါက်၏။ သန်မာချိန်တွင် ဖွံ့ဖြိုးစည်ပင်၏။ အိုမင်းချိန်တွင် တည်တံ့ နိုင်မြဲ၏။
- ဟန်ဆောင်မှုနှင့်မာယာ၊ နှုတ်ချိုမှု ဟူးသကာ အားလုံးတို့သည် ဆင်ခြင် ဉာဏ်ဖြင့် တည်ငြိမ်စွာ အကဲခတ်တတ်မှု မှ ပြေးမလွတ်။
- ငွေကြေးဖြင့် ငတုံးများနှင့် ဉာဏ်တစ်ဝက်ရှိသူများ၏စိတ်ကို ဝယ်ယူနိုင် ၏။ သို့သော် ဆင်ခြင်တုံတရားရှိသူ၏ ရှေ့မှောက်တွင် ငွေကြေးသည် အရာမရောက်။
- တိုက်ဆိုင်စစ်ဆေးခြင်းပြုသည်မှာ သံသယပယ်ဖျောက်ရန် ဖြစ်၏။ သွေးခွဲရန် တိုက်မှုကို ရှောင်ရန်နည်းကောင်းတည်း။
- အမှန်တရားသည် နေ့စဉ်ဘဝထဲတွင် ရှိ၏။ နေရာတိုင်းကို ဂရုစိုက် အကဲခတ်ကြည့်တတ်လျှင် လူတိုင်းနားလည်နိုင်၊ လူတိုင်း ရယူပိုင်ဆိုင် နိုင်၏။
- လူ့'အိုခြင်း' 'မအိုခြင်း'သည် အတွေးအခေါ်ပေါ်တည်၏။ အတွေးအခေါ် 'အို မင်း'လျှင် အရာရာ ရပ်တံ့ပြီတည်း။

၁၉၄

- ပတ်ဝန်းကျင်က မိမိကို စာရိတ္တမပျက်ပြားစေနိုင်။ မိမိကသာ မိမိကို စာရိတ္တပျက်ပြားစေနိုင်၏။ အခြားသူက မိမိကို မစောင့်ရှောက်နိုင်။ မိမိကသာ မိမိကို စောင့်ရှောက်နိုင်မည်။

* မတရားမှုကို မတိုက်ဝံ့ခြင်းသည် သတ္တိကြောင်ခြင်း။
ကောင်းမှုကုသိုလ်ကို မလုပ်လိုခြင်းသည် ကျင့်ဝတ်ပျက်ခြင်း။
* တနာမှုကို စိတ်ဖြင့် သိနိုင်၏။ နှုတ်က ဖွင့်ပြောရန်မလို။ ဆင်းရဲမှုကို ရုပ်ဝတ္ထုကူမှု၊ နှုတ်၏စောင်မမှုဖြင့် မပြီး။
* မျှော်မှန်းချက် မရှိသော လူတွင် ကောင်းအောင်လုပ်ကိုင်နိုင်ရန် မဖြစ်။
ရည်မှန်းချက် မရှိသောလုပ်ငန်းတွင် အောင်မြင်မှု မမြင့်မားနိုင်။
* အမှားကို ဝန်မခံတတ်သမျှ တိုးတက်မှု မရရှိနိုင်။
ကိုယ်တိုင် သင်ယူချင်စိတ်မရှိလျှင် အောင်မြင်မှု ရနိုင်ခဲ၏။
* အကျိုးအမြတ်ကြည့် ဆက်ဆံရေးသည် စိတ်ဓာတ်အားပေးစရာ မရှိ။
အမှန်တရားကြိုက် ဆက်ဆံရေးသည် အကျိုးအမြတ်ကို မမျှော်ကိုး။
* စွမ်းရည်ရှိသောမိတ်ဆွေနှင့်မပေါင်းသင်းနိုင်လျှင် လုပ်ငန်းမအောင်မြင်နိုင်။
ကိုယ်ကျင့်ကောင်းသော မိတ်ဆွေနှင့် မပေါင်းသင်းနိုင်လျှင် သိက္ခာဂုဏ်မတက်နိုင်။
* ဆင်ခြင်တုံတရားကင်းမဲ့လျှင် သောကဗျာပါဒ ပွားရမည်။
ချစ်ခင်ရင်းနှီးမှု ကင်းမဲ့လျှင် အထီးကျန် အဖော်မဲ့လိမ့်မည်။
* အသေးအဖွဲ့ကို ပေယျာလကန်ထားလျှင် ကြီးမားသည့်အထင်မှားမှုမျိုးဖြစ်တတ်သည်။
အသေးအဖွဲ့ ကောင်းကျိုးဆောင်မှုများခဲ့လျှင် ကြီးမားသည့်အကျိုးသက်ရောက်မှုပေါ်ပေါက်မည်။
* အမှန်ကိုသိမှ နှလုံးအေးချမ်းမည်။
မမှန်တာသိမှ ရှက်တတ်ရှောင်ကြဉ်မည်။
* ချစ်ခြင်းသည် အတွင်းမှထွက်လာ၏။
မုန်းခြင်းသည် အပြင်မှ ဝင်သွား၏။
ချစ်ခြင်းသည် ဘက်နှစ်ဘက်မှ ဖြစ်၏။
မုန်းခြင်းသည် တစ်ဖက်သတ်တည်း ဖြစ်၏။
ချစ်ခြင်းမှ မုန်းခြင်းသို့ ပြောင်းနိုင်၏။
မုန်းခြင်းမှ ချစ်ခြင်းသို့ ပြောင်းခဲ၏။
* အကျိုးရှိလျှင် အကြောင်းရှိရမည်။
အကြောင်းရှိလျှင် အကျိုးရှိရမည်။

အကြောင်းတစ်ခု အကျိုးများစွာ ဖြစ်ပေါ် အကျိုးများစွာအကြောင်း
တစ်ခုကြောင့်သာ။
အကျိုးထဲမှာလည်း အကြောင်းဖြစ်တတ်ပြန် အကြောင်းထဲမှာလည်း
အကျိုးဖြစ်တတ်ပြန်ကြောင်းကျိုးမှုလမှာ အကြောင်းမဲ့သက်သက်ပါ။
ကျိုးကြောင်းဆီလျော်ခြင်းသာ ကြောင်းကျိုးတရားပါ။

- ထုံထိုင်းရာမှ ထက်မြက်လာရန် ခက်ခဲ၏။
ထက်မြက်ရာမှ ထုံထိုင်းသွားရန် ပိုခက်၏။
လုပ်ကိုင်ရာမှ တတ်သိလာရန် လွယ်ကူ၏။
သိရှိရာမှ လုပ်ကိုင်တတ်ရန် ပိုလွယ်၏။
- လူသားများသည် တစ်ကိုယ်ကောင်းဆန် စိတ်မျိုးရိုးလိုက်တတ်ကြ၏။
သားသမီးများ အပေါ်၌သာ တစ်ကိုယ်ကောင်းမဆန်တတ်ကြ။
လောကီသားများသည် လိမ်ပြောသည့်အကျင့်ဆိုးမျိုးရှိကြ၏။
ဆရာဝန်များကိုသာ လိမ်ညာပြောခြင်း မလုပ်ဝံ့ကြပေ။
- မျက်စိဖြင့် ပြဿနာကို ကြည့်ရှုခြင်းသည် အပေါ်ယံသာဖြစ်၏။
နားဖြင့် ပြဿနာကို နားထောင်ခြင်းသည် တစ်ပိုင်းတစ်စသာဖြစ်၏။
ဦးနှောက်ဖြင့် ပြဿနာကို စဉ်းစားမှသာ လေးနက်ပြည့်စုံနိုင်၏။
- သံလို ဘဝ အမြင်မျိုးရှိမှ ကြံခိုင်ပြတ်သားသည့် ရပ်တည်မှုရှိမည်။ 'အသုံး'
ဝင်သည့် လုပ်ငန်းအမြင်မျိုးရှိမှ တန်ဖိုးကို ဖန်တီးနိုင်မည်။ 'တည်ငြိမ်'
သည့် အတွေးအမြင်မျိုးရှိမှ သဘောတရား ထုထောင်နိုင်မည်။
- ဆင်းရဲသော် တာဝန်ဝတ္တရားလေးစားမှ စိတ်မရှုပ်ရပေ။
ချမ်းသာသော် အလှူ အတန်းပေးကမ်းမှ စိတ်ချမ်းသာ ကြည်နူးမည်။
- မိမိအကူအညီပေးရသည်ကို မပြောဆိုပါနှင့်။
သူတစ်ပါးကကိုယ့်ကို ကူညီခြင်းအား ကျေးဇူးဆပ်ရမည်။
- ရိုသေလေးစားမှုရှိသူအတွက် အရာရာလွယ်ကူ အဆင်ပြေတတ်၏။
တရားမျှတမှု ရှိသူအတွက် နေရာမရွေး ဝင်ထွက်ရလွယ်ကူ၏။
- လူကို တန်ဖိုးထားသည် ဆိုခြင်းမှာ-
အတွေးအခေါ်ရှိ၍ တန်ဖိုးထားခြင်း ဖြစ်၏။
- လူကို ကြည်ညိုလေးစားရခြင်းမှာ
သိက္ခာနှင့် ပညာရည်ကို လေးစားခြင်းဖြစ်၏။

* သူ ပြုပေးသည့် ကျေးဇူးကိုမမေ့ကောင်း။
ကိုယ်ပြုပေးသော ကျေးဇူးကို မ မှတ်နှင့်။
* မေးမြန်းသည်ကို မဖြေကြားလျှင် ထပ်မမေးနှင့်၊
ဖျောင်းဖျသည်ကို လက်မခံလျှင် ထပ် မချော့နှင့်၊
* သူများ ယောင်၍ လိုက်ယောင်သူကို ပညာခေါင်းပါးသူမည်၏၊
စားသောက်ပျော်ပါး လူမင်းသားကို အသုံးမကျသူ မည်၏။
* ရင်းနှီးမှုကင်းသော အကျိုးအမြတ် သည် အကျိုးအမြတ်အမှန်တည်း၊
အကျိုးအမြတ်ကင်းသော ရင်းနှီးမှု သည် ရင်းနှီးမှု အစစ်တည်း။
* ဉာဏ်ပညာနိမ့်ပါးသူ၏ စကား မ ကျယ်လောင်နိုင်။
သိက္ခာမဲ့သူ၏ စကား ယုံကြည်မှု မရ နိုင်။
သတ္တိကြောင်သူ၏ စကား အင်အား မပြည့်ဝနိုင်။
* တာဝန်ခွဲဝေခြင်းတွင် တစ်ဦးချင်း အ ရည်အသွေး လိုအပ်၏၊
ပူးပေါင်းလုပ်ဆောင်ခြင်းတွင် စိတ်တူ ကိုယ်တူ ညီညွတ်မှု လိုအပ်၏။
* ဒဿန သဘောတရားသည် လွယ် လွယ် သဘောပေါက်နိုင်စေမှ၊ သိပ္ပံ
သဘောတရားကို လွယ်လွယ် အ ကောင်အထည်ဖော်နိုင်မှ
* မှန်သည် မှားသည်ကို အများက ဝေ ဖန် ဆုံးဖြတ်ပါစေ။
အကောင်းအဆိုးကို မိမိကသာ ဖန် တီးနိုင်၏။
* ဘာမှ မလိုချင်လျှင် နောက်ဆုံးတွင် အားလုံး ပြည့်စုံ၏။
အရာရာလိုချင်လျှင် နောက်ဆုံးတွင် ဘာမှ မပြည့်စုံ။
* အရေးကိစ္စမရှိလျှင် အရေးကိစ္စ မ ပေါ်စေနှင့်
အရေးကိစ္စရှိလျှင် အရေးကိစ္စကို မ ကြောက်ရွံ့နှင့်။
* သက်သောင့်သက်သာရှိခြင်းသည် ဇိမ်ပင်ဖြစ်၏။
လွတ်လွတ်လပ်လပ် နေနိုင်လျှင် 'ပျော်ရွှင်' ခြင်းတည်း
* လက်ဖက်ရည်သောက်လျှင် ဦးနှောက် ကြည်လင်လန်းဆန်း၏၊
အရက်သောက်လျှင်ကား စိတ်နေ စိတ်ထားဝေဝါး၏။
* ဥစ္စာဓနေ၏ အလစ်ဝင်ရောက် တိုက် ခိုက်ခံရလျှင် ခန္ဓာကိုယ် ထိခိုက်၏၊
စိတ်ဓာတ်ရေးရာ အလစ်ဝင် တိုက် ခိုက်ခံရလျှင် စိတ်ထိခိုက်ရတော့၏။

၁၉၅
* 'သစ္စာ'သည် ဆိုးယုတ်မှုအားလုံးကို ဖြိုဖျက်၏။
'ဖြောင့်မတ်'ခြင်းသည် ခက်ခဲမှုအား လုံးကို ကျော်လွှား၏။

- ပေါင်းသင်းဆက်ဆံရေးတွင် 'အကြွင်း မဲ့' သည်းခံရမည်။
  တာဝန်ထမ်းဆောင်ရာတွင် 'ခြွင်း ချက်နဲ့' သည်းခံရမည်။
- ပင်ကိုယ်ဓါတ်ခံ' ကောင်းအောင် သင်ယူခြင်းသည် ပထမကြိုးပမ်းမှုတည်း။
  'အစွမ်းအစ'ကောင်းအောင် သင်ယူ ခြင်းသည် ဒုတိယကြိုးပမ်းမှုတည်း။
  'လူတော်လူကောင်း' ဖြစ်လာခြင်း သည် ဘဝ၏ ပထမ တရားတည်း။
  'လူ့ကောင်းကျိုးကို' ထမ်းဆောင်ခြင်း သည် ဘဝ၏ ဒုတိယတရားတည်း။
- လောက၌ ပထမတန်းစားလူမျိုးသည် ပညာရှိစကားကို နာယူခြင်းတည်း။
  လောက၌ ပထမတန်းစားအလုပ်သည် ပညာရှိစကားအတိုင်းလုပ်ခြင်းတည်း။
- လူမှုကိစ္စများတွင် ဆက်ဆံရေးသည် အခက်ဆုံး။
  ဆက်ဆံရေးတွင် အပြောအဆိုသည် အခက်ဆုံး။
  ပြောဆိုရာတွင် တရားနည်းလမ်းကျ ဖို့ အခက်ဆုံး။
- ဆင်ခြင်ဉာဏ်မှလာသော ခင်တွယ်စိတ်သည် ခင်တွယ်မှုအစစ် အမှန်တည်း။
  ခင်တွယ်မှုမှ လာသော ဆင်ခြင်ခြင်းသည် ဆင်ခြင်မှု အစစ်အမှန်တည်း။
- မိမိ အဆင့်အတန်းအလိုက် စကားပြောပါ။
  မိမိ တတ်စွမ်းနိုင်သလောက်သာ စည်းစိမ်ခံပါ။
- လွန်ကဲစွာ 'မြှောက်ပင့်'လျှင်
  'လိုအပ်'နေသောကြောင့်တည်း။
  လွန်ကဲစွာ 'လိုအပ်'လျှင်
  'လိမ်ညာ'ဖို့ ကြံပြီတည်း။
- အသိပညာဖြင့် အသက်မွေးဝမ်း ကျောင်းခြင်းသည် ပထမတန်းစား။
  လက်မှုပညာဖြင့် အသက်မွေးဝမ်း ကျောင်းခြင်းသည် ဒုတိယတန်းစား။
  လိမ်လည်လှည့်ဖျားနည်းများဖြင့် အသက်မွေးဝမ်းကျောင်းခြင်းသည် အောက်တန်းစား။
- ကိုယ့်ထမင်း ကိုယ်စားပြီးသူတကာ၏ မေးငေါ့ခံရခြင်းသည် လူ'နုံ'တည်း။
  ကိုယ့်ပိုက်ဆံကိုယ်သုံးပြီး ကိုယ့်အန္တရာယ်ကိုယ်ဖန်တီးခြင်းသည် လူ'ထုံ'တည်း။




လူအများ ကြည်ညိုခြင်းခံရသူကို 'လူ' ဟုခေါ်သည်။
လူအများ အထင်သေးခံရသူကို 'တိရစ္ဆာန်'ဟု ခေါ်သည်။

* တိတ်တိတ်ပုန်းမယား ထားသူသည် မည်သို့မျှ မေတ္တာစစ်ဖြင့် မချစ်တတ်။
  မိဘကို ရိုသေလေးစားသူသည် မိသားစုကို ကြင်နာတတ်သူဖြစ်မည်။
* အမြော်အမြင်မဲ့သူသည် ကိုယ်ကျိုး ကိုမက်မော၏။
  အမြော်အမြင်ရှိသူသည် တရားကို မြတ်နိုး၏။
* သူများကောင်းကျိုးကို ရယူပေးလျှင် တရားမျှတမှု ခေါ်၏။
  မိမိအကျိုးကို အရယူခြင်းသည် ကိုယ်ကျိုးရှာသည် မည်၏။
* လူဖျင်းသည် 'စကား'ဖြင့် မိမိကိုယ်ကို တန်ဆာဆင်၏။
  လူကောင်းသည် 'အလုပ်'ဖြင့် မိမိ ကိုယ်ကို တန်ဆာဆင်၏။
* ဆင်းရဲသားများ ပျော်ရွှင်ရာ၌ အရှုံး အမြတ် ကင်း၏။
  လူချမ်းသာများ စိတ်ညစ်ရာတွင် အရှုံးအမြတ် များ၏။
* လူနည်းစု အကျိုးရှိသော အလုပ်ကို လူနည်းစု ထောက်ခံ၏။
  လူများစု အကျိုးရှိသောအလုပ်ကို လူများစု ထောက်ခံ၏။
* ဉာဏ်ထက်မြက်သူသည် စိတ်ဆင်းရဲစရာဝန်းကျင်ကို ပျော်ရွှင်ဖွယ် ဖြစ်အောင် ဖန်တီး၏။
  မိုက်မဲသူသည် ပျော်ရွှင်စရာဝန်းကျင် ကို စိတ်ဆင်းရဲစရာဖြစ်အောင် ဖန်တီး၏။
* အလုပ်များ၍ ရှုပ်ထွေးနေစဉ် စိတ်ကို တည်ငြိမ်အောင် ထိန်းရမည်၊
  ဘေးအန္တရာယ်များနေချိန်တွင် စိတ် မလှုပ်ရှားအောင် ထိန်းရမည်၊

- စိတ်ဓာတ်အင်အား မျှတမှုမရှိတော့လျှင် ပြောသမျှ လုပ်သမျှ မှုမမှန်နိုင်တော့။ အမိကအလုပ်လုပ်ချိန်မရှိတော့လျှင် ဆောင်ရွက်မှုမှန်သမျှ အလဟဿသာ။
- အခက်အခဲမရှိသည့်အလုပ်သည် အောင်မြင်မှုဟု မဆိုနိုင်။ အကျိုးအမြတ်မရှိသည့်အလုပ်ကို လုယက်လုပ်ကိုင်မည်မဟုတ်။
- အချိန်ကို မိမိအတွက် ခန့်ခွဲနိုင်လျှင် အတိုင်းအဆမရှိတိုးတက်တော့မည်။ ကိုယ်အား ဉာဏ်အား စုစည်းအသုံးပြုနိုင်လျှင် ထူးထူးကဲကဲထမြောက်အောင်မြင်တော့မည်။
- သော့ချက်ကျသော အလုပ်တွင် အလေးပေးမလုပ်နိုင်ပါက ပင်ပန်းသမျှသည် တစ်ဝက်သာအောင်မြင်မည်။
- တော်လှ တတ်လှသော်လည်း လုပ်ငန်းအကျိုးမထင်လျှင် မတော်မတတ်သည့်နှယ်မခြား။ ကျိုးကြောင်းဆီလျော်သော်လည်း ယုံကြည်မှုမရရှိလျှင် ကျိုးကြောင်းမဆီလျော်သည်နှင့် မခြား။
- ရောဂါမဖြစ်မီ ကာကွယ်ပေးနိုင်ခြင်းသည် ပထမတန်းစားဖြစ်၏။ ဖြစ်ပြီးမှ ရှင်းရှင်းပျောက်အောင် ကုနိုင်ခြင်းသည် ဒုတိယတန်းစားဖြစ်၏။ ခေါင်းကိုက် ခေါင်းကု ခြေနာခြေကု တတ်ခြင်းသည် တတိယတန်းစားပညာ ဖြစ်၏။
- ကြိုးစားခြင်းသည် ဖြိုးဖြံ့ခြင်း၏ အစတည်း။ ဖြိုးဖြံ့ခြင်းသည် ကြိုးစားခြင်း၏ ရင်းမြစ်တည်း။
- အလုပ်တိုင်းမှာ သဘောတရားရှိ၏။ နားလည်လျှင်လုပ်နိုင်ပြီ။ အလုပ်တိုင်းမှာ ပျော် ရွှင်စရာရှိ၏။ လုပ်တတ်လျှင် ဇိမ်ရှိသည်။
- 'အစစ်'ကို လူအများ ယုံကြည်၏
  'အတု'ကို လူအများ ပစ်ပယ်၏
  'ကောင်းမြတ်'လျှင် လူအများရင်းနှီး၏။
  'ဆိုးယုတ်'လျှင် လူအများရှောင်ရှား၏။
  'လှပ'လျှင် လူအများ နှစ်သက်၏။
  'ရုပ်ဆိုး'လျှင် လူအများ ရွံရှာ၏။
- ချစ်ခြင်း မုန်းခြင်းသည် ငွေကြေးအင်အားနှင့် မဆိုင်။ ရင်းသည် စိမ်းသည်မှာ စည်းစိမ်ချမ်းသာနှင့် မဆိုင်။

* သတ္တိရှိလျှင် ကြောက်လန့်ခြင်း မရှိ။
အသိရှိလျှင် သံသယ မရှိ။
* လွတ်လပ်မှုရှိပြီဆိုလျှင် အလိမ်မခံရတော့။
တန်းတူညီမျှမှုရှိလျှင် အနိုင်ကျင့်မခံရတော့။
* စိတ်ရှုပ်ထွေးလျှင် လုပ်သမျှမှားတတ်သည်။
ဗျာယာခတ်လျှင် လုပ်သမျှဆုံးရှုံးမည်။
* သဘောပေါက်လာလျှင် မကြောက်ရွံ့တော့။
စိတ်ကိုဖြေနိုင်လျှင် မပူပန်တော့။ နည်းလမ်းတွေးမိလျှင် မခက်ခဲတော့။
* အခက်အခဲသည် သူတေသနစိတ်ကို ပေါက်ပွားစေ၏။
ဘေးအန္တရာယ်သည် အရဲစွန့်လိုစိတ်ကို ပေါက်ပွားစေ၏။


၁၉၆

* ဆင်းရဲသားက မျှော်မှန်းချက်ရှိ ဇွဲကောင်းလျှင် ချမ်းသာလိမ့်မည်။
မျှော်မှန်းချက်မရှိ ဇွဲမကောင်းလျှင် တေလေသာ ဖြစ်လိမ့်မည်။
ချမ်းသာသူက ကိုယ်ကျင့်ကောင်းလျှင် အများကောင်းကျိုးပြုလိမ့်မည်။
ကိုယ်ကျင့်တရား ခေါင်းပါးလျှင် အများအန္တရာယ် ဖြစ်လိမ့်မည်။
* 'အကျိုးမျှော်'စိတ်သည် သေရမည်ကို ကြောက်၏။
'တောင့်တမဲ့' စိတ်သည် သနားကြင်နာတတ်၏။
* လောင်းကစားမက်သူသည် လောဘကြီး၏။
မိန်းမလိုက်စားသူသည် ငွေသုံးဖြုန်း၏။
အစားကောင်းမက်သူသည် ပျင်းရိတတ်၏။
အရက်ကြိုက်လွန်းသူသည် အဖော်မင်၏။
* လူညံ့ လူညံ့ချင်း တိုက်ခိုက်ကြခြင်းမှာ ကိုယ်ကျိုးစီးပွားအတွက်။
လူကောင်းနှင့်လူညံ့ တိုက်ခိုက်ကြခြင်းမှာ အမှန် အများအတွက်။
* တစ်ကိုယ်ကောင်းဆန်ခြင်း၏ အခြင်းအရာများ-
သောကများခြင်း၊ စာနာမှုကင်းခြင်း၊ ရလိုမှု ကြီးခြင်း။
ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း၏ အကြောင်းရင်းများ-
မျှော်လင့်ချက် မဲ့ခြင်း၊ စွပ်စွဲခံရခြင်း၊ အရှက်ကွဲခြင်း။
* 'စကား'ဖြင့် လူကို အကဲဖြတ်လျှင် 'နုံအ'ရာကျ၏။
'အပြုအမူ'ဖြင့် အကဲဖြတ်မှသာ 'လိမ္မာပါးနပ်'၏။


- ဆက်ဆံရေးမအောင်မြင်ခြင်းမှာ စကားမချိုသာ၍လည်းကောင်း၊ အပြုအမူညံ့၍လည်းကောင်း မုချ ဖြစ်ရမည်။
  လုပ်ငန်း မအောင်မြင်ရခြင်းမှာ တစ်ကိုယ်ကောင်းဆန်လွန်း၍ လည်းကောင်း၊ စွမ်းရည် ညံ့ဖျင်းလွန်း၍လည်းကောင်း မုချဖြစ်ရမည်။
  ပညာရေးမအောင်မြင်ခြင်းမှာ ပါရမီညံ့ဖျင်း၍လည်းကောင်း၊ ကိုယ်အား ဉာဏ်အားနည်း၍လည်းကောင်း မုချဖြစ်ရမည်။
- တစ်နေ့အလုပ် တစ်နေ့ပြီးအောင် လုပ်လျှင် စိတ်ဓာတ်ပေါ့ပါးပျော်ရွှင်၏။ မနက် ညနေ ကျန်းမာရေးလေ့ကျင့်လျှင် ခန္ဓာကိုယ်ပေါ့ပါးဖျတ်လတ်၏။
- လင်နှင့်မယား အကျိုးစီးပွား ခွဲခြားလျှင် မေတ္တာမရှိကြောင်း ထင်ရှား၏။ မိတ်ဆွေအကြား အကျိုးစီးပွားခွဲခြားလျှင် ခင်မင်မှုနည်းကြောင်း ထင်ရှား၏။
- အိမ်ပြင်က အရှုပ်အရှင်း အိမ်တွင်းသယ်မလာလျှင် ခေါင်းမရှုပ်ကြရ၊ အိမ်တွင်းက အရှုပ်အရှင်း မိတ်ဆွေတွင်းမပြောလျှင် ရင်းနှီးမှုမပျက်။
- ခင်ပွန်း၏ အိမ်ပြင်ကိစ္စများကို မမေးလျှင် သောကလျော့နည်းမည်။ ဇနီး၏ အိမ်တွင်းအလုပ်များကို မမေးလျှင် ပျော်ရွှင်မှုပိုမည်။
- ပျော်ပျော်ကြီး သေရခြင်းသည် ဘဝအစစ်အမှန်နေခဲ့ရခြင်းတည်း၊ ဒုက္ခကြီးဖြင့် နေရသော ဘဝသည် သေနေခြင်းအစစ်အမှန်တည်း။
- အရာတိုင်း 'အတု'ရှိနိုင်၏။ 'စား သောက်ခြင်း'သာ အတုမရှိနိုင်။ အရာတိုင်း 'အစားထိုး' နိုင်၏။ 'နာ ဖျားခြင်း'သာ အစားမထိုးနိုင်။
- မိမိဘာသာပြောသည့် 'အမှားအမှန်' သည် စိတ်မချရသေး။ အများတကာပြောသည့် 'အမှား အမှန်'မှ စိတ်ချရ၏။
- ဂရုစိုက်လွန်းလျှင် သောကပွားစေ တတ်၏။ လျစ်လျူရှုလွန်းလျှင် အမုန်းပွားစေ တတ်၏။
- ဝမ်းဗိုက်ထဲ စားချလိုက်သည့် 'ခန' သည်သာ တန်ဖိုးရှိ၏၊ ဖျက်ဆီး၍ မရနိုင်သာ 'ကိုယ်ကျင့်' သည်သာ တန်ဖိုးရှိ၏။
- ရထိုက်သော ငွေကြေးသာ တာရှည် အသုံးခံ၏။ အိမ်ထမင်း အိမ်ဟင်းသာ တာရှည် စားသောက်နိုင်၏။
- လူလူချင်း အဆင်ပြေလျှင် အခက်အခဲများကို ကျော်လွှားနိုင်မည်။ မိသားစုနှင့် ညီညွတ်လျှင် အခက်အခဲများ ပြေရှင်းနိုင်မည်၊
- ဩဇာအရှိန်အဝါသည် အပေါ်ယံသာဖြစ်၏။

သိက္ခာနှင့်ပညာသည်သာ အနှစ်သာရ ဖြစ်၏။

* ဆိတ်ဆိတ်တွေးခြင်းသည် အတွေး အခေါ်၏ ပင်မတည်း။
  သဘောတရားသည် စနစ်၏ လမ်း ညွှန်မှုတည်း။
* စားဝတ်နေရေးတွင် ချို့တဲ့မှုမရှိလျှင် ချမ်းသာသည်မည်၏။
  သင်ယူသော်လည်း ဘာမျှမတတ်မြောက်လျှင် ဥာဏ်ဆင်းရဲသည်မည်၏။
* သိပ္ပံက အသက်ကို မဖန်တီးနိုင်။
  လူသားက မြေကြီးကို မဖန်တီးနိုင်။
* ဒေါသထွက်နေချိန် အမှန်တရားကို ရှင်းမရနိုင်။
  နှလုံးငြိမ်းအေးမှ ကျိုးကြောင်းတရားကို ရှင်းပြနိုင်၏။
* ပိဿာ ၅၀ မ,နိုင်သော အားရှိသူသည် လူတစ်ယောက်ကို မ,နိုင်၏၊
  ပိဿာ ၁၀၀ မ,နိုင်သော အားရှိသူသည် ကိုယ့်ကိုယ်ကိုယ် မ မ,နိုင်ချေ။
* 'လူမျက်စိ'ကို လှည့်စားရလွယ်၏။
  'စိတ်မျက်စိ'ကို လှည့်စားရခက်၏။
  'ဟန်ဆောင်သူ'ကို ကာကွယ်ရလွယ်၏။
  'စိတ်အကြံ'ကို ကာကွယ်ရ ခက်၏။
* နာမည်ကျော်ကြားအောင် တမင်လုပ်သော်လည်း နာမည်မရနိုင်၊
  အကျိုးမျှော်ကိုးပြီး တမင်လုပ်သော်လည်း အကျိုးမရနိုင်။



လူက တွေးဆနိုင်သည့်အရာကို လူကတည်ဆောက်နိုင်သည်၊
လူက တည်ဆောက်နိုင်သည့်အရာကို လူက ဖျက်ဆီးနိုင်သည်၊



တရားသဖြင့် မဟုတ်သည့် ဥစ္စာကို ရယူလျှင်
မလေးမစား အပြောအဆိုကို ခံရမည်သာ

* သူများလက်ညှိုးညွှန်ရာမှာ အသက်ရှင်နေခြင်းသည် သေသည်နှင့်တူ၏။
  သူများ၏နှလုံးသားတွင် တည်နေခြင်းသည် သေသော်လည်း အမြဲရှင်နေ၏။
* အလွယ်တကူ နားယောင်သူသည် မုချဆုံးရှုံးမည်။
  သဘောလွယ် လိုက်လျောသူသည် ဆက်ဆံရေး အောင်မြင်မည်။
* ကြိုးစားခြင်းသည် ဥစ္စာကို ပွားစေနိုင်၏။
  ချွေတာခြင်းသည် ဥစ္စာကို စုဆောင်းနိုင်၏။

၁၉၇

* 'ရိုးသားသည်'၊ 'မရိုးသားသည်' မှာ စကား၌ မတည်။
  အပြုအမူတွင်သာ တည်၏။
  'စစ်မှန်သည်'၊ 'မစစ်မှန်သည်' မှာ အပေါ်ယံ၌ မတည်။
  အခြေခံ အုတ်မြစ်၌ တည်၏။
* ကိုယ်ပိုင် ဆုံးဖြတ်ချက်ရှိမှ အမှီခိုကင်းကင်းရပ်တည်နိုင်မည်။
  ကိုယ့်ကိုယ်ကိုယ် ဝေဖန်မှုရှိမှ မိမိကိုယ်ကို တည်ဆောက်နိုင်မည်။
* 'အမြတ်'ကို ခဏတာအတွက် အသုံးပြုနိုင်ရုံသာ။
  'သစ္စာ'ကို အဆက်ဆက်က ဆိုစ မှတ်ပြုကြမည်သာ။
* ကောင်းသောစကားတစ်ခွန်းကို တစ်သက်လုံး ယုံကြည်လက်ခံနိုင်။
  ကောင်းသော လုပ်ရပ်တစ်ခုကို တစ်သက်လုံး ကျေးဇူးမမေ့နိုင်။

* တစ်ယောက်က ရေးသားလျှင် လူထောင်သောင်းက ဖတ်ကြသည်။
ထို့ကြောင့် ဆင်ခြင် ချင့်ချိန် ရေးသားသင့်၏။
တစ်ယောက်၏ ပြောစကားကို လူ ရာနှင့်ချီ နားကြားသည်။
ထို့ကြောင့် ဆင်ခြင် ချင့်ချိန် ပြော ကြားသင့်သည်။
* 'တစ်ခွန်း' သည်းခံလိုက်သည့်အ တွက်
စိတ်သောကမနည်း သက်သာ၏။
'တစ်ကြိမ်' အလျှော့ပေးလိုက်သည့် အတွက် ရန်မီးမနည်း သက်သာ၏
* အလုပ်များများ လုပ်သည့်အတွက် မနစ်နာပါ။
အလုပ်မလုပ်သည့်အတွက် များများနစ်နာ၏။
* ဖြေရှင်းရခက်သည့် ကိစ္စကို
'တိတ်ဆိတ်'ခြင်းဖြင့် စတင်ကိုင်တွယ်ပါ။
အကျိုးမရှိသည့်အလုပ်ကို
'သည်းခံ'ခြင်းဖြင့် စတင်လုပ်ကိုင်ပါ။
* သိပ္ပံနည်းကျ စိတ်ဓာတ်ဖြင့် လုပ်ကိုင်လျှင်
ခက်သည့်အလုပ် လွယ်သွားစေသည်။
သိပ္ပံနည်းများဖြင့် စီမံလုပ်ကိုင်လျှင် များလှသည့်အလုပ်တွင်ကျယ်၏။
* 'တရားနည်းလမ်း' အကြောင်း ပြော လျှင် 'အမှားအမှန်' အရေးကြီး၏။
'အလုပ်ကိစ္စ' အကြောင်းပြောလျှင် 'အကျိုးအပြစ်' အရေးကြီး၏။
'လူမှုရေးရာ' အကြောင်းပြောလျှင် 'စိတ်မြတ် စိတ်ယုတ်' အရေးကြီး၏။
* အားကစားလုပ်ခြင်းသည် ကျန်းမာရေးကောင်းဖို့အတွက် ဖြစ်၏။
အလုပ်လုပ်ခြင်းသည် လူသားများ ကောင်းကျိုးအတွက် ရည်စူး၏
* အခက်အခဲကြားက ရရှိခြင်းသည်သာ အဖိုးတန်၏။
လွယ်ကူမှုများအကြား အလွယ်လုပ် ကိုင်နိုင်မှ ရွေးယူပါ။
* 'သံဝေဂ' နှင့်အတူ 'တရား' ပါလာ စမြဲ။
'ပြုမှု' တွင် 'အကျိုးသက်ရောက်မှု' ပါစမြဲ။
* နောက်မှ နောင်တရခြင်းသည် ဆင် ခြင်ဉာဏ်အဆင့် မမီသောကြောင့်။
နောက်မှ ငိုညည်းတမ်းတခြင်းသည် လုပမှုအဆင့် မမီသောကြောင့်။
* ဆိတ်ဆိတ်တွေးခြင်းသည် ပြုလုပ်ဆောင်ရွက်ဖို့ ပြင်ဆင်ခြင်းတည်း။
ပြုလုပ်ဆောင်ရွက်ခြင်းသည် လုပ်ငန်းကြီး၏ စတင်မှုတည်း။
* စီမံခန့်ခွဲရာတွင် ပြဿနာ မရှိခြင်းသည်

ချင့်ချိန် ဆင်ခြင်ဉာဏ်ကောင်းသောကြောင့်။
အလုပ်တာဝန် ပြီးမြောက်အကျိုးကောင်းသက်ရောက်ခြင်းသည်
အရည်အချင်း ပြည့်ဝသောကြောင့်။
ရှောင်တခင် ပြဿနာကြုံလျှင် ဖြေရှင်းနိုင်ခြင်းသည်
လိမ္မာပါးနပ်မှု ရှိသောကြောင့်တည်း။

* အလုပ်လုပ်ကိုင်ရာတွင် ကြောက်စရာအကောင်းဆုံးမှာ
'အကောင်းအဆိုး' မခွဲခြားတတ်ခြင်းတည်း။
ဆက်ဆံပေါင်းသင်းရာတွင် ကြောက်စရာ အကောင်းဆုံးမှာ
'အမှန်အမှား' မခွဲခြားတတ်ခြင်းတည်း။

* အကောင်းမြင်စိတ်ဓာတ်ဖြင့် လုပ်ဆောင်လျှင်
အရာကိစ္စတိုင်း ထက်ထက်သန်သန်ရှိ၏။
နာကြည်းခံပြင်းစိတ်ဖြင့် လုပ်ဆောင်လျှင်
ကိစ္စခက်ခဲတိုင်း တွန်းလှန်တိုက်ခိုက်ဝံ့၏။

* 'ဝါဒ' က အားလုံးကို ရှေ့ဆောင်သည်။
'မူ' က အရာရာကို ဆုံးဖြတ်သည်။
'စနစ်' က အားလုံးကို ဖော်ဆောင်သည်။



လူဖျင်း လူညံ့က အပ်ဖျားနှင့်တူ၏။
သဘောထားက သေးသိမ်၍ ပြောစကားက ချွန်ထက်၏။

* ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ခြင်းသည်
  အရည်အချင်းရှိသည် မည်၏။
  ပြဿနာကို ဆင်ခြင် သဘောပေါက်နိုင်ခြင်းသည်
  ဉာဏ်ရည်မြင့်မားသည် မြည်၏။
  ပြဿနာကို နားလည်အောင် ရှင်း ပြနိုင်ခြင်းသည်
  ပညာရည် ပြည့်ဝသည် မည်၏။
* အလုပ်ကိစ္စ စိတ်တိုင်းကျ မဖြစ်သည့်အခါ
  သတိပြု ဆင်ခြင်ပါမှ အမှားပေါ် အမှားမဆင့်နိုင်တော့ပါ။
  ဖြစ်စေချင်သည့်အတိုင်း မလုပ်နိုင်သည့်အခါ
  တည်တည်ငြိမ်ငြိမ် ပြုပြင်ဆင်ခြင်မှ ဗရမ်းဗတာ မဖြစ်တော့ပါ။
* ကြိုးစားလုပ်ပြီး ရလဒ်ကောင်းရစေခြင်းသည်
  အလုပ်လုပ်သည့် ဝန်ထမ်းကောင်းတည်း။
  ပညာသုံးပြီး ရလဒ်ကောင်းရစေခြင်းသည်
  ဦးနှောက်ကောင်းသည့် ဝန်ထမ်းကောင်းတည်း။
* လူယုတ်မာ၏ လက်ဆောင်သည် အဆိပ်ပါ၏။
  ပညာရှိ၏ စကားသည် အကျိုးပြု၏။
* ပြည့်တန်ဆာ၏ ခန္ဓာကိုယ်သာ အောက်တန်းကျ၏။
  လူယုတ်မာ၏ စိတ်ရောစကားပါ အောက်တန်းကျ၏။
* တစ်ကြိမ် အညာခံရပြီး နောက်ထပ် အညာမခံရလျှင် လူတော်ဖြစ်၏။
  တစ်ခါ စာဖတ်ပြီးသည်နှင့် နောက်ထပ် စာမဖတ်ချင်တော့လျှင် လူညံ့ဖြစ်၏။

၁၉၈

* အောင်မြင်စဉ် ဆုံးရှုံးခဲ့မှု သင်ခန်းစာကို မမေ့နှင့်။
  သို့မှသာ အောင်မြင်မှု ကြာရှည်တည်တံ့မည်။
  မအောင်မြင်မီ အောင်မြင်မှု မျှော်လင့်ချက်ကို မစွန့်နှင့်။
  သို့မှသာ အကောင်းမြင်ကြိုးစားအားထုတ်မည်။
* အနှစ်သာရပြည့်သည့်ကိစ္စနှင့် ရင်နင့်ကြေကွဲရဆုံး သင်ခန်းစာတို့ကို
  ဦးနှောက်ထဲတွင် ထာဝစဉ် စွဲထင်နေလိမ့်မည်။
  ချစ်ခင်ကြင်နာမှုအရှိဆုံးလူနှင့် စက်ဆုတ်မုန်းတီးရဆုံးကိစ္စတို့ကို နှလုံးသား
  တွင် ထာဝရ မမေ့နိုင်ရှိမည်။

* ငွေကြေးကို မမှန်မကန် သုံးစွဲခြင်းသည် ဆင်းရဲတွင်းတူးသည် မည်၏။
  ငွေကြေးကို မမှန်မကန်ရယူခြင်းသည် အန္တရာယ်ရှာသည် မည်၏။
* ငွေကြေးအတွက် ချစ်ခင်ရင်းနှီးမှုကို မေ့ပစ်ခြင်းသည်
  တစ်ကိုယ်ကောင်းဆန်စိတ် အဆုံးစွန်တည်း။
  သစ္စာတရားအတွက် မိမိကိုယ်ကျိုး စွန့်လွှတ်ခြင်းသည်
  ရဲရင့်ခြင်းစိတ်ဓာတ် အဆုံးစွန်တည်း။
* ငယ်ရွယ်စဉ်က မှတ်ဉာဏ်အား ကောင်း၏။ နားလည်မှု အားနည်း၏။
  လူလတ်ပိုင်းတွင် မှတ်ဉာဏ်အား သင့်၏။ နားလည်မှုစွမ်းရည်လည်း
  သင့်၏။
  လူကြီးပိုင်းတွင် မှတ်ဉာဏ်အားနည်း၏။
  နားလည်မှုစွမ်းရည်အားကြီး၏။
* 'ဒွဲ' ရှိခြင်းသည် 'ဆန္ဒ'မှ ပေါက်ဖွား၏။
  'ဆင်းရဲ'ခြင်းသည် 'ပျင်းရိ'ခြင်းမှလာ၏။
* အန္တရာယ်ကြီးသည့် ဝန်းကျင်သည် 'မကြောက်တရား'ကို မွေးဖွား၏။
  လုံခြုံအေးချမ်းသည့် ဝန်းကျင်သည်'ကြောက်စရာအဖြစ်'ကို ဖန်တီး၏။
* လောကတွင် တန်ဖိုးအရှိဆုံး ပစ္စည်းသည် 'လေ' ဖြစ်၏။
  လောကတွင် တန်ဖိုးအမဲ့ဆုံး ပစ္စည်းသည် 'အလေလိုက်'ခြင်းတည်း။
* စွမ်းရည်မရှိဘဲ လူအများနှင့် ရင်းနှီးသော်လည်း
  မသိကျွမ်းသည်နှင့် အတူတူ။
  စွမ်းရည်ရှိပြီး လူအများနှင့် မရင်းနှီးသော်လည်း
  သိကျွမ်းပြီးသည်နှင့် အတူတူ။
* လူက ငွေကို စီမံခြယ်လှယ်လျှင် လူက တန်ဖိုး ပိုကြီး၏။
  ငွေက လူ၏ ကျေးကျွန်တည်း။ ငွေက လူကို စီမံခြယ်လှယ်လျှင်
  ငွေက တန်ဖိုးပိုကြီး၏။ လူသည် ငွေ၏ ကျေးကျွန်တည်း။
* နှစ်ယောက် အငြင်းပွားလျှင် အမှန်အမှား ခွဲခြားရန် ခက်၏။
  တစ်ယောက်တည်း စဉ်းစားလျှင် အမှန်အမှား သိရှိရန် လွယ်၏။
* မတတ်သိသူနှင့် အငြင်းပွားခြင်းသည် ကိုယ့်အရှက် ကိုယ်ခွဲခြင်းတည်း။
  စွမ်းရည်မဲ့သူနှင့် အနိုင်လုခြင်းသည် ကိုယ့်ဘေးရန် ကိုယ်ရှာခြင်းတည်း။
* မေတ္တာကို ကိုယ်က အရင်ပေးမှ ပြန်ရတတ်၏။
  အမုန်းကို ခံယူပြီးမှ ပြန်ပေးတာမျိုးတည်း။

* ချိန့် အားနည်းသူသာ ကျန်းမာရေး၏တန်ဖိုးကို သိ၏။
ဝတ်ပြတ်နေသူသာ ဝမ်းဝရွေးထွေးမှုတန်ဖိုးကို သိ၏။
တွန့်တိုတွက်ကပ်သူသာ ငွေကြေးတန်ဖိုးကို ပိုတွက်တတ်၏။
* အသက်ရှင်စဉ်တွင် 'နာမည်' အရေးကြီး၏။
သေဆုံးသွားလျှင် 'ဂုဏ်သိက္ခာ' အရေးကြီး၏။
* အတွေးအခေါ်သည် စကားမပြောသော စိတ်အသံတည်း။
စကားလုံးများသည် အသံထွက်သော အပြုအမူတည်း။
* ၅ မိနစ်သာ ကျန်သည့်အချိန်ကို အမိအရယူ စာဖတ်သူသည်
သူတကာထက် ပညာရည် သာလိမ့်မည်။
၅ မိနစ်သာ ကျန်သည့်အချိန်ကို အမိအရယူ အလုပ်လုပ်သူသည်
သူတကာထက် လုပ်ငန်းကျွမ်းကျင်မည်။




ရွှေချိန်တစ်ရာဖြင့် 'အချစ်'ကိုဝယ်၍ မရ။
ရွှေချိန်တစ်ထောင်ဖြင့် 'ရိုးသားခြင်း'ကို ဝယ်မရ။

* သူတစ်ပါး အမှားကို လက်ညှိုး ထိုး ခြင်းသည်
မိမိကိုယ်တိုင် အမှားအာရုံသို့ ဝင်စားနေမိပြီ။
သူတစ်ပါးကို အမှန်သွန်သင်ပေးခြင်းသည်
မိမိကိုယ်တိုင် လမ်းမှန်ပေါ် ရောက်ရှိနေပြီကို ပြ၏။
* ဒုက္ခကို ကြာကြာခံစားနိုင်လျှင် သုခကိုလည်း ကြာကြာစံစားရမည်။
ကတိသစ္စာကြည်ရှည်တည်မြဲလျှင်ဂုဏ်ကျက်သရေကြာရှည်တည်တံ့
မည်။

* လူတိုင်းကို မချစ်တတ်ခြင်းသည် မုန်း စိတ်ကြီးသောကြောင့်။
  လူတိုင်းကိုယ့်ကို မချစ်ခြင်းသည် သိက္ခာမဲ့မှုကြောင့်။
* တန်ဖိုးမဲ့သော စကားများဖြင့် သူတစ်ပါး၏အချိန်ကို ဖြုန်းတီးပစ်ခြင်း သည် အမုန်းခံရသည့်အပြင် ကိုယ်ကျင့်ညံ့ရာလည်း ကျ၏။
  တန်ဖိုးရှိသောအချိန်ဖြင့် အသုံးမကျသောကိစ္စကို ဆောင်ရွက်လျှင် အကျိုးမဲ့ရုံမျှမက ဘဝကို အလွဲသုံးစားပြုခြင်းတည်း။
* ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခြင်းသည် ထိန်းသိမ်းမှုအစစ်တည်း၊
  ကိုယ့်ကိုယ်ကိုယ် လိမ်ညာခြင်းသည် လိမ်ညာမှု အစစ်တည်း၊
* ကိုယ်မှန်သည် ဖွတ်ယုံနေလျှင် လမ်းမှားသို့ အလိုက်လွဲတတ်၏။
  အမြဲ ပြန်လည်ဆန်းစစ်လျှင် လွဲမှားမှုကို ပြန်ပြင်လွယ်၏။
* ခင်တွယ်မှုကို စိတ်ဖြင့် ပြသရုံဖြင့် လုံလောက်၏။
  စကားအားဖြင့် ဖော်ပြရန် မလို။
  ဆင်ခြင်တုံတရားကို စကားဖြင့် ရှင်းပြရ၏။
  ကိုယ်တွေ့ခံစားရလျှင် ပိုကောင်း၏။
* အကောင်းအဆိုးကို မိမိကသာ ပြုလုပ်၏၊
  အယုတ်အမြတ်ကား အတွေးအခေါ်ပေါ်တည်၏။
* 'ပစ္စည်း' ရလျှင် ဝိမ်ခံရ၏။
  'တရား' ရလျှင် ပျော်ရွှင်ရ၏။
  ပစ္စည်း ဝိမ်ခံခြင်းတွင် အချိန်ကန့်သတ်မှုရှိ၏၊
  တရားပျော်ရွှင်မှုကား အခါမလပ် ရနိုင်၏။

၁၉၉

* စာပေလေ့လာခြင်းသည် ကြံစုပ် သည်နှင့် တူ၏။
  စုပ်လေ အရသာတွေ့လေ ခံစားမှုရမည်။
* ကောင်းသောစာပေသည် သဘာဝကျသော အတွေးအခေါ်ဖန်တီးမှု တည်း။
  တီထွင်နိုင်ခြင်းသည် အထပ်ထပ်တွေးတော လက်တွေ့လုပ်ဆောင် ဖန်တီးမှုတည်း။
* လောကတွင် ထုံးတမ်းဓလေ့ကို ပြောင်းလဲပစ်နိုင်သူနှစ်မျိုးရှိ၏။
  ဩဇာ တိက္ကမရှိသူနှင့် ပညာရှိသူတို့သာ ဖြစ်ကြ၏။

* အသက် ၃၀ မတိုင်မီ
  ပညာရေးအခြေခံသည် လုပ်ငန်းအတွက် အုတ်မြစ်ဖြစ်၏။
  အသက် ၃၀ နောက်ပိုင်းတွင်
  လုပ်ငန်းအခြေခံသည် ပညာရေးအတွက် အုတ်မြစ်ဖြစ်၏။
* စိတ်ထဲလုပ်ချင်သည့် အလုပ်မှန်သမျှ စိတ်ဝင်စားစရာကောင်း၏။
  စိတ်ထဲ မလုပ်ချင်သည့်အလုပ်မှန်သမျှ စိတ်ပင်ပန်းသည် ထင်၏။
* အခြေခံမခိုင်လျှင် တိုက်ခိုက်ရုံနှင့် ပြိုလဲ။
  လုပ်ငန်းမကျွမ်းကျင်လျှင် ဝေဖန်ရုံ နှင့် ပျက်ပြား။
* စိတ်ဓာတ်လျော့ရဲသွားသည်နှင့် အောင်မြင်မှုမှန်သမျှ ဝေးပြီ။
  အပြုအမူ မဆင်ခြင်လျှင် ဆိုးကျိုး အတောမသတ်ပြီ။
* သူတစ်ပါးအားကိုးပြီး အောင်မြင် အောင်လုပ်ခြင်းသည် တစ်ဝက်သာ အောင်မြင်၏။
* ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင် အောင်လုပ်ခြင်းသည် အပြည့် အောင်မြင်ခြင်းဖြစ်၏။
* သဘာဝမဟုတ်သောအထက် တက်ပေါင်းသင်းခြင်းသည် အကျိုး မရသည့်အပြင် အထင်သေးပါခံရသည်။
* လူကောင်းဆိုသည်မှာ မကောင်းသူနှင့်ယှဉ်လိုက်မှ ကောင်းမှန်း သိရသည်။
  ထို့ကြောင့် အဆိုးအကောင်းကို နှိုင်း ယှဉ်မှုတရားအရသာ သိနိုင်သည်။
* လူများနှင့်စကားပြောသောအခါ မျက်လုံးကောင်းကင်ကြည့် မျက်ခွံ တဆတ်ဆတ်လှုပ်တတ်သူမျိုးသည် များသောအားဖြင့် ကောက်ကျစ် စဉ်းလဲပြီး သဘောထားသေးသိမ်သူမျိုးဖြစ်လေ့ရှိ၏။
* 'အပြုအမူ' သည် 'စကား'၏ဖော်ပြဟန်၊
  'စကား'သည် 'နှလုံးသား'၏ ပဲ့တင်သံ။
  'အပြုအမူ' ဖြင့် 'စကား'ကို အကဲခတ်ပါ။
  'စကား'ဖြင့် 'နှလုံးသား'ကို အကဲခတ်ပါ။
  ဤသည် သိပ္ပံနည်းကျ လူကဲခတ်နည်းတည်း။
* ဘယ်လို စာအုပ်မျိုး ဖတ်သလဲ၊ ဘယ်လိုစကားမျိုးပြောသလဲ၊ ဘယ်လို လူမျိုးကို ပေါင်းသလဲဆိုသည်တို့ကို လေ့လာရုံဖြင့် သူ၏စိတ်နေစိတ်ထား နှင့် လုပ်ငန်းတို့ကို တစ်ဝက်အကဲဖြတ်နိုင်ပြီ။

* လူ့ဘဝ၏ တော်လှန်ရေးတန်ဖိုးသည်
ယခု မျက်မှောက်ကာလအတွက် မဟုတ်။
အနာဂတ်အတွက်ဖြစ်သည်ကိုသိမှ အကောင်းမြင်ပြီး ရုန်းကန်
စွမ်းရည်တိုးမည်။
* သာမန်မဟုတ်သော လူမျိုးသည်
သာမန်မဟုတ်သော အချိန်မှာသာ စွမ်းရည်ဖော်ထုတ်ပြသနိုင်မည်။
* ပြောဆို ရေးသားမှုများသည် အတွေးအခေါ်၏ ထင်ဟပ်ချက်တည်း။
အတွေးအခေါ်သည် ဆန္ဒစွဲ၏ဗဟိုချက်မပင်တည်း။
* စိတ်အေးငြိမ်းခြင်းသည် ကြောက်စရာကင်းသောကြောင့်။
စိတ်တည်ငြိမ်ခြင်းသည် ခွဲခြားသိ မြင်သောကြောင့်။
စိတ်အေးရှင်းခြင်းသည် ရှုပ်ထွေးမှုကင်းသောကြောင့်။
* အလုပ်အားလျှင် ကိုယ်ပေါ့ပါး၏။
စိတ်အားလျှင် ဟဒယရွှင်၏။
* မသိမသာဖြင့် ပျော်ရွှင်ခြင်းသည် တကယ့်ပျော်ရွှင်ခြင်းတည်း။
မသိမသာဖြင့် ဆင်းရဲခြင်းသည် တကယ့်ဆင်းရဲခြင်းတည်း။
* ချစ်ကြိုက်ခြင်းသည် မေတ္တာ၏ တက်ကြွမှုဖြစ်၏။
လက်ထပ်ခြင်းသည် မေတ္တာ၏ နောက်ဆုံးစခန်းတည်း။
* လက်ထပ်ခြင်းတွင် 'မေတ္တာ'ကို အခြေခံထားရမည်။
မိတ်ဆွေပေါင်းသင်းရာတွင် 'စိတ်ကောင်း'ကို အခြေခံရမည်။
* စိတ်ရှုပ်ထွေးမှုကင်းလျှင် အပြုအမူလည်း တည်ကြည်၏။
စိတ်တည်ငြိမ်အေးဆေးလျှင် ခန္ဓာလည်းအေးငြိမ်းသက်သာ၏။
* ဒဿနကို တွေးခေါ်သဘောပေါက်မှုမှရ၏။
သိပ္ပံသဘောကို လက်တွေ့ပြုလုပ်မှုမှရ၏။
စစ်ပညာကို စစ်ပွဲများအတွင်းမှထုတ်ယူ၏။
* ရှုပ်ထွေးခက်ခဲသည့်အလုပ်ကို လွယ်စေနိုင်ခြင်းသည်
သိပ္ပံအသိ မြင့်မားသောကြောင့်တည်း။
ကြီးသည့်ကိစ္စကို ငယ်စေနိုင်ခြင်းသည်
ဒဿနအမြင် မြင့်မားသောကြောင့်တည်း။
ပြဿနာရှိသည်ကို မရှိသလို မြင်နိုင်ခြင်းသည်
အနုပညာစိတ်ကြောင့်တည်း။

* ကောင်းသည်ဆိုးသည်မှာ အဖြစ် မှန်ပေါ်တွင် တည်၏။
နှုတ်ဖြင့် ငြင်းခုံနေ၍ မရ။
မြတ်သည် ယုတ်သည်ကို စိတ်ထဲက သိနေ၏။ လိဆယ် ဆင်ခြေ ပေး၍မရ။
* ဆင်းရဲခြင်းကို မကြောက်လျှင် ဆင်းရဲလျက်နှင့် ပျော်ရွှင်၏။
ပင်ပန်းခြင်းကိုမကြောက်လျှင် ပင်ပန်းလျက်နှင့် ပျော်ရွှင်၏။
* အရာဝတ္ထုများသည် ဟန်ချက်မညီလျှင် ပြိုလဲမည်။
စိတ်နေသဘောထားမျှတမှုကင်းလျှင် ဘက်လိုက်မည်။
အကျိုးအကြောင်း ညီညွတ်မှု မရှိလျှင် မှားယွင်းမည်။
* ထက်မြက်သည့်စိတ်က တွေးလိုက်သည်နှင့် သိရှိ၏။
ထက်မြက်သည့် မျက်လုံးက ကြည့်လိုက်သည်နှင့် နားလည်၏။
ထက်မြက်သည့်နားက ကြားလိုက်သည်နှင့် သဘောပေါက်၏။
ထက်မြက်သည့် နှုတ်က ပြောလိုက်သည်နှင့် ပြတ်သား၏။
* လောကတွင် တန်ဖိုးမဖြတ်နိုင်သော ရတနာ (၄)မျိုးရှိ၏။
(၁) စိတ်ထားဖြူစင် ကောင်းမြတ်ခြင်း
(၂) ကိုယ်ရော စိတ်ပါ ကျန်းမာခြင်း
(၃) မိသားစုတစ်ခုလုံး ဘေးကင်းခြင်း
(၄) သူတစ်ပါးကို ဖော်ရွေခြင်းတို့ ဖြစ်၏။
* ကြည်လင်နိုးကြားသည့် ဆင်ခြင်ဉာဏ်ရှိလျှင်
အမှန်အမှား ချက်ချင်းခွဲခြားနိုင်၏။
စိတ်စေတနာကောင်း အမြဲထားရှိလျှင်
အယုတ်အမြတ် ချက်ချင်းခွဲခြားနိုင်၏။

၂၀၀
* နိုးသားဖြောင့်မတ်မှု ကျင့်သားရနေလျှင် အလိုအလျောက် ဟန်ဆောင်မှု ကင်းနေမည်။
အမြဲ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လျှင် အလိုအလျောက်ပျော်ရွှင်မှု ရရှိမည်။
* သံယောဇဉ်သည် ရင်းနှီးမှုပေါက်ဖွား၏။
သံသယသည် မရင်းနှီးမှုမှလာ၏။




ကိုယ်က အကူအညီတောင်းလျှင် ခေါင်းကို သုံးလက်မငုံ့ပါ။
ကိုယ့်ကို အကူအညီတောင်းလျှင် ဂုဏ်တစ်ရွေးသားသာ ယူပါ။

* လုပ်ဖော်ကိုင်ဖက်ကို လုပ်ငန်းတွင် များများ စောင့်ရှောက်ပါ။
ဆွေမျိုးမိတ်ဆွေကို ဘဝတစ်လျှောက်လုံး စောင့်ရှောက်ပါ။
* ချစ်သူဘဝ၏ မေတ္တာသည် အကြွင်းမဲ့ စွန့်လွှတ်ခြင်းဖြစ်၏။
ကုန်သည်ဘဝ၏ မေတ္တာသည် ချွင်းချက်ဖြင့် စွန့်လွှတ်ခြင်း ဖြစ်၏။
* သူတစ်ပါး၏ ချွတ်ယွင်းချက်ကို ပြောခြင်းသည် မိမိ၏ချွတ်ယွင်းချက်တည်း။
သူတစ်ပါးအားသာချက်ကို ပြောခြင်းသည် မိမိ၏အားသာချက်တည်း။
* လုပ်ငန်း အလိမ်ခံရခြင်းမှာ
ဉာဏ်ရည်ဉာဏ်သွေး ချို့တဲ့ခြင်းကြောင့်တည်း။
စကား အလိမ်အညာခံရခြင်းမှာ
တွေးဆ ဆင်ခြင်မှုနည်းခြင်းကြောင့်တည်း။
* လုပ်ငန်းလုပ်လျှင် အသက်ဝင်သည့်လုပ်ငန်းကို လုပ်ပါ။
လူဖြစ်ခြင်းကြောင့် လေးနက်တည် ကြည်သည့်လူဖြစ်ပါစေ။
* အလုပ်လုပ်စရာရှိခြင်းသည် စိတ်ကို မြှုပ်နှံထားရာရှိခြင်းတည်း။
အလုပ်လုပ်စရာ မရှိခြင်းသည် စိတ်ပင်ပန်းဆင်းရဲစရာတည်း။
* အတတ်ပညာရှိပြီး သိက္ခာမဲ့ခြင်းသည် ဒုစရိုက်တည်း။
သိက္ခာရှိပြီး အတတ်ပညာ မဲ့ခြင်းသည် ညံ့ဖျင်းခြင်းတည်း။
* ဆိတ်ဆိတ်တွေးခြင်းသည် ဉာဏ်ပညာ၏ရေသောက်မြစ်တည်း။
ဉာဏ်ပညာသည် စိတ်ပိုင်းဖြတ်မှုအတွက် သော့ချက်တည်း။

* ဆိတ်ဆိတ်မတွေးနိုင်လျှင် စိတ်မငြိမ်သက်နိုင်။
စိတ်မငြိမ်သက်လျှင် ပျာယာခတ်နေလိမ့်မည်။
* လိုချင်တပ်မက်မှုနည်းလေ ထမြောက်အောင်မြင်မှုများလေ၊
နောက်ဘက်သို့ပို၍ ဆုတ်လေ ရှေ့တန်းသို့ ပို၍ရောက်လေ။
* မတောင့်တလျှင် စိတ်မဆင်းရဲ။
စိတ်မဆင်းရဲလျှင် မဒိုစာ။
* ဥစ္စာဓန ဝန်ထုပ်မရှိလျှင် ပျော်ရွှင်နိုင်၏။
ရောဂါဘယ ခံစားမှုကင်းလျှင် ပျော်ရွှင်နိုင်၏။
နောက်ဆံတင်းသည့်အရေးမရှိလျှင် ပျော်ရွှင်နိုင်၏။
ပေးဆပ်စရာ ကြွေးမြီမရှိလျှင် ပျော်ရွှင်နိုင်၏။
* စိတ်တင်းမနေလျှင် တစ်ကိုယ်လုံး ပေါ့ပါးသွက်လက်မည်။
ခေါင်းပူမနေလျှင် ပြောဆိုလုပ်ကိုင်မှုတည်ငြိမ်မည်။
* လူ့ဘဝတွင်မိခင်စိတ်သည် ချစ်စရာအကောင်းဆုံး။
လူသားမျိုးနွယ်တွင် သွေးသားတော်စပ်မှုသည် အရင်းနှီးဆုံး။
* စေ့စေ့စပ်စပ် တွေးတောလျှင် အမှားကင်းနိုင်၏။
တွေးတောမှု ရင့်ကျက်လျှင် နောင်တရဖွယ် မရှိ။
* 'စိတ်ဓာတ်အမှန်'၏ အမိပ္ပါယ်မှာ-
မှန်လျှင်မှန်၊ မှားလျှင်မှား၊ အမှန်အမှားသာ အဓိက၊
ကိုယ်ကျိုးစီးပွားကို မကြည့်။
'မသမာစိတ်'၏ အဓိပ္ပာယ်မှာ-
အမှန်သည် မှားနိုင်၊ အမှားသည် မှန်နိုင်၊
ကိုယ်ကျိုးကိုသာ ကြည့်၍ ဆုံးဖြတ်၏။
* အမှားလုပ်ပြီးသွားလျှင် ကယ်တင်၍ မရနိုင်တော့။
သတိလစ်ဟင်းသွားလျှင် နောင်တရလည်း အပိုပင်။
* စာအုပ် ရွေးဖတ်လျှင် ဉာဏ်ပညာတိုးစေ၏။
အလုပ်ရွေးလုပ်လျှင် အကျိုးထူးပြုနိုင်၏။
လူကို ရွေးပေါင်းလျှင် စာရိတ္တကောင်းစေ၏။
* စာဖတ်ခြင်းကို ပျော်ပိုက်လျှင် စိတ်ကို အာဟာရဖြည့်ခြင်းတည်း။
စာရေးခြင်းကို ပျော်ပိုက်လျှင် ကြည်နူးပီတိခံစားရ၏။
* သူတစ်ပါး ချွတ်ယွင်းချက်ကိုသာ ကြည့်တတ်လျှင်

လောကတွင် ပေါင်းသင်းရမည့်သူ မရှိတော့။
သူတစ်ပါး အားသာချက်ကိုသာ သင်ယူလျှင်
လောကတွင် ဆရာမတင်ထိုက်သူ မရှိတော့။

* အစာကို ကြေညက်အောင် ဝါးလျှင် အရသာပေါ်လွင်၏။
စေ့စပ်သေချာစွာတွေးတောလျှင် ဆင်ခြင်ဉာဏ်တိုးပွား၏။
* ဆွေမျိုးနီးစပ်များကို ပစ်ပယ်လျှင် မိတ်ဆွေကောင်းများ မရနိုင်။
အထက်ရော အောက်ပါ မယုံကြည်လျှင် နိဂုံးလုံးဝ မကောင်းနိုင်။
* သူတစ်ပါး မှားသည် မှန်သည် မမေးနှင့်။
မိမိ ဘေးကင်း မကင်းသာ အလေးထား။
* လောဘ မကြီးလျှင် ဘေးကင်း၏။
မတောင်းခံရလျှင် ကောင်းမွန်၏။
* ပေါင်းသင်းဆက်ဆံရေးတွင် နူးညံ့ရမည်။
အလုပ်လုပ်ရာတွင် ဆုံးခန်းတိုင်ရမည်။
ပညာဆည်းပူးရာတွင် ကြေညက်ရမည်။
* စေတနာဖြင့် ပြောဆိုလျှင် နည်းလမ်းကျမည်သာ။
စေတနာဖြင့် လုပ်ကိုင်လျှင် အကျိုးပြုမည်သာ။
* ဆင်ခြင်တုံတရားသည် ကြောက်ရွံ့စိတ်ကို ဖယ်ရှားနိုင်၏။
ရင်းနှီးမှုသည် အများနှင့် ဆက်ဆံမှု ပြေပြစ်စေ၏။
* လောဘရမက်ကြီးသူတွင် နောက်ဆုံး ဘာမှမကျန်ရှိ။
ပေးကမ်းလှူဒါန်းသူတွင် စားသောက်မကုန်အောင် ကျန်ရှိ။
* ငွေကြေးနှင့် ဂုဏ်ရှိန် မရှိလည်း အသနားမခံနှင့်။
ငွေကြေးနှင့် ဂုဏ်ရှိန်ရှိနေလျှင်လည်း မာနမထောင်လွှားနှင့်။
ငွေကြေးနှင့်ဂုဏ်ရှိန်ဆုံးရှုံးလည်း ပြစ်တင် မညည်းညူသင့်။
* ကွယ်ရာတွင် သူ့အကြောင်း အကောင်းပြောလျှင် သင့်ကို တစ်သက်လုံး ခင်တွယ်လိမ့်မည်။ ကွယ်ရာတွင် သူ့အကြောင်း မကောင်းပြောလျှင် သင့်ကို တစ်သက်လုံး မုန်းတီးလိမ့်မည်။

၂၀၁

* စိတ်ကောင်းရှိသူဖြစ်လျှင် ကောင်းသည့်စကားကိုသာ ပြော၏။
ကောင်းသည့်စကားပြောလျှင် ကောင်းသည့် အမူအကျင့်ရှိ၏။
ကောင်းသည့် အမူအကျင့်ရှိလျှင် ကောင်းသည့် အကျိုးရ၏။

* သူ့ကွယ်ရာမှာ သူ့အကောင်းကို ပြောလျှင်
သင့်ကို တစ်သက် ချစ်ခင်လိမ့်မည်။
သူ့ကွယ်ရာမှာ သူ့အဆိုးကို ပြောလျှင် သင့်ကို တစ်သက် မုန်းတီးလိမ့်မည်။
* စကားပြောရာတွင် အတိုင်းအဆရှိရမည်။
လိုသည်ထက် ပိုလွန်သွားလျှင် နုတ်ရခက်တတ်၏။
လိုရာမရောက်လျှင် ပြန်လည်ဖြည့်စွက်ရခက်၏။
* အစားအသောက် အပျော်အပါးလျှော့လျှင်
လျှော့လိုက်သလောက် စရိုက်ကောင်းမြင့်လာမည်။
* စိတ်တည်ငြိမ်မှုသည် ကိစ္စရပ်များကို ဖြေရှင်းရန် မဟာကျင့်ဝတ်တည်း။
တရားမျှတမှုသည် လူ့စိတ်ကိုရယူနိုင်သည့် မဟာနည်းကောင်းတည်း။
* လှေတွင် အပေါက်ငယ်ရှိလျက် ပြုပြင်ဖာထေးခြင်း မလုပ်သော်ကြာလျှင် နစ်မြုပ်မည်။
လူတွင် ချို့ယွင်းချက်ရှိလျက် ပြုပြင်ပြောင်းလဲခြင်း မလုပ်သော် ကြာလျှင် ပျက်စီးမည်။
* မျက်စိထဲ ဖုန်ရှိလျှင် ထုတ်ပစ်မှ အမြင်ကြည်မည်။
တစ်ကိုယ်ကောင်းစိတ်ရှိလျှင် ထုတ်ပစ်မှ ထူးချွန်လာမည်။
* အမြဲ မနာလိုစိတ်ရှိလျှင် စေတနာပင် အဆိုးဖြစ်တတ်၏။
အမြဲ တစ်ကိုယ်ကောင်းစိတ်ရှိလျှင် အမှန်ကိုပင် အမှားထင်တတ်၏။
* မေတ္တာတရားသည် စိတ်နှလုံးကို နွေးထွေးစေ၏။
ဆင်ခြင်တုံတရားသည် ဦးနှောက်ကို နိုးကြားစေ၏။
* စာနာခြင်းသည် စိတ်ဓာတ်ကို နှစ် သိမ့်အားပေးခြင်း ဖြစ်၏။
မ,စခြင်းသည် လူကို သက်သာပြေလည်စေခြင်း ဖြစ်၏။
* နည်းလမ်းမကျသည့် စကားမပြောနှင့်။
အကျိုးမရှိသည့်အလုပ် မလုပ်နှင့်။
ကျင့်ဝတ်သိက္ခာမဲ့သူကို မပေါင်းနှင့်။
* ကိုယ်ကျိုးမဖက်သူသည် ကျင့်ဝတ်သိက္ခာ ရှိ၏။
ကျင့်ဝတ်သိက္ခာမဲ့သူသည် ရန်စ ပေါများ၏။
* အိမ်သည် အရိပ်ခိုဖို့ ဖြစ်၏။
အဝတ်သည် နွေးထွေးဖို့ ဖြစ်၏။
သိက္ခာသည် လုံခြုံဖို့ ဖြစ်၏။

* ကိစ္စမတိုင်ခင် ကြိုတင်စဉ်းစားလျှင်
ကိစ္စပြီးသော် နောင်တရရန် မရှိ။
ကိစ္စမတိုင်ခင် ရှင်းရှင်းပြောကြားလျှင်
ကိစ္စပြီးသော် အပြစ်တင်ရန် မရှိ။
* မမှားခင် မမှားအောင် ရှောင်ကြဉ်ပါ။
မှားသွားလျှင် အမှားကို ပြုပြင်ပါ။
* မှားယွင်းမှုသည် ပေါ့ဆ လစ်ဟင်းမှုမှ လာ၏။
ကွဲပြဲခြင်းသည် စိတ်မထိန်းနိုင်ကြ၍ ဖြစ်၏။
* အချိန်ကို အကျိုးရှိစွာ အသုံးချလျှင် လုပ်ငန်းအောင်မြင်မှု မုချရရှိမည်။
ငွေကြေးကို အကျိုးရှိစွာ အသုံးပြုလျှင်
ဆင်းရဲခြင်းမှ အမှန်တကယ် လွတ်မြောက်မည်။
* ပြိုင်ဆိုင်စေခြင်းဖြင့် အလုပ်ပြီးမြောက်မှုနှုန်းကို တိုးမြှင့်နိုင်၏။
တရားမျှတခြင်းဖြင့် လူအများ ကြည်ဖြူစွာ လိုက်နာစေနိုင်၏။
* သဘောတရားသည် တွေးခေါ်ခြင်းမှလာ၏။
လုပ်ငန်းသည် လက်တွေ့လုပ်ရာမှ ပေါ်ထွက်၏။
* တိုင်းရေးပြည်ရေးတွင် ကောင်းကျိုးဆိုးပြစ်ကို ရှင်းရှင်းသိရမည်။
သဘောတရားတွင် အမှားအမှန်ကို ရှင်းရှင်းသိရမည်။
အလုပ်တာဝန်တွင် ဆုပေးဒဏ်ပေး လိုက်နာကျင့်သုံးရမည်။
* ဉာဏ်ပညာကြီးသူသည် ကိစ္စရပ်တိုင်းအား အရေးထား၏။
အကြင်နာကြီးသူသည် လူတိုင်းအား အကျိုးရှိစေ၏။
ရဲရင့်သူသည် ကိစ္စရပ်တိုင်းအား ဦးဆောင်လှုပ်ရှားစေ၏။
* ဆုပေး ဒဏ်ပေး မလုပ်လျှင် ခေါင်းဆောင်မပီသ။
အမှန်အမှား မခွဲလျှင် အပြောကောင်းမည်။
အဆိုးအကောင်း မပိုင်းလျှင် မှတ်သားဖွယ်မရှိ။
* အဖြစ်မှန်မရှိဘဲ အကျိုးသင့်အ ကြောင်းသင့် မပြောနိုင်။
လုပ်ဆောင်မှု မရှိဘဲ အောင်မြင် သည့်လုပ်ငန်း မထူထောင်နိုင်။
* စီမံခန့်ခွဲမှု အကျိုးသက်ရောက်လျှင် နည်းလမ်း သင့်လျော်သည်မည်၏။
ကိုယ်ခန္ဓာ ကျန်းမာပြီး ရောဂါကင်းလျှင် စနစ်ကောင်းမည်၏။
* အမှန်အကန် စကားကို ပြောပါ။ အမှန်အကန် အလုပ်ကို လုပ်ပါ။
အမှန်အကန် အမြတ်ကို ယူပါ။

* စိတ်ရှည်လျှင် အလုပ်ကိစ္စကို ကောင်းအောင် စဉ်းစားစီစဉ်နိုင်မည်။
အပင်ပန်းခံလျှင် အလုပ်ကိစ္စကို ကောင်းအောင် လုပ်ဆောင်နိုင်မည်။
သည်းညည်းခံလျှင် ပြဿနာရပ်ကို ကောင်းအောင် ဖြေရှင်းပေးနိုင်မည်။
* သဘောတရား ရှင်းလင်းရမည်။
မေတ္တာတရား ကြီးမားရမည်။
စည်းနှင့်စနစ် တင်းကျပ်ရမည်။
* လက်တွေ့ပြဿနာကြုံမှ အတွေ့အကြုံ တန်ဖိုးကြီးကြောင်း သိကြ၏။
စာမေးပွဲမေးခွန်းမြင်မှ ပညာရေးအသုံးဝင်လှကြောင်း သိကြ၏။
* ပြဿနာကို ကြည့်ရှုသည့်အခါ လေး လေးနက်နက်ရှိမှ အကွက်စေ့စေ့ သိရှိမည်။
ပြဿနာကို နားထောင်သည့်အခါ ကျယ်ကျယ်ပြန့်ပြန့်ရှိမှ ရှင်းရှင်းလင်းလင်း သိရှိမည်။
* ဩဇာ တိက္ကမက မျက်နှာကိုသာ လက်ခံကျေနပ်စေနိုင်၏။
ပညာနှင့် သိက္ခာက နှလုံးသားကို လက်ခံကျေနပ်စေနိုင်၏။
* အမြော်အမြင်ကြီးသူသည် အကျိုး အပြစ်ကို တွေးဆဆုံးဖြတ်၏။
သူတော်စင်က လောကပါလတရား အားဖြင့် တွေးဆဆုံးဖြတ်၏။
* မသမာသူ၏ စကားကို နားထောင်လျှင် အလိမ်ခံရမည်။
မသမာသူ၏ လုပ်ရပ်ကို အကဲခတ်လျှင် ရှောင်ကြဉ်နိုင်ရမည်။

၂၀၂

* အိမ်အလုပ်ကို တစ်မိသားစုလုံး ဝိုင်းလုပ်မှ တစ်အိမ်သားလုံး ပျော်ရွှင်မည်။
ပြည်အလုပ်ကို ပြည်သူတစ်ရပ်လုံးဝိုင်းလုပ်မှ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမည်။
* စေတနာစကားသည် သိက္ခာ၏အခြေခံဥပဒေတည်း။
မိဘ၏ စကားသည် မိသားစု၏အခြေခံဥပဒေတည်း။
ပြည်သူ၏စကားသည် တိုင်းပြည်၏ အခြေခံဥပဒေတည်း။
* စည်းမျဉ်းသည် ဥစ္စာဓနကို ကာကွယ်မှုပေး၏။
ဆေးဝါးသည် ခန္ဓာကိုယ်ကို ကျန်းမာအောင်ကုသ၏။
အင်အားသည် အသက်ဇီဝိန်ကို ကာကွယ်စောင့်ရှောက်၏။
* ကလေးဘဝတွင် မိဘစကားကို လိုက်နာ၏။
ကျောင်းသားဘဝတွင် ဆရာ့စကားကို လိုက်နာ၏။
ရည်းစားဘဝတွင်ချစ်သူစကားကို လိုက်နာ၏။

* ကိုယ်တိုင်ကိုယ်ကြပ် ထိတွေ့ခံစားခြင်းဖြင့် ဆင်းရဲဒုက္ခကို သိနိုင်၏။
မမွမ်းမိဘ်ကျကျ လေ့လာခြင်းဖြင့် အဆိုးအကောင်း ခွဲခြားနိုင်၏။
* ခင်တွယ်မှု ရှိသည်နှင့် အရာကိစ္စ အားလုံး ပြေလည်သွားတော့၏။
ဘာသာစကား ပြောနိုင်သည်နှင့် အတွေးအခေါ် ချင်း ဖလှယ်နိုင်၏။
* လူသည် အသက်အရွယ်ကြီးလေ ချည့်နဲ့လေ။
နာမည် နေရာတကာ ပျံ့နှံ့လေ ကြီးကျယ်လေ။



ယဉ်ကျေးခြင်းကို ဦးနှောက်မှစ၍ ကြည့်ရ၏။
အိုမင်းခြင်းကို ခြေထောက်က စတင် သိရှိ၏။

* စာပေ အနုပညာသည် လူ့'စိတ်'ကို ထက်သန်ရှင်လန်းစေ၏။
လက်ရုံးရည်အတတ်သည် 'ခန္ဓာကိုယ်'ကို ကျန်းမာပေ့ါပါးစေ၏။
* 'တရား'သည် အနှစ်တစ်ထောင်ကြာလည်း မပြောင်းလဲ။
'နည်းလမ်း'သော်ကား အချိန်မရွေးပြောင်းလဲတတ်၏။
* စစ်ပွဲသည် အမှားထင်ခြင်းမှ စတင်၏။
အောင်ပွဲသည် အမှားလျှော့ခြင်းမှ ရယူ၏။
* စစ်မြေပြင်တွင် ဓား၊ သေနတ်တို့ဖြင့် အနိုင်အရှုံး ယှဉ်ပြိုင်၏။
စေ့စပ်ဆွေးနွေးလျှင် အမှားအမှန်ကို နှုတ်လျှာဖြင့် ယှဉ်ပြိုင်၏။
* အချိန်ကာလသာလျှင် အဆိုးအ ကောင်းကို ခွဲခြားသိမြင်နိုင်၏။
အကျွာဝေးသာလျှင် ရုပ်ဆိုး ရုပ်လှကို ခွဲခြားသိမြင်နိုင်၏။
* ပျော့ညံ့မှုကြောင့် အလိမ်ခံရမည်။
တွန့်ဆုတ်မှုကြောင့် မုချ ကျဆုံးမည်။

* မှန်ကန်ခြင်းသည် အဘယ်နည်း? အမှားကင်းခြင်းတည်း။
  ကောင်းမွန်ခြင်းသည် အဘယ်နည်း? အကျိုးရှိခြင်းတည်း။
* ငွေကြေးပြုလုပ်သော ကျေးကျွန်သည် ဆင်းရဲပင်ပန်း၏။
  ငွေကြေးပြုလုပ်သော သခင်သည် ချမ်းသာပျော်ရွှင်၏။
* တရားသေနိုင်မှုသည် လူကို အယူ သည်းစေ၏။
  ဆိုးဝါးသော စကားသည် လူကို ဆိုးသွမ်းလွယ်စေ၏။
  ငွေကြေးနှင့် အာဏာသည် လူကို ပျက်စီးလွယ်စေ၏။
  ပညာသင်ခြင်းသည် လူကို တိုးတက်ပြောင်းလဲစေ၏။
  ဘာသာတရားသည် လူကို သန့်စင်မွန်မြတ်စေ၏။
  လူဒါန်းပေးကမ်းခြင်းသည် လူကို သိက္ခာတက်စေ၏။
  အနုပညာသည် လူကို လှအောင် မွမ်းမံနိုင်၏။
  စဉ်းစားပြောပါ။ လုပြီး မပြောဆိုပါနှင့်။ လွဲမှားမှုကင်းမည်။
  ကြည့်ပြီးလျှောက်ပါ။ နမော်နမဲ့ မလျှောက်နှင့်။ ချော်လဲမကျနိုင်။
* လူချင်း သင့်မြတ်လျှင် အရာကိစ္စတိုင်း အဆင်ပြေ၏။
  အိမ်တွင်း သင့်မြတ်လျှင် အိမ်သားအားလုံး ကျန်းမာချမ်းသာ၏။
  ပြည်တွင်း သင့်မြတ်လျှင် တိုင်းသူပြည်သားအားလုံး ချမ်းသာ၏။
  ကမ္ဘာကြီး သင့်မြတ်လျှင် လူသားအားလုံး ပျော်ရွှင်ချမ်းသာ၏။
* ချမ်းသာကြွယ်ဝလျှင်
  ငွေကြေးချို့တဲ့ခဲ့စဉ်က ဒုက္ခကို မမေ့နှင့်။
  သို့မှသာ ပြန်၍ မဆင်းရဲနိုင်။
  ပျော်ရွှင်ပီတိပွားစဉ်
  ဆိုးရွားပြီး စိတ်ပျက်အားငယ်ရသည်ကို မမေ့နှင့်။
  သို့မှသာ အမြဲပျော်ရွှင်နိုင်မည်။
* တွေးဆ၍ မရသည့်ကိစ္စကို စဉ်းစားလျှင် စိတ်ကူးယဉ်သည် မည်၏။
  လုပ်၍ မရနိုင်သည့် အလုပ်ကို ဇွတ် လုပ်လျှင် ထုံသော လုပ်ခြင်း မည်၏။
* သိက္ခာမဲ့သော အထက်လူနောက် လိုက်ခြင်းထက်
  မကျွမ်းကျင်သော အထက်လူနောက်လိုက်ခြင်းက ပိုကောင်းသေး၏။
  မရိုးဖြောင့်သော ဝမ်းကျောင်းမှုပြုလုပ်ခြင်းထက်
  ဆင်းရဲသော်လည်း ဘေးကင်းစွာ ရှာစားခြင်းက စိတ်ချမ်းသာ၏။

* ငွေရှာတတ်ပြီး ငွေစုတတ်ရဦးမည်။
  ငွေစုတတ်ပြီး ငွေသုံးတတ်ရဦးမည်။
* သူများကို မှီခိုနေရခြင်းသည် စွမ်း ရည်အညံ့ဖျင်းဆုံး။
  သားကွဲ မယားကွဲ နေရခြင်းသည် စိတ်အဆင်းရဲရဆုံး။
  သိက္ခာကို ရောင်းစားလိုက်ရခြင်းသည် ရှက်စရာ အကောင်းဆုံး။
  သေသည်ထိ ယောင်နနနေခြင်းသည် ဝမ်းနည်းစရာအကောင်းဆုံး။
* ခွေးလိုသေလျှင် တန်ဖိုး လုံးဝ မရှိ။
  လူလို သေလျှင် တန်ဖိုးဖြတ်နိုင်သေး၏။
* လူ့အသိပညာသည် အကန့်အသတ်ရှိ၏။
  စကြဝဠာပညာသည် ကျယ်ပြောလှစွာ၏။
* တစ်ဖက်သတ် စကားနားထောင်လျှင် မှားတတ်၏။
  နှစ်ဖက် ညှပ်တိုက်ခိုက်ခံရလျှင် ရှုံးတတ်၏။
* 'ရယ်ခြင်း'၏ အနှစ်သာရသည် ကျယ်ဝန်းလှ၏။
  'ငိုခြင်း'၏ အင်အားကို တုနှိုင်းစရာမရှိ။
* လေညှင်း၊ ပန်းပွင့်၊ မြူနှင်း၊ လမင်းတို့သည်
  လက်တွေ့ဘဝအတွက် အကျိုးမပြုပါ။
  သောက်စား ပျော်ပါး လောင်းကစားခြင်းတို့သည်
  ဘဝရှေ့ရေး အဟန့်အတားများဖြစ်၏။
* လေပေးဖြောင့်သော အခွန်းတစ်ထောင်ပြောလည်း မများပါ။
  အမြင်မတူသော တစ်ခွန်းပြောလျှင်ပင် များသည်ထင်။
* စကားအပြောမှားလျှင် စိတ်မချမ်းသာဖြစ်ရ။
  အမှားလုပ်မိသွားလျှင် တစ်သက်လုံး ဝမ်းနည်းရ။
  လူ အသုံးပြုမှားလျှင် နောက်ကျမှ နောင်တရ။

၂၀၄

- ဘဝခံယူချက်ကို ပြောရမည်ဆိုလျှင် မေတ္တာတရားကို အခြေခံထားရမည်။
  သေခြင်းသဘောကို ပြောရမည်ဆိုလျှင် တန်ဖိုးကိုအခြေခံထားရမည်။
- စကြဝဠာအတွင်း၌ မပြောင်းလဲသော ဥပဒေသများရှိကြ၏။
  လူ့ဘဝတွင် မပြောင်းလဲသောရေးရာကိစ္စမျိုးမရှိ။
- ပတ်ဝန်းကျင်အကောင်း အဆိုးထဲမှ လူ့သဘောကို အကဲခတ်ရလွယ်၏။
  သေရေးရှင်ရေး အခြေအနေမျိုးတွင် စိတ်ရင်းစေတနာပေါ် လွင်လွယ်၏။

- အမှန်တရား၏ စံချိန်စံညွှန်းကို လူတွေက သတ်မှတ်ခြင်း ဖြစ်၏။
ကိုးကြောင်းဆီလျော်မှုတို့၏ စံချိန်စံညွှန်းကို အသုံးဝင်မှုက သတ်မှတ်ခြင်း ဖြစ်၏။
- ကောင်းသည် ဆိုးသည်ကို လုပ်ဆောင်မှုကြည့်လျှင် သိနိုင်၏။
မြတ်သည် ယုတ်သည်ကို ပင်ကိုယ်ဉာဏ်ဖြင့်သာ သိနိုင်၏။
- နည်းနည်းသည်းခံလျှင် နည်းနည်း အောင်မြင်မှုရမည်။
များများသည်းခံလျှင် ကြီးကြီးမားမားအောင်မြင်မှုရမည်။
လုံးဝ သည်းမခံနိုင်လျှင် နည်းနည်းမှ မအောင်မြင်နိုင်။
- သင့်လျော်သည့် အားနာမှုသည် ရိုသေမှုဖြစ်၏။
လွန်ကဲသည့် အားနာမှုသည် ဟန်ဆောင်မှုဖြစ်၏။
- ကိုယ့်ကိုယ်ကိုယ် ပြုပြင်လှည့်ပြောင်းခြင်းသည် သိက္ခာကိုသန့်စင်စေနိုင်၏။
ကိုယ့်ကိုယ်ကိုယ်မဖြစ်မနေတည်ဆောက်ခြင်းသည် သိက္ခာကိုခိုင်မာကြံ့ခိုင်စေ၏။
ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်းသည် သိက္ခာကို မြင့်တင်နိုင်၏။
- လူများစုနှင့် စုပေါင်းနေထိုင်သည့်အခါ 'ဆိတ်ဆိတ်နေ'ပါ။
မိသားစုနှင့် နေထိုင်သည့်အခါ 'သည်းညည်းခံ'ပါ။
လူ့လောကတွင် နေထိုင်စဉ်ကာလ 'သဘောထား' ကြီးပါ။
- ဆင်းရဲသောသူများသည် မျှော်မှန်းချက်ထူနိုင်ပါက မုချအောင်မြင်လိမ့်မည်။
ချမ်းသာသောသူများ ကိုယ်ကျင့်တရားစောင့်ဆည်းနိုင်ပါက ထင်ရှားကျော်ကြားသည်။
- တူချက်များများ အထုခံနိုင်မှ သံမဏိသားကျမည်။
အတိုက်အခံများများ ခံနိုင်မှ၊ လူစွမ်းကောင်းဖြစ်မည်။
- ကောင်းသည့်စိတ်ရှိလျှင် ကောင်းသည့်စကားထွက်မည်။
ကောင်းသည့်စကားပြောလျှင် ကောင်းသည့် အလုပ်လုပ်မည်။
ကောင်းသည့် အလုပ်လုပ်လျှင် ကောင်းကျိုးကေန်ရရှိမည်။
- သူတစ်ပါးကို တက်ကြွစေချင်လျှင် ကိုယ်တိုင်တက်ကြွနေရမည်။
သူတစ်ပါးကို လုပ်စေချင်လျှင် ကိုယ်တိုင်လုပ်ပြရမည်။
လူငယ်တွင် မျှော်မှန်းချက်ဆန္ဒမထားရှိသည်ကို စိုးရိမ်၏။

လူလတ်ပိုင်းတွင် မျှော်မှန်းချက် ဆန္ဒလျော့ကျမည်ကို စိုးရိမ်ရ၏။
လူကြီးများတွင် မျှော်မှန်းချက်ဆန္ဒ အားနည်းမည်ကို စိုးရိမ်ရ၏။

- မသိသူသည် မပြောဆို။
မမြင်သူသည် မယုံကြည်။
- နိုးဖြောင့်ခြင်း မနိုးဖြောင့်ခြင်းသည်
စကား၌ မတည်။ အပြုအမူတွင် ပေါ်လွင်လိမ့်မည်။
မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းသည်
အပေါ်ယံ၌ မတည်။ အနှစ်သာရတွင် သာတည်၏။
- သစ္စာရှိခြင်း၏ အနှစ်သာရကို ပြောင်းလဲ၍မရ။
သစ္စာရှိခြင်း၏ နည်းဟန်သာ ပြောင်းလဲနိုင်၏။
ရှိသေသည့် တရားသဘောကို ပြောင်းလဲ၍မရ။
ရှိသေသည့် နည်းဟန်ကိုကား ပြောင်းလဲနိုင်၏။
- ဥစ္စာမနေ ရယူခြင်းတွင် တရားနှင့်ညီရမည်။
ငွေကြေး သုံးစွဲခြင်းတွင် စည်းစနစ်ရှိရမည်။
- ပြောချိန်မတန်သေးဘဲ အပိုတစ်ခွန်းပြောလိုက်လျှင်လည်း ကိစ္စပျက်ပြားတတ်သည်။
ပြောချိန်တန်လျက် တစ်ခွန်းလျှော့ ပြန်လည်အကျိုးမသက်ရောက်ဘဲ ဖြစ်တတ်သည်။
- အမှားလုပ်မိလျှင် မငြင်းခုန်သင့် ငြင်းခုန်လေလေ မှားလေလေဖြစ်လိမ့်မည်။
တရားနည်းလမ်းကျလည်း မကြောက်သင့်။
ကြောက်လေလေ တရားနည်းလမ်း ပျောက်လေလေ ဖြစ်လိမ့်မည်။
- ဆင်ခြင်တုံတရားနည်းသူသည် ဒေါသအမျက်ထွက်လွယ်၏။
ကိုယ်ကျင့်တရားနည်းသူကို မြူဆွယ်သွေးဆောင်ရလွယ်၏။
ဗဟုသုတ နည်းသူသည် အလွယ်လိမ်ခံရတတ်၏။
ပညာအခြေခံနည်းသူသည် အလွယ်သိမ်ငယ်တတ်၏။
- အကြံဉာဏ်ပေးသည့် မိတ်ဆွေကောင်းမရှိခြင်းသည် လက်တစ်ဘက် ပြတ်သည်နှင့်တူ၏။
မိမိပြောသည့်စကားကို နားထောင်ပေးမည့်သူငယ်ချင်း မရှိခြင်းသည် လက်နှစ်ဘက်ပြတ်သည်နှင့် မခြားပေ။

- လူကို ညှာတာ ထောက်ထားခွင့် လွှတ်ခြင်းသည် လူကို နားလည်သဘော ပေါက်သိရှိခြင်း အခြေခံတည်း။
  လူကို နားလည်သဘောပေါက်သိရှိခြင်းသည် ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၏ ရလဒ်တည်း။
- သူတစ်ပါး၏ ပစ္စည်းဖြင့် သဘော ထားကြီးပြသူမျိုးကို မပေါင်းသင်းသင့်။ အလွန် တွက်ကတ်တတ်သူမျိုးကို မရင်းနှီးနှင့်။
- အနစ်နာခံဝံ့သူသည် လူတော်။
  အချောင်ရလိုသူသည် လူညံ့။
- သူတစ်ပါးကောင်းကျိုးသယ်ပိုးသူကို ကိုယ်ကျင့်ကောင်းသူမည်၏။ တိုင်းပြည်ကောင်းကျိုးသယ်ပိုးသူကို စိတ်ထားမြင့်မြတ်သူ မည်၏။
- အသက်ရှင်ရပ်တည်ရေးအတွက် လုံးပန်းသည့် ပင်ကိုယ်စိတ်ဓာတ်သည် ဆင်တူနိုးမှားရှိကြ၏။
  အသက်ရှင် ရပ်တည်ရေးအတွက် လုံးပန်းသည့် နည်းဟန်သော်ကား ကွဲပြားခြားနားလှ၏။

၂၀၅

* သင့်တော်အောင်စဉ်းစားပြီးပြောလျှင်
  ဆယ်ခွန်းတွင် ကိုးခွန်းကအောင်၏။
  သင့်တော်အောင်စဉ်းစားပြီးမှလုပ်လျှင်
  ဆယ်မျိုးလုပ်လျှင် ကိုးမျိုးအကျိုးများ၏။
* အလုပ်လုပ်စရာရှိလျှင် စိတ်မညစ်ရ။
  အလုပ်လုပ်စရာမရှိလျှင် စိတ်ညစ်၍ သေလောက်သည်။
* အချိန်သာလျှင် အကောင်းအဆိုး ကိုစမ်းသပ်သိရှိနိုင်မည်။
  အဖြစ်မှန်သာလျှင် အတုအစစ်ကို သက်သေထူပြနိုင်မည်။
* ပြစ်ဒဏ်ကြီးလျှင် (လာဘ်)မစားဝံ့။
  စည်းမျဉ်းကောင်းလျှင် (လာဘ်)မစားနိုင်။
  ဝင်ငွေကောင်းလျှင် (လာဘ်)စားဖို့ မလို။
* နားဖြင့်လျှောနားထောင်ပြီး မျက်စိဖြင့်ပိုကြည့်ပါ။
  သို့မှသာ အတိမ်းအစောင်းအမှားအယွင်းနည်းမည်။

လက်ညှိုးဖြင့်လျှော့ညွှန်ပြီး ခြေထောက်ဖြင့်ပိုလျှောက်ပါ။
သို့မှသာ အကျိုးဖြစ်ထွန်းမှု ပိုများမည်။
နှုတ်ဖြင့်လျှော့ပြောပြီး ဦးနှောက်ကို ပိုသုံးပါ။
သို့မှသာ ဘက်စုံအသုံးချနိုင်မည်။

* ဦးနှောက်သုံးစဉ်းစားတွေးဆခြင်းမပြုလျှင်
အများအားဖြင့် မှားယွင်းတတ်သည်။
အတွေ့အကြုံရှိသည့်လုပ်ဆောင်မှုသည်
အများအားဖြင့် စိတ်ချနိုင်လောက်သည်။

* မေးသင့်လျှင်မေးရမည်။
မမေးဘဲနေလျှင် တာဝန်ပျက်ကွက်ရာကျ၏။
မမေးသင့်လျှင် မမေးနှင့်။
မေးလိုက်လျှင် ဘောင်ကျော်ရာကျ၏။

* မိုးလွန်မှ ထွန်ချလျှင်
အရာမရောက်တော့။
ထွေ့ငေါ့သောစကားသည်
တိုးတက်မှုကို ဟန့်တား၏။

* အနာဂတ်ဘေးဆိုးကို ကြိုတင်ကာကွယ်ရသည်။
အနာဂတ်ကို အယူမသည်းပါနှင့်။
အတိတ်၏ဆုံးရှုံးမှုကို မှတ်သားနာယူရမည်။
အတိတ်၏အောင်မြင်မှုကို စွဲလမ်း တပ်မက်မနေနှင့်။


* သူများငွေကို သုံးစွဲရာ၌ မိမိငွေလို သဘောထားသုံးခြင်းသည်
ချွေတာမှုအမှန်ပင်ဖြစ်၏။
သူများအလုပ်ကို လုပ်ဆောင်ရာ၌ မိမိအလုပ်လို သဘောထားလုပ်ခြင်းသည် အလုပ်အပေါ် စေတနာအမှန်ထားခြင်းဖြစ်၏။

* အခြားသူ၏ဆုံးရှုံးမှုအောင်မြင်မှုများကို
မိမိ၏မှိုငြမ်းပြုစရာအဖြစ် ထားရမည်။
မိမိ၏ဆုံးရှုံးမှု၊ အောင်မြင်မှုများကို
ယူတန်ယူ ပယ်တန်ပယ်သည့် သင်ခန်းစာအဖြစ်ထားရမည်။

* ကြိုးစားမှုသည် ချွေတာခြင်း၏ရင်းမြစ်တည်း။
ချွေတာမှုသည် ကြိုးစားခြင်း၏အရင်းခံတည်း။

* လူထုအားသည် အကျယ်ပြန့်ဆုံး၊ အနက်ရှိုင်းဆုံး၊ အဝေးလံဆုံးဖြစ်၏။
  တော်လှန်ရေးအသိပညာသည် အနက်ဝှမ်းဆုံး၊ အစစ်မှန်ဆုံး၊ အကြီးမြတ်ဆုံးဖြစ်၏။
* အဖြစ်မှန်ကို မျက်နှာမူမှ ပြဿနာကို ဖြေရှင်းနိုင်မည်။
  ရန်သူကို မကြောက်ရွံ့မှ အောင်ပွဲခံနိုင်မည်။
* တော်လှန်ရေးသည် မိမိနာမည်ရရေးကိုမတွက်
  အမှားအမှန်ကိုတော့ မုချတွက်ရမည်။
  အလုပ်ဆောင်ရွက်ရာတွင် ဆုလာဘ်ကို မမျှော်ကိုးနှင့်။
  အကျိုးအမြတ်ကိုသာ တွက်ရမည်။
* "ကိုယ်ကျိုးကြည့်လျှင်"အထင်သေးခံရမည်။
  "တစ်ဖက်သတ်ကျလျှင်"ဝိုင်းပယ်ခံရမည်။
  "လိမ်ညာလျှင်"အထီးကျန်ဖြစ်မည်။
  "သံသယဖြစ်ခံရလျှင်"ဝေးဝေးက ရှောင်ကြမည်။
* လူကိုချစ်ခင်သူကို လူများကလည်း ချစ်ခင်၏။
  အိမ်ကိုချစ်ခင်သူကို အိမ်ကလည်း ချစ်ခင်၏။
  တိုင်းပြည်ကိုချစ်ခင်သူကို တိုင်းပြည်ကလည်း ချစ်ခင်၏။
* အတွေးအခေါ်သည် အရင်းခံဖြစ်၏။
  နည်းပညာသည် နည်းလမ်းဖြစ်၏။
  အရင်းခံဇစ်မြစ်ကို ပြောင်းလဲ၍မရ။
  နည်းလမ်းကိုသာ ပြောင်းလဲနိုင်၏။
* ငွေသည် သဏ္ဌာန်ရှိပစ္စည်းတို့၏ပြဿနာကို ဖြေရှင်းပေးသည့် သဏ္ဌာန်ရှိ အနန္တတန်ခိုးရှင်ဖြစ်၏။
  တရားနည်းလမ်းသည် သဏ္ဌာန်မဲ့စိတ်ဓာတ်ကို ဖြေရှင်းပေးသည့် သဏ္ဌာန်မဲ့ အနန္တတန်ခိုးရှင်ဖြစ်၏။
* မေတ္တာသည် သဘာဝအတွေးအခေါ်မှ ပေါက်ဖွားသည့်အရာဖြစ်၏။
  အမုန်းသည် သဘာဝမဟုတ်သော အတွေးအခေါ်မှ ပေါက်ဖွားသည့် အရာ ဖြစ်၏။
* ပြဿနာမရှိလျှင် ပြဿနာမပွားစေနှင့်။
  ပြဿနာရှိလျှင် ပြဿနာကိုမကြောက်နှင့်။

* အချစ်သည် ထိန်းချုပ်ဆွဲခေါ်ခြင်းခံသည့်အရာမဟုတ်။
ပျော်ရွှင်မှုကို ပုံစံကန့်သတ်၍မရ။
* ပထမတန်းစားယောကျာ်းသည် ဇနီးကို လေးစား၏။
ဒုတိယတန်းစားယောကျာ်းသည် ဇနီးကို လိုက်လျော၏။
အောက်တန်းစားယောကျာ်းသည် ဇနီးကို ရိုက်နှက်၏။
ပထမတန်းစားမိန်းမသည် ခင်ပွန်းကို ကြည်ညို၏။
ဒုတိယတန်းစားမိန်းမသည် ခင်ပွန်းကို လိုက်လျော၏။
အောက်တန်းစားမိန်းမသည် ခင်ပွန်းကို ဆဲဆို၏။



ယောကျာ်းနှင့်မိန်းမ မေတ္တာမပါဘဲ အတူနေခြင်းသည်
ဘေးဆိုးသင့်တတ်၏။
သူငယ်ချင်းပေါင်းသင်းရာတွင် သစ္စာမရှိလျှင်
အန္တရာယ်ပွားတတ်သည်။

* အချိန်ကိုဖြုန်းတီးခြင်းသည် ဘဝ၏ပြစ်ချက်တစ်ရပ်တည်း။
ယောင်ချာချာဖြင့် တစ်နေ့တစ်နေ့ ကုန်လွန်သွားခြင်းသည်
လူ့ဘဝအတွက် ကြေကွဲစရာတည်း။
* မျှော်မှန်းချက်ကြွင်းကျန်ရစ်သော သူသည်
သေသော်လည်း ရှင်နေသေးသည်နှင့် မခြားပေ။
ဘေးဒုက္ခကြွင်းကျန်ရစ်သောသူသည်
ရှင်နေသော်လည်း သေသူနှင့်မခြားပေ။
* ငွေကိုသင့်တော်စွာ အသုံးပြုလျက် "အကျိုး"ရှိ၏။
ငွေကို မသင့်လျော်စွာသုံးလျှင် "ဆိုးကျိုး"ပေး၏။

ဉာဏ်ကိုသင့်တော်စွာအသုံးပြုလျှင် "ပါးနပ်"သည်မည်၏။
မသင့်လျော်စွာသုံးလျှင် "မိုက်မဲ"သည်မည်၏။

* အရည်အချင်းရှိမှ ပတ်ဝန်းကျင်နှင့် ပြေပြစ်မည်။
ဉာဏ်ပညာရှိမှ ပတ်ဝန်းကျင်ကို ချဲ့ထွင်နိုင်မည်။
သိက္ခာရှိမှ ပတ်ဝန်းကျင်နှင့် တစ်သားတည်းဖြစ် သိမ်းသွင်းနိုင်မည်။
ဉာဏ်မရှိသူနှင့် တိုင်ပင်နှီးနှောခြင်း မပြုနှင့်။
အရည်အချင်းမဲ့သူနှင့် လက်တွဲမလုပ်နှင့်။
သတ္တိမရှိသူနှင့် တိုက်ပွဲမဝင်နှင့်။

* ငွေရဖို့သာသိလျက် အသက်ကို မနမြောသူသည်
ငွေကြောင့် ဒုက္ခရောက်သူဖြစ်သည်။
ရောဂါကို ကုသဖို့သာသိလျက် စိတ်ကိုကုသဖို့ မသိတတ်သူသည်
စိတ်ကြောင့်ဒုက္ခရောက်သူဖြစ်၏။

* ငွေကြေးလက်ဆောင်ပေးခြင်းသည် အကောင်းဆုံးအသုံးပြုနိုင်သည့်
ပစ္စည်းပင်ဖြစ်၏။
စာအုပ်လက်ဆောင်ပေးခြင်းကား အကျိုးအရှိဆုံးလက်ဆောင်ပစ္စည်းဖြစ်
တော့၏။

* မျိုးစေ့တစ်စေ့သည် အပင်ပေါင်း များစွာပြန့်ပွားစေနိုင်၏။
ပညာရှိစကားတစ်ခွန်းသည် လူပေါင်းများစွာကို စိတ်ချမ်းမြေ့သာယာ
စေနိုင်၏။

၂၀၈

စာဖတ်ခြင်း၊ ပညာသင်ယူခြင်းတို့သည် ကြံစုပ်သကဲ့သို့သော အရသာမျိုး တွေ့မှ စုပ်လေအရသာတွေ့လေကို သိမည်။

- ကိစ္စတိုင်းတွင် ရေသာခိုသည့်နည်းလမ်းများရှိကြသည်။
ပညာသင်ယူခြင်းတွင်သာ ရေသာခို၍ မရနိုင်။
- ပညာ၊ ခန္ဓာသန်စွမ်းမှုနှင့် ကိုယ်ကျင့်တရားတို့ကို ငွေကြေး၊ စွမ်းအား တို့ဖြင့် နေ့ချင်းညချင်း ဝယ်ယူရရှိနိုင်သည်မဟုတ်။ နည်းနည်းချင်း နေ့စုလစုဖြင့် လေ့ကျင့်ယူမှရ၏။
- လူငယ်များတွင် ချို့ယွင်းချက်တစ်ခုရှိတတ်၏။ "မာနကြီး ဘဝင်မြင့်ခြင်း ပင်တည်း" အကယ်၍ သူတို့သည် စာကြည့်တိုက်သို့ ၄၊ ၅၊ ၆ ကြိမ်သွား

လိုက်လျှင် သို့မဟုတ် ၄၊ ၅၊ ၆ကြိမ် စာသင်ကြားပေးသည့် အလုပ်လုပ်လိုက်လျှင် သို့မဟုတ် ပညာရှင် ၄၊ ၅၊ ၆ ဦးနှင့် ပေါင်းသင်းမိလျှင် မိမိတို့တွင် ပညာအများကြီး လိုသေးကြောင်း သိရှိလာပေမည်။

- ကြီးမြတ်သူတို့သည် အသေးအဖွဲ ပြဿနာကို အလေးမထား။ သေးနုပ်သူတို့သည် ကြီးမြင့်သောကိစ္စကို မသိနားမလည်။
- မိဘမရှိသေးသူသည် အထက်အရာရှိကို အမှန်တကယ်သစ္စာရှိ လေးစားမည်မဟုတ်။
  သားသမီးကို မချစ်သူသည် လက်အောက်ငယ်သားများကို အမှန်တကယ်စောင့်ရှောက်မည် မဟုတ်။
- လိမ္မာပါးနပ်ပြီး သိက္ခာကိုယ်ကျင့် မရှိလျှင် လိမ်ညာလှည့်ဖြားတတ်သည်။ လိမ္မာပါးနပ်ပြီး ဇွဲလုံ့လမရှိလျှင် ကျဆုံးလိမ့်မည်။
- ငွေချေးပြီး ကြွေးမဆပ်ခြင်းသည် အရှက်မဲ့ခြင်းတည်း။
  ကျေးဇူးရှိသူကို ကျေးဇူးမသိတတ်ခြင်းသည် တရားမဲ့ခြင်းတည်း။
- လူညံ့တို့သည် အကျိုးစီးပွားကြုံလျှင် ပေါင်းဖွဲ့ကြ၏။
  ဘေးအန္တရာယ်ကြုံလျှင် ခွာပြေးကြ၏။
  သူတော်ကောင်းတို့သည် အမှန်တရားနှင့်ကြုံလျှင် ပေါင်းဖွဲ့ကြ၏။ အကျိုးစီးပွားနှင့်ကြုံလျှင် အပြန်အလှန်လျှော့ပေးကြ၏။
- ပညာတတ်မြောက်ပြီဆိုလျှင် အလုပ်ခန့်မည့်သူ ပေါ်လာမည်။
  သိက္ခာရှိသူဖြစ်လျှင် လူအများ လေးစားခံရမည်မလွဲ။
- သူများကို ခယရလျှင် မိမိကိုယ်တိုင် သိမ်ငယ်၏။
  ကိုယ်က ခယခံရလျှင် ဂုဏ်တက်၏။
- လူအများကို ချစ်ခင်တတ်ခြင်းသည် ကျန်းမာသောစိတ်ဓာတ်မှ ပေါက်ဖွားခြင်း ဖြစ်၏။
  လူအများကို မုန်းစိတ်ပွားခြင်းသည် မူမမှန်သည့်ရောဂါစိတ်မှ ပေါက်ဖွားခြင်း ဖြစ်၏။
- "ဟန်ဆောင်ခြင်း"ကို လူအများ မသိလိုက်ကြပါက "ကလိမ်ဉာဏ်ဆင်ခြင်း" ဟု ခေါ်သင့်၏။
  "ပြောဆိုလုပ်ကိုင်ခြင်း"သည် အစမ်းသပ်ခံနိုင်သည်ဆိုပါက ရိုးသားဖြောင့်မတ်သည်ဟု ခေါ်၏။

- အရည်အချင်း"မဲ့"သူသာ "ခက်သည်"ဟူသော စကားသုံးလုံးတတ်ကြ၏။ ကြိုးပမ်းဆောင်ရွက်သူသည်သာ "လွယ်သည်"ဟူသောစကားလုံးကို ပြောတတ်ကြ၏။
- သဘာဝကျသည့် ဂုဏ်သရေသည် "စစ်မှန်၏"။
  သဘာဝကျသည့် စာနာစိတ်သည် "မြတ်၏"။
  သဘာဝကျသည့် အခြင်းအရာသည် "လှပ၏"။
- အကျိုးမဲ့သည်ကို အကျိုးရှိအောင် လုပ်နိုင်သူသည် ထက်မြက်၏။
  အကျိုးရှိသည်ကို အကျိုးမဲ့အောင် လုပ်တတ်သူသည် လူညံ့ဖြစ်၏။
- အသိဉာဏ်ခေါင်းပါးသူသာ ခက်ခဲသည့်စကားဆို၏။
  လုပ်ရည်ကိုင်ရည်မဲ့သူသာ ခက်ခဲသည့်အလုပ်ရှိ၏။
- သစ္စာတရားကိုသာ ကြည့်သည်။ သေမည်၊ ရှင်မည်ကို မကြည့်သူသည် သစ္စာတရားရှိသော မြင့်မြတ်သူတည်း။
- သံယောဇဉ်ဖြစ်မိပြီဆိုလျှင် ခွဲခွာ၍ မရနိုင်တော့။ အမုန်းပွားမိပြီဆိုလျှင် ပေါင်းစု၍ မရနိုင်တော့။
- လူကို အရင်အကဲခတ်ပါ။ ပြီးမှ သူ့စာ(စကား)ကို အကဲခတ်ပါ။ လူက မမှန်ဘဲ စာ(စကား)က မှန်နေသော်မှ မယုံလောက်သေးပေ။
- အကျိုးသင့်အကြောင်းသင့် ရှင်းပြနိုင်သူသည် သဘောတရားရေးသမား ဖြစ်၏။
  ပြဿနာရပ်ကို ဖြေရှင်းပေးနိုင်သူသည် လက်တွေ့သမားဖြစ်၏။
- ပြဿနာမပေါ်ခင် ကြိုသိနိုင်သူကမှ တကယ့်လူတော်တည်း။
  ပြဿနာပေါ်ပြီးမှ သိသူသည် လူဖျင်းလူညံ့တည်း။
- မသင်ယူဘဲ နည်းလမ်းမတတ်သူ၊ လူညံ့တည်း၊ ကြောက်စရာမကောင်း။
  မသင်ယူဘဲ တတ်မြောက်သူ၊ လူတော်တည်း၊ ကြောက်စရာအကောင်းဆုံး။
- သတ္တိရှိသူကို ခြောက်လှန့်၍မရ။
  ဗဟုသုတရှိသူကို လိမ်ညာ၍မရ။
- အသုံးမကျသူသည် သူ့ကို အရည်အချင်းမရှိဟု အပြောခံရမည်ကို ကြောက်၏။
  ငွေကြေးချမ်းသာသူသည် သူ့ကိုငွေရှိသည်ဟု အပြောခံရမည်ကို ကြောက်၏။

- တစ်သက်လုံး တစ်ကိုယ်ကောင်းစိတ်ရှိသူအဖို့ လောကတွင်မှန်ကန်သည့်သူမရှိ။
  တစ်သက်လုံး သံသယစိတ်ရှိသူအဖို့ လောကတွင် မှန်ကန်သည့်ကိစ္စမရှိဟု ယုံတတ်၏။
- အနစ်နာခံဝံ့သူသည် လူတော်လူကောင်းဖြစ်၏။
  အချောင်လိုချင်သူသည် လူရှော်လူညံ့ဖြစ်၏။
- လူအများကို အကျိုးပြုသူသည် သိက္ခာရှိ၏။
  တိုင်းပြည်အတွက် အကျိုးပြုသူသည် မြင့်မြတ်သူဖြစ်၏။
- အခက်အခဲကြီးကြုံလျှင် တကယ့်ဉာဏ်စွမ်းရှိသူ လိုအပ်၏။
  ဒုက္ခကြီးကြုံလျှင် အကြင်နာကြီးသူ လိုအပ်၏။
  အန္တရာယ်ကြီးကြုံလျှင် သတ္တိကြီးသူ လိုအပ်၏။
- ကုန်သည်တို့၏ အရင်းအနှီးသည် ငွေကြေးတည်း။
  ချစ်ခြင်းမေတ္တာ၏အရင်းအနှီးသည် ရိုးဖြောင့်မှုတည်း။
  တော်လှန်ရေး၏ အရင်းအနှီးသည် အသက်ပေးခြင်းတည်း။

၂၀၉

- ငွေကြေးသည် သဏ္ဍာန်ရှိဒြပ်ပစ္စည်းတို့ကို ဖြေရှင်းပေးသည်။
  သဘောတရားသည် သဏ္ဍာန်မဲ့ စိတ်ဓာတ်ရေးရာများကို ဖြေရှင်းသည့် စွမ်းပကား ရှိ၏။
- မသမာသော အတွေးအကြံမရှိလျှင်၊ စိတ်တွင် ဝန်ထုပ်ဝန်ပိုး မရှိနိုင်။
- စိတ်ရှုပ်ထွေးပွေလီမှု မရှိလျှင် အပြုအမူဖြောင့်မှန်တည့်မတ်နေလိမ့်မည်။
- လောကတွင် တန်ဖိုးမဖြတ်နိုင်သော အရာ (၄)မျိုးကား

  (၁) စိတ်ကောင်းစေတနာရှိခြင်း။ (၂) စိတ်ရောကိုယ်ပါ ကျန်းမာခြင်း။ (၃) မိသားတစ်စုလုံး ငြိမ်းအေးပျော်ရွှင်ခြင်း။ (၄) မိတ်ဆွေများနှင့် သင့်မြတ်ငြိမ်းအေးခြင်းတို့ ဖြစ်၏။
- ဆင်ခြင်တုံတရားရှိသည်နှင့် အမှန်အမှား ခွဲခြားနိုင်ပြီ။
  စိတ်ကောင်းစေတနာရှိလျှင် အကောင်းအဆိုး ကွဲပြားတော့သည်။
- ကိုယ်က သူတစ်ပါးကို ကြွေးပေးရန်မရှိလျှင် တစ်သက်ပျော်နိုင်၏။
  သူက ကိုယ့်ကို ကြွေးပေးစရာမရှိလျှင် စွဲလမ်းစရာ လုံးဝမရှိ။
- အတွေးအယူ သန့်ရှင်းလျှင် ပူပင်သောကဖြစ်စရာ မရှိ။
  တစ်ကိုယ်ရေ သန့်ရှင်းလျှင် အနာရောဂါကင်းရှင်း၏။

- လူမှုရေးတရား(၃)ပါးမှာ- (၁)လူရေးလူရာ နားလည်သဘောပေါက်ခြင်း၊ (၂)သူ့အကျိုးကိုလိုလားခြင်း၊ (၃)ကိုယ့်ကိုယ်ကိုယ်နှိမ့်ချခြင်းတို့ ဖြစ်၏။ ကျန်းမာရေးနည်းနာ (၃)ပါးမှာ- (၁)လှုပ်ရှားအားကစား၊ (၂)ရိုးစင်းလွယ်ကူခြင်း၊ (၃)ပကာသနကင်းခြင်း တို့တည်း။
- နာမကျန်းဖြစ်မှ ကျန်းမာရေးတန်ဖိုးကို သိရ၏။
  အခက်အခဲကြုံမှ ဆွေမျိုးမိတ်ဆွေကောင်းကို သတိရ၏။
- အစားအသောက် အပျော်အပါး ဆင်ခြင်လျှင်၊ ရေရှည်ကျန်းမာခြင်း၏ အရသာကို ခံစားရမည်။
  ငွေကြေးကို အလွန်အကျွံဖြုန်းတီးခြင်းသည် ဆင်းရဲတွင်းသို့ တိုးဝင်နေခြင်း ဖြစ်၏။
- ရောင့်ရဲတင်းတိမ်မှု မရှိခြင်းသည် စိတ်သောက၏ အရင်းအမြစ် ဖြစ်၏။ စိတ်သောကဗျာပါဒသည် မကောင်းမှုတို့၏ လမ်းတည်း။
- ဟော့ဟော့ရမ်းရမ်း စားလျှင် မုချရောဂါရမည်။
  ဟော့ဟော့ရမ်းရမ်းတွေးလျှင် မုချအမှားတွေ့မည်။
  ဟော့ဟော့ရမ်းရမ်းပြေးလျှင် မုချဘေးတွေ့မည်။
  သော့သော့သွမ်းသွမ်း ပြုမူလျှင် မုချထိခိုက်မည်။
  ဟော့ဟော့ရမ်းရမ်းသုံးစွဲလျှင် မုချမွဲသည်။
- အသက်ရှည်ပြီး မကျန်းမမာဖြစ်နေလျှင် အရှင်လတ်လတ် ဝဋ်ခံရခြင်း ဖြစ်၏။
  ကျန်းမာပြီး အသက်မရှည်လျှင် သေဆုံးပြီး ဝဋ်ခံခြင်းဖြစ်၏။
- ဉာဏ်စွမ်းမလုံလောက်လျှင် ဣန္ဒြေ ဂုဏ်ရည်ကိုထိခိုက်၏။
  ကာယအား မလုံလောက်လျှင် အားမာန်ပြည့်ဖြိုးမှုကို ထိခိုက်၏။
- စိတ်ပင်ပန်းခံပြီး အလုပ်လုပ်လျှင် ပိုလုပ်လေ ဉာဏ်ပိုကောင်းလေ ဖြစ်မည်။ ကိုယ်ကာယပင်ပန်းခံပြီး အလုပ်လုပ်လျှင် ပိုလုပ်လေ ပို၍ ကျန်းမာလေ ဖြစ်မည်။
- လုံ့လ ဝီရိယနှင့် ဖြိုးဖြဲချွေတာမှုကို မမေ့လျော့လျှင် တစ်သက်စာဖူလုံရေးအတွက် စိတ်ချရပြီတည်း။
- မေတ္တာနည်းလျှင် ဆင်းရဲဒုက္ခများတတ်၏။
  ကြင်နာတရားနည်းပါးလျှင် အခြွေအရံနည်းပါးမည်။
- တစ်ကိုယ်ကောင်းမဆန်လျှင် ကွယ်ရာပြောသည့် အတင်းအဖျင်းတို့ မကြောက်။

လိုချင်တောင်းဆိုမှုမရှိလျှင် ဩဇာအာဏာကိုမကြောက်။
ကြောက်ရွံ့ခြင်း ကင်းလျှင် အားကြီးသည့် ရန်သူကိုမကြောက်။

- စကားကြောင့် သိမ်ဖျင်းယုတ်ညံ့တတ်၏။
စာကြောင့် အခြေအနေ တင်းမာ တစ်ဆို့တတ်၏။
လူကြောင့် ကျိုးနွံပျော့ညံ့တတ်၏။
- သူတစ်ပါး အားပေးမှုကို အားထားခြင်းသည် ယာယီသဘောသာ ဖြစ်ရမည်။
မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်ခြင်းသာ အမြဲအားကိုးရမည်။
- ဉာဏ်ပညာကိုရယူလိုလျှင် အချိန်ကို ပေးဆပ်ရမည်။
အကြင်နာကို ခံယူလိုလျှင် ပစ္စည်းဥစ္စာကို စွန့်ကြဲရမည်။
သတ္တိကိုရယူလိုလျှင် အသက်ကို စွန့်လွှတ်ရမည်။
- **စာရင်းထဲက** ကြွေးမြီကို ကုန်စင်အောင်ဆပ်နိုင်၏။
**စိတ်တွင် မှတ်သားသော** ကြွေးမြီကို ကုန်စင်အောင်မဆပ်နိုင်။
- **စကားအလွန်အကျွံ**ပြောတတ်သူကို မပေါင်းသင်းနှင့်။
ငွေကြေးနှင့်အာဏာ လွန်ကဲသူကို ရင်းရင်းနှီးနှီးမဆက်ဆံနှင့်။
- အသက်ရှင်လျက်ရှိစဉ် ရိုသေကိုင်းရှိုင်းခြင်းသည် ပြုစုကျွေးမွေးခြင်း ဖြစ်၏။
ကွယ်လွန်သွားပြီမှ ရိုသေကိုင်းရှိုင်းခြင်းသည်၊ သတိရတမ်းတခြင်းဖြစ်၏။
လူကောင်းလျှင် အဆင်တန်ဆာ မလိုပါ။
စိတ်ကောင်းလျှင် နတ်မ,ရန် ဆုတောင်းစရာမလိုပါ။
လူကောင်းတစ်ယောက်အဖြစ် ရပ်တည်ရာတွင် ငွေရေးကြေးရေး ကင်းကင်းရှင်းရှင်းရှိရမည်။
အလုပ်တာဝန်ဆောင်ရွက်ရာတွင် သဘောသဘာဝကို ကောင်းကောင်း သိမြင်နားလည်ရမည်။
လက်မထပ်မီ အမှားအယွင်း မဖြစ်စေနှင့်။
လက်ထပ်ပြီးနောက် အမှားအယွင်း ပြင်ဆင်ပါ။
နိုင်ငံရေးဆိုသည်မှာ မိမိ၏လုပ်ဆောင်ချက်ကို သမိုင်းအား လွှဲပြောင်း ပေးအပ်ခြင်းဖြစ်၏။
ကတိသစ္စာဆိုသည်မှာ မိမိက လူမှုလောကကို ပေးအပ်ခြင်းဖြစ်၏။
မိမိဂုဏ်သိက္ခာဆိုသည်မှာ သားစဉ်မြေးဆက်ခံယူနိုင်ရန် လွှဲပြောင်းပေး အပ်ခြင်းဖြစ်၏။

- အမှားကို မပြုလုပ်မိခင် ရှောင်ပါ။
  အမှားကိုပြုမိပြီးလျှင် ပြင်ပါ။
- မိမိသင်ယူလိုသည့်ပညာရပ်ကို သင်ယူလျှင် မုချတတ်မြောက်မည်။
  မိမိလုပ်ကိုင်လိုသည့် အလုပ်တာဝန်ကို လုပ်ကိုင်လျှင် မုချကောင်းမွန်မည်။
- ဆင်ခြင်တုံတရားမရှိသူနှင့် ပူပေါင်းမလုပ်ကိုင်နှင့်။
  ကြင်နာတရားမရှိသူနှင့် အတူတကွမနေနှင့်။
  သတ္တိမရှိသူနှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် မပေါင်းသင်းနှင့်။
- တစ်ဖက်သားကို များများပြောပါစေ။ သို့မှသာ ပြဿနာကို ရှင်းရှင်းသိလွယ်သွားမည်။
  မိမိက များများစဉ်းစားပါ။ သို့မှသာ ပြဿနာကို လွယ်လွယ်ဖြေရှင်းနိုင်မည်။

၂၁၀

* ဉာဏ်ပညာနည်းသူသည် လောဘရမက်နောက်သာလိုက်၏။ ဉာဏ်ပညာရှိသူကား အမှန်တရားသာ ရှာဖွေ၏။
* လူညံ့သည် စကားအလှဖြင့် မိမိကိုယ်ကိုမွမ်းမံ၏။ လူတော်လူကောင်းသည် လက်တွေ့ဖြင့် လုပ်ဆောင်ပြသ၏။
* အမှန်တကယ် ပင်ကိုယ်အရည်အသွေးရှိသူမှ စိတ်ရင်းအမှန်ရှိမည်။ ပင်ကိုယ်အရည်အသွေးဖြင့် လုပ်ဆောင်နိုင်သူမှ တကယ့်စွမ်းရည်ဖြစ်၏။
* ပစ္စည်းပစ္စယများ စနစ်တကျထားသိုမှ၊ ခေါင်းကြည်စိတ်ရှင်းပြီး ပေါ့ပေါ့ပါးပါး ဖြစ်မည်။ အလုပ်လုပ်ရာတွင်လည်း စ၊ လယ်၊ ဆုံး ဖြည်းဖြည်းမှန်မှန်ပြီးဆုံးမည်။ စိတ်တိုင်းကျ ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်နိုင်တော့သည်။
* လူပရိသတ်အများရှေ့တွင် အပေါ်ယံဟန်ပြ လုပ်တတ်သူမျိုးသည် အတုအယောင်သမားမုချဖြစ်မည်။ အထက်လူကြီးရှေ့တွင် ဂုဏ်ရည်သွေးပြသူသည် အခွင့်ကောင်းစောင့်သည့် အခွင့်အရေးသမားမုချဖြစ်မည်။
* ဆင်ခြင်တုံတရားဖြင့် လုပ်ကိုင်လျှင် မဖြစ်မြောက်စရာအကြောင်းမရှိပေ။
* စေတနာထားပြီး လူအများကိုဆက်ဆံလျှင် ကိုယ့်အပေါ် စိတ်တောင်းမထားသူ မရှိနိုင်။

* ဉာဏ်ရည်တူသူချင်းဖြစ်လျှင် ညှိနှိုင်းတိုင်ပင်ပြီးမှ လုပ်ကိုင်ပါ။ ဉာဏ်ရည်ကွာခြားသူဖြစ်လျှင် ညွှန်ကြားခိုင်းစေပါ။ ဉာဏ်ရည်ဆန့်ကျင်သူဖြစ်လျှင် စမ်းသပ်ပြီးမှ ခိုင်းစေပါ။
* ငွေကိုအသုံးတတ်လျှင်၊ လူက ငွေကိုစေခိုင်း၏။
ငွေကိုအသုံးမတတ်လျှင်၊ ငွေက လူကိုစေခိုင်း၏။
လူကအလုပ်ကို ကျွမ်းကျင်လျှင်၊ လူက အလုပ်ကိုစေခိုင်းနိုင်၏။
လူကအလုပ်ကို မကျွမ်းကျင်လျှင်၊ အလုပ်က လူကိုပြန်ခိုင်း၏။
* အလုပ်ကြီးကို အလုပ်ကလေးလို သဘောထားလုပ်လျှင် ဗျာယီးဗျာယာမဖြစ်တော့။ အလုပ်ကိစ္စကလေးကို အလုပ်ကြီးလို သဘောထားလုပ်လျှင် ပြဿနာကြီးထွားမှုကို ကာကွယ်နိုင်၏။
* အတုအပကင်းလျှင် အစစ်ဖြစ်၏။
အစစ်အမှန်ရှိမှ ပျော်ရွှင်ရ၏။
* ပညာတတ်သော်လည်း သိက္ခာ၊ မစောင့်စည်းသူကို၊ စေခိုင်းနိုင်သော်**လည်း** မယုံကြည်ရပေ။ သိက္ခာစောင့်သိသော်လည်း ပညာရည်ညံ့သူကို**ယုံကြည်မှု**ရှိနိုင် သော်လည်း စေခိုင်း၍ မရနိုင်ပေ။
* **စိတ်ကူးကိုယ်**တူများအတူရှိနေကြခြင်းသည်၊ ပင်ပန်းစွာလုပ်ကိုင်ရသော်လည်း ပျော်ရွှင်၏။ လုပ်ငန်းတူပူးပေါင်း ဆောင်ရွက်ခြင်းသည်၊ သေဆုံးရသည့်တိုင် ပျော်ပျော်သေနိုင်၏။
* လူတို့၏ ပြဿနာကို ဖြေရှင်းပေးသည့်အခါ မေတ္တာစေတနာထားလုပ်ဆောင်ပါ။ အရာကိစ္စတို့၏ ပြဿနာကို ဖြေရှင်းသည့်အခါ ဆင်ခြင်တုံတရားထား လုပ်ဆောင်ပါ။
* လူတစ်ဦး၏ တီထွင်ဖန်တီးမှုကို လူထောင်သောင်းမက အသုံးပြုကြ၏။ လူတစ်ဦး၏အောင်မြင်မှုကို လူထောင်သောင်းမက ချီးကျူးကြည်ညိုကြ၏။
* မေးမြန်းခြင်းသည် သိမြင်မှုအတွက် နိဒါန်းတည်း။ နည်းလမ်းသည် တတ်သိမှု၏ နိဂုံးတည်း။
* အောက်ခြေမှအထက်သို့ အဆင့်ဆင့် သဘောပေါက်နားလည်သွားခြင်းသည်၊ အခြေခံအုတ်မြစ်ခိုင်မာ၏။ အပြင်ပန်းမှာ အတွင်းထဲသို့ နားလည်သိရှိသွားခြင်းသည် ဇာတိချက်မကို ဆုပ်ကိုင်နိုင်မည်။
* ခြေခြေမြစ်မြစ် မလေ့လာခဲ့လျှင် ကျွမ်းကျင်လိမ္မာမှု မရှိနိုင်။

- ✱ အာရုံစူးစိုက်ပြီး စိတ်ဝင်တစားသင်ယူမှ ပညာရနိုင်မည်။
သီးသန့်ခွဲယူသင်ကြားမှ ဒိုးယိုပေါက်တတ်မြောက်မည်။
- ✱ ဉာဏ်ရည်က မွေးရာပါဖြစ်၏။
ပညာနှင့် အယူအဆတို့သည် သင်ယူခြင်းမှရ၏။
- ✱ ပြောဆိုဆွေးနွေးသောအခါ တိုတိုရှင်းရှင်းဖြစ်ရမည်။
စာသင်ကြားပေးသောအခါ အသေးစိတ်ကျကျရှင်းလင်းရမည်။
အရာကိစ္စပြုလုပ်ဆောင်ရွက်ရာတွင် ထက်ထက်မြက်မြက် ရှိရမည်။
အတွေးအခေါ် ခံယူချက်သည် အမြော်အမြင်ကြီးရမည်။
- ✱ တစ်စိတ်တည်းထားကြိုးစားလျှင် ထူးထူးခြားခြားတတ်မြောက်မည်။
စိတ်ထွေပြားလျှင် သံသယပွားတော့သည်။
- ✱ တစ်ခုသိလျှင် တစ်ခုပြန့်နှံ့အောင် ကြိုးစားပါ။ တစ်ခုကျွမ်းကျင်လျှင် ကျွမ်းကျင်သည့် အလုပ်ကိုသာလုပ်ပါ။
- ✱ သဘောတရားကို မြင့်မြတ်သောစကားဖြစ်အောင် ပြောရမည်။
သဘောတရားကို ဒဏ္ဍာရီဖြစ်အောင်မပြောနှင့်။
- ✱ ပြဇာတ်အာဏာဖြင့် အတွေးခေါ်ကို ခန့်ခွဲလျှင်၊ ဗိုလ်ကျစိုးမိုးရေးဝါဒဖြစ်၏။
အမှန်တရားဖြင့် အတွေးအခေါ်ကို ခန့်ခွဲလျှင်၊ တရားသောမင်း၏ အယူဝါဒတည်း။
- ✱ စိတ်ဒုက္ခသည် တစ်ကိုယ်ကောင်းဆန္ဒပြင်းပြခြင်းမှလာ၏။ အဆိုးမြင်ခြင်းသည် အသိတရားတိမ်ကောခြင်းမှ လာ၏။
- ✱ စာဖတ်ခြင်းသည် စိတ်ကို အစာကျွေးခြင်းဖြစ်၏။
ငွေရှာခြင်းသည် အသက်မွေးဝမ်းကျောင်းရန်ဖြစ်၏။
- ✱ စိတ်၏အဆုံးစွန်စခန်းသည် ငြိမ်သက်တိတ်ဆိတ်ခြင်းတည်း။
လူ၏အဆုံးစွန်စခန်းသည် သင့်မြတ်ပျော်ရွှင်ခြင်းတည်း။
- ✱ လယ်ယာစီးပွားရေးတွင် အိုးစာမင်းစာအတွက် သားသမီးများကို ပျိုးထောင် အားကိုးရ၏။
စက်မှုစီးပွားရေးတွင် အိုးစာမင်းစာအတွက် လက်မှုအနုပညာကို အားကိုးရ၏။
- ✱ ရှင်းရှင်းလင်းလင်း မသိမြင်နိုင်လျှင် ခန္ဓာကိုယ် ပင်ပန်းဒုက္ခရောက်၏။
ရှင်းရှင်းလင်းလင်း မစဉ်းစားနိုင်လျှင် စိတ်နှလုံး ပင်ပန်းဒုက္ခရောက်၏။
- ✱ ကလေးစိတ်ကို အမြဲထိန်းသိမ်းထားလျှင် အမြဲပျော်ရွှင်နိုင်၏။

လူငယ်စိတ်ကို အမြဲထိန်းသိမ်းထားလျှင် ကြိုးစားရုန်းကန်နိုင်စိတ် အမြဲတမ်းရှိမည်။
သက်ကြီးရွယ်အိုတို့၏စိတ်ဓာတ်မျိုးနည်းယူလျှင် အကြင်နာနှင့် မေတ္တာစိတ်များ အမြဲတမ်းကိန်းအောင်းမည်။

* မပြောဘဲနေနိုင်ခြင်းသည် အဓိပ္ပါယ်မဲ့အငြင်းပွားမှုကို ရှောင်ရှားနိုင်၏။ အငြင်းပွားမှုမရှိသည့်အတွက် မလိုလားအပ်သည့် ဘေးဒုက္ခများ မကြုံရတော့။

၂၁၁

* အမှောင်ထုတွင် ဒုစရိုက်နှင့်ပြစ်မှုများ ပေါက်ဖွား၏။ အလင်းရောင်က ကောင်းမှုသုစရိုက်များကို မီးမောင်းထိုး၏။
* လူတစ်ဦးချင်း ကျန်းမာရမည်။
မိသားစုတစ်စုချင်း ပျော်ရွှင်ရမည်။
တိုင်းနိုင်ငံတစ်ခုချင်း တည်ငြိမ်အေးချမ်းရမည်။
ကမ္ဘာကြီးငြိမ်းချမ်းရမည်။
* ပျာယာခတ်ခြင်းသည် လေ့ကျင့်မှုမကြုံ့နိုင်ခြင်းကြောင့်၊
ပျာပျာလောင်လောင်ဖြစ်ခြင်းသည် စိတ်တည်ငြိမ်မှုမရှိသောကြောင့်၊
ကိန်းခန်းချဲ့ ခြင်းသည် ကိုယ့်ကိုယ်ကိုယ်နှိမ့်ချခြင်း မရှိသောကြောင့်။
* စိတ်မရှုပ်ထွေးလျှင် အပြုအမူဖြောင့်တန်းတော့၏။
စိတ်အေးချမ်းလျှင် အပြုအမူတည်ငြိမ်၏။
* ရုပ်ဝတ္ထုတပ်မက်မှုကို အနိမ့်ဆုံးအဆင့်သို့ လျှော့ချထားလျှင် စိတ်အေးချမ်းမှုကို အမြင့်ဆုံးသို့ မြှင့်တင်နိုင်ပေလိမ့်မည်။
* ချမ်းသာခြင်းကို အားမကျလျှင် စိတ်ငြိမ်းချမ်းမည်။
ဆင်းရဲခြင်းကို အထင်မသေးလျှင် ကိုယ်ငြိမ်းချမ်းမည်။
* ယုံကြည်သော်လည်း မစွဲလန်းလျှင် ထိန်းချုပ်ခြင်းမခံရ။
ယုံကြည်ပြီး စွဲစွဲလန်းလန်းဖြစ်လျှင် ချယ်လှယ်ထိန်းချုပ်ခံရမည်။
* ခက်ခဲခြင်းကို လွယ်ကူစေခြင်းသည် ဒဿနဗေဒ၏အလုပ်တည်း၊ ခက်ခဲရှုပ်ထွေးခြင်းကို ရှင်းလင်းလွယ်ကူစေခြင်းသည် သိပ္ပံပညာ၏ အလုပ်တည်း။

* မိန်းမတွေရဲ့ဝန်တိုမှုက နှုတ်ဖျားမှာ။
  ယောကျ်ားတွေရဲ့ဝန်တိုမှုက စိတ်ထဲမှာ။
* တရားနာလျှင် စိတ်ချမ်းသာမှုရ၏။
  လှုပ်ရှားမှုလုပ်လျှင် ကိုယ်ကျန်းမာ၏။
* ဒေါသထွက်တုန်းပြောသောစကားကို အမှန်တကယ်ဟု မယူသင့်။
  ထွေရာလေးပါးပြောစကားထဲက စကားကို လျစ်လျူမရှုသင့်။
* ဘဝင်မငြိမ်လျှင် ဗရမ်းဗတာဖြစ်တော့သည်။
  ခြေလှမ်းမမှန်လျှင် လုပ်သမျှဆုံးရှုံးပေတော့မည်။
* မိန်းမများအဖို့ လင်ယောကျ်ားရွေးချယ်မှုသည် အရေးကြီးဆုံး။
  ယောကျ်ားများအဖို့ အလုပ်အကိုင်ရွေးချယ်မှုသည် အရေးကြီးဆုံး။
* လင်နှင့်မယား အပြန်အလှန်ကူညီလျှင် လုပ်ငန်းထူထောင်အောင်မြင်၏။
  လင်နှင့်မယား သင့်သင့်မြတ်မြတ်ရှိလျှင် မိသားစုပျော်ရွှင်တော့၏။
  လင်နှင့်မယားအပြန်အလှန်သံသယပွားလျှင် အိမ်ထောင်ပျက်ပြားတော့၏။
  လင်နှင့်မယား အပြန်အလှန်ဆန့်ကျင်ကြလျှင်
  အန္တရာယ်ပွားတော့၏။
* လင်မယားက အသက်ကြီးလေလေ ပိုချစ်လေလေ။
  သူငယ်ချင်းက အသက်ကြီးလေလေ ပိုသစ္စာရှိလေလေ။
* အရှုပ်အရှင်းများသည့် မိန်းကလေးမယူလေနှင့်။
  အရည်အချင်းမဲ့သည့် ယောကျ်ားလင်သားမတော်နှင့်။
* မိဘချင်းမသင့်မြတ်လျှင် သားသမီးဒုက္ခများ၏။
  လင်မယားစကားများကြလျှင် ဘေးလူအထင်သေး၏။
* မိခင်မေတ္တာဆုံးရှုံးလျှင် ကလေးစိတ်ကိုထိခိုက်စေ၏။
  ဖခင်မေတ္တာဆုံးရှုံးလျှင် ရဲရင့်သည့်စိတ်ဓာတ်ဆုံးရှုံးစေ၏။
* လင်မယားကြားပြဿနာကို တိုက်ရိုက်ဖြေရှင်းမှ လွယ်ကူ၏။
  ရန်သူကြားပြဿနာကို ကြားလူဝင်ဖြေရှင်းက လွယ်ကူနိုင်၏။
* လင်ယောကျ်ား၏မကောင်းကြောင်း အတင်းပြောလျှင် မိမိ၏တန်ဖိုးပါကျဆင်း၏။
  မယား၏ ချို့ယွင်းချက်ကိုအတင်းပြောလျှင် အိမ်တွင်းရေးအရှုပ်အရှင်းပွားတတ်၏။

- မိဘ၏ဂုဏ်ရောင်ပြောင်မှုသည် သားသမီးတို့ဦးမော့နိုင်ကြ၏။
  သားသမီးတို့၏ ဂုဏ်ရောင်ပြောင်မှုသည် မိဘတို့၏ ကိုယ်ပွားတည်း။
- မကောင်းသည့်အမှု မပြုခဲ့သူ ကြောက်စိတ်မရှိ။
  တရားမျှတမှုကိုပြောဝံ့သူ သေမည်ကိုမကြောက်။
- ဉာဏ်ပညာကြီးသူသည် "နာမည် ကောင်း" အတွက်လုပ်ခြင်း မဟုတ်။
  ကြင်နာတရားကြီးမားသူသည် "အကျိုး" အတွက် လုပ်ခြင်းမဟုတ်။
  သတ္တိရှိသူသည်"သေရေးရှင်ရေး"ကြောင့် လုပ်ခြင်းမဟုတ်။
- သေသင့်ပါလျက်မသေ ကျန်ရစ်ခြင်းသည် အရှောင်နေရခြင်းဖြစ်၏။
  မသေသင့်ဘဲ သေရခြင်းသည် အချည်းနှီးအသက်ဆုံးရှုံးခြင်း ဖြစ်၏။
- စစ်တိုက်သည်မှာ အသက်ကိုရင်း၍ ကြိုးပန်းလုပ်ဆောင်ခြင်းတည်း။
  ဝါဒဖြန့်ချိရေးမှာ သဘောတရားအမှန်ကို တင်၍ တိုက်ပွဲဝင်ခြင်းတည်း။
- အသက်ရှင်ဆဲကာလတွင်လည်း ကောင်းမှုများများ လုပ်ထားခဲ့လျှင် သေခါနီးတွင် စိတ်အေးချမ်းသာမှု ပိုမိုရရှိမည်။
- "အတွင်းအား"ကို အောင်မြင်စွာလေ့ကျင့်ရယူထားလျှင် မည်သည့် ဖိအားကိုမျှ မကြောက်တော့ပေ။
  "တရားမှန်" ပေါ်တွင်ခိုင်မြဲစွာ ရပ်တည်နိုင်ပါက မည်သည့် "ခွန်အား" မျှကြောက် စရာမရှိတော့ပေ။
- နည်းလမ်းကောင်းရှိလည်း လူကောင်းပါရှိရမည်။ သို့မှသာ အကောင် အထည်ကောင်း ပေါ်ပေါက်မည်။
  လူကောင်းရှိလည်း မူကောင်းရှိရဦးမည်။ သို့မှသာ လူကောင်းများကို ထိန်းသိမ်းထားနိုင်မည်။
- ဘာသာတရား ယုံကြည်ခြင်းသည် ဘာသာတရား အားကိုးပြီး ထမင်းစား ရန်မဟုတ်။
  ပါတီကိုယုံကြည် အသက်ဝင်ခြင်းသည် ပါတီအားကိုး၍ အသက်မွေးဝမ်း ကျောင်း ရန်မဟုတ်။
- မိသားစုတွင် အိမ်တွင်းသူခိုးရှိလျှင် မိသားစု ဘယ်တော့မှမကြီးပွား။
  နန်းတွင်း၌ မသမာသော အမတ်ရှိလျှင် တိုင်းပြည်တွင် ဘယ်တော့မှ မငြိမ်းချမ်းတော့။
- ရယ်မောခြင်းတွင် အဓိပ္ပါယ်များစွာ ပါဝင်၏။
  ငိုကြွေးခြင်းတွင် စွမ်းအားများစွာ ပါရှိ၏။

* သူငယ်ချင်းကောင်းအဖြစ် မျိုးဆက်သုံးဆက်ဆက်နိုင်ရန် ခဲယဉ်း၏။
  သားစဉ်မြေးဆက် တစ်ရာအထိ ဆက်နိုင်၏။
* လူရှေ့နှင့်နောက်ကွယ် မတူညီခြင်းသည် လိမ်နေခြင်းတည်း။
  စင်အပေါ်နှင့်စင်အောက်ပြောင်းပြန်ဖြစ်နေခြင်းသည် ညာနေခြင်းတည်း။
* သာမာန်လူ့ဘဝမျိုးကို တန်ဖိုးထားလေ့ ကျင့်ခန်းမျိုးမလုပ်ဘဲ ဇျင်ဆင်းမက နတ်ဆေးစားလည်း ကျန်းမာအသက်ရှည်လိမ့်မည်မဟုတ်။
* အေးချမ်းစွာ နေ့ရက်များကုန်စေ၍ ရိုးစင်းစွာ လောကီလူမှုရေးကို ပြီးမြောက်ပါစေ။
* စိတ်ကို အပင်ပန်းခံလေ့ကျင့်လျှင် စိတ်ခိုင်မာသည်။
  ကိုယ်ခန္ဓာကို အပင်ပန်းခံလေ့ကျင့်လျှင် ကိုယ်ကျန်းမာမည်။
* ရောဂါဖြစ်မှ ကျန်းမာရေးတန်ဖိုးကို သိကြ၏။
  အခက်အခဲကြုံမှ ဆွေမျိုးသားချင်းကို သတိရကြ၏။

၂၀၂

* အလုပ်ပင်ပန်းလွန်းလျှင် ကိုယ်ကာယထိခိုက်၏။
  အစားအသောက်လွန်လွန်းလျှင် အစာအိမ်ထိခိုက်၏။
  အတွေးလွန်လွန်းလျှင် ဦးနှောက်ထိခိုက်၏။
  အကြည့်လွန်လွန်းလျှင် အမြင်အာရုံထိခိုက်၏။
  စကားအပြောလွန်လွန်းလျှင် စိတ်ဓာတ်ရေးရာထိခိုက်၏။
* စိတ်ထိခိုက်သည့်တွင် အစားအသောက် အလုပ်အကိုင် မထိခိုက်စေနှင့်။
  ရုပ်ဝတ္ထုချို့တဲ့သည့်တွင် အချေးအငှား မလွန်ကဲစေနှင့်။
* သင့်လျော်သည့်စည်းစိမ်ခံမှုသည် ချွေတာရေးပင်ဖြစ်၏။
  သင့်လျော်သည့် ပင်ပန်းခံလေ့ကျင့်ခြင်းသည် စည်းစိမ်တစ်မျိုးပင် ဖြစ်၏။
* စိတ်ပျော်ရွှင်ခြင်းသည် ပျော်ရွှင်မှုအမှန်ဖြစ်၏။
  စိတ်ဆင်းရဲခြင်းသည် အမှန်ပင်ဆင်းရဲဒုက္ခဖြစ်၏။
* အစားအသောက်အနေအထိုင် မှုမမှန်ခြင်းသည် မြန်မြန်အိုဆေးကို မှီဝဲနေခြင်းတည်း။
  စိတ်ဓာတ်ကို မြင့်တင်မထားလျှင် စိုးရိမ်သောကမှတို့၌သာ တွေးတောနေတော့မည်။

* စိတ်ချနိုင်ခြင်းသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နိုင်ခြင်း၏ လျှို့ဝှက်ချက်တည်း။
စိတ်လန်းဆန်းတက်ကြွခြင်းသည် ပျော်ရွှင်ခြင်း၏ သော့ချက်တည်း။
* ပျော်ရွှင်မှုကို ဘဝင်စိတ်ကလေးထဲတွင် တည်ဆောက်သည်။
ဘဝချမ်းမြေ့သာယာမှုကို ပင်ပန်းဆင်းရဲမှုတွင် တည်ဆောက်သည်။
* လူ့ဘဝတွင် ပင်ပန်းစွာအားထုတ်ကြိုးပမ်းခြင်းသည် ကောင်းမြတ်သော သုစရိုက်တည်း။
အကယ်၍ ကျန်းမာရေးထိခိုက်လောက်အောင် ပင်ပန်းလျှင်ကား သုစရိုက် မမည်တော့ပေ။
* အမိပ္ပာယ်မဲ့ပတ်သက်မှုများပြားလေ အမိပ္ပာယ်မဲ့ ဦးနှောက်ခြောက်ရခြင်းများလေတည်း။
အမိပ္ပာယ်မဲ့ အလုပ်များလေ လုပ်အားနှင့် ကုန်ကျမှုများလေတည်း။
* အနေအထိုင် စနစ်တကျမှုရှိလျှင် အကောင်းမြင်ဝါဒရှိနိုင်၏။
စိတ်ငြိမ်သက်မှုရှိလျှင် အေးအေးဆေးဆေး တည်တည်ကြည်ကြည်ရှိမည်။
* ဆိုးသည့်ဘက်မှစဉ်းစားလျှင် စဉ်းစားလေလေ အဆိုးမြင့်လေလေဖြစ်၏။
ကောင်းသည့်ဘက်မှစဉ်းစားလျှင် စဉ်းစားလေလေ အကောင်းမြင် လေလေဖြစ်၏။
* ပျော်ရွှင်စေနိုင်သည့်နည်းကောင်းရလျှင် ရွှေငွေမဟုတ်သော်လည်း ကောင်းမြတ်၏။
စိတ်ဆင်းရဲမှုဖယ်ရှားနိုင်သည့် နည်းကောင်းသည် အနုတ်လက္ခဏာ မဟုတ်၊ အပေါင်းလက္ခဏာပင်ဖြစ်၏။
* စိတ်သောကသည် လူကို အိုမင်းလွယ်စေ၏။
ပင်ပန်းလွန်းခြင်းသည် သက်တမ်းကိုထိခိုက်စေ၏။
* စိတ်ထဲရှိသည့်အတိုင်းပြော စိတ်ထဲရှိသည့်အတိုင်းလုပ်၊ လူ့ဘဝ၏ နေထိုင်နည်းပင် ဖြစ်၏။
စိတ်ဆန္ဒအတိုင်း အေးချမ်း၊ စိတ်ဆန္ဒအတိုင်းရရှိ လူ့ဘဝ၏ပျော်ရွှင်မှုပင် ဖြစ်၏။
* သေသည်အထိ သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျစေသည့် အလုပ်မျိုး မလုပ်ခဲ့ဖူးသူသည် အမှန်တကယ်စိတ်မာတ်ရေးရာ ပျော်ရွှင်မှုကြုံခဲ့ရသူတည်း။

သေသည်အထိ ရောဂါ၏ဖိစီးနိုပ်စက်မှု လုံးဝမခံခဲ့ဖူးသည် ခန္ဓာကိုယ်ဆင်းရဲမှုမှ လွတ်ကင်းသူအစစ်တည်း။

* ဘဝတွင် လိုအပ်မှုကင်းလျှင် ချမ်းသာခြင်းတည်း။
ခန္ဓာကိုယ်တွင် ရောဂါကင်းလျှင် ပျော်ရွှင်ခြင်းတည်း။
ပစ္စည်းဥစ္စာ ဇိမ်ခံခြင်းသည် လူ့ဘဝ၏ လိုအင်ဆန္ဒတည်း။
အကယ်၍ လိုအပ်သည်ထက် ပိုဇိမ်ခံလိုလျှင်ကား ရမ္မက်တည်း။

* တစ်ကိုယ်ကောင်းစိတ်မရှိ ရောဂါလည်းကင်းလျှင် ပူပင်ကြောင့်ကြစရာမရှိတော့။ ရမ္မက်နှင့်လိုချင်တောင့်တမှုကင်းလျှင် မတင်းတိမ်မရောင့်ရဲခြင်း မရှိတော့။

* စိတ်အေးငြိမ်းစေလိုလျှင် တောင်တွေးမြောက်တွေး မတွေးနှင့်။
စိတ်တည်ငြိမ်စေလိုလျှင် အာရုံစုစည်းပြီး တွေးတောပါ။

* အတ္တလိုအင်ဆန္ဒကြီးမားလေလေ အလိုမပြည့်မှုများပြားလေတည်း။
အလိုမပြည့်မှု များလေလေ စိတ်ဆင်းရဲရလေလေတည်း။

* ကိုယ်စိတ်ရွှင်လန်းမှုကို အမြဲထိန်းသိမ်းခြင်းသည် ပျို့ရွယ်နုနယ်ခြင်း၏အဓိက အချက်ဖြစ်၏။
နေထိုင်စားသောက်မှု အကျင့်ကောင်းကို ဆုပ်ကိုင်နိုင်ခြင်းသည် ကျန်းမာရောဂါကင်းရေး၏ လျှို့ဝှက်ချက်တည်း။

* မှုမှန်သည့်နေထိုင်မှုမျိုးရှိမှ မှုမှန်သည့်စိတ်ဓာတ်ရှိမည်။
မှုမှန်သည့်အတွေးအခေါ်ရှိမှ မှုမှန်သည့်လူ့ဘဝရရှိမည်။

* အနေအထိုင်စည်းစနစ်မရှိလျှင် စိတ်ဓာတ်မရှင်းလင်းနိုင်။
အတွေးအခေါ်စည်းစနစ်မရှိလျှင် ပြောဆိုဆွေးနွေးမှုသဘော မပီပြင်နိုင်။

* ကိုယ်စိတ်နှစ်ပါးကို ပေါ့ပါးပျော်ရွှင်စေနိုင်ခြင်းသည် အနုပညာ၏တန်ဖိုးတည်း။
လူ့ရောကိရိယာပါ သင့်လျော်စွာ အသုံးပြုစေနိုင်ခြင်းသည် သိပ္ပံနှင့်နည်းပညာ၏တန်ဖိုးတည်း။

* အားကစားလှုပ်ရှားမှုသည် ဝါသနာကြောင့်ဖြစ်၏။
ဘဝနေထိုင်မှုသည် မိမိကိုယ်ပိုင်ဖန်တီးမှုတည်း။

* ဆန့်ကျင်ဘက်လိင်တို့ ချစ်ခင်ကြလျှင် အသက်ဝင်တက်ကြွမှုအား တိုးပွားကြမည်။
လိင်တူချင်း မနာလို ဝန်တိုကြလျှင် အန္တရာယ်တိုးပွားကြမည်။

* လောကတွင် ရှရှိသမျှ ကြာရှည်မခံသော အရာရာတို့သည် လူဖြစ်ပါက လူကောင်းမဟုတ်နိုင်၊ ပစ္စည်းဖြစ်ပါက ပစ္စည်းကောင်းမဟုတ်နိုင်၊ ရေးရာကိစ္စဖြစ်ပါက ကိစ္စကောင်း မဟုတ်နိုင်။
* အသေးအဖွဲ့ကိုပင် တွက်တတ်သူသည် တစ်သက်လုံး မိတ်ဆွေကောင်း မရရှိနိုင်။
  နေရာတကာ သိတတ်သူသည် တစ်သက်မျက်နှာမငယ်ရတတ်ပေ။
* 'အောင်မြင်မှု'သည် ရေရှည်ရုန်းကန်မှု၏ရလဒ်ဖြစ်၏။
  'ကျဆုံးမှု'သည် တစ်ခဏတာ၏ ပေါ့ဆမှုရလဒ်ဖြစ်၏။
* တာဝန်ပြီးဆုံးအောင်မြင်ခြင်းသည် ပထမပျော်ရွှင်ခြင်းတည်း။
  ကုန်ရှုံးကြွေးတင်မှုကင်းခြင်းသည် ဒုတိယပျော်ရွှင်ခြင်းတည်း။
  စိုးရိမ်ကြောင့်ကြကင်းခြင်းသည် တတိယပျော်ရွှင်ခြင်းတည်း။
  အကူအညီပေးလိုက်၍ ထမြောက်အောင်မြင်သွားခြင်းသည် စတုတ္ထ ပျော်ရွှင်ခြင်းတည်း။
* အောင်မြင်ခြင်း မအောင်မြင်ခြင်းကို နောက်ဆုံး ဆုံးဖြတ်ချက်ဖြင့် အကဲ ခတ်ရမည်။
  ချမ်းသာခြင်း၊ ဆင်းရဲခြင်းကို အစကတည်းက ကြိုးစားမှု၊ ပျင်းရိမှုပေါ်မှာ တည်၏။
* သူတစ်ပါး၏ဆုံးရှုံးမှုကို မိမိအတွက် သင်ခန်းစာယူတတ်သူသည် လူတော်ဖြစ်၏။
  မိမိ၏ဆုံးရှုံးမှုကို ကိုယ်တိုင်သင်ခန်းစာ ယူတတ်သူသည် သင့်သူဖြစ်၏။
  သူတစ်ပါးဆုံးရှုံးမှုရော မိမိဆုံးရှုံးမှုကိုပါ သင်ခန်းစာမယူတတ်သူကား လူညံ့ဖြစ်၏။
* သိက္ခာမရှိသူကို မယုံကြည်သင့်ပေ။
  အရည်အချင်းမရှိသူကို တာဝန်မပေးသင့်ပေ။

၂၁၅

❖ လူတော်သည် တစ်ခွန်းတည်းပြောလျှင် လုံလောက်ကိစ္စပြီး၏။
  လူညံ့သည် အခွန်းတစ်ထောင်ပြောလည်း အချည်းနှီးပင်ဖြစ်၏။
❖ လူညံ့သည် ကိုယ့်ကိုယ်ကိုယ် ညံ့သည်ဟု ဝန်မခံတတ်။
  လူတော်သည် ကိုယ့်ကိုယ်ကိုယ်တော်လှပြီ မလုပ်တတ်။

❖ သတ္တိလည်းမရှိ၊ အသိဉာဏ်လည်း မရှိသူသည် ယောင်တောင်တောင် လူစား။
သတ္တိတော့ရှိ၊ အသိဉာဏ် မရှိသူသည် လူကြမ်းကြီးသက်သက်တည်း။
အသိဉာဏ်ရှိပြီး သတ္တိမရှိသူသည် သတ္တိကြောင် သူရဲဘောနည်းသူ တည်း။
အသိဉာဏ်လည်းရှိ သတ္တိလည်းရှိသူသည် သတ္တိရှိယောကျ်ားကောင်း တည်း။

❖ ငွေကိုသာ ခင်၊ အသက်ကို မမင်သူသည် လောဘစိတ်ကြီးသူတည်း။
အသက်ကိုမင် ငွေမလိုချင်သူသည် ကြောက်စိတ်ကြီးသူတည်း။
ငွေလည်းမလိုချင် အသက်လည်းမမင် သူသည် သူရဲကောင်းစိတ်ရှိသူ တည်း။

❖ အကြောင်းအကျိုး မရှင်းသူသည် ဘာမျှမလုပ်ရဲ မကိုင်ရဲဖြစ်တတ်၏။
စိတ်သဘောထား မရှင်းသူသည် သာမလား နာမလား တွက်ကတ်တတ် ၏။

❖ အပြောတတ်သူသည် ထုချေရှင်းလင်းနိုင်သူဖြစ်၏။
ပြောပြရှင်းပြချင်စိတ်ရှိသူသည် လူကောင်းသူကောင်းဖြစ်၏။
ပြောဝံ့သူသည် သစ္စာရှိမြင့်မြတ်သူ ဖြစ်၏။

❖ စဉ်းစားတတ်သူသည် အကြံပေးအတိုင်ပင်ပုဂ္ဂိုလ်တည်း။
ရေးသားတတ်သူသည် နှလုံးရည်ပညာရှိတည်း။
တိုက်ခိုက်တတ်သူသည် လက်ရုံးရည်ပညာသည်တည်း။
လုပ်ကိုင်တတ်သူသည် အတတ်ပညာရှင်တည်း။

❖ ဒုက္ခခံစားနေရသော်လည်း မညည်းညူသူသည် ကြံ့ခိုင်၍ အမှန်တကယ် ဒုက္ခခံနိုင်ရည်ရှိသူဖြစ်၏။
အခက်အခဲကို ကြုံသော်လည်း အခက်အခဲမကြောက်သူကို အခက် အခဲအောင်နိုင်သူခေါ်၏။

❖ ကိုယ်ကျင့်သိက္ခာရှိသူသည် လူအများကို ဦးဆောင်နိုင်၏။
ဩဇာတိက္ကမရှိသူသည် လူအများကို အုပ်ချုပ်နိုင်၏။
တရားမျှတမှုရှိသူကို လူအများက လက်ခံယုံကြည်၏။

❖ လောကတွင် ပူသည် အေးသည်ရှိ၏။
ပန်းပွင့်သည်၊ ပန်းကြွေသည်။

လူတွင်လည်း အတက်အကျ အစုန် အဆန် ရှိ၏။
အရှိန်အဝါတက်၏။ အရှိန်အဝါကျပြန်၏။

- ❖ နှောင်တဟူသည် အတောမသတ်သည့် ကြေကွဲမှုတည်း။
မျှော်လင့်ချက်ကုန်ဆုံးခြင်းသည် လူ့ဘဝ၏ခရီးလမ်းဆုံးတည်း။
- ❖ သိမှုသည်ခက်ခဲ၏။ ထို့ကြောင့် အပင်ပန်းခံသင်ယူမှရမည်။
လုပ်ရမှာ လွယ်ကူ၏။ ထို့ကြောင့် မကြောက်မလန့်လုပ်ဆောင်ပါ။
သို့မှသာ အကျိုးသက်ရောက်မည်။
- ❖ ကလေးများ ပြဿနာဖြေရှင်းရာတွင် လူကြီးများထက် မျှတမှုပိုရှိ၏။
ကလေးများ ပျော်ပါးကစားခြင်း သည် လူကြီးများထက်ပို၍စစ်မှန်၏။
- ❖ ထူးချွန်သူများသည် အသုံးဝင်မည့်နေရာတွင် စုဝေးတတ်ကြ၏။
ငတုံး ညည့်များကို ပါဝါနယ်မြေဒေသက အသုံးပြုကြ၏။
- ❖ လောကတွင် ဆင်းရဲသားမရှိမှ ငြိမ်းချမ်းသာယာမည်။
လူမှုလောကတွင် အမှန်တရားရှိမှ အမှန်အမှားကွဲပြားမည်။
- ❖ အနီးကပ်ဆုံးလူသည် မကြောက်ရဆုံး။
သိရှိနားလည်မှု မရှိဆုံးသူသည် အကြောက်ရဆုံး။
- ❖ ကြိုးစားအားထုတ်မှုသည် ချမ်းသာစေနိုင်၏။
ချွေတာခြိုးခြံခြင်းသည် ကြွယ်ဝမှုကို စုဆောင်းခြင်းဖြစ်၏။
- ❖ အရည်အချင်းနည်းလျှင် အထင်သေးရတတ်၏။
အရည်အချင်းမြင့်လျှင် မနာလိုခံရတတ်၏။
အထင်သေးခံရသည်ဆိုလျှင် အားမာန်အပြည့်လုပ်ဆောင်ပါ။
မနာလိုခံရလျှင် ခပ်လျှိုလျှိုနေပါ။


ရေနွေးဆူပြီဆိုလျှင် အသံမမြည်ပါ။
အသံမြည်လျှင် မဆူသေးပါ။
အကောက်ကြံသူသည် မပြောပါ။
ပြောသူသည် အကောက်မကြံပါ။



❖ လက်ရုံးရည်သမားသည် သေနတ်ဖြင့် အသက်လုတိုက်ခိုက်မှ ဂုဏ်ရှိ၏။
နှလုံးရည်သမားသည် ကလောင်တံဖြင့် ကြိုးစားလုပ်ကိုင်မှ နာမည်ရမည်။
❖ ကမ္ဘာပေါ်တွင် အမေသည်သာ အပင်ပန်းဆုံး။
လောကတွင် အမေ့မေတ္တာသည်သာ အမြတ်ဆုံး။
❖ တီထွင်မှုသည် လိုအပ်မှုကြောင့် ဖြစ်ပေါ်လာသည်။
လိုအပ်မှုသည် ဘဝကြောင့်ဖြစ်ပေါ်လာသည်။
❖ လယ်သမား၏အရင်းအနှီးသည် ကြိုးစားအားထုတ်မှုဖြစ်၏။
အလုပ်သမား၏အရင်းအနှီးသည် ကျွမ်းကျင်မှုဖြစ်၏။
ကုန်သည်၏အရင်းအနှီးသည် ယုံကြည်မှုဖြစ်၏။
စာပေသမား၏အရင်းအနှီးသည် ပညာဖြစ်၏။
စစ်သည်တို့၏ အရင်းအနှီးသည် ရဲစွမ်းသတ္တိနှင့်ဆင်ခြင်ဉာဏ်ဖြစ်၏။
❖ ဉာဏ်ပညာထက်မြက်သော အမတ်ကြီးက တိုင်းပြည်ကို စီမံအကြံပေး နေလျှင် တိုင်းပြည်ချမ်းသာငြိမ်းအေး၏။
တတ်သိလိမ္မာသောအမတ်ကြီးက တိုင်းပြည်ကို စီမံအကြံပေးနေလျှင် တိုင်းပြည်အင်အားတောင့်တင်း၏။
ချောက်တွန်းတတ်သော အမတ်ကြီးက စီမံအကြံပေးလျှင် တိုင်းပြည် အင်အားဆုတ်ယုတ်ညှိုးဖျင်း၏။
သစ္စာဖောက်သောအမတ်ကြီးက စီမံအကြံပေးလျှင် တိုင်းပြည်ပျက်မည်။
❖ ဘေးဒုက္ခကြုံတွေ့သည့်အခါ မေတ္တာနှင့် သံယောဇဉ်ပွားကြ၏။
မေတ္တာနှင့်သံယောဇဉ်သည် အင်အားကို ဖြစ်စေ၏။
အင်အားသည် လုပ်ငန်းကို အောင်မြင်စေတော့၏။
❖ မီးပေးဒဏ်နဲ့ ထုသားပေသား မခံနိုင်ရင် သံကောင်းမဖြစ်နိုင်။
ဒုက္ခဆင်းရဲဒဏ် မခံနိုင်ပါဘဲလျက် အောင်မြင်ကျော်ကြားသော ပုဂ္ဂိုလ် မျိုး မဖြစ်နိုင်။
❖ မျက်လုံးချင်း စိတ်ဓာတ်ဖလှယ်ကြသည်။
ပါးစပ်ချင်း ပညာဖလှယ်ကြသည်။
စိတ်စိတ်ချင်း မေတ္တာဖလှယ်ကြသည်။
လက်လက်ချင်း အနုပညာဖလှယ်ကြသည်။
❖ ပညာကို မျိုးဆက်ပေါင်းတစ်ရာအထိ ဆက်ခံစေနိုင်၏။
ငွေဥစ္စာကို မျိုးဆက်သုံးဆက် ဆက်ခံစေနိုင်ခဲ၏။

၂၀၆

- ဆင်ခြင်တုံတရားကင်းလျှင် ပင်ပန်းဆင်းရဲမည်။
  မေတ္တာတရားကင်းလျှင် အထီးကျန်ဖြစ်မည်။
- သစ်ပင်တို့၏ အမြစ်သည် မြေထဲ၌ ရှိ၏။
  အလုပ်တို့၏ ဇာစ်မြစ်သည် သဘောပေါက်နားလည်မှု၌ တည်၏။
- မိတ်ဆွေကို စောင်းချိတ်ပြောဆိုတတ်သော မိတ်ဆွေကို မေတ္တာပျက်တတ်၏။
  ဆွေမျိုးများနှင့် ကင်းကွာနေသော ဆွေမျိုးကို ဖော်ရွေမှုကင်းတတ်၏။
- ပြန်လည်ဆန်းစစ်ခြင်း၏ရလဒ်ကား မျှော်မှန်းချက်ထားခြင်း ဖြစ်၏။
  မျှော်မှန်းချက်ထားခြင်း၏ရလဒ်ကား လုပ်ဆောင်ခြင်းဖြစ်၏။
  လုပ်ဆောင်ခြင်း၏ရလဒ်ကား အကျိုးရှိသောစွမ်းဆောင်အောင်မြင်မှုတည်း။
- သည်းခံလျှင် ဆုံးခန်းတိုင်တွင် အကျိုးများ၏။
  မာနထားလျှင် ဆုံးခန်းတိုင်တွင် ဘေးရန်များ၏။
- ဉာဏ်ပညာကြီးသူသည် သူတစ်ပါးကို အဓမ္မမလုပ်။
  အကြင်နာကြီးသူသည် သူတစ်ပါးကို လှည့်မဖြား။
  သတ္တိကြီးသူသည် သူတစ်ပါးကို အနိုင်မကျင့်။
- စကားလုံးသည် အပြုအမူကို ဖုံးကွယ်မထားနိုင်။
  အပြုအမူသည် နားမျက်စိမှ မကွယ်ဝှက်နိုင်။



အတွေ့အကြုံသည် လက်တွေ့လုပ်ကိုင်ခြင်းမှ လာ၏။
အောင်မြင်မှုသည် ကြိုးစားလုပ်ကိုင်ခြင်းမှ လာ၏။

* အလုပ်ကို သေသေသပ်သပ်ရှင်းရှင်းလင်းလင်းပြီးအောင်လုပ်ခဲ့လျှင် စိတ်ထဲတွင် ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါးခံစားရတတ်၏။
* သူတစ်ပါးကိုစေခိုင်း၍ အလုပ်ပြီးမြောက်အောင်မြင်သော် အရည်အသွေး (၁၀)မျိုးရှိသော်လည်း (၅)မျိုးသာ တန်ဖိုးရှိ၏။
သူတစ်ပါးက စေခိုင်း၍ အလုပ်ပြီးမြောက်အောင်မြင်သော် အရည်အသွေးက (၅)မျိုးရှိသော်လည်း (၁၀)မျိုး တန်ဖိုးရှိ၏။
* မိမိ၏ကိစ္စကို သူတစ်ပါးအား ဖြေရှင်းစေလျှင် ၁၀ ခုတွင် ၉ ခု ချွတ်ယွင်းတတ်၏။
အများနှင့်ဆိုင်သည့်ကိစ္စကို တစ်ယောက်ယောက်အား လုပ်စေလျှင် ၁၀ ခုတွင် ၉ ခု မအောင်မမြင်ဖြစ်မည်။
* နည်းလမ်းက လွယ်ကူရှင်းလင်းလေ၊ အသုံးဝင်မှုကျယ်ပြန့်လေ။
အကျိုးသက်ရောက်မှုထင်ရှားလေဖြစ်၍ ယုံကြည်ကိုးစားသူများလေလေတည်း။
* အကျိုးမဲ့လေပန်းနေခြင်းသည် အချိန်ကို ဖြုန်းတီးခြင်းဖြစ်၏။
ရမ်းသန်းလုပ်ကိုင်နေခြင်းသည် လုပ်ငန်းကိုစတေးနေခြင်းတည်း။
* မိမိကိုယ်ကို သိရှိနားလည်ခြင်းသည် သူတစ်ပါးကို သိရှိနားလည်ခြင်းအတွက် ကြိုတင်လိုအပ်ချက်ဖြစ်၏။
သူတစ်ပါးကို သိရှိနားလည်ခြင်းသည် လုပ်ငန်းအောင်မြင်ခြင်းအတွက် ကြိုတင်လိုအပ်ချက်ဖြစ်၏။
* စွမ်းရည်က အချိန်၏တန်ဖိုးကို ဆုံးဖြတ်၏။
တန်ဖိုးသည် တစ်ဦးချင်းစီ၏လိုအပ်ချက်အပေါ် မူတည်၏။
* အချိန်သည်ပင် လုပ်ငန်းဖြစ်၏။
လုပ်ငန်းသည်ပင် ဂုဏ်သိက္ခာဖြစ်၏။
* မိမိကိုယ်ကို ယုံကြည်စိတ်သည် လုပ်ငန်းကိုတီထွင်တည်ထောင်သူဖြစ်၏။
မိမိကိုယ်ကို လေးစားစိတ်သည် သိက္ခာကို ကာကွယ်စောင့်ရှောက်သူဖြစ်၏။
* ဆိုးသွမ်းသူလူကောင်းပြန်ဖြစ်လျှင် အဆုံးစွန်ကောင်းတော့၏။
လူကောင်းက ဆိုးသွမ်းပြီဆိုလျှင်လည်း တစ်သက်တာဆိုးတော့၏။
* ပြောစကားဖြင့် လူကိုအကဲဖြတ်လျှင် အမှားများတတ်၏။
လက်တွေ့လုပ်ရပ်ဖြင့် လူကဲခတ်လျှင် အမှန်များတတ်၏။

* အမှားအမှန်ကို လူသိရှင်ကြား မပြောဝံ့ခြင်းသည် သတ္တိနည်းခြင်းကြောင့် သို့မဟုတ် အားနည်းခြင်းကြောင့် ဖြစ်ရမည်။
ရန်သူကို မျက်နှာချင်းဆိုင် မကြည့်ဝံ့ခြင်းမှာ တရားနည်းလမ်း မကျမှုကြောင့် သို့မဟုတ် အထီးကျန်အားငယ်မှုကြောင့် ဖြစ်ရမည်။
* "လူကောင်း" သည် အချိန်ကြာလေလေ လူကောင်းဖြစ်မှန်း ပိုပေါ်လွင်လေဖြစ်၏။
"မကောင်းသူ"သည် အချိန်ကြာလေလေ "မကောင်းသူ" ဖြစ်မှန်း ပိုပေါ်လွင်လေဖြစ်၏။
* အလုပ်များသည်ကို မပူ မလုပ်မှာကိုသာ ကြောက်၏။
ရန်သူများသည်ကို မပူ မတိုက်ခိုက်မှာကိုသာ ကြောက်၏။
* မှန်သောစကားအခွန်းတစ်ထောင် ပြောနိုင်လျှင် မမှန်စကားတစ်ခွန်း ပြောရန် ဝန်လေး၏။
ကောင်းသောအလုပ် (၁၀)မျိုး လုပ်ခွင့်ပေး၏။
မမှန်သောအလုပ် တစ်မျိုးလုပ်ခွင့် မပြုနိုင်။
* အသိမှန်မရှိသူသည် စကားများများ ပြော၏။
ပြောသမျှလည်း ဘာအကောင်အထည်မှ မရှိ။
အရည်အချင်းမရှိသူသည် ရမ်းသမ်းလုပ်တတ်၏။
လုပ်သမျှလည်း ဘာမှအကျိုးမရှိတတ်။
* စိတ်အလှသည် စကားအလှထက် သာ၏။
စကားအလှသည် အဝတ်အစားအလှထက်သာ၏။
* ငွေကြေးမက်မောသော အထက်အရာရှိသည် ငယ်သားများအပေါ် တွန့်တိုတွက်ကပ်တတ်၏။
သဘောထားသေးသိမ်သော အထက်အရာရှိသည် ငယ်သားများအပေါ် အဆမတန်တင်းစီးပြီး တင်းကျပ်တတ်၏။
* ပညာရည်မြင့်မားလေ စကားပြောသံ တိုးညင်းပြီး နှေးနှေးပြောလေ။
ပညာရည်နိမ့်ပါးလေ စကားပြောသံကျယ်လောင်ပြီး မြန်ဆန်လေဖြစ်၏။
* ရှေ့နောက်စကားမညီခြင်းသည် ကိုယ်ကျိုးပါနေခြင်းကြောင့် ဖြစ်၏။
အကျိုးမရှိသော ဆွေးနွေးခြင်းသည် အသိတိမ်နေခြင်းကြောင့် ဖြစ်၏။
* စိတ်ဓာတ်ကြံ့ခိုင်မှုမရှိခြင်းသည် သနားစရာကောင်း၏။ ခံယူချက်ကင်းမဲ့ခြင်းသည် ဝမ်းနည်းစရာကောင်း၏။

အမှန်နှင့်အမှား ခွဲခြားမသိခြင်းသည် အန္တရာယ်ရှိ၏။
ရန်သူနှင့်မိတ်ဆွေမခွဲခြားတတ်ခြင်းသည် အသက်ခံရတတ်၏။

* ဉာဏ်ပညာကြီးသူသည် အမှားရှိလျှင် မုချဝန်ခံတတ်၏။
ဉာဏ်ပညာသိမ်ဖျင်းသူသည် အမှားရှိလျှင် မုချငြင်းပယ်တတ်၏။
* မိမိကိုယ်ကို သိခြင်းသည် လူအများကို သိခြင်း၏ရှေ့ပြေးဖြစ်၏။
လူအများကို သိခြင်းသည် လုပ်ငန်းအောင်မြင်ခြင်း၏ရှေ့ပြေးဖြစ်၏။
* လူအများက ကိုယ့်ကို မနှစ်သက်ခြင်းသည် မိမိအပြုအမူချွတ်ယွင်းခြင်းကြောင့်ဖြစ်မည်။
မိမိက လူအများကိုမနှစ်သက်ခြင်းသည် မိမိ၏စိတ်ထား ချွတ်ယွင်းချက်ကြောင့်ဖြစ်မည်။
* တရားမျှတမှုရှိမှ လွတ်လပ်ခြင်းရှိမည်။
လွတ်လပ်ခြင်း၌သာ တရားမျှတမှုရှိ၏။
* ရောဂါအနာကင်းခြင်းသည် ကံကောင်းခြင်းဖြစ်၏။
အစားသောက်ကောင်းခြင်း၊ အရသာတွေ့ခြင်းသည် ချမ်းသာခြင်းဖြစ်၏။
သေချိန်တန်၍ သေရခြင်းသည် အသက်ရှည်ခြင်းပင်ဖြစ်၏။
စိတ်ဓာတ်ပေါ့ပါးပျော်ရွှင်ခြင်းသည် မင်္ဂလာပင်ဖြစ်၏။

၂၀၇

* ပညာသင်ယူရာတွင် "ငြိမ်ငြိမ်သက်သက် တွေးတောစဉ်းစား"မှုကို ကြိုးစားလုပ်ဆောင်သင့်သည်။
လုပ်ငန်းလုပ်ဆောင်ရာတွင် "တက်တက်ကြွကြွလှုပ်ရှားလုပ်ဆောင်"မှုကို ကြိုးစားလုပ်ဆောင်သင့်သည်။
* အချင်းချင်း "ယှဉ်ပြိုင်ပညာသင်ယူခြင်းပုံစံ"သည် တိုးတက်လိုမှု၏ တွန်းအားပင် ဖြစ်၏။
အချင်းချင်း "ရိုင်းပင်းကူညီခြင်း လူ့အဖွဲ့အစည်း"သည် ချမ်းသာရေးအတွက် တွန်းအားပင်ဖြစ်၏။
* လေးနက်စွာတွေးတောပြီး ခက်ခက်ခဲခဲ လုပ်ဆောင်ခြင်းသည် အခက်အခဲကို ထိုးဖောက်ကျော်လွှားသည့်နည်းကောင်းတည်း။
မတွေးမတောဘဲ လွယ်လွယ်ရေစုန် မျှောလိုက်လုပ်ဆောင်ခြင်းသည် ဆင်းရဲတွင်းသို့ ကျဆင်းမည့်အခြေခံအကြောင်းတည်း။

* သမိုင်း၏တန်ဖိုးကို နားလည်သဘောပေါက်မှ လူ့ဘဝ၏တန်ဖိုးကို ကိုယ်တွေ့ သိရှိမည်။
  လူ့ဘဝ၏တန်ဖိုးကို ကိုယ်တွေ့ နားလည်ပါမှ သမိုင်း၏တန်ဖိုးကို ဖန်တီးနိုင်ပေမည်။
* အသက်(၃၀)မတိုင်မီ ပညာသင်ယူရေးသည် လုပ်ငန်းလုပ်ကိုင်ရေးထက် ပိုမိုအရေးကြီး၏။
  အသက်(၃၀)ကျော်လွန်သောအခါ လုပ်ငန်းအခြေတည်ရေး အလုပ်သည် *ပညာသင်ယူရေးထက် ပို၍အရေးကြီး၏။*



ဘုရားက "မာတ်ကြီး (၄)ပါးသည် အနတ္တတည်း"ဟု ဟော၏။
ပညာရှိများက "အမှန်တရားကို ရေးသားမှတ်တမ်းတင်အပ်၏"။

* ရှေးအကျဆုံး ယဉ်ကျေးမှုအဟောင်းကို အသစ်လွင်ဆုံးသဘောတရားအဖြစ် တီထွင်နိုင်ခြင်းသည် တတ်သိသင်ယူခဲ့သော ပညာကို "အရှင်အသုံးပြုတတ်" ခြင်း မည်၏။
* ပညာရေး၏ အခြေခံအကျဆုံး အဓိပ္ပာယ်သည်ကား
  လူများကို "သူကောင်းလုပ်တတ်ရန်နှင့် အလုပ်ကောင်းလုပ်တတ်ရန်" သင်ပေးခြင်းဖြစ်၏။
  ယင်းရည်မှန်းချက်ကင်းကွာခဲ့လျှင် ကားကြိုးစားအားထုတ်ခဲ့သမျှ အလဟဿတည်း။

* စာအုပ်စာပေ၏တန်ဖိုးသည် အုပ်ရေအများအပြား ဖတ်ရှုခြင်းပေါ်မှာ မတည်ပါ။
"နားလည်ခံစားနည်းယူတတ်ခြင်း"ပေါ်တွင်သာ တည်ပါသည်။
"နားလည်ခံစားနည်းယူတတ်သည့်" ဖတ်ရှုလေ့လာခြင်းသည်သာ အကျိုးများတန်ဖိုးပွားသည်မည်၏။
* ခန္တီသည်းခံခြင်းသည် အရည်အချင်း၏ သရုပ်သကန်ကားမှန်၏။
အတိုင်းအတာမရှိ သည်းခံခြင်းသည် သူရဲဘောကြောင်စွမ်းဆောင်ရည်မဲ့ ပျော့ညံ့ခြင်း သရုပ်သကန်ဖြစ်တော့၏။
* "ကိုယ့်သိက္ခာ ကိုယ်ထိန်းခြင်း"သည် "လူ့ပင်ကိုသဘော"ပင်ဖြစ်၏။
သို့သော် "ငါသာ ဂုဏ်သိက္ခာရှိတယ်" ဟူသောအတွေးသည် ဇျူရိုကရက်ဆန်သော မာန်မာနထောင်ခြင်းသာတည်း။
* လောကတွင် လူကောင်းလူဆိုး၊ မြင့်မြတ်သူ ယုတ်ညံ့သူ၊ သူတော်စင်နှင့် လူယုတ်မာ ဟူ၍ ရှိစမြဲဖြစ်၏။
သူတို့ကို ကြားလူ တတိယပုဂ္ဂိုလ်ကသာ ပကတိအမြင်ဖြင့်သာ ဆုံးဖြတ်သတ်မှတ်နိုင်၏။
* လူ့ဘဝတွင် "အကောင်းမြင်တတ်သည့် ဘဝရှုန်းကန်မှု" ဆုံးရှုံးခြင်းသည် ဘဝအဓိပ္ပာယ်ကို နားမလည်တော့ခြင်းပင် ဖြစ်၏။
လူ့ဘဝကို စိတ်ဝင်စားမှုမရှိတော့လျှင် ဘာလုပ်ငန်းမျှ ထူထောင်အောင်မြင်မှု မရနိုင်။
* သူတစ်ပါး၏အခွင့်အရေးကို အလေးထားလေးစားခြင်းသည် သိက္ခာတရားရှိခြင်း၏ ပြယုဂ်ပင်ဖြစ်၏။
* သိက္ခာတရားဆိုသည်ကား လူမမြင်ကွယ်ရာတို့တွင် ပြုမူပြောဆိုသော မိမိ၏ပင်ကိုစရိုက်ပင်ဖြစ်၏။
* ပညာတတ်ပြီး အရည်အချင်းရှိ၍ ကိုယ်ကျင့်တရားကောင်းသူသည် အကျိုးမဲ့စကားကို မပြော။ အကျိုးမရှိသောဆက်ဆံရေးမျိုးမလုပ်။ တန်ဖိုးမရှိသော ငြင်းခုန်မှုကိုလည်း မလုပ်ပေ။
* အခက်အခဲနှင့် အန္တရာယ်ကြားတွင် ကြုံဆုံသည့်စစ်မှန်သောမေတ္တာတရားသည် အမှန်တရားမှ သို့မဟုတ် ကျေးဇူးတရားမှလာခြင်းဖြစ်၏။
* မေတ္တာတရားသည် လူ့ဘဝ၏ ရှင်သန်မှုစွမ်းအားပင်ဖြစ်၏။
လူ့ဘဝတွင် မေတ္တာတရား၏နွေးထွေးမှုသာ မရှိတော့လျှင် လူ့ဘဝ၏ အဓိပ္ပာယ်ပျောက်ကွယ်ပြီတည်း။

* ကိုယ်ကိုယ်တိုင်က ကောင်းအောင် မလုပ်နိုင်။
သူတစ်ပါးက ကောင်းအောင်လုပ်မှာကိုလည်း ကြောက်၊
အဲဒါဟာ အရည်အချင်းမဲ့ခြင်းရဲ့ မနာလိုဝန်တိုမှု သရုပ်သကန်ပါပဲ။
* အတွေ့အကြုံဟူသည် ရှင်သန်နေသော အသိအမြင်ဖြစ်၏။
အသိအမြင်သည် ရှင်သန်နေသော အင်အားဖြစ်၏။
* လူအများကို ဦးဆောင်သည်ဆိုရာ၌ စိတ်များကို ဦးဆောင်နေခြင်းပင် ဖြစ်၏။
စိတ်များကို ကောင်းကောင်းဦးဆောင်နိုင်လျှင် လောကတွင် မအောင်မြင်နိုင်စရာမရှိပေ။
* စကားကို လွန်လွန်ကျူးကျူး မပြောနှင့်။ အရှုပ်အရှင်းအငြင်းအခုံ ဖြစ်တတ်သည်။
အလုပ်ကို အလျင်စလို မလုပ်နှင့်။ အလျင်စလိုလုပ်လျှင် ဟန့်တားနှောင့်ယှက်မှု ကြုံရတတ်သည်။
* လုပ်ဖော်ကိုင်ဖက်ကောင်းများမရှိဘဲ မည်သည့်လုပ်ငန်းမျှ လုပ်ဆောင်နိုင်မည် မဟုတ်ပါ။
လုပ်ငန်း ဘာမျှမလုပ်နိုင်လျှင်ကား လူ့ဘဝအကြောင်းကို ဘာမျှပြောစရာမရှိတော့ပါ။
* လုပ်ငန်းဆိုသည်မှာ အခက်အခဲများကြားမှ ထူထောင်ရသည်ချည်း ဖြစ်ပါ၏။
ပညာရပ်ဆိုသည်မှာ ဝါသနာကြောင့် ပင်ပန်းခံကြိုးစားမှုရရှိနိုင်ပါ၏။
* လက်အောက်ငယ်သားများက ဂုဏ်ရှိသောအလုပ်၊ အကျိုးများသော အောင်မြင်မှုများ လုပ်ဆောင်နိုင်ခြင်းသည် ဦးဆောင်သူအထက်အရာရှိ၏ အောင်မြင်မှုပင်ဖြစ်၏။
* အေးဆေးတည်ငြိမ်ခြင်းသည် ရှုပ်ထွေးခက်ခဲပြီး အန္တရာယ်ပြွန်းသော ကိစ္စရပ်များကို ဖြေရှင်းလုပ်ဆောင်နိုင်မှု၏ လိုအပ်ချက်အမှန်တည်း။
* သတ္တိမရှိခြင်း၊ အသိအမြင်မရှိခြင်း၊ အရည်အချင်း မရှိခြင်းတို့သည် အခက်အခဲကြုံသည်နှင့် နောက်ဆုတ်တတ်၏။ အန္တရာယ်ကြုံလျှင် ကြောက်ရွံ့တတ်၏။
နောက်တွန့်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် လုပ်ငန်းတစ်ရပ်ကို မထူထောင်နိုင်ခြင်း၏အခြေခံအကြောင်းရင်းနှစ်ခုပင်ဖြစ်၏။

* အထက်ကိုသာကြည့်ပြီး အောက်ကို မကြည့်လျှင်၊
အောက်ခြေမခိုင်ဘဲ ယိုင်လဲတတ်သည်။
* အောက်ကိုသာကြည့်ပြီး အထက်သို့ မျှော်မကြည့်လျှင်
ဖွံ့ဖြိုးတိုးတက်မှု မရနိုင်။
အောက်ကိုလည်း ဂရုစိုက်၊ အထက်ကိုလည်း မျှော်ကြည့်မှသာ လုပ်ငန်း
အုတ်မြစ်ခိုင်ပြီး တိုးတက်ဖွံ့ဖြိုးမည်။

၂၁၈

* မေတ္တာမထားလျှင် လူအများကို ဦးဆောင်မသွားနိုင်၊
ကျိုးကြောင်းမလျော်လျှင် လူအများကို လက်ခံလာအောင်မပြောနိုင်။
နည်းလမ်းမမှန်လျှင် လူအများကို မအုပ်ချုပ်မကိုင်တွယ်နိုင်။
* ကျင့်ဝတ်သိက္ခာကောင်းသူက နိုင်ငံရေး အာဏာကို ချုပ်ကိုင်ထား လျှင်၊
ဆင်းရဲမွဲတေခြင်းကို မလွဲမသွေ ရှင်းလင်းဖယ်ရှားနိုင်မည်။
အရည်အသွေးကောင်းသူက နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထား လျှင်
စွမ်းဆောင်ချက် အမျိုးမျိုးကို ထူထောင်ထားခဲ့နိုင်မည်။
ဉာဏ်ပညာကြီးမြတ်သူက နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားလျှင်
အမှန်နှင့်အမှားကို ခွဲခြားသိမြင်မှတ်သားစေနိုင်ခဲ့မည်။
* မိမိကိုယ်ကို အနစ်နာခံလျက် မိသားစု၏ကောင်းကျိုးကို ဆောင်နိုင်သူ
သည်ကောင်းမြတ်သော အိမ်ထောင်ဦးစီးဖြစ်၏။
မိမိကိုယ်ကို အနစ်နာခံလျက် မိမိငယ်သားများ၏ကောင်းကျိုးကို
ဆောင်နိုင်သူသည် ကောင်းမြတ်သော ဌာနတာဝန်ခံ ဖြစ်၏။
မိမိကိုယ်ကို အနစ်နာခံလျက် ပြည်သူပြည်သားတို့၏ ကောင်းကျိုးကို
ဆောင်နိုင်သူသည် ကောင်းမြတ် သောခေါင်းဆောင်ဖြစ်၏။
* ပညာရေး၏ အခြေခံစွမ်းရည်နှစ်ရပ် လိုအပ်၏၊
ကောင်းကောင်းရေးသားနိုင်ခြင်း၊ ကောင်းကောင်းပြောဆိုနိုင်ခြင်းတည်း။
ပညာရေး၏ အခြေခံသိက္ခာနှစ်ရပ် ရှိအပ်၏။
ကောင်းသော အတွေးအခေါ် ကောင်းသော အမူအကျင့်တို့ ဖြစ်၏။
* အလုပ်ကိုမှားယွင်းစွာလုပ်မိလျှင် အကြောင်းပြစာဒကတတ်ရန်မလို
မှားယွင်းသောအလုပ်ကိုလုပ်မိလျှင် ရှင်းပြရန် စွမ်းအားမရှိနိုင်။

* "မူဝါဒ" ဟူသည်၊ ပြဿနာရပ်ကို ညွှန်ကြားဦးဆောင်ရန် ဖြစ်၏။
"နည်းလမ်း" ဟူသည် ပြဿနာရပ်ကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်၏။
* ဦးဆောင်ညွှန်ကြားရာတွင် အတတ်ပညာသုံးရမည်။
ခေါင်းဆောင်မှုပေးရာတွင် ပြုမူဆောင်ရွက်ခြင်းသည် အရေးကြီးဆုံး ဖြစ်၏။
* "ကြောက်ရွံ့" သည်နှင့် လုပ်စရာမရှိတော့။
"ခက်ခဲ" သည် ထင်သည်နှင့် အရာရာမအောင်မြင်နိုင်တော့။
* ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်လျှင် အလုပ်အကိုင်နိမ့်ကျသော်လည်း၊ ဂုဏ်မငယ်၊ သိက္ခာမနိမ့်ပေ။
လူ့သိက္ခာ မနိမ့်ကျဘဲ၊ ဆင်းရဲကျပ် တည်းသော်လည်း၊ ဂုဏ်ရှိသည်ပင်။
* ဖြောင့်မှန်သောစကားကို နားမဝင် လက်မခံနိုင်ခြင်းသည်၊ ဖြောင့်မှန်သူ မဟုတ်နိုင်။
ဖြောင့်မှန်သူကို လက်မခံနိုင်သူသည် သမာသမတ်ကျသည့် အမှန်တရားကို လက်မခံခြင်းပင်။
* သူ့စိတ်ထားကို အကဲခတ်ခြင်းဖြင့် အမှန်းအမှန်ခွဲခြား သိရှိနိုင်၏။
သူ့စကားကို အကဲခတ်ခြင်းဖြင့် နည်းလမ်းကျမကျ ခွဲခြားသိနိုင်၏။
သူ့အပြုအမူကို ကြည့်ခြင်းဖြင့် သူ့သိက္ခာကို ခွဲခြားသိရှိနိုင်၏။
* အကောက်ကြံခြင်းကို သေချာသိမြင်လျှင် သူ့ကို မုန်း၏။
အကောက်ကြံခြင်းကို ဖော်ထုတ်ဖွင့်ပြောလျှင် အမုန်းခံရ၏။
* မင်းသားခေါင်းဆောင်းထားသူ၏နှလုံးသားသည် ကြောက်ဖွယ်ဖြစ်၏။
သမာသမတ်ကျပြီး မျက်နှာကြောတင်းသူ၏စကားသည် ကြောက်ဖွယ် ဖြစ်၏။
ကြောက်ဖွယ်စကားကို ဆင်ခြင်၍ ရှောင်ရှားကာကွယ်နိုင်၏။
ကြောက်ဖွယ်စိတ်ထားကို ရှောင်ရှားကာကွယ်ရခက်ခဲ၏။
* မသမာသူ၏စကားသည် နားဝင်ချိုတတ်၏။
သူတော်စင်ပညာရှိတို့၏ ဉာဏ်ပညာသည် နှလုံးကို ချိုမြစေ၏။
* ခနဉစ္စာမက်မောသူ၌ ရည်မှန်းချက်ကောင်းကောင်း မရှိနိုင်။
နာမည်ကောင်းလိုချင်သူ၌ ငွေကြေးခနချို့တဲ့တတ်၏။
* မသမာသူ လူယုတ်မာသည် တရားစာအုပ်ကိုဖတ်၍ မရပေ။
သူတော်ကောင်းသည် ယုတ်မာသော လုပ်ရပ်ကို လုပ်၍မရပေ။

* လူတိုင်းကို ဦးဆောင်နိုင်သူသည် ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ လူတိုင်းကို ဦးဆောင်စေနိုင်သူသည် စီမံခန့်ခွဲမှုကောင်းသော ခေါင်းဆောင် ဖြစ်၏။
* ဦးနှောက်သုံးအလုပ်လုပ်သူသည် အသက်ကြီးရင့်လေ ရာထူးမြင့်မားလေ ဖြစ်မည်။
ခွန်အားသုံးအလုပ်လုပ်သူသည် ခန္ဓာသန်စွမ်းလေ တန်ဖိုးမြင့်မားလေ ဖြစ် ၏။
* အရည်အချင်းရှိသူကို လူအများ ရိုသေလေးစား၏။
ဩဇာအာဏာရှိသူကို လူအများ မြှောက်ပင့်ဖော်လံဖားကြ၏။
* သားသမီးများအပေါ် သော်မှ ကိုယ်ကျိုးကြည့်သူသည် လောကတွင် ကိုယ်ကျိုးအကြည့်ဆုံးသောသူဖြစ်၏။
တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်သူသည် လောကတွင် ကိုယ်ကျိုးအစွန့်ဆုံးသောသူ ဖြစ်၏။
* "ရာထူး လစာကောင်း"ဖြင့် ဖြား ယောင်းခြင်းသည် အာဏာ၏နည်းပရိယာယ် ဖြစ်၏။
"ရာထူး လစာကောင်း"ဖြင့် ဖြားယောင်းခံရသူသည် သနားစရာကောင်းလှ၏။
* ဖျူရိုကရက်အုပ်ချုပ်ရေးစနစ်သည် အထက်အောက်အားလုံး လိမ်ညာနေခြင်း ဖြစ်၏။
ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် အထက်အောက်အားလုံး ရိုးဖြောင့်ကြရ၏။
* ဩဇာမဲ့သူပြောသောစကားသည် အကျိုးသက်ရောက်ခဲ၏။
မရိုးဖြောင့်သူပြောသောစကားသည် ယုံကြည်မှုရရှိခဲ၏။
* ဉာဏ်ကောင်းထက်မြက်ခြင်းကို အလုပ်လုပ်ရာတွင် အသုံးချပါ။
ထက်မြက်ထူးချွန်ခြင်းကို ယုံကြည်ချက်တွင် အသုံးပြုပါ။
* မတတ်မြောက်ဘဲ တတ်ချင်ယောင်ဆောင်ခြင်းသည် အထင်သေးခံရမှုကို ဖိတ်ခေါ်ခြင်း ဖြစ်၏။
မသိမတတ်ဘဲ ပါးနပ်ယောင်ဆောင်ခြင်းသည် ဒုက္ခပင်ပန်းခြင်းကို ခံစားရမည် မလွဲပေ။

* မျက်စိမှိတ် သနားတတ်ခြင်းသည် အလိမ်ခံရတတ်၏။
အဆင်ခြင်လွန်ကဲတတ်ခြင်းသည် အထီးကျန်ရတတ်၏။
* လူသည် မျှော်လင့်ချက်ရှိနေသေးလျှင် အားမာန်ဖြင့် ရုန်းကန်တတ်သေး၏။
မျှော်လင့်ချက်ကုန်ဆုံးလျှင်ကား သေရမည်ကို မကြောက်တော့ပေ။
* ဉာဏ်ကောင်းပြီး ပညာရည်မြင့်မားသူသည် မာန်မာနမထောင်လွှားဘဲနေသူမျိုး ရှိခဲ၏။
ဩဇာခနကြွယ်ဝသူသည် စာရိတ္တပျက်ယွင်းဖောက်ပြားခြင်း မရှိသူအလွန်ရှား၏။
* သူတစ်ပါး၏အချိန်ကို အရေးမကြီးဟု ယူဆခြင်းသည် ကိုယ်ကျင့်တရားနှင့်မညီသောအမြင်သာ ဖြစ်၏။
သူတစ်ပါး၏လုပ်အားကို တန်ဖိုးမထား မနမြောခြင်းသည် ကိုယ်ကျင့်တရားနှင့် မညီသောအပြုအမူ ဖြစ်၏။
* မည်သည့်ဆွေမျိုးကိုမှ အားမကိုးသူသည်သာ အမှီခိုကင်းလွတ်လပ်သူဖြစ်၏။
မည်သည့်ဆွေမျိုးကိုမှ အဖက်မလုပ်သူသည် အထီးကျန်နေရလိမ့်မည်။
* သူတစ်ပါးထံမှ နှိုက်ယူလျှင် ကိုယ်လည်း အနှိုက်ခံယူရမည်။
သူတစ်ပါးကို ပေးကမ်းလျှင် ကိုယ့်ကိုလည်း ပေးကမ်းလိမ့်မည်။
* အထက်အဆင့်ကို မျက်နှာချိုသွေး၊ အောက်ဆင့်ကို ဖိနှိပ်ခြင်းသည် ဖျူရိုကရက်စနစ်၏ အတွေးအခေါ်နှင့် အပြုအမူသာဖြစ်၏။
မိမိစိတ်ချမ်းသာရေးကိုသာ အလေးထားပြီး လူအများအရေးကို အလေးမထားခြင်းသည် အရင်းရှင်စနစ်၏အတွေးအခေါ် ဖြစ်၏။
* ပြင်ပ"စကား"ကြောင့် မိမိ၏စိတ်ဓာတ်လှုပ်ခါသွားခြင်းသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်နည်းသောကြောင့် ဖြစ်၏။
ပြင်ပ "ရိုက်ခတ်မှု" ကြောင့် မိမိ၏ရပ်တည်ချက် လှုပ်ခါသွားခြင်းသည်ဆုံးဖြတ်ချက် မခိုင်မာသောကြောင့် ဖြစ်၏။
* ဖြောင့်မတ်သူ မဟုတ်လျှင် မှန်သောစကားကိုနားမဝင်။
လူကောင်းမဟုတ်လျှင် ကောင်းသောစကားကိုပြောမထွက်။

မောင်မောင်လှိုင်(အပ်စိုက်ကု)